ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့်ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ

## အထူးလိုအပ်ချက်များရှိသည့် ကလေးသူငယ်များအားလုံးနှင့်သူတို့၏မိသားစုများအတွက် အမျိုးသားအဆင့်ဝန်ဆောင်မှုလုပ်ငန်းအစီအစဉ်



၂၀၁၇ - ၂၀၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့်ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ

အထူးလိုအပ်ချက်များရှိသည့်ကလေးသူငယ်များအားလုံးနှင့်သူတို့၏မိသားစုများအတွက်
အမျိုးသားအဆင့်ဝန်ဆောင်မှုလုပ်ငန်းအစီအစဉ်

၂၀၁၇ - ၂၀၂၁

# ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာအစီအစဉ်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
နှင့်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ပညာရေးဝန်ကြီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
တို့ ပူးပေါင်းဆောင်ရွက်သည်။

၂၀၁၇ - ၂၀၂၁

# မာတိကာ


| | | |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ECI အခြေအနေပြ လေ့လာသုံးသပ်ချက် | ၁၁ |
| ၃။ | ECI အနာဂတ်မျှော်မှန်းချက်နှင့်တာဝန်ခံယူမှု | ၅၇ |
| ၄။ | ECI အဓိကအယူအဆနှင့်မူများ | ၆၃ |
| ၅။ | ECI အခြေခံရည်မှန်းချက်များနှင့်ရည်ရွယ်ချက်များ | ၇၇ |
| ၆။ | ECI မဟာဗျူဟာဆိုင်ရာဦးစားပေးအစီအစဉ်များ | ၈၁ |
| ၇။ | ECI ဆောင်ရွက်မှုများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ | ၈၇ |
| ၈။ | အမျိုးသားအဆင့် ECI စနစ်နှင့်ဝန်ဆောင်မှုလုပ်ငန်းများအား ဘဏ္ဍာငွေသတ်မှတ်ခြင်း | ၁၆၃ |
| ၉။ | အမျိုးသားအဆင့် ECI စနစ်၏အဓိကအညွှန်းကိန်းများ | ၁၇၅ |
| ၁၀။ | နောက်ဆက်တွဲစာရင်း | ၁၈၃ |
| | (၁) အတိုကောက်အသုံးများ | ၁၈၅ |
| | (၂) ကျမ်းကိုးစာရင်း | ၁၈၇ |
| | (၃) ဦးဆောင်ကော်မတီနှင့် လုပ်ငန်းအဖွဲ့ | ၁၈၉ |

ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့်
ပြန်လည်ထူထောင်ရေးဆိုင်ရာမဟာဗျူဟာလုပ်ငန်းအစီအစဉ်အတွက်

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၏ ဥယျောဇဉ်

၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံရှိ အနည်းဆုံး ၄၂% မှ ၄၅% အထိရှိသည့် ငယ်ရွယ်သော ကလေးသူငယ်များနှင့် ၎င်းတို့၏မိသားစုများသည် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေး အခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာဝန်ဆောင်မှုများ လိုအပ် သည်ဟုခန့်မှန်းထားပါသည်။ စရိတ်နည်းပါပြီး တွက်ခြေကိုက်သောရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးရေးအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဝန်ဆောင်မှု များအား မဟာဗျူဟာလုပ်ငန်းအစီအစဉ်၊ လုပ်ငန်းစီမံချက်၊ အစီအစဉ်လမ်းညွှန်ချက်နှင့် လုပ်ငန်းစဉ်များတွင် ထည့်သွင်းထားပါသည်။ ဝန်ဆောင်မှုလုပ်ငန်းများသည် ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးသောကလေးသူငယ်များ၊ အာဟာရချို့တဲ့သောကလေးသူငယ်များ၊ နာတာရှည် ရောဂါခံစားနေရသော ကလေးသူငယ်များ၊ မသန်စွမ်းကလေးသူငယ်များ၊ အပြုအမူပိုင်း ဆိုင်ရာပြဿနာရှိသောကလေးသူငယ်များ အရေအတွက်များပြားနေခြင်းကို လျင်မြန်စွာ လျှော့ချနိုင်မည်ဖြစ်ပါသည်။

ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင် ရေးဆိုင်ရာမဟာဗျူဟာလုပ်ငန်းအစီအစဉ်၏ ရည်မှန်းချက်မှာ ပထမဦးစွာ ဝန်ဆောင်မှု လုပ်ငန်းများအား တိုင်းဒေသကြီး/ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၂) ခု တွင် ၂၀၂၁ ခုနှစ်၌ ထားရှိဆောင်ရွက်ရန် ဖြစ်ပြီး ၂၀၂၅ ခုနှစ်အတွင်း မြို့နယ်အားလုံးရှိ ရပ်ရွာ အားလုံးတွင်ရှိသော ကာကွယ်စောင့်ရှောက်ရန်လိုသည့် ကလေးသူငယ်များအား ကူညီ ထောက်ပံ့ဆောင်ရွက်ပေးသွားရန် ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိငယ်ရွယ်သော ကလေးသူငယ်များ၏ အခြေအနေတိုးတက်ကောင်းမွန်စေရန် တစ်နိုင်ငံလုံးအနေဖြင့် ပေါင်းစည်းညီညွတ်မှုရှိစွာဖြင့် ကတိပြုဆောင်ရွက်သွားကြရမည်ဖြစ် ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ကျန်း မာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနတို့နှင့်အတူ ပူးပေါင်းဆောင်ရွက် နေပါသည်။ အဆိုပါဝန်ကြီးဌာနများသည် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေး အခြေ အနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာဝန်ဆောင်မှုများ ဖြစ်နိုင်သမျှ အမြန်ဆုံးချဲ့ထွင်ရန်၊ ကနဦးစီမံကိန်းပြုလုပ်ရန်နှင့် ကြိုတင်ပြင်ဆင်ရန်တို့ကို အသေအချာ ဆောင်ရွက်လျက်ရှိပါသည်။

ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာလုပ်ငန်းအစီအစဉ် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မှုသည် အားလုံးပူးပေါင်းပါဝင်သော၊ ကဏ္ဍပေါင်းစုံနှင့်ဆက်စပ်သော မူဝါဒအစီအစဉ်ရေးဆွဲခြင်းလုပ်ငန်းစဉ်၏ အကျိုးရလဒ်ဖြစ်ပါသည်။ မဟာဗျူဟာလုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာဝန်ကြီးဌာနအားလုံးနှင့် လူမှုရေးနှင့်ကာကွယ်စောင့်ရှောက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ အာဟာရ၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးစသည့်ကဏ္ဍများနှင့်သက်ဆိုင်သော အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍရှိ အဖွဲ့အစည်းများအတူတကွ လက်တွဲညှိနှိုင်းရေးဆွဲနိုင်ခဲ့ပါသည်။ မဟာဗျူဟာလုပ်ငန်း အစီအစဉ်ရေးဆွဲခြင်းလုပ်ငန်းစဉ်အား ယူနီဆက် (မြန်မာ)နှင့် The Leprosy Mission Myanmar တို့မှ ထောက်ပံ့ကူညီခဲ့ကြပါသည်။

မဟာဗျူဟာလုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့်နည်းပညာရပ်ဆိုင်ရာကျွမ်းကျင်သူများပါဝင်သည့် လုပ်ငန်းအဖွဲ့တို့ကိုဖွဲ့စည်းပေးခဲ့ပါသည်။ မဟာဗျူဟာလုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းဆိုင်ရာ အစည်းအဝေးများစွာ ကျင်းပပြုလုပ်ခဲ့သည့်အပြင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့တွင်လည်း ညှိနှိုင်းဆွေးနွေးပွဲများပြုလုပ်ခဲ့ပါသည်။ မဟာဗျူဟာလုပ်ငန်းအစီအစဉ် (မူကြမ်း) တို့ကို ဗဟိုအဆင့်အပြင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တို့တွင် သုံးသပ်ဆွေးနွေးအကြံပြုချက်များရယူပြီး အတည်ပြုချမှတ်ခဲ့ပါသည်။ မဟာဗျူဟာလုပ်ငန်းအစီအစဉ်ကို အကောင် အထည်ဖော်မည့် လုပ်ငန်းစီမံချက်နှင့် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်လမ်းညွှန်နှင့်လုပ်ငန်းစဉ်တို့ကိုလည်း ရေးသားပြုစုခဲ့ပြီးဖြစ်ပါသည်။

ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့်လုပ်ငန်းအဖွဲ့တို့တွင် ပါဝင်ဆောင်ရွက်ခဲ့သူအားလုံးကို ကျေးဇူးတင်ရှိပါသည်။



ဒေါက်တာဝင်းမြတ်အေး

ပြည်ထောင်စုဝန်ကြီး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊

ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့်
ပြန်လည်ထူထောင်ရေးဆိုင်ရာမဟာဗျူဟာလုပ်ငန်းအစီအစဉ်အတွက်

## ယူနီဆက်(မြန်မာ)၏ ဌာနေကိုယ်စားလှယ်
## ဘက်ထရော(န်) ဘန်းဗဲ ပေးပို့သည့် အမှာစကား

ကလေးသူငယ်ဘဝ အစောပိုင်းကာလများ၊ အထူးသဖြင့် ပထမရက်တစ်ထောင်တွင် ကလေးများသည် ဦးနှောက် အကောင်းဆုံးဖွံ့ဖြိုး၍ ဘဝအတွက်အခြေခံကောင်းများ တည်ဆောက်နိုင်ရန် အာဟာရ၊ လှုံ့ဆော်မှု၊ ကာကွယ်ပေးမှုနှင့် ချစ်ခင်ကြင်နာမှုလိုအပ်ပါသည်။ အသက်သုံးနှစ်မပြည့်မီအချိန်တွင် ဦးနှောက်ဖွံ့ဖြိုးမှုနှင့်သင်ယူမှုသည် အလျင်မြန်ဆုံးဖြစ်၍ အရေးကြီးပါသည်။ ဤအချိန်ကာလအတွင်း ကလေးသူငယ်များ ကျန်းမာဖွံ့ဖြိုးကြီးထွားနိုင်ရန် ကောင်းမွန်ပြည့်စုံသော ပြုစုစောင့်ရှောက်မှုလိုအပ်ပါသည်။ ကောင်းမွန်ပြည့်စုံသောပြုစုစောင့်ရှောက်မှုဆိုရာတွင် ကျန်းမာရေး၊ အာဟာရ၊ ကောင်းမွန်သောလှုံ့ဆော်မှု၊ အန္တရာယ်ကင်းရှင်းမှု၊ လုံခြုံမှုနှင့် စောစီးစွာသင်ယူမှုတို့ကို ဖြစ်ထွန်းစေခြင်းကို ဆိုလိုသည်။ လှုံ့ဆော်ပေးမှုများကို ကလေးများ၏တုန့်ပြန်မှုအကောင်းဆုံးသည် ဤအစောပိုင်းကာလပင်ဖြစ်ပါသည်။

အာဟာရချို့တဲ့ခြင်း၊ ကာကွယ်စောင့်ရှောက်မှု၊ လှုံ့ဆော်မှုမရရှိခြင်းကြောင့် ကလေးများတွင် အသိဉာဏ်ဖွံ့ဖြိုးမှုနောက်ကျခြင်း၊ စိတ်လှုပ်ရှားခံစားမှုမဖွံ့ဖြိုးခြင်းနှင့် အခြားသောပုံမှန်မဟုတ်သည့် အပြုအမူများ ဖြစ်ပေါ်နိုင်ပါသည်။ စောစီးစွာပြုစုစောင့်ရှောက်မှုမလုပ်ခြင်း၏ ရလဒ်မှာ အလွန်အကုန်အကျများပါသည်။ မြန်မာနိုင်ငံရှိ ငါးနှစ်အောက်ကလေးသူငယ်များ၏ ၄၂ မှ ၄၅ ရာခိုင်နှုန်းသည် ပုည့်ကျခြင်း၊ ဆင်းရဲမွဲတေခြင်းနှင့် အခြားသောအခြေအနေများကြောင့် ပြုစုစောင့်ရှောက်မှုလိုအပ်သလောက်မရရှိဘဲ အစွမ်းအစရှိသလောက် ဖွံ့ဖြိုးနိုင်ခြေနှင့် လွဲချော်နိုင်သည့်အခြေအနေနှင့်ကြုံတွေ့နေရပါသည်။

ကလေးသူငယ်အများစုသည် ဂရုတစိုက်ပြုစုစောင့်ရှောက်မှု၊ ချစ်ခင်ကြင်နာမှုရရှိခဲ့လျှင် ဖွံ့ဖြိုးနိုင်ကြသော်လည်း အချို့ကလေးများမှာမူ မသန်စွမ်းမှု၊ ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းနှင့် ပုံမှန်မဟုတ်သောအပြုအမူများ စသည်တို့ကြောင့်တစ်ဦးချင်းအတွက် ထပ်မံ၍ ပံ့ပိုးမှုကိုရရှိမှသာလျှင် အစွမ်းကုန်ဖွံ့ဖြိုးမှုကို ရရှိနိုင်ပါသည်။ ထို့ကြောင့် ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒတွင် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ မဟာဗျူဟာကို အရေးကြီးသည့်မဟာဗျူဟာတစ်ရပ်အဖြစ် ထည့်သွင်းပြဋ္ဌာန်း

ခဲ့ခြင်းဖြစ်ပါသည်။ ဤမဟာဗျူဟာသည် မြန်မာနိုင်ငံ၏အထူးလိုအပ်ချက်များရှိနေသော ကလေးငယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသောအဖွဲ့အစည်းများ၊ ဝန်ဆောင်မှုများ ပေါင်းစပ်ညှိနှိုင်းနိုင်ရန်၊ နိုင်ငံတော်နှင့် အပြည်ပြည်ဆိုင်ရာမှအရင်းအမြစ်များကို ဖော်ထုတ်မြှုပ်နှံနိုင်ရန် လမ်းညွှန်တစ်ခုဖြစ်ပါသည်။

ဤမဟာဗျူဟာလုပ်ငန်းအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ၊ ကလေးသူငယ်များ၏အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်းတို့တွင်ပါ ကတိကဝတ်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ တနည်းအားဖြင့် မြန်မာနိုင်ငံ၏ ကလေးများဖွံ့ဖြိုးမှုကို အစွမ်းကုန်တိုးတက်အောင်မြင်နိုင်စေမည် ဖြစ်ပါသည်။

ကလေးများအတွက် ယနေ့စတင်ဆောင်ရွက်ရပါမည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ကိုရောက်ရှိအောင်ကြိုးစားဆောင်ရွက်ခြင်းဖြင့် ကလေးများကိုရှင်သန်ရုံသာမက ဖွံ့ဖြိုးတိုးတက်စေရမည် ဖြစ်ပါသည်။ ဤမဟာဗျူဟာသည် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒနှင့် ၎င်းမူဝါဒပါ ကဏ္ဍပေါင်းစုံပါဝင်သောဝန်ဆောင်မှုများအရှိန်အဟုန်မြှင့်တိုးချဲ့ဆောင်ရွက်ရန် ပံ့ပိုးခြင်းအားဖြင့် အထူးပံ့ပိုးမှုလိုအပ်နေသော ကလေးများအတွက် ဆောင်ရွက်ပေးနိုင်ပါမည်။ မည်သည့်ကလေး တစ်ဦးတစ်ယောက်မျှ ဖွံ့ဖြိုးမှုနှောင့်နှေး၍မကျန်ရစ်အောင် ဆောင်ရွက်ကြပါစို့။



ဘက်ထရော(န်) ဘန်းဗဲ
ဌာနေကိုယ်စားလှယ်
ယူနီဆက်(မြန်မာ)

# နိဒါန်း ၁



## လိုအပ်ချက်နှင့် မျှော်လင့်ချက်

ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး (ECI) ဝန်ဆောင်မှုများသည် အဓိကအားဖြင့် မွေးစမှ အသက်သုံးနှစ်နှင့် အသက်ငါးနှစ်အထိ ကလေးသူငယ်များကို အထူးကြပ်မတ် အလေးထားဝန်ဆောင်မှုပေးသည့်လုပ်ငန်း ဖြစ်ပါသည်။ အော်တစ်ဇင် (Autism) အခြေအနေ၊ အာရုံစူးစိုက်မှုချို့တဲ့၍ တက်ကြွလွန် အခြေအနေများ (attention deficit hyperactivity disorders -ADHD)ကဲ့သို့ ပုံမှန်မဟုတ်သည့် အပြုအမူများ၊ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည့် နာတာရှည် ကျန်းမာရေး ကိစ္စရပ်များ၊ အာဟာရချို့တဲ့မှု၊ မသန်စွမ်းမှုများ၊ ဖွံ့ဖြိုးမှုနှောင့်နှေးမှုများနှင့် ပုံမှန်မဟုတ်သည့်အခြေအနေနှင့် မွေးဖွားလာခြင်း စသည့်အခြေအနေများ ရှိနေသည့် ကလေးတစ်ဦးချင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ဝန်ဆောင်မှုများကို စီစဉ်ဆောင်ရွက်ထားပါသည်။ အမျိုးသားအဆင့် ECCD မူဝါဒတွင်ဖော်ပြထားသည့်အတိုင်း ECI ဝန်ဆောင်မှုများသည် အထွေထွေ ECCD ဝန်ဆောင်မှုများကို ပြီးပြည့်စုံစေပါသည်။ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်များသည့် ကလေးများကို ဖွံ့ဖြိုးမှု ပိုမိုတိုးမြှင့်စေရန်အတွက် ECCD လုပ်ငန်းများထက် ECI ဝန်ဆောင်မှုများသည် ပိုမိုကြပ်မတ်ပြီး၊ တစ်ဦးချင်းအလိုက် ဆောင်ရွက်ပေးပါသည်။





ECI ဝန်ဆောင်မှုများသည် ကလေး၏ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဖြစ်ပေါ်စေသည့်အပြင် ကလေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များနှင့်သက်ဆိုင်သော၊ အထူးပညာရေး၊ အာဟာရတိုက်ကျွေးမှုနှင့် ကလေးကျန်းမာရေးအတွက် ဝန်ဆောင်မှုစရိတ်များ သက်ဆိုင်သောလိုအပ်ချက်များနှင့်စရိတ်များကိုလည်း လျော့ကျသွားစေကြောင်းတို့ကို နိုင်ငံအများအပြားရှိ သုတေသနများက ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အနည်းဆုံး ကလေးသူငယ်များ၏ ၄၀%သည် ECI ဝန်ဆောင်မှုများကို ကာလတိုမှ ကာလရှည်အထိ လိုအပ်နေသည်ဟု ခန့်မှန်းပါသည်။ မြန်မာနိုင်ငံရှိကလေးများ၏ ၃၅. ၁%သည် အလယ်အလတ်မှ ပြင်းထန်သည့်အတိုင်းအတာအထိ ပုညက်ခြင်း ဖြစ်နေကြသည်။ ထိုကလေးသူငယ်များအားလုံးသည် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းတစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပို၍ ခံစားကြရနိုင်ဖွယ်ရှိပါသည်။ ထို့အပြင် နိုင်ငံတွင် ကလေးသူငယ်များ၏ ၅%မှ ၁၂% အထိကို မသန်စွမ်းမှု၊ နာတာရှည်ရောဂါများ သို့မဟုတ် ပုံမှန်မဟုတ်သည့် အပြုအမူများရှိနေသည်ဟု သတ်မှတ်ရဖွယ်ရှိပါသည်။

နောက်ပိုင်းတွင် ဝန်ဆောင်မှုရရှိမည့်ကလေးသူငယ်များ၏ ၇၀% ခန့်သည် ဖွံ့ဖြိုးတိုးတက်မှု မြင့်မားလာကြမည်၊ သူတို့အသက်အရွယ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်မှုရရှိလာကြမည်ဖြစ်ပြီး တစ်နှစ်မှနှစ်နှစ်အတွင်း သူတို့၏ဖွံ့ဖြိုးတိုးတက်မှုများ ပေါင်းစုံလာပါမည်။ ကျန်ကလေးသူငယ် ၃၀% ခန့်သည် ရာသက်ပန် မသန်စွမ်းမှုများ သို့မဟုတ် တခြားကျန်းမာရေးချို့ယွင်းမှုများ ရှိနေပြီး၊ ECI ဝန်ဆောင်မှုများသည် ယေဘုယျအားဖြင့် သူတို့၏ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုတိုးမြှင့်စေကာ သူတို့၏ ဖြစ်နိုင်ခြေအလားအလာများကို အပြည့်အဝရရှိရန် ကူညီပေးပါသည်။

ထိုသို့သောအကြောင်းများကြောင့် ECI ဝန်ဆောင်မှုများသည် နိုင်ငံတိုင်းအတွက် မဖြစ်မနေလိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပြီး အလွန်အကျိုးဖြစ်ထွန်းစေပါသည်။ ဝန်ဆောင်မှုများသည် ECI အစီအစဉ်တွင် မိဘများ တက်ကြွစွာပါဝင်မှုကိုလည်းသေချာစေပြီး၊ သူတို့ကလေးများ၏ဖွံ့ဖြိုးတိုးတက်မှုကိုအမြင့်ဆုံး ရရှိစေရန် နည်းလမ်းများကိုလည်း သင်ကြားပေးပါသည်။ သူတို့၏ဘဝတွင်

မည်သည့်အခါကမျှ မမျှော်လင့် ထားသောအခြေအနေများကို ရင်ဆိုင် ဖြေရှင်းရန် ကြိုးစားနေကြရသည့် မိသားစုများကို ECI ဝန်ဆောင်မှုများက လိုအပ်သည့် အထောက်အကူများကို ပေးပါသည်။

ထို့အပြင် မိဘမဲ့ဂေဟာများနှင့် တခြားအဖွဲ့အစည်းများတွင် ကလေးများကို ထားရှိရခြင်းနှင့် ကလေးများကို စွန့်ပစ်ရခြင်းတို့ကို ECI ဝန်ဆောင်မှုများက လျှော့ချပေးပါသည်။ အဖွဲ့အစည်းများတွင် နေထိုင်ခဲ့ကြရသော ကလေးများ အတွက်လည်းကောင်း၊ ပုံမှန်မဟုတ်သည့် အပြုအမူများ၊ နာတာရှည်ရောဂါများ၊ အာဟာရချို့တဲ့မှုနှင့် မသန်စွမ်းမှုများရှိသည့်ကလေးသူငယ်များအတွက်လည်း ကောင်း ဖွံ့ဖြိုးတိုးတက်မှုကို တိုးတက်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခြင်း များကို ကျော်လွှားနိုင်ရေးအတွက် လိုအပ်သည့်ဝန်ဆောင်မှုများကို ပေးပါသည်။

ECI ဝန်ဆောင်မှုများသည် ကလေးသူငယ်များကို မိဘမဲ့ဂေဟာများနှင့် တခြား အဖွဲ့အစည်းများတွင် အပ်နှံထားရှိခြင်းမှ ထုတ်ယူနိုင်ရန်အတွက် အလွန် အရေး ကြီးသည့် အခန်းကဏ္ဍတွင်လည်း ပါဝင်ဆောင်ရွက်ပါသည်၊ အဘယ်ကြောင့် ဆိုသော် ထိုကလေးသူငယ်အများစုသည် ဖွံ့ဖြိုးမှုနှောင့်နှေးမှုများ ရှိနေသည် သို့မဟုတ် မသန်စွမ်းကြပါ။ ထိုကလေးသူငယ်များသည် မိသားစုများထံသို့ ရွှေ့လိုက်သည့်အခါတွင် ECI ဝန်ဆောင်မှုများကိုလိုအပ်နေသောကြောင့် ဖြစ်ပါ သည်။ ECI ဝန်ဆောင်မှု အကူအညီများသည် ထိုကလေးသူငယ်များကို သူတို့၏ မိသားစုများထံပြန်လည်ရောက်ရှိရန် သို့မဟုတ် တခြားကျွေးမွေးပြုစုစောင့်ရှောက် မှုပေးသည့်မိသားစုများထံသို့ ရောက်ရှိရန်တို့ကိုလည်း အထောက်အကူပေး ပါသည်။ ECI ဝန်ဆောင်မှုများသည် ထိုကလေးသူငယ်များ၊ သူတို့၏မိဘများ၊ အုပ်ထိန်းသူများနှင့် ပြုစုစောင့်ရှောက်သူများကို အကူအညီအထောက်အပံ့များ ပြုလုပ်ပေးပါသည်။

### *အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာမူဝါဒ (ECCD) တွင် ပါရှိသော ECI အတွက် အထောက်အကူ*

၂၀၁၄ ခုနှစ် ECCD အမျိုးသားအဆင့်မူဝါဒ၏ မဟာဗျူဟာ - ၃ သည် ရှေးဦး အရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေး အခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည် ထူထောင်ရေး အမျိုးသားအဆင့် မဟာဗျူဟာဖော်ထုတ်ရေး မူဝါဒဆိုင်ရာ လုပ် ပိုင်ခွင့်ကို သတ်မှတ်ပေးသည်။

ECCD မူဝါဒ မဟာဗျူဟာ - ၃

ရှေးဦးအရွယ် ကလေးသူငယ် ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများ ၊ အသက် ၀ နှစ် မှ ၅ နှစ် အထိ။

ကလေးတစ်ဦးချင်းစီတွင်ရှိနေသော ၎င်းတို့၏အစွမ်းအစများ၊ အလားအလာများ ပြည့်ပြည့်ဝဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ECI လုပ်ငန်းများကို စတင် ထူထောင်ပြီးတိုးချဲ့ဆောင်ရွက်ရန်နှင့် အထူးလိုအပ်ချက်များရှိသော ကလေးများကို ခွဲခြားဆက်ဆံမှုများနှင့် နှိမ့်ချဆက်ဆံမှုများမရှိစေရန် တားဆီးကာကွယ်ပေးသည်။

ဤမဟာဗျူဟာအစီအစဉ်သည် ၂၀၁၅ စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ (SDG) နှင့်လည်း ဆက်စပ်နေပါသည်။ အထူးသဖြင့်၊ ဦးတည်ချက် ၄. ၂ သည် ကလေးဖွံ့ဖြိုးမှုကိုတိုးတက်စေရန် ရည်ရွယ်ပါသည်။

SDG ဦးတည်ချက် ၄. ၂

၂၀၃၀ ခုနှစ်တွင် မိန်းကလေးများနှင့် ယောကျ်ားလေးများအားလုံးသည် သူတို့၏အခြေခံပညာရေးအတွက် အဆင်သင့်သင်ကြားနိုင်ရန်၊ အရည်အချင်းပြည့်မီသော ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှု၊ စောင့်ရှောက်မှုနှင့် အကြိုအခြေခံပညာရေးတို့ကို ရရှိပြီး ဖြစ်ရမည်။

ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာအစီအစဉ်သည် မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CRPD) အပိုဒ် ၂၃/၃ နှင့် ၂၅(ခ) တို့ပါ ပြဋ္ဌာန်းချက်များအကောင်အထည်ဖော်ရေးနှင့် အပြည့်အဝကိုက်ညီပြီး အထောက်အကူပြုပါသည်။

မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း

အဖွဲ့ဝင်နိုင်ငံများသည် -

မသန်စွမ်းကလေးများအနေဖြင့် မိသားစုဘဝနှင့်ပတ်သက်၍ တန်းတူအခွင့်အရေးရရှိစေရန်အတွက် အဖွဲ့ဝင်နိုင်ငံများမှ အသေအချာ ဆောင်ရွက်ပေးရမည်။ ထိုရပိုင်ခွင့်များကို အကောင်အထည်ဖော်ရန်အတွက် လည်းကောင်း၊ မသန်စွမ်းကလေးငယ်များအား ကွယ်ဝှက်ထားခြင်း၊ စွန့်ပစ်ခြင်း၊ လျစ်လျူရှု



ခြင်းနှင့်ခွဲခြားခြင်းတို့အား တားဆီးရန်အတွက်လည်းကောင်း အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မသန်စွမ်းသူကလေးငယ်များနှင့် ၎င်းတို့မိသားစုများအတွက် ပြီးပြည့်စုံသော သတင်းအချက်အလက်၊ ဝန်ဆောင်မှုများနှင့် ပံ့ပိုးမှုများကို စောစီးစွာရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်။

မသန်စွမ်းသူများ၏ မသန်စွမ်းမှုကြောင့် အထူးလိုအပ်နေသော အဆိုပါကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စောစီးစွာရှာဖွေသတ်မှတ်ခြင်းနှင့် ဖြေရှင်းဆောင်ရွက်ပေးခြင်းများကို လိုအပ်သလိုပံ့ပိုးပေးခြင်း၊ မသန်စွမ်းကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများထပ်မံကြုံတွေ့လာနိုင်သည့် မသန်စွမ်းဖြစ်မှုများကို လျှော့ချကာကွယ်ရန်စီမံဆောင်ရွက်မှုများ ပြုလုပ်ပေးရမည်။

ECI ဝန်ဆောင်မှုများတွင် အောက်ပါဆောင်ရွက်ချက်များ ပါဝင်သည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။

- အထူးလိုအပ်ချက်များရှိနေသည့် ကလေးများကို သတ်မှတ်ရန်ရပ်ရွာဒေသ အရောက်သွားခြင်း၊
- တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကလေးသူငယ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုစစ်ဆေးခြင်း (universal screening)၊
- ECI ဝန်ဆောင်မှုများသို့ ညွှန်းပို့ပေးမှုများ၊



- အစဦး ECI စာရင်းသွင်းမှု၊
- ကလေးနှင့် မိသားစုအတွက် ပြီးပြည့်စုံသည့် စမ်းသပ်အကဲဖြတ်ချက်များ၊
- ECI ဝန်ဆောင်မှုများအတွက် အကျုံးဝင်ကိုက်ညီမှု ထူထောင်ခြင်း၊
- တစ်ဦးချင်းအလိုက် ဝန်ဆောင်မှုအစီအစဉ်ကို ပြင်ဆင်ခြင်း၊
- မိဘများနှင့် ကလေးစောင့်ရှောက်သူများပါဝင်သော ပုံမှန် အိမ်တိုင်ရာရောက်ကြည့်ရှုခြင်း သို့မဟုတ် နေ့ကလေးထိန်းစင်တာသို့ သွားရောက်ခြင်း (ယေဘုယျအားဖြင့် တစ်ပတ်လျှင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်)၊
- ပုံမှန် ပြန်လည်စမ်းသပ်အကဲဖြတ်ခြင်းနှင့် အစီအစဉ် ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း၊
- မသန်စွမ်းမှုအမျိုးမျိုးရှိနေကြသော ကလေးသူငယ်များအတွက် အားလုံးအကျုံးဝင် မူကြိုကျောင်းများ သို့မဟုတ် အခြေခံပညာကျောင်းများ သို့မဟုတ် လိုအပ်လျှင် အထူးဝန်ဆောင်မှုများသို့ ကူးပြောင်းပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊
- လိုအပ်လျှင် နောက်ဆက်တွဲ ဝန်ဆောင်မှုလုပ်ငန်းများ၊

သွားရောက်ကြည့်ရှုမှုများအားလုံးကို ကလေးနှင့် မိသားစု၏ သဘာဝပတ်ဝန်းကျင်အခြေအနေတွင် ဆောင်ရွက်သည်။ ကလေးစောင့်ရှောက်မှုစင်တာ သို့မဟုတ် မူကြိုကျောင်းတွင် နေ့စဉ်စာရင်းသွင်းထားသော ကလေးများမှအပ ကြည့်ရှုမှုများအားလုံးကို သီးခြားကုန်ကျစရိတ်ရှိသည့် စင်တာများတွင် မဆောင်ရွက်ပါ။

ECI ဝန်ဆောင်မှုလုပ်ငန်းနေရာတစ်နေရာစီသည် မြန်မာနိုင်ငံတွင် (*)အသစ်ဖြစ်သည့်၊ အဓိကအထူးကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထားသည့် ကလေးဖွံ့ဖြိုးမှုဆိုင်ရာနယ်ပယ်စုံကျွမ်းကျင်သူများအဖွဲ့ကို တည်ထောင်မည်။

- ရှေးဦးအရွယ်ဖွံ့ဖြိုးမှုအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည် ထူထောင်ရေး အထူးကျွမ်းကျင်သူများ*၊
- ကျွမ်းကျင်သူများကို လေ့ကျင့်ပေးထားသည့် အိမ်တိုင်ရာရောက် ကြည့်ရှုသူများ၊
- ရုပ်ပိုင်းကုထုံးပညာရှင်များ၊
- စကားပြောကုထုံးပညာရှင်များ*၊
- အနုစိတ်ကုထုံး/လက်မှုပညာဖြင့် ကုသပေးသောပညာရှင်များ*၊
- လူမှုရေးလုပ်သားများ၊
- (လိုအပ်လျှင်) ဆရာဝန်များ၊
- ပြန်လည်ထူထောင်ရေးကျွမ်းကျင်သူများ၊
- သူနာပြုများ၊
- သားဖွားဆရာမများ၊
- စိတ်ပညာရှင်များ၊
- လိုအပ်သလို၊ တခြားလိုအပ်သူများ၊

မြန်မာနိုင်ငံနှင့် တခြားနိုင်ငံများတွင် အစဦးလုပ်ငန်းခွင်အကြိုသင်တန်း သို့မဟုတ် အဝေးသင်တို့ကို ရှေးဦးအရွယ်ဖွံ့ဖြိုးမှုတိုင်းတာစစ်ဆေးမှုနှင့် စကားပြောကုထုံးပညာရှင်များနှင့် ဖြစ်နိုင်လျှင် အနုစိတ်ကုထုံး/လက်မှုပညာဖြင့်ကုသပေးသောပညာရှင်တချို့တို့နှင့် အားကောင်းသည့် ပူးပေါင်းအဖွဲ့တစ်ဖွဲ့ကို ပြင်ဆင်ရန် လိုအပ်ပါသည်။

ECI အတွက် အမျိုးသားအဆင့်မဟာဗျူဟာအစီအစဉ်သည် မြင့်မားသော ပူးပေါင်းပါဝင်သည့်ချဉ်းကပ်မှုဖြင့် ဖော်ထုတ်ထားပါသည်။ အစပိုင်းတွင် ဦးဆောင်ဝန်ကြီးဌာနဖြစ်သော လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ဝန်ကြီးဌာနများကို အတည်ပြုရပါမည်။ ထို့နောက် ECI ဦးဆောင်ကော်မတီကို မဟာဗျူဟာအစီအစဉ်အား လမ်းညွှန်ရန် ဖွဲ့စည်းမည်။ ECI လုပ်ငန်းအဖွဲ့ကိုလည်း ဖွဲ့စည်းပေး

မည်။ ကော်မတီနှင့် လုပ်ငန်းအဖွဲ့နှစ်ခုစလုံးအတွက် တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုသတ်မှတ်မည်။ ECI ဦးဆောင်ကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့၏ ကြိုတင်ပြင်ဆင်သည့်အစည်းအဝေးများကို ၂၀၁၅ ခုနှစ် ဇွန် - ဇူလိုင်လအတွင်း ကျင်းပပြုလုပ်ခဲ့ပါသည်။ ပုသိမ်နှင့် မော်လမြိုင်မြို့များသို့ ကွင်းဆင်းမှုများ အပါအဝင် လုပ်ငန်းအများအပြားကို လုပ်ဆောင်ခဲ့ပါသည်။ ဆက်လက်၍ မဟာဗျူဟာအစီအစဉ်၏ ပထမမူကြမ်းကို လုပ်ငန်းအဖွဲ့ကရေးဆွဲပြီး၊ ပြန်လည် သုံးသပ်ခဲ့ပါသည်၊ ဒုတိယမူကြမ်းကို ပြင်ဆင်ခဲ့ပါသည်။ ဒုတိယမူကြမ်းကိုအသုံးပြု၍ ညှိနှိုင်းမှုအလုပ်ရုံဆွေးနွေးပွဲများကို ဒေသလေးခုတွင် ပြုလုပ်ခဲ့ပါသည်၊ ၎င်းဒေသတို့မှာ မြန်မာနိုင်ငံအချက်အချာဒေသ(ရန်ကုန်)၊ အထက် မြန်မာပြည် (မန္တလေး)၊ မွန်ပြည်နယ် (မော်လမြိုင်)၊ စစ်ကိုင်းတိုင်း (မုံရွာ)တို့ ဖြစ်ကြသည်။ ထို့အပြင် အဓိကဝန်ကြီးဌာနအဆင့်ခေါင်းဆောင်များနှင့် မဟာဗျူဟာလုပ်ငန်းအစီအစဉ် ဒုတိယမူကြမ်းကို သုံးသပ်ရန် အစည်းအဝေးများ ပြုလုပ်ခဲ့ပါသည်။ ဒေသဆိုင်ရာသုံးသပ်ချက်များမှ ရရှိလာသောအကျိုးရလာဒ်များကို အသုံးပြုပြီး တတိယမူကြမ်းနှင့် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ် တို့ကိုပြင်ဆင်ခဲ့ပါသည်။ ၎င်းတို့ကို လုပ်ငန်းအဖွဲ့နှင့် ဦးဆောင်ကော်မတီတို့က ပြန်လည် သုံးသပ်သည်။ မဟာဗျူဟာလုပ်ငန်းအစီအစဉ် စတုတ္ထမူကြမ်းနှင့် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ် ဒုတိယမူကြမ်းတို့ကို ပြင်ဆင်ရန် ထပ်မံတည်းဖြတ်ပြင်ဆင်ခဲ့သည်။ ထို့အပြင် လုပ်ငန်းအဖွဲ့သည် ECI အစီအစဉ်လမ်းညွှန်ချက်များနှင့် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ခဲ့၊ ပြင်ဆင်ခဲ့သည်။

မဟာဗျူဟာအစီအစဉ်နှင့် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်တို့ကို ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်ပြီးနောက်၊ ထိုနှစ်ခုစလုံးအတွက် နောက်ဆုံးပုံစံများကို ပြင်ဆင်ခဲ့သည်၊ သူတို့ကို အတည်ပြု ချမှတ်ပေးရန်အတွက် အစိုးရအဖွဲ့သို့ တင်ပြခဲ့သည်။ အမျိုးသားအဆင့် မဟာဗျူဟာ လုပ်ငန်းအစီအစဉ် စတင်မိတ်ဆက်သည့် အခမ်းအနားကို နေပြည်တော်တွင် ပြုလုပ်ရန်ရှိပါသည်၊ ရှေ့ပြေးနှစ်အတွက် မဟာဗျူဟာအလုပ်ငန်းအစီအစဉ် အပြည့်အဝ အကောင်အထည်ဖော်မှုနှင့် လုပ်ငန်းခွင်အကြိုသင်တန်းတို့ကို ဖွင့်ပွဲလုပ်ပါမည်။

# ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး အခြေအနေ သရုပ်ခွဲလေ့လာခြင်း။



## ၂. ၁။ နိဒါန်း

၂၀၁၄ ခုနှစ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် မြန်မာ့ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ (ECCD) မူဝါဒကို ချမှတ်ခဲ့ပါသည်။ မူဝါဒ၏ မဟာဗျူဟာ(၃)သည် မွေးစမှ ငါးနှစ်အရွယ်ရှိ ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးမှုအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည် ထူထောင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ (ECI) ကို ထူထောင်ရန် လိုအပ် ပါသည်။

| ECCD မူဝါဒမဟာဗျူဟာ- ၃<br>ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများ၊ အသက် ဝနှစ် မှ ၅နှစ် အထိ။ |
| --- |
| ကလေးတစ်ဦးချင်းစီတွင်ရှိနေသော ၎င်းတို့၏အစွမ်းအစများ၊ အလားအလာ များပြည့်ပြည့်ဝဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ECI လုပ်ငန်းများကို စတင် ထူထောင်ပြီး တိုးချဲ့ဆောင်ရွက်ရန်နှင့် အထူးလိုအပ်ချက်များရှိသော ကလေးများကိုခွဲခြားဆက်ဆံမှုများနှင့် နှိမ့်ချဆက်ဆံမှုများမရှိစေရန် တားဆီး ကာကွယ်ပေးသည်။ |

မြန်မာနိုင်ငံတွင် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှု ဆိုင်ရာအခြေအနေပြသုံးသပ်ချက်သည် (UNICEF, 2012) ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခြင်းများ၊ အာဟာရချို့တဲ့ခြင်း၊ နာတာရှည်ဖျားနာခြင်းနှင့် ပုံမှန်မဟုတ် သောအပြုအမူများရှိသည့် မွေးကင်းစကလေးနှင့် ကလေးငယ်များ အများအပြား ရှိနေခြင်းကို တွေ့ရှိခဲ့သည့်အတွက် ECCD မူဝါဒချမှတ်ခြင်းကို အထောက်အကူ ဖြစ်စေခဲ့ပါသည်။ ကလေးသူငယ်အခွင့်အရေး၊ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက် မှုနှင့် သက်ဆိုင်သည့်အခြေခံလိုအပ်ချက်များကို လုံလောက်သည့်အလေးထား ဆောင်ရွက်မှုများမရရှိကြောင်း သိရှိခဲ့ရပါသည်။ လမ်းပေါ်ရောက်နေသည့်ကလေး များ၊ လူမှုရေးအခြေအနေကြောင့် မိဘစောင့်ရှောက်မှုမဲ့ကလေးများ (social orphans)ထဲမှတချို့သည် မိဘမဲ့ဂေဟာများနှင့် အဖွဲ့အစည်းများတွင်ထားရှိရ ခြင်းများနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်အခြေအနေတစ်ရပ်အဖြစ်လည်း ဖော်ပြခဲ့ပါ သည်။

ဤအခြေအနေပြသုံးသပ်ချက်သည် ဖော်ပြပါအကြောင်းအချက်များကို အထောက် အကူပြုပေးပါမည်။ (၁) မြန်မာနိုင်ငံရှိ မွေးကင်းစများနှင့် ကလေးငယ်များ၏ အခြေအနေ၊ (၂) မိဘများ နှင့် မိသားစုကြီးများကို ထောက်ပံ့ရန်နှင့် သူတို့၏

ဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်ရန်လိုအပ်သော သို့မဟုတ် ရှိပြီးဖြစ်သော အရင်းအမြစ်များ (၃) ECI ကိုအလေးထားသည့် မူဝါဒအခင်းအကျင်း။

မြန်မာနိုင်ငံ၏ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးစနစ်များ၏အားသာချက်များ၊ ဒေသဆိုင်ရာအဆင့်နှင့် အမျိုးသားအဆင့်များတွင် ခိုင်ခိုင်မာမာအထောက်အကူပြုသော ရပ်ရွာအခြေခံဝန်ဆောင်မှုများ၏ ရေရှည်တည်တံ့သည့် အမျိုးသားအဆင့် ECI စနစ်တစ်ခုကို ဖော်ထုတ်ရန်၊ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်ရန် လိုအပ်နေသည့် လစ်လပ်နေသောနယ်ပယ်များကို ဖော်ပြပါလိမ့်မည်။

## ၂. ၂။ စနစ်အဆင့် ECI ဝန်ဆောင်မှုလုပ်ငန်းများအတွက် အဓိပ္ပါယ်သတ်မှတ်ချက်

မွေးစမှ ငါးနှစ်အရွယ်ရှိ ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးမှုအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ (ECI)သည် ကလေးဖွံ့ဖြိုးမှုဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်မှုနှင့်ဆိုင်သော၊ ပေါင်းစုပါဝင်သော၊ ညှိနှိုင်းဆောင်ရွက်သော၊ ပိုမိုကြပ်မတ်ပြီး တစ်ဦးချင်းအလိုက် ဝန်ဆောင်မှုပေးသော လုပ်ငန်းစနစ်တစ်ရပ်ဖြစ်ပါသည်။ ထိုဝန်ဆောင်မှုများအား မိသားစု၏ သဘာဝအရှိအတိုင်းအခြေအနေတွင် မွေးစမှ အသက်(၃)နှစ်အထိနှင့် အသက်(၅)နှစ်အထိရှိသော ကလေးများအားပေးပါသည်။ အသက် ၃၆ လမှစ၍ ဦးနှောက်ဖွံ့ဖြိုးတိုးတက်မှုလျင်မြန်သည့်အတွက် ကလေးများအား ECIဝန်ဆောင်မှုလုပ်ငန်းအတွင်းအမြန်ဆုံးစာရင်းသွင်းရန် မဖြစ်မနေလိုအပ်ပါသည်။ ရေရှည်လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ECI စနစ်အနေဖြင့် ဥပဒေပိုင်းဆိုင်ရာအခြေခံ၊ သင့်လျော်သော ECI အစီအစဉ်လမ်းညွှန်ချက်နှင့် လုပ်ငန်းစဉ်၊စံနှုန်းသတ်မှတ်ချက်နှင့် အခြားသောစည်းမျဉ်းစည်းကမ်းများအပြင် အစိုးရထံမှလည်းကောင်း၊ လူမှုအဖွဲ့အစည်းများနှင့်ပုဂ္ဂလိကကဏ္ဍမှလည်းကောင်း အဆင့်ဆင့်သောလုံလောက်သည့် ဘဏ္ဍာရေး၊လေ့ကျင့်သင်တန်းပေးမှုနှင့်ပစ္စည်းထောက်ပံ့မှုများရှိရမည် ဖြစ်သည်။

## ၂. ၃။ ECIဝန်ဆောင်မှုကို လိုအပ်သောကလေးများ၏အနေအထား

အမျိုးမျိုးသောစနစ်များ၏ ထိရောက်သောလုပ်ငန်းများအားလိုအပ်နေမှုအတွက် ECI အစီအစဉ်သည် ပြီးပြည့်စုံသောဝန်ဆောင်မှုလုပ်ငန်းများပေးနေပါသည်။ အဆိုပါအစီအစဉ်များတွင် ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့် မိသားစုများအား ထောက်ပံ့ခြင်းတို့ပါဝင်ပြီး၊ ၎င်းအစီအစဉ်တို့ကို အောက်ပါအခြေအနေများရှိသော ကလေးသူငယ်များ၏ မိဘများနှင့် တရားဝင်အုပ်ထိန်းသူများအား ပေးသွားမည်ဖြစ်ပါသည်။



- ECI ပညာရှင်များကအတည်ပြုပြီးဖြစ်သည့် စမ်းသပ်အကဲဖြတ်ပစ္စည်းများ နှင့် နည်းလမ်းများအသုံးပြုပြီး အကဲဖြတ်ထားသည့်အတိုင်း အဓိက ကျသည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မည်သည့်ပညာရပ်နယ်ပယ်တွင်မဆို ဖွံ့ဖြိုးမှု နှောင့်နှေးနေသည့်ကလေးများ၊

  ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းဟုဆိုရာတွင် အာရုံခံစားမှု (အကြား၊ အမြင်၊ အထိ အတွေ့စသည်တို့ ဖြစ်သည်)၊ ကိုယ်လက်လှုပ်ရှားမှုအကြီးစား၊ ကိုယ်လက် လှုပ်ရှားမှုအငယ်စား၊ ဘာသာစကား/ဆက်သွယ်မှု၊ အသိအမြင်၊ လူမှု ရေး၊ စိတ်ခံစားမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့အပြင် ကိုယ်ပိုင်ဆုံးဖြတ်ချက်၊ ကိုယ်ထူကိုယ်ထအရည်အသွေးများအပါအဝင် လိုက်လျောညီထွေ ဖြစ် ခြင်းများ၊

- မည်သည့်နယ်ပယ်တွင်မဆို စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းဖြစ်နေသည့် ကလေးများအား ရောဂါရှာဖွေဖော်ထုတ်ခြင်း။ မသန်စွမ်းဖြစ်မှုကို ကျွမ်းကျင်ဆေးပညာရှင်၏ ဆေးဘက်ဆိုင်ရာ ရောဂါ ရှာဖွေဖော်ထုတ်မှုမှလည်းကောင်း၊ ဖွံ့ဖြိုးမှုဆိုင်ရာအကဲဖြတ်ချက် အတိုင်း အတာ ပြုလုပ်ပေးရန် လျှောက်ထားမှုမှလည်းကောင်း သတ်မှတ်နိုင်မည် ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မသန်စွမ်းမှုနှင့် ကျန်းမာရေးဆိုင်ရာ အုပ်စုခွဲခြားမှု International Classification of Functioning, Disability and Health for Children and Youth (ICF-CY) သို့မဟုတ်

အကဲဖြတ်ပစ္စည်းများသုံးစွဲကာ ECI ကျွမ်းကျင်တတ်သိသူများက ပြုလုပ်သော အကဲဖြတ်သုံးသပ်ချက်များဖြင့် လုပ်ငန်းဆိုင်ရာပြဿနာများအား ခွဲခြားသတ်မှတ်ခြင်း။

- ဒေါင်းရောဂါလက္ခဏာစု Rett syndrome၊ Angelman syndrome၊ သူငယ်နာအကြောတင်းရောဂါ စသည်ကဲ့သို့သော မျိုးရိုးဗီဇနှင့် သက်ဆိုင်သည့်ရောဂါများနှင့် အခြားသောအခြေအနေများ၊

- လမ်းဘေးဆေးများအား မိခင်ဖြစ်သူက အလွန်အကျွံသုံးစွဲသည့်အတွက် မိဘကြောင့်ဖြစ်သည့် အဆိပ်သင့်မှုများ၊ ပေးထားသည့်ဆေးတစ်မျိုးမျိုးကို သုံးခြင်း၊ ပတ်ဝန်းကျင်ကြောင့်အဆိပ်သင့်ခြင်း သို့မဟုတ် ဆေးဝါးအလွဲသုံးမှုရလဒ်အဖြစ် သန္ဓေသားအရက်စွဲရောဂါ သို့မဟုတ် ဆေးဝါးနှင့် ဆက်နွယ်နေသော ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းနှင့် မသန်စွမ်းဖြစ်ခြင်း၊

- ပုညက်သော(ပုံမှန်ထက်ပုနေသော)အာဟာရချို့တဲ့သည့်ကလေးများ၊ ကိုယ်အလေး ချိန်နည်းခြင်း၊ အရပ်နှင့်စာလျှင် ကိုယ်အလေးချိန်နည်းခြင်း။ အာဟာရချို့တဲ့ခြင်းဖြစ်နေသော်လည်း အရပ်နှင့်အလေးချိန်ကို ဆရာဝန်၊ သူနာပြု သို့မဟုတ် ECI ပညာရှင်၏ တိုင်းတာအကဲဖြတ်ချက်အရ ယင်းအကြောင်းတစ်ခုတည်းကြောင့် မဟုတ်ခြင်း၊ သုတေသနပြုလုပ်ချက်များအရအာဟာရချို့တဲ့သည့်ကလေးများသည် အခြားသောနယ်ပယ်များတွင်လည်း ဘာသာစကားနှင့်အသိဉာဏ်ဆိုင်ရာ ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းပုံစံအမျိုးမျိုးဖြစ်သည်ကို တွေ့ရသည်။

- သံဓာတ်ချို့တဲ့သည့် သွေးအားနည်းရောဂါကဲ့သို့သော အာဟာရချို့တဲ့မှုဖြစ်နေသည့် သို့မဟုတ် ယင်း၏ အကျိုးသက်ရောက်မှုကိုခံနေရသူများ၊ ဗိုက်တာမင် အေ၊ သွပ်ဓာတ် သို့မဟုတ် အိုင်အိုဒင်း အလုံအလောက်မရသူများနှင့် ခဲဆိပ်သင့်သူများ၊ ၎င်းတို့သည် တစ်သက်တာ ကာလပတ်လုံးဖွံ့ဖြိုးမှုနှောင့်နှေးခြင်းနှင့် အမျိုးမျိုးသောကျန်းမာရေးဆိုင်ရာပုံမှန်မဟုတ်မှုကို ဖြစ်စေနိုင်ပါသည်။

- မိသားစု သို့မဟုတ် လူမှုအသိုက်အဝန်း၏ဝန်းကျင်အနေအထားအရ စိန်ခေါ်မှုရှိသည့် အခြေအနေများကြောင့် ကလေးသူငယ်များအနေဖြင့် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း သို့မဟုတ် မသန်စွမ်းဖြစ်နိုင်သည့် အန္တရာယ်မြင့်မြင့်မားမားရှိနေပါသည်။

- ဆေးဘက်ဆိုင်ရာဆရာဝန်၏သုံးသပ်ချက်အရ ပုံမှန်မဟုတ်သည့်အခြေအနေဖြင့်မွေးဖွားလာပြီး၊ ပုံမှန်အားဖြင့် ၁၈၀၀ ဂရမ်ရှိသော်လည်း ၂၃၀၀



ဂရမ်ထက်မကျော်သည့် ပေါင်မပြည့်ဘဲ မွေးဖွားလာသည့်ကလေးများ၊

- ကိုယ်ဝန်ဆောင်ကာလ(၃၇)လထက်လျော့ပြီးလမစေ့ဘဲမွေးဖွားလာသည့် ကလေးများ၊

- အသက်ရှူလမ်းကြောင်းရောဂါ၊ အောက်ဆီဂျင်မရရှိခြင်း၊ ရောဂါပိုး ဝင်ရောက်ခြင်း၊ ဦးနှောက်သွေးယိုခြင်း သို့မဟုတ် အခြားသော မွေးကင်းစကလေး ကျန်းမာရေးအခြေအနေများကြောင့်မွေးကင်းစတွင် ထိခိုက်ခံရသည့်ကလေးများ၊

- အိပ်ချ်အိုင်ဗွီနှင့်အေအိုင်ဒီအက်စ်၊ ဇီကာ၊ ငှက်ဖျားသို့မဟုတ် အဆုတ်ရောဂါများကဲ့သို့သော နာတာရှည်အဖျား သို့မဟုတ် ရောဂါများကြောင့် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း သို့မဟုတ် မသန်စွမ်းဖြစ်နေသည့်ကလေးများ၊

- ဦးနှောက်အားထိခိုက်ဒဏ်ရရှိမှု၊ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ နှောင့်နှေးမှုသို့မဟုတ် မသန်စွမ်းဖြစ်မှုကိုဖြစ်စေသည့် စိတ်ခြောက်ခြားမှု၊

- အော်တစ်ဇင် (Autism) ကလေးများ၊ အာရုံစူးစိုက်မှုချို့တဲ့၍ တက်ကြွလွန်အခြေအနေ(ADHD)၊ အမြင်အာရုံ၊ စာဖတ်ခြင်း၊ အကြားအာရုံနှင့် စာသင်ပေး၍မရခြင်းကဲ့သို့သော အပြုအမူပုံမှန်မဟုတ်သည့် ထိန်းချုပ်နိုင်စွမ်းနည်းသည့်ကလေးများ၊

## ၂.၄။ ECI စနစ်က ဝန်ဆောင်မှုပေးမည့်ကလေးသူငယ်များနှင့် မိသားစုများ၏အဆင့်အတန်း

### လူဦးရေနှင့်နှစ်စဉ်မွေးဖွားမှုနှုန်း

၂၀၁၄ သန်းခေါင်စာရင်းအရ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌လူဦးရေ (၅၂,၇၉၇,၃၀၀) ရှိပါသည်။ အသက်(၅)နှစ်အောက်ကလေးသူငယ်အရေအတွက်မှာ (၄,၄၃၄,၄၀၀) ဖြစ်သည်။ အရှင်မွေးနှုန်းမှာ (၉၂၁,၉၀၀) ဖြစ်ပြီး ဖွံ့ဖြိုးမှုနှုန်းမှာ ခန့်မှန်းခြေအားဖြင့် ၁% ဖြစ်သည်။ လာမည့်နှစ်များအတွင်း ကျဆင်းသွားမည်ဟု မျှော်လင့်ထားပါသည်။ မြန်မာနိုင်ငံသည်စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး လူဦးရေ၏ ၃၂. ၃% သာလျှင် မြို့ပြဒေသများတွင် နေထိုင်ကြပါသည်။

### *ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ မသန်စွမ်းခြင်းနှင့် အပြုအမူပုံမှန်မဟုတ်မှုဖြစ်ပွားရခြင်းနှင့်ဖြစ်ပွားမှုနှုန်း*

ကလေးသူငယ်များတွင် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းနှင့် မသန်စွမ်းဖြစ်ခြင်းအတွက် အကြောင်းပေါင်းများစွာ ရှိပါသည်။ ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းနှင့် မသန်စွမ်းဖြစ်ခြင်းနှင့် ပတ်သက်သည့်ဖြစ်စဉ်များအား တိုင်းတာအကဲဖြတ်ရန် ပြီးပြည့်စုံသည့် အမျိုးသားအဆင့်လေ့လာဆန်းစစ်မှုပြုလုပ်မှုမရှိသေးပါ။ ထို့အပြင် အချို့သော နယ်ပယ်များ၌ အထူးအရေးကြီးသော အချက်အလက်များ မရှိသေးချေ။ လက်ရှိ ရှိနေသည့် လေ့လာမှုများမှာ ခေတ်နောက်ကျနေပြီ ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ယင်းတို့သည် လိုအပ်ချက်ပမာဏကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ နားလည်စေနိုင်မည် ဖြစ်ပါသည်။ ကံကောင်းစွာဖြင့် ယူနီဆက်ဖ်အဖွဲ့က ဆောင်ရွက်ခဲ့သော Multiple Indicator Cluster Survey (MICS) လေ့လာဆန်းစစ်ချက်များ၊ ၂၀၁၂ ခုနှစ် အမျိုးသားအဆင့်သန်းခေါင်စာရင်းနှင့် ကျွမ်းကျင်ပညာရှင်များ၏ လေ့လာမှုအမျိုးမျိုးအရ ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းနှင့် မသန်စွမ်းဖြစ်ရသည့် အချို့သောအကြောင်းရင်းများနှင့်ပတ်သက်ပြီး ကလေးသူငယ်ဖွံ့ဖြိုးမှုဆိုင်ရာ သတင်းအချက်အလက်တချို့ကို ခြုံငုံသဘောပေါက်စေပါသည်။ လိုအပ်ချက် အတိုင်းအတာအချို့ကို အောက်တွင် ဆွေးနွေးထားပါသည်။

### *ပဋိသန္ဓေမယူမီကာလ*

ပဋိသန္ဓေမယူမီ ပြုလုပ်သည့်ပညာပေးရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသည် အမျိုးသမီးများအနေဖြင့် အောင်မြင်စွာကိုယ်ဝန်ဆောင်စေရန်နှင့် ကောင်းမွန်စွာ ဖွံ့ဖြိုးသောကလေးသူငယ်များ မွေးဖွားလာရေးအတွက် မရှိမဖြစ် လိုအပ်ပါသည်။ သို့ရာတွင် ယင်းသို့သောဝန်ဆောင်မှုလုပ်ငန်းများသည် မြန်မာနိုင်ငံတွင် အစသာရှိပါသေးသည်။ ပဋိသန္ဓေမယူမီပြုလုပ်သည့်ဝန်ဆောင်

မှုလုပ်ငန်းများ၏လွှမ်းခြုံနိုင်မှုနှင့်ပတ်သက်ပြီးအချက်အလက် များမရှိဘဲဖြစ်နေပါသည်။ အရေးကြီးသည့်အချက်မှာ ပဋိသန္ဓေမယူမီနှင့် ကိုယ်ဝန်ဆောင်ကာလတွင် မိဘများ၏ကျန်းမာရေးအခြေအနေနှင့် အာဟာရအဆင့်အတန်းတို့ပင် ဖြစ်ပါသည်။

*ဆယ်ကျော်သက်အရွယ်၊ ကိုယ်ဝန်ဆောင်ချိန်နှင့် နို့တိုက်မိခင်များအတွက်လိုအပ်သောအာဟာရဓာတ် ချို့တဲ့မှု*

အဆင်းရဲဆုံးသောလူတန်းစားအုပ်စုအတွက် အခြေခံကျသည့်အစားအသောက်စားသုံးမှုသည် အဓိကပြဿနာအဖြစ်ရှိနေပြီး ပြည်နယ်/တိုင်းနှင့် ကျေးလက်နှင့်မြို့ပြဒေသများ အကြားကွာဟမှုမှာပိုမို ကြီးမားလာပါသည်။ (အိုင်အိပ်ချ်အယ်လ်စီအေ ၂၀၁၀) ကမ္ဘာ့ငတ်မွတ်မှုအညွှန်းကိန်းအရ လူဦးရေ၏ ၁၈.၈% မှာ ငတ်မွတ်နေကြသည်ဟုဆိုပါသည်။ (အမျိုးသား အာဟာရဌာန ၂၀၁၃) ချင်းပြည်နယ်ကဲ့သို့သော အချို့သောပြည်နယ်များတွင် စားနပ်ရိက္ခာငတ်မွတ်မှု အခြေအနေမှာ ၂၅% အထိရှိနေသည်။ ထိုမိသားစုများသည် နေ့စဉ်လိုအပ်သောကယ်လိုရီကို ဖြည့်ဆည်းနိုင်မှုမရှိပဲ ၎င်းတို့၏ကလေးများမှာ အာဟာရချို့တဲ့မှုနှင့် ဖွံ့ဖြိုးမှု နောက်ကျမှုများ ကြုံတွေ့နေရပါသည်။ သို့ရာတွင် အချို့သောမြို့ပြဒေသများ၌မူ အထိုင်များပြီး အာဟာရတန်ဖိုးနည်းပါးသည့် အစားအသောက်များ များပြားလာမှု၊ အဝလွန်မှု၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါများ တိုးမြင့်လာနေပါသည်။ ယင်းသို့သော အခြေအနေများသည် အမျိုးသမီးများအတွက်အန္တရာယ်ကြီးမားပြီး မမျိုးဥ မအောင်မှု၊ ကိုယ်ဝန်ပျက်ကျမှု နှင့် ကိုယ်ဝန်အဆိပ်သင့်ခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။

ဖခင်များအတွက်လိုအပ်သည့် အာဟာရပြည့်ဝမှုအဆင့်အတန်းနှင့် ပတ်သက်၍လည်း အချက်အလက်များမရှိသော်လည်း ဆယ်ကျော်သက်နှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့်ပတ်သက်၍ အောက်ပါအချက်များကို တွေ့ရှိရပါသည်။ ဗိုက်တာမင်အေ နှင့် အိုင်အိုဒင်းဓာတ်ချို့တဲ့မှုများအား ဖြည့်စွက်အစာများပေးခြင်းဖြင့် (လုံးဝပျောက်ကွယ်သွားခြင်းမရှိသည့်တိုင်) သိသာစွာလျှော့ချနိုင်သော်လည်း သံဓာတ်ချို့တဲ့သည့် သွေးအားနည်းရောဂါ၊ ဖောလစ်အက်စစ်ချို့တဲ့ခြင်း၊ ဘယ်ရီဘယ်ရီရောဂါကဲ့သို့သော ဗိုက်တာမင် ဘီ ဓာတ်ချို့တဲ့ခြင်းများသည် မိခင်နှင့်ကလေးအတွက် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းနှင့် မသန်စွမ်းဖြစ်စေနိုင်သည့် စိုးရိမ်စရာအချက်များဖြစ်နေသည်။ သံဓာတ်ချို့တဲ့သည့် သွေးအားနည်းရောဂါသည် အဆမတန်မြင့်မားလျက်ရှိရာတွင် သားဖွားနိုင်သည့်အရွယ်ရှိသည့် အမျိုးသမီးများအနက် ကိုယ်ဝန်မရှိသည့်အမျိုးသမီး ၄၅% နှင့် ကျောင်းနေသည့်အရွယ် ဆယ်ကျော်သက်မိန်းကလေးများ၏ ၂၆% မှာ သွေးအားနည်းရောဂါရနေသူများ ဖြစ်သည်။

(NNC 2013) ဒေသတွင်း ခန့်မှန်းချက်များအား အကောင်းဆုံးရရှိမှုမှာ ၁၉၉၄ ခုနှစ်အတွင်း ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)က ပြုလုပ်ခဲ့သော လေ့ လာမှု ဖြစ်ပါသည်။ ယင်းလေ့လာမှုအရ ကိုယ်ဝန်ဆောင်များအနက် ၅၈% မှာ သွေးအားနည်းရောဂါကို ခံစားနေရကြောင်းသိရှိရပါသည်။ အသက် (၅) နှစ် အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား သွေးအားနည်းရောဂါနှင့် သန်စွဲရောဂါကို ၂၀၀၄ ခုနှစ်အတွင်း ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ အာဟာရဌာနခွဲက လေ့လာခဲ့ရာတွင် ကိုယ်ဝန်ဆောင်မိခင်များ၏ ၇၁% မှာ သွေးအားနည်းရောဂါကို ခံစားနေရကြောင်း တွေ့ရှိခဲ့ရပါသည်။ (MOH & UNICEF 2013) ယင်းအမျိုးသမီးများသည် ပုံမှန်အားဖြင့် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း ဖြစ်နေရာ ၎င်းတို့အနေဖြင့် ကိုယ်ဝန်မဆောင်မီ၊ ဆောင်စဉ်ကာလနှင့် မီးဖွားပြီးနောက် ကုသမှုခံယူခြင်း မရှိပါက ၎င်းတို့၏ကလေးများမှာ အမြဲတမ်းနှင့် ပြင်းထန်သောဖွံ့ဖြိုးမှုနှောင့်နှေးခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။

ဖောလစ်အက်စစ်နှင့်ပတ်သက်လျှင် ကလေးမွေးဖွားနိုင်သည့် အသက်အရွယ်ရှိသည့် မြန်မာအမျိုးသမီးများအနက် အများအပြားသည် ဖောလစ်အက်စစ်ဓာတ်ချို့တဲ့မှုမြင့်မားကြောင်း သိရှိထားသော်လည်း ယင်းသို့ချို့တဲ့မှုနှင့်ပတ်သက်သည့် လတ်တလောအချက်အလက်များ မရှိသေးပါ။ (ဦးနှောက်တွင် အရည်စုနေခြင်း hydrocephaly၊ ကျောရိုးဖုခြင်း spina bifida၊ ဦးခေါင်းသေး၍ မဖွံ့ဖြိုးသော ဦးနှောက်ရှိခြင်း microcephaly၊ ဦးနှောက်ဖွံ့ဖြိုးမှုမကောင်းခြင်းစသည့်) ကလေးများတွင်အာရုံကြောချွတ်ယွင်းမှုကို ကာကွယ်တားဆီးနိုင်ရန် ဖောလစ်အက်စစ် တိုက်ကျွေးမှုကို လုံလောက်သည့်အဆင့်အထိ ပြုလုပ်ရန်လိုအပ်နေပါသည်။ သန္ဓေသားကြီးထွားနေသည့်အချိန်အတွင်း အရေးအကြီးဆုံးအချိန်မှာ ပဋိသန္ဓေရပြီး နောက် (၂၂)ရက်မှ (၂၈)ရက်အတွင်း ဖောလစ်အက်စစ် တိုက်ကျွေးရန်လိုအပ်ပါသည်။ အမျိုးသမီးများအနေဖြင့် ၎င်းတို့ကိုယ်ဝန်ရှိကြောင်း မသိမီအချိန်ကပင် တိုက်ကျွေးပါကပိုမိုကောင်းမွန်ပါသည်။ အထူးသဖြင့် ကြိုတင်ပြင်ဆင်ထားခြင်းမရှိသည့် ကိုယ်ဝန်ဆောင်မှုများတွင် အကျိုးကျေးဇူးအားအပြည့်အဝ ခံစားရရှိနိုင်စေရန် ဖြည့်စွက်ဖောလစ်အက်စစ်တိုက်ကျွေးမည့် ဆုံးဖြတ်ချက်သည် အထူးပင်နောက်ကျနေလေ့ရှိတတ်ပါသည်။ ထို့ကြောင့် ဖြည့်စွက်ဖောလစ်အက်စစ်တိုက်ကျွေးမှုကို ပဋိသန္ဓေမရမီကပင်စတင် ပြုလုပ်သင့်ပါသည်။ မြို့နယ်အားလုံးရှိ ကိုယ်ဝန်ဆောင်မိခင်များအနက် ၇၀%မှာ ဖြည့်စွက်ဖောလစ်အက်စစ်ကိုရရှိကြသည်ဟုခန့်မှန်းထားပြီး ပိုမိုလွှမ်းခြုံဆောင်ရွက်နိုင်ရန် အရေးတကြီးလိုအပ်နေပါသည်။ (UNICEF, 2010) ကိုယ်ဝန်ဆောင်မိခင်များအနက် ဘီဝမ်းချို့တဲ့မှုမှာ ၆.၄% ရှိပြီး နို့တိုက်မိခင်များအနက် ၄.၄% ဖြစ်ပါသည်။



(MOH2013) ကိုယ်ဝန်ဆောင်မိခင်များနှင့် မိခင်များတွင် သွေးအားနည်းရောဂါကို ဖြစ်စေသော ဗိုက်တာမင် ဘီတွဲ(B12) ချို့တဲ့မှုကိုလည်း မြန်မာနိုင်ငံတွင် တွေ့ရှိနေရပါသည်။ သို့သော် လက်ရှိချို့တဲ့မှုနှုန်းကို မသိရပါ။

*ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုနှင့်ကလေးမွေးဖွားခြင်း*

အလယ်အလတ်နှင့်အလွန်အမင်းဆင်းရဲမှု၊ အိမ်တွင်းနှင့်လူမှုဝန်းကျင် အကြမ်းဖက်မှု၊ ကိုယ်ဝန်ဆောင်စဉ် အာဟာရချို့တဲ့မှု၊ ကြိုတင်ကာကွယ်ရေးနှင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု ကဲ့သို့သော လူမှုစီးပွားရေးဆိုင်ရာအကြောင်း အချက်များသည် မိခင်နှင့်ကလေးသေနှုန်းမြင့်မားမှု၊ ကိုယ်ဝန်ဆောင်သေနှုန်းနှင့် ကလေးသေနှုန်းမြင့်မားမှုများနှင့် ဆက်နွယ်နေပါသည်။ ၂၀၁၆ ခုနှစ် ယူနီဆက် အစီရင်ခံစာအရ ကိုယ်ဝန်ဆောင်မိခင်များအနက် အနည်းဆုံး ၈၁. ၁% သည် ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုအား အနည်းဆုံး တစ်ကြိမ်ရရှိကြသော်လည်း ၇၃. ၄% မှာမူ အနည်းဆုံး (၄) ကြိမ်ရရှိသည်ဟုဆိုပါသည်။ လေးကြိမ် သို့မဟုတ် ထိုထက်ပို၍ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုကို ရရှိကြသည့် ကိုယ်ဝန်ဆောင် အမျိုးသမီးများမှာ အလယ်တန်း သို့မဟုတ် အထက်တန်းပညာသင်ဖူးသူများ ဖြစ်ကြပါသည်။ မီးဖွားရာတွင်လည်း အမျိုးသမီးများအနက် ၇၀% မှာကျွမ်းကျင်သည့် သားဖွားဆရာမများဖြင့် မွေးဖွားကြခြင်းဖြစ်သော်လည်း ၃၆. ၂% သာလျှင် ဆေးရုံဆေးခန်းများတွင် မွေးဖွားကြပါသည်။ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုမှာ အတိုင်းအတာတစ်ရပ်အထိ တိုးတက်လာသည်ဟုဆိုနိုင်သော်လည်း စောင့်ရှောက်

မှုအများစုမှာ မွေးဖွားချိန်နီးမှသာ ရောက်ရှိသွားကြသည့်အတွက် အာဟာရ ချို့တဲ့မှု၊ လိုအပ်သောအာဟာရမရရှိမှုနှင့် ရောဂါများအားကာကွယ်ပေးရန် အလွန်မှပင် နောက်ကျသွားပါသည်။ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုလုပ်ငန်းအား တိုးချဲ့ပြီးတိုးတက်အောင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

### *ကိုယ်ဝန်ဆောင်သေဆုံးမှုနှုန်း*

ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု လွှမ်းခြုံနိုင်သည့်အနေအထား နိမ့်ကျခြင်းနှင့် ကျွမ်းကျင်သည့် သားဖွားဆရာမများ မပါပဲမွေးဖွားသည့် အရေအတွက်မြင့်မားမှုတို့ကိုထောက်ရှုခြင်းအားဖြင့် ၂၀၁၂ ခုနှစ်အတွင်း မွေးဖွားမှုပေါင်း ၁၀၀၀၀၀ တွင် မိခင်သေဆုံးသည့်နှုန်းမှာ ၃၂၀ ဦးရှိပြီး (ယူနီဆက်ဝက်ဆိုဒ် ၂၀၁၇) ညှိနှိုင်းထားသည့်နှုန်းမှာ မွေးဖွားမှု ၁၀၀၀၀၀ တွင် ၂၀၀ ရှိနေသည်မှာ အံ့သြဘွယ်မဟုတ်ပါ။ ၂၀၀၅ ခုနှစ် အတွင်းပြုလုပ်သည့် နိုင်ငံတစ်ဝန်း အကြောင်းရင်းအခြေပြု မိခင်သေဆုံးမှုဆန်းစစ်လေ့လာမှုအရ မြို့ပြဒေသများတွင် မွေးဖွားမှု ၁၀၀၀၀၀ တွင် မိခင်သေဆုံးမှုမှာ ၁၄၀ ရှိပြီးကျေးလက်ဒေသများတွင် ၃၆၃ ရှိကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် ကျေးလက်ဒေသများတွင် ဆေးပညာအရ စီမံခန့်ခွဲသည့် မွေးဖွားမှုဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများအား အများအပြားတိုးချဲ့ရန် လိုကြောင်းပြသနေပါသည်။

### *မွေးကင်းစနှင့်ကလေးသေနှုန်း နှင့် ပုံမှန်မဟုတ်သည့်အခြေအနေဖြင့်ကလေးများမွေးဖွားလာခြင်း*

၂၀၁၂ ခုနှစ်တွင်ကလေးအသေမွေးဖွားမှုနှုန်းမှာ အရှင်မွေးသည့်ကလေး ၁၀၀၀ တွင် အသေမွေးနှုန်း ၄၁ ရှိပါသည်။ ကိုယ်ဝန်ဆောင်သေဆုံးနှုန်းမှာ အရှင်မွေး ၁၀၀၀ တွင် ၂၆ ရှိပါသည်။ အသက် (၅) နှစ်အောက် ကလေးသေဆုံးနှုန်းမှာ အရှင်မွေး ၁၀၀၀ တွင် ၅၂ ရှိပါသည်။ ဤကိန်းဂဏာန်းများအရ မီးဖွားချိန်နှင့် ကိုယ်ဝန်ဆောင်ကာလများမှာ ကလေးများရှင်သန်ရေးအတွက် အရေးကြီးကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။[၁] လမစေ့မီမွေးဖွားမှု၊ ပေါင်ချိန်မပြည့်မီမှု၊ အသက်ရှူလမ်းကြောင်းရောဂါ၊ ဝမ်းပျက်ခြင်းနှင့် မွေးကင်းစ အသားဝါရောဂါများသည်

[၁] အားလုံးသော သေဆုံးမှုနှုန်းများသည် ကျန်းမာရေးဌာန၏ အစီရင်ခံစာများအရဖြစ်သည်။ ကျန်းမာရေးဝန်ဆောင်မှုများမရှိသော ဝေးလံသောဒေသများမှ သို့မဟုတ် ပဋိပက္ခ ဖြစ်ပွားနေသည့်ဒေသများမှသေဆုံးမှုများကိုမူ တရားဝင် အစီရင်ခံမှု မရှိသလောက် နည်းပါးပါသည်။ ထို့အတွက်ကြောင့် အစီရင်ခံစာမှ နှုန်းများသည်ရှိသင့်သည်နှုန်းများထက်နည်းပါးနေပြီး တိကျမှုရှိမနေပါ။ သို့ရာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်သော အရင်းအမြစ်အများစုအရ မွေးကင်းစကလေး သေဆုံးမှုအများဆုံးသည် မွေးစမှ အသက် ၂ လအတွင်းတွင်ဖြစ်ကြောင်း တွေ့ရပါသည်။

ကလေးသူငယ်နှင့် မွေးကင်းစကလေးသေဆုံးမှုများနှင့် ဆက်နွယ်နေပါသည်။ (မြန်မာနိုင်ငံ၏ အသက် ၅ နှစ်အောက် ကလေးသေဆုံးမှုနှုန်း ၂၀၁၅)

*မွေးဖွားမှုမှတ်ပုံတင်ခြင်း*

မြန်မာနိုင်ငံသည် မွေးဖွားမှုအားလုံးအားမှတ်ပုံတင်ရန် အဓိကကြိုးပမ်းလုပ်ဆောင်ခဲ့ပါသည်။ ၂၀၀၅-၂၀၁၂ မွေးဖွားမှုမှတ်ပုံတင်ခြင်းသည် စုစုပေါင်း ၇၂.၄% ရှိသည်ဟုဆိုပါသည်။ (ယူနီဆက် ဝက်ဘ်ဆိုဒ် ၂၀၁၇) ကျေးလက်ဒေသများ၌ မှတ်ပုံတင်မှု (၆၃.၀%) သည် မြို့ပြဒေသ (၈၉.၆%) ထက်များစွာ နည်းပါးနေပါသည်။ (ယူနီဆက်ဝက်ဘ်ဆိုဒ် ၂၀၁၇) ထိုအောင်မြင်မှုသည် မွေးဖွားပြီးနောက်ပိုင်းမှစ၍ ပုံမှန်မဟုတ်သည့်အခြေအနေဖြင့် မွေးလာသည့်ကလေးများအားနောက်ဆက်တွဲစောင့်ရှောက်မှုပေးသည့် ကလေးသူငယ်ခြေရာခံစနစ်နှင့် ဆက်စပ်နေနိုင်ပါသည်။

*ပေါင်ချိန်မပြည့်သည့်ကလေးမွေးဖွားမှု*

ပေါင်ချိန်မပြည့်ဘဲ မွေးဖွားလာသည့်ကလေး (၂၅၀၀ ဂရမ် အောက်) များသည် ပုံမှန်အားဖြင့် ပုံမှန်မဟုတ်သည့်အနေအထားဖြင့် မွေးဖွားလာသူများဖြစ်ကြပြီး အလေးထား ဂရုစိုက်ရန်နှင့် ပြုစုစောင့်ရှောက်မှုလိုအပ်ပါသည်။ အချို့ ကလေးများမှာမွေးဖွားစဉ်ကပင် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းအလွန်အမင်းရှိနေပြီး မသန်စွမ်းဖြစ်နေပြီးဖြစ်သည်။ ကလေးအများအပြားကိုမွေးဖွားစဉ် အလေးချိန်မချိန်သည့်အတွက် အမျိုးသားအဆင့်တွင်ပေါင်ချိန်မပြည့်သည့် ကလေးမွေးဖွားမှုနှုန်းအားအကဲဖြတ်ရန်ခက်ခဲနေခြင်းဖြစ်ပါသည်။ ၂၀၀၉-၂၀၁၀ အိမ်အိုင်စီအက်စ် (MICS) အရ ယင်းနှစ်မတိုင်မီမွေးဖွားသော ကလေးသူငယ်များ၏ ၈.၆% မှာမွေးဖွားစဉ် ပေါင်ချိန်မပြည့်သူများဖြစ်သည်ဟု ဆိုပါသည်။ မွေးဖွားလာစဉ်ကလေးသူငယ်များအား ပေါင်ချိန်ခြင်း ရှိ/မရှိ မေးမြန်းရာတွင် မိဘများ၏ဖြေကြားမှုအရ ၅၆.၃% သာလျှင် ပေါင်ချိန်ကြောင်းသိရပါသည်။ ပေါင်ချိန်မပြည့်ပဲ မွေးဖွားလာသည့်ကလေးများ၏ရာခိုင်နှုန်းမှာ ၁၅% အထက်တွင်ရှိနိုင်ပါသည်။ ဒေသတွင်းလေ့လာမှုများအရ ပေါင်မပြည့်သည့်မွေးဖွားမှုသည် ၇.၁% မှ ၃၆.၂% အထိ ရှိသည်ဟု သိရပါသည်။ ထို့ကြောင့် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်နိုင်ရန် ပေါင်ချိန်မပြည့်ဘဲမွေးဖွားလာသည့်ကလေးများနှင့် ပုံမှန်မဟုတ်သည့် အခြေအနေဖြင့် မွေးဖွားလာသော ကလေးများအားသတ်မှတ်နိုင်ရန်ကလေးသူငယ်များအား မွေးဖွားချိန်တွင် တိတိကျကျအလေးချိန် ချိန်ပြီး တိုင်းတာမှုပြုလုပ်ရေးကို အလေးထားဆောင်ရွက်ရမည်ဆိုသည်မှာ ရှင်းလင်းနေပါသည်။

ကိုယ်ဝန်မဆောင်မီနှင့် မွေးဖွားပြီးချိန်များအတွင်း ဝန်ဆောင်မှုပေးမှုများအား တိုးချဲ့ ဆောင်ရွက်ခြင်းကို အလေးထားဆောင်ရွက်မည်ဆိုလျှင် ပေါင်ချိန်မပြည့်သည့် ကလေးအရေအတွက်ကို လျှော့ချနိုင်မည် ဖြစ်ပါသည်။ အထူးသဖြင့် အန္တရာယ် ကြီးမားသော ကိုယ်ဝန်ဆောင်မှုများအတွက် ဖြစ်ပါသည်။ အလေးချိန် ၂၅၀၀ ဂရမ်အောက်မွေးလာသည့်ကလေးအားလုံးကို မွေးဖွားချိန်တွင်သာမက ယင်းနောက်ပိုင်း မကြာခဏဆိုသလို စစ်ဆေးကြည့်ရှုပေးရမည် ဖြစ်ပါသည်။ ဖွံ့ဖြိုးမှုနှောင့်နှေးနေသည်ဟု သံသယရှိပါက ၎င်းတို့အား ECI လုပ်ငန်းသို့ ညွှန်းပို့ပေးသင့်ပါသည်။ အလေးချိန်မပြည့်ဘဲ မွေးဖွားလာသည့်ကလေးများမှာ နောက်ပိုင်းကြီးပြင်းလာသည့်အခါတွင် ပုညက်သွားနိုင်ပါသည်။ မြန်မာနိုင်ငံအား လေ့လာရာတွင် ပုညက်ခြင်း၏ ၁၃% သည် ပေါင်ချိန်မပြည့်ဘဲမွေးလာသောသူများဖြစ်သည်ကို တွေ့ရှိရပါသည်။ (Save the Children နှင့် အခြား ၂၀၁၄)

*မွေးပြီးပြီးချင်းမိခင်နို့တိုက်ခြင်း (မိခင်နို့အချိန်မီစတင်တိုက်ကျွေးခြင်း)*

၂၀၀၉-၂၀၁၀ အမ်အိုင်စီအက်စ်(MICS) လေ့လာဆန်းစစ်မှုအရ မွေးကင်းစကလေးသူငယ်များ၏ ၇၅. ၈% မှာ မွေးဖွားပြီးသည်နှင့် တစ်နာရီအတွင်း မိခင်နို့ကို သောက်သုံးကြရသည်ဟုဆိုပါသည်။ သို့ရာတွင် မွေးစမှ ခြောက်လအတွင်း မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးမှုမှာ ၂၃. ၆%သာရှိပါသည် (MICS 2009-2010)၊ လပေါင်း ၂၀ မှ ၂၃ လအတွင်း ဆက်တိုက်နို့တိုက်ကျွေးမှုမှာ အထူးသဖြင့် မြင့်မားပြီး ၆၅. ၄%ရှိပါသည်။ သို့ရာတွင်ကိုယ်ဝန်ဆောင်ချိန် အာဟာရချို့တဲ့မှု မြင့်မားသည့်အတွက် မိခင်နို့၏အရည်အသွေးမှာ အကောင်းဆုံးဟုဆိုနိုင်မည်မဟုတ်ချေ။ ယင်းနှင့် ပတ်သက်ပြီးအကဲဖြတ်ရာတွင် မွေးကင်းစမှ ၁၁ လအထိနို့ရည်အလုံအလောက်ရသည့်ကလေးမှာ ၄၁%သာရှိ ကြောင်းတွေ့ရပါသည်။

## ပုညက်ခြင်း

ပုညက်ခြင်း (အသက်နှင့်စာလျှင်အရပ်နိမ့်မှု) သည်ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း အဖြစ်သို့ ပြောင်းလဲရောက်ရှိသွားနိုင်သော နိုင်ငံတကာတွင်ကြုံတွေ့နေရသည့်အဓိကကိစ္စရပ်ဖြစ်နေပါသည်။ ပုညက်မှုကြောင့် ကျောင်းအတွင်းဆောင်ရွက်မှုတွင် ညံ့ဖျင်းသွားစေနိုင်ပြီး အနာဂတ်ကုန်ထုတ်လုပ်မှု စွမ်းအားလည်း ကျဆင်းသွားစေနိုင်ပါသည်။

မြန်မာနိုင်ငံဆိုင်ရာ အမ်အိုင်စီအက်စ် ၂၀၀၉-၂၀၁၀ လေ့လာဆန်းစစ်မှုအရ ပုညက်မှုနှုန်းမြင့်မားနေသည်ကိုတွေ့ရှိရခြင်း(၃၅. ၁%)။ ထိုသို့သောကလေးများသည် ဖွံ့ဖြိုးမှုဆိုင်ရာနယ်ပယ်တစ်ခု သို့မဟုတ် ထိုထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်မှု



နှောင့်နှေးရန်အလားအလာရှိပြီး အာရုံခံစားမှု၊ ကိုယ်လက်လှုပ်ရှားမှုအကြီးစား၊ ကိုယ်လက်လှုပ်ရှားမှုအငယ်စား၊ ဘာသာစကား၊ အသိအမြင်၊ မိမိဘာသာလုပ်ကိုင်နိုင်စွမ်းအပါအဝင် လူမှုရေးနှင့် စိတ်ခံစားမှုပိုင်းဆိုင်ရာဖွံ့ဖြိုးမှုကဏ္ဍများတွင် ဖြစ်ပါသည်။ ပုညက်မှုသည် အသက် ၂၄ လမှ ၃၅ လ ကလေးများတွင်အမြင့်မားဆုံး ဖြစ်နေပါသည်။ သို့ရာတွင် ကိုယ်ဝန်ဆောင်နေသည့်အချိန်နောက်ပိုင်းမှစ၍ ကြီးထွားမှု မကောင်းသည့်အတွက်ကြောင့်ခြောက်လသားကလေးများ၏ ၁၅% မှာ ပုညက်သူများဖြစ်နေပါသည်။ ၂၀၀၂ ခုနှစ်အတွင်း ဆယ်ကျော်သက်ကျောင်းသူကျောင်းသားများ၏ အာဟာရအဆင့်အတန်းကိုအမျိုးသား အာဟာရဌာနကပြုလုပ်သည့် လူသားမျိုးနွယ် အချက်အချာဆိုင်ရာလေ့လာမှုအရ ယောကျ်ားလေးများ၏ ၃၇. ၆%နှင့် မိန်းကလေးများ၏ ၃၀. ၄% တွင် ပုညက်မှုကြီးထွားနေကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲသည့်မိသားစုများမှ ကလေးသူငယ်များအပေါ်သို့ ပုညက်မှုအကျိုးသက်ရောက်မှုများ ရှိနေပါသည်။ အမ်အိုင်စီအက်စ် ၂၀၀၉-၂၀၁၀ အချက်အလက်များအရ ဆင်းရဲသည့်မိသားစုများမှ အသက် (၅) နှစ်အောက်ကလေးများ သည် ပုညက်မှုဖြစ်ပွားခြင်း (၄၆%) အထိရှိနိုင်ပေရာ ချမ်းသာသောမိသားစုများမှ ကလေးများ (၂၀. ၇%) ထက် နှစ်ဆကျော်ပိုမိုများပြားနေကြောင်းတွေ့ရှိရသော်လည်း ချမ်းသာသောမိသားစုများမှ ကလေးသူငယ် (၂၀%) သည် ပုညက်သူများဖြစ်နေကြောင်းထူးခြားစွာ

တွေ့ရှိရပါသည်။ ပညာမတတ်သည့်မိခင်များအနေဖြင့် ပုညက်သောကလေးများကို ရရှိနိုင်ခြေပိုများသော်လည်း ပုညက်သည့်ကလေးများအနက် လေးပုံတစ်ပုံကျော်၏မိခင်များသည် အလယ်တန်းအဆင့် သို့မဟုတ် အထက်တန်းအဆင့်ရှိသူများ ဖြစ်ကြပါသည် (MNPED & MOH, 2011)။ အဆိုပါတွေ့ရှိချက်များအရ ပုညက်မှုဖြစ်ရခြင်း၏ အဓိကအကြောင်းအချို့မှာ လူမှုစီးပွားရေးအဆင့်အတန်းတိုင်းရှိမိသားစုများ၏ ကလေးသူငယ်များအား ကျွေးမွေးစောင့်ရှောက်သည့်နည်းလမ်း ညံ့ဖျင်းမှုကြောင့် ဖြစ်သည်ကို ဖော်ပြနေပါသည်။ ထို့အပြင်အာဟာရနှင့်ဆက်နွယ်နေသောအမူအကျင့်များကို မပြောင်းလဲဘဲ ဝင်ငွေတိုးတက်အောင်ဆောင်ရွက်နေခြင်းသည် မြန်မာနိုင်ငံ၏ပုညက်မှုပြဿနာကို ကျော်လွှားသွားနိုင်မည် မဟုတ်ချေ။ (Cashin 2016)

### *မွေးကင်းစကလေးများနှင့် ကလေးသူငယ်များတွင် လိုအပ်သောအာဟာရဓာတ်ချို့တဲ့ခြင်း*

မြန်မာကလေးသူငယ်များသည် ပုညက်ခြင်းအပြင်လိုအပ်သောအာဟာရဓာတ်များ ချို့တဲ့မှု ဖြစ်ပွားနေပါသည်။ အသက် (၆) လမှ လပေါင်း (၂၀) အတွင်းတွင်ရှိသည့် ကလေးသူငယ်များတွင် သွေးအားနည်းရောဂါတွေ့ရှိရမှုသည် ၈၀% ကျော် ရှိနေပါသည်။ ဤစိုးရိမ်ဖွယ်ရာနှုန်းထားက မွေးကင်းစနှင့်ကလေးသူငယ်အားလုံးနီးပါးသည် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းကို ကြုံရမည့်အန္တရာယ်ကိုမြင့်မားစွာရင်ဆိုင်နေရသည်ဆိုသည့်အဓိပ္ပါယ်ပင် ဖြစ်ပါသည် (MNPED & UNICEF, 2013)။ အသက် (၅) နှစ်အောက်ကလေးများအတွက်မူ ဤနှုန်းသည်အနည်းငယ်နည်းပါးရာတွင် ၆၄. ၆% ရှိပါသည်။ ကလေးသူငယ်လှုံ့ဆော်ရေးအစီအစဉ်များနှင့်အတူ သွေးအားနည်းရောဂါကိုအမြန်ဆုံးလျော့ချသွားရမည်ဖြစ်ပါသည်။

ကလေးသူငယ်နှင့်ပတ်သက်သည့်ဗိုက်တာမင် ဘီ၀မ်း ချို့တဲ့မှု (ဘယ်ရီဘယ်ရီ) သည် မြန်မာနိုင်ငံအတွင်းတွင် တစ်နှစ်သားသက်တမ်း အတွင်းသေဆုံးရသည့် ပဥ္စမမြောက်အဓိကအကြောင်းဖြစ်ပါသည် (NNC 2007)။ ဘယ်ရီဘယ်ရီရောဂါကြောင့်ဖြစ်သည့်သေဆုံးမှုသည် အသက်နှစ်လမှ သုံးလအတွင်းရှိ ကလေးသူငယ်များ အကြားဖြစ်ပွားလေ့ရှိပါသည်။ ၂၀၀၅ ခုနှစ်မေလမှ ၂၀၀၇ ခုနှစ်နိုဝင်ဘာလအထိ မြို့နယ်ပေါင်း (၂၁) ခုရှိ ဆေးရုံ (၃၅) ရုံတွင် အမျိုးသားအာဟာရဌာနကပြုလုပ်ခဲ့သော ဆေးရုံအခြေပြုကလေးသူငယ်ဆိုင်ရာ ဘယ်ရီဘယ်ရီရောဂါ စောင့်ကြည့်ထောက်လှမ်းခြင်းအစီအစဉ်အရ အစီရင်ခံသည့်ရောဂါဖြစ်ပွားမှု ၇၂၅ မှုရှိပြီးယင်းတို့အနက် ၄၄မှုမှာ သေဆုံးသွားရသဖြင့် ၆. ၂% ရှိပါသည်။ အများစုမှာအသက် (၂) လမှ (၃) လအတွင်းရှိသည့် အုပ်စု

မှ ဖြစ်ပါသည်။ အစီရင်ခံသည့်ရောဂါဖြစ်ပွားမှုများ၏ထက်ဝက်ခန့်မှာ ကလေးသူငယ်ဆိုင်ရာဘယ်ရီဘယ်ရီရောဂါဖြစ်ကြောင်း နောက်ဆုံးရောဂါ ဖော်ထုတ်ချက်အရသိရှိရပါသဖြင့် အစီရင်ခံသည့်ရောဂါဖြစ်ပွားမှု ၅၄% နှင့်သေဆုံးမှု ၄၇% ရှိပါသည်။ ထို့ကြောင့်သေဆုံးမှုနှုန်းမှာ ၅. ၃% ဖြစ်ပါသည်။ (အမျိုးသားအာဟာရဌာန ၂၀၁၃)

ဗိုက်တာမင် အေ ချို့တဲ့မှုမှာ အသက် ၆ လမှ ၅၉ လအတွင်းရှိသည့်ကလေးသူငယ်များအကြား အဖြစ်များကြောင်း အံ့ဩဘွယ်ရာတွေ့ရှိရပါသည်။ လက်ရှိအားဖြင့် ဗိုက်တာမင် အေ ဖြည့်စွက်ပေးမှုမှာ နိုင်ငံကလေးသူငယ်များ၏ ၈၆% အထိရောက်ရှိနေပါသည်။ (UNICEF, 2017)။ အိုင်အိုဒင်းချို့တဲ့မှုမှာလည်း မှတ်သားဖွယ်ကောင်းသည်မှာ မိသားစုများ၏ ၆၈. ၈% သာလျှင်အိုင်အိုဒင်းဆားကိုသုံးစွဲကြောင်းတွေ့ရှိရသည် (MICS 2009-2010)။ ယူနီဆက်က ၎င်း၏ဝက်ဆိုဒ်တွင် အိုင်အိုဒင်းစားသုံးမှုရာခိုင်နှုန်းမှာ သိသာစွာတိုးတက်လာပြီး ၂၀၁၂ ခုနှစ်တွင် ၉၂. ၉% အထိသိသာစွာမြင့်တက်ခဲ့ကြောင်း အစီရင်ခံခဲ့ပါသည်။ သို့ရာတွင် ကလေးသူငယ်များအကြား အိုင်အိုဒင်းဓာတ်ချို့တဲ့မှုနှုန်းထားကို လက်ရှိအချိန်တွင်မရသေးပါ။ အိုင်အိုဒင်းချို့တဲ့မှုကြောင့် စိတ်ပိုင်းဆိုင်ရာချွတ်ယွင်းမှုနှင့် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းများကို ဖြစ်ပွားစေပါသည်။

ထိုမျှသာမက ကလေးသူငယ်အများအပြားသည် အူတွင်းကပ်ပါးရောဂါပိုး၊ သံကောင်ရောဂါနှင့် ငှက်ဖျားရောဂါများကို ခံစားနေကြရသည်ဖြစ်ရာ ယင်းရောဂါများသည်ကလေးများ၏ ကိုယ်ခန္ဓာမှအာဟာရများကို လုယူစားသောက် သွားကြပြန်သည်။ ကပ်ပါးရောဂါသည် အထူးသဖြင့် ကမ်းရိုးတန်းဒေသများတွင် အဖြစ်များသည် (MNPED & UNICEF 2013)။ ကပ်ပါးပိုး၊ သံကောင်နှင့် ရောဂါဘယများက ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖိစီးနှိပ်စက်လျက် ရှိကြပြီး အထူးသဖြင့် လိုအပ်သောအာဟာရလုံလောက်စွာမရသည့် ကလေးသူငယ်များတွင် အဖြစ်များလျက်ရှိပါသည်။

### *မွေးရာပါချွတ်ယွင်းမှုနှင့်အခြားသောမသန်စွမ်းဖြစ်မှုများ*

၂၀၁၄ ခုနှစ်အမျိုးသားသန်းခေါင်စာရင်းတွင် ကလေးသူငယ်များအနက် ၁. ၃၅% သာလျှင်မသန်စွမ်းဖြစ်နေကြောင်း အစီရင်ခံထားပါသည်။ ဤရလဒ်သည်နိုင်ငံတကာမသန်စွမ်းဖြစ်မှုစာရင်းဇယားများအရမေးခွန်းထုတ်စရာ ဖြစ်နေပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက *'ဦးရေသန်းတစ်ထောင်ကျော်သည် မသန်စွမ်းဖြစ်မှု ပုံစံတစ်မျိုး သို့မဟုတ် တစ်မျိုးဖြစ်နေသည်ဟုခန့်မှန်းထားရာတွင် (၂၀၁၀ ခုနှစ်ကမ္ဘာ့လူဦးရေခန့်မှန်းချက်ပေါ်တွင် အခြေပြုသည်) ကမ္ဘာ့လူဦးရေ၏*

*၁၅% ရှိပါသည်။ ယင်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၁၉၇၀ ပြည့်နှစ်များအတွင်း ခန့်မှန်းထားသည့် ၁၀% ဝန်းကျင်ထက် မြင့်မားပါသည်' ဟုပြောဆိုထားပါသည်။ ထို့အပြင် ၎င်းက 'ကမ္ဘာလုံးဆိုင်ရာရောဂါဘယဝန်ထုပ်ဝန်ပိုးအစီအစဉ်က (၀-၁၄ နှစ်) အရွယ်ရှိ ခန့်မှန်းခြေ အရေအတွက် ကလေးသူငယ် ၉၅သန်း (၅. ၁%) မှာ ကလေးသူငယ်မသန်စွမ်းမှု ဖြစ်နေကြောင်းအကဲဖြတ်ထား ပြီး ယင်းတို့အနက် ၁၃ သန်း (၀. ၇%)မှာ ပြင်းထန်သော မသန်စွမ်းမှုဖြစ်နေပါသည်' ဟု ဆိုထား*ပါသည် (WHO, 2011)။

မွေးရာပါချွတ်ယွင်းမှု၊ လိုအပ်သောအာဟာရမပြည့်ဝမှုနှင့် ရှေးဦးဒဏ်ရာရရှိမှုတို့ကိုထောက်ရှု၍ မြန်မာနိုင်ငံအတွင်း မွေးကင်းစနှင့်ကလေးသူငယ်များ မသန်စွမ်းဖြစ်မှုမှာ ၅ % မှ ၁၀ % အကြားရှိနိုင်မည်ဖြစ်ပြီး အနည်းဆုံး ၇ % ရှိမည်ဟု ခန့်မှန်းပါသည်။

ကလေးသူငယ်မသန်စွမ်းဖြစ်မှုအခြေအနေသုံးသပ်ချက် (UNICEF, 2016) တွင် မသန်စွမ်းဖြစ်မှုအဓိကအကြောင်းရင်းများ၏နှုန်းထားကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

- မွေးဖွားရာပါလာခြင်း (၆၅ %)
- ရောဂါဘယ သို့မဟုတ် နာမကျန်းဖြစ်ခြင်း (၂၀ %)
- မတော်တဆမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိမှု (၅ %)
- ဆေးထိုးမှားခြင်း (၅ %)
- မဆုံးဖြတ်နိုင်သောအကြောင်းများ (၅ %)

မွေးဖွားမှုနှင့်ဆက်နွယ်နေသော သေဆုံးမှုနှင့်မသန်စွမ်းဖြစ်မှုနှုန်းထားမြင့်မားနေသည့်အတွက် အောက်ပါမွေးဖွားမှု အခြေအနေများဖြစ်ပွားမှုနှင့်စပ်လျဉ်းပြီး သတင်းအချက်အလက်များအားရှာဖွေခဲ့ပါသည်။ မကြာသေးမီကပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံအတွင်းအသက် (၅) နှစ်အောက်ကလေးငယ်များ သေဆုံးမှုအကြောင်းများအားလေ့လာမှု အရမွေးကင်းစကလေးများ (မွေးကင်းစမှ တစ်လအတွင်း) သေဆုံးရသည့်အဓိကအကြောင်းမှာ စောမွေးခြင်း၊မွေးဖွားစဉ် ပေါင်မပြည့်ခြင်း (၃၆ %) နှင့် မွေးဖွားစဉ် ကလေးမွန်းခြင်း (၂၆ %) ရှိကြောင်း တွေ့ရပါသည် (MOH 2015)။ လေ့လာမှုအရ ကလေးသူငယ်သေဆုံးမှု၏ ၁၅% မှာ မွေးဖွားပြီးအသားဝါကြောင့်ဖြစ်ပါသည်။ အသားဝါရောဂါကိုကျော်လွှားနိုင်သော်လည်း ပုံမှန်ကုသမှုခံယူခြင်းမရှိလျှင် ကြီးမားသည့်ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းဖြစ်လေ့ရှိပါသည်။ ခြုံ၍ဆိုရလျှင် ကလေးသူငယ်သေဆုံးမှု၏ ၁၂% မှာမွေးဖွားပြီး ရောဂါပိုးဝင်မှုများကြောင့် ဖြစ်ပါသည်။ ထို့အပြင် ခန့်မှန်းခြေအားဖြင့် အစီရင်ခံ

သည့် မွေးဖွားမှု၏ ၃% မှာ မွေးဖွားချိန်ရှည်ကြာသည့်အတွက် အသက်ရှူမွန်းကြပ်ခြင်းကိုဖြစ်စေပြီး သေဆုံးခြင်း သို့မဟုတ် မသန်စွမ်းဖြစ်ခြင်းများကို ဖြစ်စေပါသည် (UNICEF 2016)။

မွေးရာပါချွတ်ယွင်းချက်ကြောင့် ကလေးသူငယ်သေဆုံးမှုမှာ ၅% ရှိပါသည်။ ယင်းသို့သောသေဆုံးမှုများတွင် အာရုံကြောပြွန်ချွတ်ယွင်းခြင်းကြောင့်ဖြစ်သည့် ဦးနှောက်အတွင်းအရည်စုနေခြင်း၊ ဦးခေါင်းသေး၍ဦးနှောက်ဖွံ့ဖြိုးမှုမရှိခြင်း၊ ကြောရိုးဖုခြင်း၊ ဒေါင်းရောဂါလက္ခဏာစု Fragile X ရောဂါလက္ခဏာစု၊ သူငယ်နာအကြောတင်ရောဂါနှင့် ဥာဏ်ရည်ဖွံ့ဖြိုးမှုနောက်ကျခြင်းတို့ ပါဝင်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မြန်မာနိုင်ငံတွင် မွေးဖွားမှုဆိုင်ရာချွတ်ယွင်းချက်အဓိကအားဖြင့် (၆) မျိုးရှိသည်ဟု သတ်မှတ်ထားရာတွင် မွေးဖွားမှုအရေအတွက် ၁၀၀၀တွင် သွေးကြောစနစ်ချွတ်ယွင်းခြင်း ၇. ၉%၊ သွေးနီဥရောဂါ ၄%၊ G6PD ကျဆင်းမှု(၃. ၁%)၊ ဒေါင်းရောဂါလက္ခဏာစု ၁. ၇%၊ အာရုံကြောပြွန်ချွတ်ယွင်းမှု (Neural tube defect) ၀. ၇% ရှိသည်ဟု ဆိုပါသည် (WHO 2013)။ ခြုံ၍ဆိုရသော် ကလေးသူငယ်ပေါင်း ၁၀၀၀တွင် ၅၉ ဦးမှာ မွေးဖွားစဉ် ချွတ်ယွင်းချက်များရှိနေသည်ဟု WHO က ခန့်မှန်းထားပါသည်။ ရာခိုင်နှုန်းအားဖြင့်ဆိုရလျှင် ၅. ၈ ရာခိုင်နှုန်းရှိပါသည် (ဤစာတမ်းတွင်ပါသည်)။ ဤကိန်းဂဏန်းသည်နောက်ဆုံးကောက်ယူသည့်သန်းခေါင်စာရင်းအပါအဝင် လက်ရှိရရှိထားသောအချက်အလက်များထက် ပိုမိုကြီးမားပြီး ပိုမိုတိကျပါသည်။ ထို့အပြင် ဤကိန်းဂဏန်းများအရ မွေးဖွားစဉ် မသန်စွမ်းဖြစ်သည့်ကလေးများ၏အရေအတွက်ကို ခန့်မှန်းရာတွင်လည်း အထောက်အကူပြုမည်ဖြစ်ပါသည်။ ခြုံ၍ဆိုရသော် မြန်မာနိုင်ငံတွင် နှစ်စဉ်တွင် ကလေးသူငယ်ပေါင်း ၅၉၄၃၅ ဦးသည် မွေးဖွားစဉ်ချွတ်ယွင်းမှုဖြင့်မွေးဖွားလာကြောင်းWHOကခန့်မှန်းထားပါသည်(ဤစာတမ်းတွင်ပါသည်)။

### *အပြုအမူဆိုင်ရာချွတ်ယွင်းမှု*

အပြုအမူဆိုင်ရာချွတ်ယွင်းမှုများအား အသက် (၁၈) လမတိုင်မီ ဖော်ထုတ်သတ်မှတ်ရန် အင်မတန်ခဲယဉ်းပါသည်။ သို့ရာတွင် လက်ရှိအားဖြင့် အကြောဘက်ဆိုင်ရာ ကလေးအထူးကုဆရာဝန်များနှင့် အကြောပါရဂူများသည် စိတ်ကွန့်မြူးမှုပုံမှန်မဟုတ်ခြင်း အော်တစ်ဇင်အခြေအနေ (Autism Spectrum Disorder- ASD)၊ အာရုံစူးစိုက်မှုချို့တဲ့၍ တက်ကြွလွန်အခြေအနေ (Attention Deficit and Hyperactivity Disorder-ADHD) ကဲ့သို့သော ပုံမှန်မဟုတ်သည့် ဦးနှောက်ဖွဲ့စည်းမှုများကို သတ်မှတ်ရန်စတင်လုပ်ဆောင်နေကြပြီဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်း ASD နှင့် ADHD အမှန်တကယ် ဖြစ်ပွားမှုကို မသိရသေးပါ။



### *ကလေးဘဝဒဏ်ရာရရှိမှုကြောင့် မသန်စွမ်းဖြစ်ခြင်း*

လုံခြုံစိတ်ချရမှုမရှိသော မိသားစုအတွင်းဆောင်ရွက်သည့် အလေ့အထများကြောင့် ကလေးသူငယ်များသည်လမ်းများပေါ်တွင်လည်းကောင်း၊ ကလေးများအတွက် လုံခြုံစိတ်ချရမှုမရှိသောကစားကွင်းများတွင်လည်းကောင်း ကစားလေ့ရှိကြသည့် အတွက် နှစ်စဉ်လိုလိုပင် ကလေးသူငယ်များအနာတရဖြစ်ရပါသည်။ ယင်းသို့ သောဒဏ်ရာအနာတရများသည် ရာသက်ပန်မသန်စွမ်းဘဝသို့ ရောက်သွားစေ နိုင်ပါသည်။ အသက် (၅) နှစ်အောက် ကလေးသူငယ်သေဆုံးမှု၏ ၂ % မှာ ဒဏ်ရာအနာတရများကြောင့်ဖြစ်ပါသည် (WHO, 2008)။

### *နာတာရှည်ဖျားနာခြင်း သို့မဟုတ် ရောဂါကြောင့် ကလေးသူငယ်များ နှောင့်နှေး ခြင်းနှင့် မသန်စွမ်းဖြစ်ခြင်း*

အသက် (၅)နှစ်အောက်ကလေးသူငယ်များ သေဆုံးရသည့် နောက်ထပ် အကြောင်း များမှာ မွေးကင်းစချိန်တွင် သေဆုံးမှု ၄၅ %၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ၂၀ %၊ အဆုတ်အအေးမိရောဂါ ၁၆ %၊ ငှက်ဖျားရောဂါ ၃ %၊ ဝက်သက်ရောဂါ ၃ %၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါ ၁ %၊ နှင့် အခြားရောဂါများ ၁၀ % တို့ ဖြစ်ပါသည် (WHO, 2008)။ ဤကိန်းဂဏန်းများအရ မွေးကင်းစအချိန်နှင့် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းနှင့် မသန်စွမ်းဖြစ်မှုများကို ဖြစ်စေနိုင်သည့် နာတာရှည် ဖျားနာမှုနှင့်ရောဂါဘယများကြောင့် ကလေးသူငယ်များအနေဖြင့် ပုံမှန်မဟုတ်

သည့်အနေအထားများတွင် ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ လက်ရှိအားဖြင့် နာတာရှည် ဖျားနာမှုနှင့် ရောဂါဘယများကြောင့် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းနှင့် မသန်စွမ်းဖြစ်နေသည့် ကလေးသူငယ်များ၏ အရေအတွက်နှင့်ပတ်သက်သည့် စာရင်းဇယားများမရရှိသေးပါ။

အသက် ၁၅ နှစ်မှ ၁၉ နှစ်အကြားရှိကိုယ်ဝန်ဆောင်မိခင်များအတွင်း HIV ဖြစ်ပွားသည့်နှုန်းမှာ ၀.၃ % ရှိပြီး အသက် ၂၀ နှစ်မှ ၂၄ နှစ်အကြား ရှိသူများတွင်မူယင်းရာခိုင်နှုန်းမှာအနည်းငယ်မြင့်မားလျက်ရှိရာတွင် ၀.၈ % ရှိနေပါသည်။ အန္တရာယ်များသော လူငယ်အုပ်စုများအကြားဖြစ်ပွားမှုမှာ သိသာစွာမြင့်မားနေရာတွင် အသက် ၁၅ နှစ်မှ ၁၉ နှစ်အကြားရှိ အမျိုးသမီးလိင်အလုပ်သမားများတွင် ၃.၄ %၊ အသက် ၂၀ မှ ၂၄ နှစ်အကြားရှိ အမျိုးသမီးလိင်အလုပ်သမားများတွင် ၇.၄ %၊ အသက် ၁၅ နှစ်မှ ၁၉ နှစ်အကြားမူးယစ်ဆေးဝါးသုံးစွဲသူများတွင် ၇.၄ %၊ နှင့် အသက် ၂၀ မှ ၂၄ နှစ် အကြားမူးယစ်ဆေးဝါးသုံးစွဲသူများတွင် ၁၄.၈ % ရှိနေပါသည် (UNFPA, 2007)။ မိခင်မှကလေးသို့ကူးစက်မှု တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ HIV ပိုးကူးစက်ခံနေရသည့်ကိုယ်ဝန် ဆောင်မိခင်များအနက် ၇၂ % သာလျှင် anti-retroviral ဆေးရရှိကြပါသည်။ ကျန် ၂၈ % မှာ ၎င်းတို့၏ကလေး များထံသို့ HIV ပိုးကူးစက်စေမည့်အန္တရာယ်ကြီးကြီးမားမားရှိနေပါသည်။ HIV ပိုးရှိမည်ဟုသတ်မှတ်ခြင်းခံထားရသူများအနက် ၃၅ % သာလျှင် anti-retroviral ဆေးကိုမှီဝဲခဲ့ကြပါသည်။ မိဘတစ်ဦးထံမှလည်းကောင်း၊ နှစ်ဦးလုံးထံမှလည်းကောင်း HIV/AIDS ပိုးကူးစက်ခံရသည့် သို့မဟုတ် အကျိုးသက်ရောက်မှုခံရသည့် မွေးကင်းစ ကလေးများနှင့် ကလေးသူငယ်များသည် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းအပြင်းအထန် ခံစားရနိုင်ပါသည်။ ၎င်းတို့အားလုံးအနေဖြင့် ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးမှု အခြေအနေတိုင်းတာစစ်ဆေးမှုနှင့်ပြန်လည်ထူထောင်ရေးဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းများကိုလိုအပ်နေပါသည်။

### *ရောဂါဖြစ်ပွားမှုအဆင့်မြင့်မားခြင်း (အသက်ရှူလမ်းကြောင်း၊ အစာအိမ်လမ်းကြောင်း ပိုးဝင်ခြင်း၊ သွားပိုးစားခြင်း)*

ကလေးသူငယ်အများအပြားသည် အသက်ရှူလမ်းကြောင်း၊ အစာအိမ်လမ်းကြောင်းပိုးဝင်ခြင်း၊ အဆုတ်ရောဂါ၊ သွားပိုးစားခြင်း နှင့်ငှက်ဖျားရောဂါများ အပါအဝင် ရောဂါဖြစ်ပွားမှုနှုန်းမြင့်မားမှု၏ အကျိုးသက်ရောက်မှုကို ခံနေကြ ရပါသည်။ ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်းကလေးသူငယ်များအနက် ၆၉.၃ % သည်အဆုတ်ရောင်ရောဂါ အတွက်ဆေးကုသမှုခံယူ ခဲ့ကြပြီး ၆၀.၆ % သည် ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် ဓာတ်ဆားထုပ်များအား သောက်သုံးခဲ့ကြ

ရပါသည်။ ခန့်မှန်းခြေအားဖြင့် လူဦးရေ၏ ၇၆ % သည်ငှက်ဖျားဒေသများ အတွင်းနေထိုင်နေကြရသည့်အတွက် ယင်းမှာ ကလေးသူငယ်များသေဆုံးမှုနှင့် ဖျားနာမှုအတွက်အဓိကအကြောင်းဖြစ်နေပါသည်။ ၁၉၈၈ မှ ၂၀၁၁ ခုနှစ် အတွင်း ငှက်ဖျားရောဂါဖြစ်ပွားမှုမှာ နှစ်စဉ် ၄. ၂ မှ ၈. ၆ သန်းအထိရှိခဲ့ပါသည်။ ကလေးသူငယ်အများအပြားမှာ ကူးစက်ရောဂါများကူးစက်ခံရသောကြောင့် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ဆိုးဆိုးရွားရွားထိခိုက်ခံနေရပါသည်။

*နာတာရှည်ရောဂါနှင့်ဖျားနာမှုများ၏အကျိုးသက်ရောက်မှုများ*

နာတာရှည်ရောဂါများကြောင့် မြန်မာနိုင်ငံအနေဖြင့် ၂၀၀၆ ခုနှစ်မှ ၂၀၁၅ ခုနှစ် အတွင်းအမေရိကန်ဒေါ်လာ သန်းပေါင်း ၄၃၀ နစ်နာဆုံးရှုံးမည်ဟုမျှော်မှန်းထား ပါသည် (Lancet, 2007)။ ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ နှင့် ဆက်စပ်နေသော ကျန်းမာရေးနှင့်အာဟာရဆိုင်ရာဝန်ဆောင်မှုများမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးခြင်းနှင့် မသန်စွမ်းဖြစ်မှုကို ဖြစ်ပွားစေသည့် နာတာရှည် ရောဂါများ၏ ဝန်ထုပ်ဝန်ပိုးနှင့် ကုန်ကျစရိတ်များမှာ ဆက်လက်၍ မြင့်မားနေ မည်ဖြစ် ပါသည်။

*အနာကြီးရောဂါဖြစ်ပွားနေသည့်မိဘများ၏အကျိုးသက်ရောက်မှုကိုခံကြရသည့် ကလေးသူငယ်များ*

မြန်မာနိုင်ငံတွင်အနာကြီးရောဂါကိုကျော်လွှားနိုင်ခဲ့ပြီဖြစ်သော်လည်း အနာကြီး ရောဂါကို ခံစားခဲ့ကြရသည့် မိဘထောင်ပေါင်းများစွာထံတွင် ၎င်းတို့အနေဖြင့် အပြည့်အဝကူညီစောင့်ရှောက်မှုမပေးနိုင်သည့် ကလေးသူငယ်များ ရှိနေကြပါ သည်။ ထို့ကြောင့် မြန်မာနိုင်ငံအနာကြီးရောဂါလုပ်ငန်းသည် အနာကြီးရောဂါ ခံစားခဲ့ရသူများ၏ ကလေးများအတွက် နေစရာ၊ ပညာရေးနှင့်ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများအားစီစဉ်ပေးနေပါသည်။ ယင်းလုပ်ငန်းများ အတွက် ပံ့ပိုး မှုများပိုမိုလိုအပ်နေပါသည်။ TLMM အတွက် အကန့်အသတ် ဖြင့်သာရှိနေသော ငွေကြေးထောက်ပံ့မှုကြောင့် ယင်းလုပ်ငန်းများထံမှ ဝန်ဆောင်မှုများ မရပဲဖြစ်နေ ကြပြီး အာဟာရဖွံ့ဖြိုးမှုနှင့် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းများကို ခံစားကြရပါသည်။

*အထူးပြုစုစောင့်ရှောက်ရေးကျောင်းများတွင် ကလေးသူငယ်များကို နေရာချ ထားခြင်း*

အလွန်အမင်းဆင်းရဲသောမိသားစုများ၌ မွေးဖွားလာကြသည့် အရေအတွက် မသိရသောကလေးများမှာ ၎င်းတို့၏မိဘများ သက်ရှိထင်ရှားရှိနေသော်လည်း ဘုန်းကြီးကျောင်းများ၊ မိဘမဲ့ဂေဟာများနှင့် အခြားသောပုံစံများဖြစ်သည့် အထူး

ပြုစုစောင့်ရှောက်ရေးကျောင်းပုံစံရှိသည့် လူနေထိုင်ရာအိမ်များသို့ပို့ထားခြင်းခံရကြရပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနကစီမံခန့်ခွဲသော ကျောင်းအိပ်ကျောင်းစားအထူးပြုစုစောင့်ရှောက်ရေးကျောင်း (၆) ခုတွင် ခန့်မှန်းခြေအားဖြင့် ကလေးပေါင်း ၁၄၀၀ခန့်ကို လက်ခံထားပါသည်။ အချို့သောကလေးများမှာလည်း ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ အာဟာရချို့တဲ့ခြင်း၊ နာတာရှည်ဖျားနာခြင်း၊ မသန်စွမ်းဖြစ်ခြင်းသို့မဟုတ် အပြုအမူဆိုင်ရာချွတ်ယွင်းချက်များကြောင့် အထူးပြုစုစောင့်ရှောက်ရေးကျောင်းများတွင် နေနေကြရပါသည်။ ယင်းကလေးများကို လူမှုရေးအရ မိဘစောင့်ရှောက်ခြင်းမခံရသောကလေးများ (social orphans) ဟုခေါ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကလေးများအား ၎င်းတို့၏မိဘများကို ထိုသို့သောနေရာများတွင် လာရောက်ထားသွားခြင်း သို့မဟုတ် စွန့်ပစ်ခံရခြင်းများကြောင့်ဖြစ်သည်။ ရည်မှန်းချက်စေတနာကောင်းမွန်သော်လည်း အချို့သောဆင်းရဲသည့်မိဘများက ၎င်းတို့၏ကလေးများအနေဖြင့် ဝန်ဆောင်မှုများကောင်းမွန်သည့်ထိုသို့သော နေရာများတွင်နေထိုင်ခြင်းအားဖြင့် ပိုမိုကောင်းမွန်သောဘဝကို ရရှိကြမည်ဟု မျှော်လင့်ထားကြပါသည်။

သို့ရာတွင်သုတေသနပြုလုပ်ချက်များအရ အထူးပြုစုစောင့်ရှောက်ရေးကျောင်းများသို့ရောက်ရှိလာကြသောကလေးများမှာ ကျောင်းသို့ရောက်လာပြီးနောက်ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း သို့မဟုတ် မသန်စွမ်းဖြစ်ခြင်းများရှိလာပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ မိသားစုနှင့် သမာသမတ်ကျသည့်စောင့်ရှောက်ပေးသူများသာဆောင်ရွက်ပေးနိုင်သည့် ပြုစုပျိုးထောင်မှု၊ ချစ်ခြင်းမေတ္တာနှင့် စေ့ဆော်မှုများကင်းမဲ့သည့်အတွက် ဖြစ်ပါသည် (Garner, 2011)။ ရလဒ်အနေဖြင့်အထူးပြုစုစောင့်ရှောက်ရေးကျောင်းများသို့ပို့ထားခြင်းခံရသောကလေးသူငယ်များအနေဖြင့်အထူး ဂရုစိုက်စောင့်ရှောက်မှုနှင့် ပံ့ပိုးမှုများလိုအပ်ပြီး ၎င်းတို့ကိုထိုသို့သောမိဘမဲ့ဂေဟာများမှထုတ်ပြီး မိသားစုရှိရာသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်သင့်ပါသည်။ (ဤစာတမ်းတွင်ပါဝင်သည်)

အထူးပြုစုစောင့်ရှောက်ရေးကျောင်းများတွင်ရှိနေသည့်မွေးကင်းစမှ အသက် (၅) နှစ်အထိ ကလေးများ၏အရေ အတွက်အမှန်ကိုမသိရသော်လည်း MICS 2009-2010 အရတွေ့ရှိရသည်မှာ မွေးစမှ ၁၇ နှစ်အထိအသက် အရွယ်ရှိသောကလေးများအနက် ၅. ၄%မှာ မိဘအရင်းများနှင့်တူနေထိုင်ခဲ့ရခြင်းမရှိကြောင်းတွေ့ရှိရပြီး ရာခိုင်နှုန်းအားဖြင့် မြို့ပြတွင် ၆. ၆ % နှင့် ကျေးလက်တွင် ၅. ၀ % ရှိသည်ဟုဆိုပါသည်။ မွေးကင်းစမှ အသက် (၄) နှစ် အထိရှိသော ကလေးများအားအထူးပြုစုစောင့်ရှောက်ရေးကျောင်းများသို့ပို့ထားခဲ့သည်ကိုလည်းတွေ့ရပါသည်။ မွေးစမှ အသက် ၁၇နှစ်အထိရှိသော မိဘမဲ့အရေအတွက်မှာ ၆. ၆% ရှိသည်

ဟုလည်း ဆိုပါသည်။ မြန်မာနိုင်ငံ လူနာပြုစုစောင့်ရှောက်ရေးဌာနများရှိ ကလေးသူငယ်များ၏အခြေအနေဖြင့်ပြုလုပ်ခဲ့သော လေ့လာမှုအရ ၂၀၁၁ ခုနှစ်တွင် ကလေးသူငယ်အရေအတွက်စုစုပေါင်း၁၂၄၉၃ဦးသည်ပြုစုစောင့်ရှောက်ရေးဌာန ၁၄၇ခုတွင် နေထိုင်လျက်ရှိရာ ယောက်ကျားလေးဦးရေ ၉၄၇၇ နှင့် မိန်းကလေးဦးရေ ၃၀၄၆ ရှိသည့်အတွက် ယောက်ကျားလေးက မိန်းကလေးအရေအတွက်ထက်ပိုများပါသည်။ ယင်းသို့သောဌာနများအနက် ၃၆.၇%သည် မသန်စွမ်းကလေးများကို လက်ခံထားကြသည်။ ယင်းတို့အနက် အများစုမှာ မသန်စွမ်းကလေးများကိုလက်ခံထားရာတွင် ၈၂.၄%အထိရှိသည်ဟု ဆိုပါသည်။ သို့ရာတွင် အဆိုပါလေ့လာမှုတွင် ဖော်ပြထားသည်မှာ အသက် ၅ နှစ်အောက် ကလေးအရေအတွက် ၆၀၀သည်သာလျှင် ပြုစုစောင့်ရှောက်ရေးဌာနများတွင် နေထိုင်လျက်ရှိကြပြီး ယင်းတို့အနက် အများစုမှာ မိဘမဲ့များမဟုတ်ဟုလည်း ဆိုထားပါသည်။ ထိုကလေးများအနက်အချို့မှာ ၎င်းတို့၏ဆွေမျိုးများ၊ အုပ်ထိန်းသူများ၊ အသိုက်အဝန်းများနှင့်အဆက်အသွယ်ရှိကြသည်ဟုလည်းဆိုပါသည်။ ထိုကလေးများအနက် ၇၀ %သည် မိဘများ၊ ဆွေမျိုးများ နှင့်အုပ်ထိန်းသူများရှိသည့်နေရာကို သိရှိနေကြသည်ဟုလည်း ဆိုပါသည်။ သို့သော် ၂၀ % သာလျှင် မိဘများထံသို့ အလည်အပတ်သွားရောက်ကြပြီး၁၂%မှာမူမိဘများက၎င်းတို့ထံလာကြသည်ဟု သိရပါသည်။ ကလေးအများစုမှာ ကျောင်းစတက်ရမည့်အရွယ်တွင် မိဘများနှင့်ဆွေမျိုးများက ပြုစုစောင့်ရှောက်ရေးဌာနများသို့ပို့ထားခြင်းဖြစ်ရာ ပညာရေးနှင့်ဆင်းရဲမွဲတေမှုက အဓိကအကြောင်းများဖြစ်နေရာ ကလေးများသည် ယင်းပြုစုစောင့်ရှောက်ရေးဌာနများသို့ ရောက်ရှိသွားခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည် (UNICEF, 2011)။

လူမှုရေး မိဘမဲ့ကလေးများ များပြားနေသော်လည်း မိဘများဘက်မှလည်းကောင်း၊ စောင့်ရှောက်ရေးဌာနဝန်ထမ်းများဘက်ကလည်းကောင်း မိသားစုများနှင့် ပြန်လည်ပေါင်းစည်းခြင်းကို ပုံမှန်ကျင့်စဉ်တစ်ရပ်အနေဖြင့်မှတ်ယူထားခြင်း မရှိကြချေ။ ပြုစုစောင့်ရှောက်ရေးဌာနအနက် တစ်ခုလောက်သာလျှင် ၎င်းတို့ ဌာနများရှိကလေးများ၏မိဘများအားရှာဖွေကြသည်ဟုဆိုပါသည်။ ထို့အပြင် စောင့်ရှောက်ရေးဌာန ၁၀ ခုအနက် တစ်ခုလောက်ကသာလျှင်ကလေးများအတွက် မိသားစုများနှင့် ဆက်သွယ်နိုင်ရန် ဘတ်ဂျက်သတ်မှတ်ထားရှိပါသည်။ ကလေးသူငယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် သင်တန်းများကိုလည်း ကလေးစောင့်ရှောက်သူများအရေအတွက်၏ ထက်ဝက်အောက်သာလျှင် ရရှိကြပါသည်။ ကလေးစောင့်ရှောက်သူများအနေဖြင့် ခန့်မှန်းခြေအားဖြင့် တစ်ပတ်လျှင် နာရီပေါင်း (၆၀) အလုပ်လုပ်ကြရပြီး ပျမ်းမျှခြင်းအားဖြင့် တစ်ဦးလျှင်

ကလေး ၄၈ ဦးကို ကြည့်ရှုကြရပါသည်။ ဝင်ခွင့်လက်ခံမှုနှင့် မှတ်တမ်းထိန်းသိမ်းမှုစနစ်များမှာ အထူးသဖြင့် အားနည်းပြီး ဌာနများ၏ထက်ဝက်သာလျှင် ကလေးတစ်ဦးချင်းစီ၏မှတ်တမ်းများအား ထိန်းသိမ်းထားကြောင်း တွေ့ရှိပါသည်။

*ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းနှင့်မသန်စွမ်းဖြစ်လာနိုင်သည့်အန္တရာယ်ရှိသောကလေးသူငယ်များ*

ကြီးထွားလာသောစိတ်ကျန်းမာရေး၊ ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုစီးပွားရေးအန္တရာယ်များကြောင့် ကလေးသူငယ်ဖွံ့ဖြိုးရေးအပေါ်သို့ ဆန့်ကျင်ဖက်အကျိုးသက်ရောက်မှုများစွာဖြစ်ပေါ်နေပါသည်။ အန္တရာယ်ရှိသည့်အခြေအနေများ၏ အကျိုးသက်ရောက်မှုကိုခံကြရသည့်ကလေးသူငယ်အများအပြားမှာ ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းသို့မဟုတ် မသန်စွမ်းဖြစ်ခြင်းများအဖြစ်သို့ ရောက်ရှိသွားပါသည်။ ယင်းသို့သောအန္တရာယ်များသည် အထက်တွင်ဖော်ပြခဲ့သော အကြောင်းတစ်ခု သို့မဟုတ် ထိုထက်ပိုသည့် အခြေအနေများနှင့် တိုက်ဆိုင်နေလေ့ရှိပါသည်။ ယင်း သို့သောအခြေအနေများ၏ ဆန့်ကျင်ဖက် အကျိုးသက်ရောက်မှုကို ခံနေကြရသောကလေးများ၏အရေအတွက်ကိုအကဲဖြတ်ရန် မဖြစ်နိုင်သော်လည်း မြန်မာနိုင်ငံ၏ ကလေးသူငယ်များအနက် ရာခိုင်နှုန်းအများစုဖြစ်နေသည်ဟုဆိုနိုင်ပါသည်။

- ဆင်းရဲမွဲတေလွန်းသည့်ကလေးသူငယ်များ

  အာရှဖွံ့ဖြိုးရေးဘဏ်၏အဆိုအရ ၂၀၁၆ခုနှစ်တွင် လူဦးရေ၏ ၂၅. ၆% မှာ ဆင်းရဲမွဲတေမှုမျဉ်းကြောင်း၏ အောက်သို့ရောက်နေကြသည်ဟုဆိုပါသည်။ ကျေးလက်ဒေသများတွင် ဆင်းရဲမွဲတေမှုသည် နှစ်ဆတိုးမြင့်နေသည်ဟုဆိုသည်။ ဆင်းရဲမွဲတေသည့်ကလေးသူငယ်အားလုံးမှာ ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးပြီး နှောင့်နှေးမှုအန္တရာယ်ကို မြင့်မြင့်မားမားရင်ဆိုင်နေကြရသူများ ဖြစ်နေပါသည်။ ထိုကလေးအများအပြားမှာ ပုညက်သွားကြမည်ဖြစ်ရာ ၎င်းတို့ကို အမျိုးသားအဆင့်ပုညက်မှုနှုန်း ၃၅. ၁ % စာရင်းအတွင်းသို့ ထည့်သွင်းထားရမည်ဖြစ်ပါသည်။ သို့သော် အလယ်အလတ်နှင့် အဆင့်မြင့်ဝင်ငွေရှိသည့်အုပ်စုများမှ ကလေးများသည်လည်း တစ်ခါတစ်ရံတွင် ပုညက်သူများဖြစ်နေကြောင်း သိရှိထားရမည် ဖြစ်ပါသည်။ လူနေမှုအဆင့်အတန်းတိုးတက်လာသည်နှင့်အမျှ ပုညက်မှုမှာ ဖြည်းဖြည်းချင်းနှင့်ကျဆင်းသွားမည်ဟု မျှော်မှန်းထားပါသည်။ သို့သော် လှုံ့ဆော်မှုမပါဘဲ ကလေးသူငယ်ဖွံ့ဖြိုးရေးအဆင့်အတန်းမှာ တိုးတက်လာမည့်လက္ခဏာ မရှိပါ။

- အခြေခံကျန်းမာရေးစောင့်ရှောက်မှုမရရှိကြသည့်ကလေးသူငယ်များ

နာတာရှည်ဖျားနာမှု၊ အာဟာရချို့တဲ့မှု နှင့်ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ ဆင်းရဲမွဲတေပြီး အခြေခံကျန်းမာရေး စောင့်ရှောက်မှုကိုမရရှိကြသည့်အန္တရာယ်ကို မြင့်မားစွာကြုံနေရသည့်ကလေးသူငယ်များအတွက် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများကို လိုအပ်နေမည်ဖြစ်သည်။ လက်ရှိအနေအထားအရ မြန်မာနိုင်ငံသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမိစေရန် အဓိကထားကြိုးပမ်းနေသော်လည်း မွေးကင်းစကလေးနှင့်ကလေးသူငယ်များအပေါ် လွှမ်းခြုံနိုင်မှုနှင့်ပတ်သက်သည့် စာရင်းဇယားများကို မရရှိသေးပါ။ ဝန်ဆောင်မှုများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါအတွက် ကုသမှု ၆၀. ၆% နှင့် ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုးနှင့် မေးခိုင်ရောဂါများ DPT 3 အတွက် ၈၅% ရှိသည်ဟုသိရပါသည် (MICS 2010-2012)။ ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုသည် မြို့ပြကျန်းမာရေးစောင့်ရှောက်မှုထက် သိသာစွာနည်းပါးနေသည့်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ကျေးလက်နေကလေးသူငယ်များမှာဖွံ့ဖြိုးမှုနှောင့်နှေးခြင်းနှင့် မသန်စွမ်းဖြစ်မည့်အန္တရာယ်များ ပိုမိုများပြားပါသည်။

- မွေးဖွားမှုမှတ်ပုံတင်ခြင်းမရှိသည့်ကလေးများ

ဖော်ပြခဲ့သကဲ့သို့ ၂၀၀၅ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း စုစုပေါင်းမွေးဖွားမှုမှတ်ပုံတင်ခြင်းမှာ ၇၂. ၄%သာရှိပါသည် (UNICEF website, 2017)။ အကျိုးဆက်အနေဖြင့် မှတ်ပုံတင်ခြင်းမရှိသည့် ကလေးသူငယ်များမှာ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများအား ရရှိနိုင်ကြမည် မဟုတ်ချေ။ မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းကလေးများ အခြေအနေသုံးသပ်ချက်အရ မသန်စွမ်းကလေးများအနက် ၂၇%မှာ မွေးစာရင်းများ မရှိကြောင်း တွေ့ရပါသည်။ ဤနှုန်းမှာ ဒေသတစ်ခုနှင့်တစ်ခုကွာခြားကြောင်းလည်း တွေ့ရှိရပါသည် (UNICEF, 2016)။ အခြေခံလူမှုရေး ဝန်ဆောင်မှုလုပ်ငန်းများကို မရကြသည့်ကလေးများမှာ ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း သို့မဟုတ် မသန်စွမ်းဖြစ်မည့်အန္တရာယ် ပိုရှိကြောင်းကိုလည်း တွေ့ရပါသည်။

- သဘာဝဘေးအန္တရာယ်ကိုကြုံတွေ့ကြရသည့်ကလေးသူငယ်များ

မြန်မာနိုင်ငံရှိ သန်းပေါင်းများစွာသောမိသားစုများမှာ သဘာဝဘေးအန္တရာယ်ကို ပုံမှန်ခံစားနေကြရပါသည်။ မုတ်သုန်မိုး၊ ရေကြီးခြင်း၊

လျှင်ဘေး၊ မြေပြိုခြင်းများကြောင့်မိသားစုများအနေဖြင့် အိမ်များ၊ ပိုင်ဆိုင် ပစ္စည်းများကို ဆုံးရှုံးကြရပါသည်။ မကြာသေးမီကဖြစ်ပွားခဲ့သည့် ရေကြီးမှုကြောင့် လူပေါင်း ၁.၅ သန်းကျော်မှာ တိုက်ရိုက်အကျိုးသက်ရောက်မှုကိုခံခဲ့ကြရပါသည်။ မုန်တိုင်းဘေးကိုခံကြရသော မိသားစုများ၏ ကလေးများသည် ဖွံ့ဖြိုးမှုနှောင့်နှေးပြီး အချို့မှာ မသန်စွမ်းဖြစ်ကြရပါသည်။ ၎င်းတို့သည် ၎င်းတို့၏ဘဝလုံခြုံရေးအတွက်လိုအပ်သော ကျန်းမာရေး၊ အာဟာရ၊ ကလေးသူငယ်ဖွံ့ဖြိုးရေးဝန်ဆောင်မှုလုပ်ငန်းများကိုလည်းကောင်း၊ ကောင်းမွန်စွာဖွံ့ဖြိုးတိုးတက်ရန်နှင့် အများဆုံး လိုအပ်ချက်ဖြစ်သည့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများကိုလည်းကောင်း ရရှိရန်ခက်ခဲသည့်အခြေအနေဖြစ်နေပါသည်။

♦ ပဋိပက္ခဖြစ်ပွားနေသောဒေသများနှင့် ယင်းနှင့်ဆက်စပ်နေသောဒေသများတွင်နေထိုင်ကြရသည့် ကလေးသူငယ်များ

ပဋိပက္ခဖြစ်ပွားနေသည့်ဒေသများတွင် နေထိုင်ကြရသည့် ကလေးသူငယ်များ၊ အကြမ်းဖက်မှုနှင့် ရာဇဝတ်မှု ထူပြောသည့်နေရာ၊ ဒုက္ခသည်စခန်း၊ ပြည်တွင်းတွင်ရွှေ့ပြောင်းနေထိုင်ကြရသူများ၊ အထီးကျန်နေရသည့်စခန်းများ၊ အိမ်များတွင်နေရသူများအပါအဝင် ဖိစီးမှုများသည့် လူမှုအသိုက်အဝန်းတွင် နေကြရသည့် ကလေးသူငယ်များရှိသည့် မိသားစုများ အနေဖြင့် ပြင်းထန်သောဖိအားများကို ခံကြရသည့်ကလေးများ ရှိနေကြ သည့်အတွက် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း အများအပြားကို ကြုံတွေ့ကြရပါသည်။ ကလေးသူငယ် ထောင်ပေါင်းများစွာမှာ ဖွံ့ဖြိုးမှုနှောင့်နှေးမည့် အလားအလာများကြုံတွေ့ရမည့်အခြေအနေရှိနေကြပါသည်။ မကြာမီ ဆောင်ရွက်ခဲ့သောသုတေသနပြုလုပ်ချက်အရ ယင်းသို့သောကလေးများသည် ယခုအချိန်အခါ၌ မျိုးရိုးဗီဇအတွင်းဖွံ့ဖြိုးမှုနှောင့်နှေးသည့်အလားအလာဖြစ်မျိုးဗီဇသယ်ဆောင်သူများ ဖြစ်နေကြပါသည်။ ထို့ကြောင့် အလွန်အမင်းထိရှလွယ်နေသည့်မိသားစုများ၊ ကလေးရှိသည့် တစ်ဦးတည်းမိခင်များအတွက် အစွမ်းကုန်ကြိုးစားကြရမည်ဖြစ်ပါသည်။

♦ အိမ်တွင်းအကြမ်းဖက်မှု၊ ကလေးသူငယ်အလွဲသုံးစားမှု၊ အလွန်အကျွံအပြစ်ပေးမှု

စာရင်းဇယားအချက်အလက်များကိုမရရှိသော်လည်း အိမ်တွင်းအကြမ်းဖက်မှုအချို့ကို မြန်မာနိုင်ငံတွင် တွေ့ရှိရပါသည်။ ဆင်းရဲမွဲတေမှု၏ဖိစီးမှု၊

ပဋိပက္ခနှင့် လူမှုအသိုက်အဝန်း၏အကြမ်းဖက်မှုကိုခံကြရသည့် မိသားစု များအတွင်း ယင်းကိစ္စများဖြစ်ပွားလေ့ရှိပါသည်။ အိမ်တွင်းအကြမ်းဖက် မှုဖြစ်သည်ဆိုလျှင် ကလေးသူငယ်များမှာ ဖွံ့ဖြိုးမှုနှောင့်နှေးသွားကြပါ သည်။ အထူးသဖြင့် လူမှုရေးပိုင်းနှင့်စိတ်ခံစားမှု အပိုင်းများတွင် ဖြစ်ပါ သည်။ အချို့သောကလေးများသည်ရုပ်ပိုင်းဆိုင်ရာအလွဲသုံးမှုကို ခံရကြ သည်ဖြစ်ရာ ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာနှင့် စိတ်ခံစားမှုပိုင်းဆိုင်ရာ အလွဲသုံးမှုကိုခံကြရသောကြောင့် ကလေးများအနေဖြင့် လူမှုရေးနှင့်စိတ် ခံစားမှုပိုင်းဆိုင်ရာနယ်ပယ်များတွင် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းများ ဖြစ်သွား ကြပါသည်။ ထို့အပြင် ၎င်းတို့သည် ခံစားကြရသည့်ဒုက္ခများကြောင့် အသိဉာဏ်ပညာပိုင်းဆိုင်ရာနှင့် ဘာသာစကားပိုင်းဆိုင်ရာများတွင်လည်း ဖွံ့ဖြိုးမှုနှောင့်နှေးသွားကြပါသည်။ မြန်မာနိုင်ငံ၏ အချို့သော ဒေသများ၌ ကလေးသူငယ် အလွဲသုံးမှုမြင့်မားလျက်ရှိနေသည်ဟုလည်း မှတ်သားရ ပါသည်။

- ကလေးလျစ်လျူရှုခြင်းနှင့် မိဘ/စောင့်ရှောက်သူများ၏လုံ့ဆော်မှုနှင့် ဂရုပြုမှုအဆင့်နိမ့်ခြင်း

လျစ်လျူရှုခြင်းသည် အလွဲသုံးစားလုပ်ခြင်းထက် ကလေးသူငယ်ဖွံ့ဖြိုးရေး ကို ပို၍ထိခိုက်စေကြောင်း တွေ့ရပါသည်။ ယင်းသို့ဖြစ်ခြင်းမှာ မိဘနှင့် စောင့်ရှောက်သူများ၏ ဂရုပြုမှုအဆင့်နိမ့်သည့်အတွက်ကြောင့် ဖြစ်ပါ သည်။ လျစ်လျူရှုခြင်းခံရသည့်ကလေးများသည် အလိုလိုက်မခံရသည့် ကလေးများထက် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း ပိုမိုဖြစ်ပေါ်ပါသည်။ အလွဲသုံး စားလုပ်ခြင်းခံရသည့် ကလေးများသည် ချစ်ခြင်းမေတ္တာကို ခံကြရလေ့ ရှိပြီး အလိုလိုက်ခံရသကဲ့သို့ အလိုလိုက်မခံရခြင်းမျိုးလည်း ရှိပါသည်။ ကလေးသူငယ် အလွဲသုံးမှုကိုရော၊ လျစ်လျူရှုမှုကိုပါ မိဘများအား ပညာ ပေးခြင်းဖြင့်လည်းကောင်း၊ ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများပေးခြင်းဖြင့် လည်းကောင်း ကျော်လွှားနိုင်မည် ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ဖွံ့ဖြိုးမှုနှောင့်နှေးသည့်ကလေးများ၊ မသန်စွမ်းသည့်ကလေးများမှာ ဖွံ့ဖြိုးမှု ကို ထုံးစံအတိုင်းရကြသည့် ကလေးများထက်စာလျှင် ပို၍အလွဲ သုံးခံရခြင်း၊ လျစ်လျူရှုခံရခြင်းများရှိခြင်းကို တွေ့ရပါသည်။

♦ စိတ်ရောဂါနှင့် ယင်းနှင့်ဆက်စပ်နေသောပြဿနာရှိသည့် မိဘများ၏ ကလေးများ

လက်ရှိအားဖြင့် မိဘများ၏စိတ်ကျန်းမာရေးပြဿနာနှင့်ပတ်သက်သည့် စာရင်းဇယားများမရရှိသေးပါ။ ယင်းသို့သော ပြဿနာများတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် မိဘတို့၏ စိတ်ကျရောဂါ၊ ကိုယ်ဝန်ဆောင်မိခင်ဖြစ်သူ၏ လူမှုရေးအရအထီးကျန်မှု၊ ကျယ်ပြန့်သောစိတ်ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ၊ ပေးထားသောဆေးများနှင့် လမ်းဘေးဆေးများအပါအဝင် ဆေးဝါးအလွဲသုံးမှု၊ အရက်၊ ဆေးလိပ်၊ ကွမ်းယာ အလွန်အကျွံ သောက်သုံးခြင်း၊ လွန်ကျူးသောလောင်းကစားခြင်းများပါဝင်ပါသည်။ ယင်းသို့သော အခြေအနေများကြောင့် မွေးကင်းစကလေးများနှင့် ကလေးသူငယ်များအတွက်ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းနှင့် မသန်စွမ်းဖြစ်ခြင်းများကို ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် စိတ်ကျန်းမာရေး အထူးလိုအပ်မှုရှိနေသူများနှင့် မိသားစုများကို ဖော်ထုတ်သတ်မှတ်ရန်လိုပါသည်။

♦ အိမ်ယာ၊ ရေ၊ ကျန်းမာရေးနှင့် သန့်ရှင်းရေးအခြေအနေလုံလောက်မှုမရှိသည့်ကလေးသူငယ်များ

အိမ်ယာ၊ ရေ၏အရည်အသွေး၊ မိသားစု၊ ECCD နှင့် မူကြိုကျောင်း ကျန်းမာရေးနှင့် သန့်ရှင်းရေးများတွင် တိုးတက်မှုများ ရှိသော်လည်း ဆောင်ရွက်စရာကိစ္စများ များစွာကျန်ရှိနေပါသေးသည်။ ၂၀၀၉-၂၀၁၀ MICS အစီရင်ခံစာအရ လူဦးရေ၏ ၈၄.၁ % မှာ တိုးတက်မှုရှိလာသည့် သောက်သုံးရေအရင်းအမြစ်ကိုရရှိကြပြီး မိသားစု ၇၇.၃ % အတွက် သန့်ရှင်းရေးပစ္စည်းများတိုးတက်လာကြောင်းတွေ့ရှိရပါသည်။ ကျေးလက်ဒေသများတွင်မူ ယင်းနှုန်းထားမှာသိသာစွာနိမ့်ကျနေပါသေးသည်။ ရေ၊ သန့်ရှင်းမှုနှင့် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများက ယင်းလုပ်ငန်းများတိုးတက်စေရန်အတွက် ပိုမိုဆောင်ရွက်ရန် လိုနေသေးကြောင်းလည်း တွေ့ရှိ ခဲ့ကြပါသည်။ သန့်ရှင်းမှုမရှိသည့်ရေ နှင့် ညံ့ဖျင်းသောသန့်ရှင်းရေး အခြေနေများကြောင့်မွေးကင်းစနှင့် ကလေးသူငယ်ရောဂါဖြစ်ပွားမှုကို မြင့်မားစေပြီး ယင်းအခြေများသည်ရေရှည်ဖြစ်လာပါက နယ်ပယ် အများအပြားတွင် ကလေးသူငယ်ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းများ ဖြစ်လာပါလိမ့်မည်။

**ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းနှင့် မသန်စွမ်းဖြစ်ခြင်း ဆိုင်ရာခန့်မှန်းချက်**

မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ မသန်စွမ်းဖြစ်ခြင်း၊ ကလေးသူငယ်များတွင်ဖြစ်လေ့ရှိသည့် အပြုအမူ များနှင့်ပတ်သက်ပြီး ဖြစ်ပေါ်နေသည့်နှုန်းထားကို အမျိုးသားအဆင့်သုံးသပ်ချက်မျိုးမရှိပါ။ ထို့ကြောင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများအတွက် သင့်လျော်သောစီမံချက်နှင့် ဦးတည်ပြုလုပ်နိုင်မည့်ရည်ရွယ်ချက်များအတွက် လေ့လာဆန်းစစ်မှုများပြုလုပ်ရန် အရေးတကြီးလိုအပ်နေပြီ ဖြစ်ပါသည်။

သို့ရာတွင် အလယ်အလတ်မှအပြင်းစား ပုညက်မှု ၃၅. ၁ %၊ ကလေးသူငယ်သွေးအားနည်းရောဂါ ၆၄. ၆ % နှင့် အသက် ၅ နှစ်အောက်ကလေးများ မသန်စွမ်းဖြစ်ရခြင်း၏ ခန့်မှန်းခြေနှုန်းထား ၇% တို့ကို ဆက်စပ်ပြီး မြန်မာကလေးသူငယ်နှင့် ၎င်းတို့၏မိသားစုများ အနည်းဆုံး ၄၂ % မှ ၄၅ % အထိသည် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ ကိုလိုအပ်လျက်ရှိကြောင်းခန့်မှန်းနိုင်ပါသည်။

မြန်မာနိုင်ငံအတွင်းရှိကလေးသူငယ်များ၏ အခြေအနေမှာအမျိုးသားရေးဆိုင်ရာအရေးပေါ်အခြေအနေအဖြစ် ရောက်ရှိနေပြီ ဖြစ်ပါသည်။ ကလေးသူငယ်ဖွံ့ဖြိုးရေး၊ လူအခွင့်အရေးနှင့် မသန်စွမ်းအခွင့်အရေးများရရှိရေး၊ အမျိုးသားလုပ်သားအင်အားစု၏ ထုတ်လုပ်နိုင်စွမ်းတိုးမြှင့်ရေး၊ အနာဂတ်တွင် ကျန်းမာရေး၊ အာဟာရနှင့် ကုစားမှုပညာပေး လုပ်ငန်းအတွက် ကုန်ကျနေရသည့် စရိတ်များအားလျှော့ချနိုင်ရေးအတွက် အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေး အခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင် ရေးဆိုင်ရာစနစ်တစ်ရပ်ဖော်ထုတ်ရန် မဖြစ်မနေလိုအပ်လျက်ရှိနေပါသည်။

## ၂. ၅။ ပြုစုပျိုးထောင်ရေးဆိုင်ရာအရင်းအမြစ်များနှင့် ဝန်ဆောင်မှုများ

ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ မသန်စွမ်းခြင်းနှင့် အပြုအမူပုံမှန်မဟုတ်သည့် ကလေးသူငယ်အချို့အတွက် ပြုစုပျိုးထောင်ရေးဌာနများနှင့် ဝန်ဆောင်မှုများ အများအပြားပေါ်ထွက်လာရာတွင် အဓိကအားဖြင့် မြို့ပြဒေသများတွင်ဖြစ်ပါသည်။ ယင်းဝန်ဆောင်မှုများအား တိုးချဲ့ရန်နှင့် ကျေးလက်တွင်ရော မြို့ပြဒေသတွင်ပါ

ဝန်ဆောင်မှုကွာဟချက်များကိုဖြည့်ဆည်းနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

## ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးသူငယ်ကျန်းမာရေး

မြန်မာနိုင်ငံအစိုးရအတွက် ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေး ကျန်းမာရေးမှာ အဓိကဦးစားပေးလုပ်ငန်းဖြစ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်းတွင်ရှိနေသော ဆေးရုံများနှင့်ကျန်းမာရေးဌာနများမှတစ်ဆင့် မဖြစ်မနေလိုအပ်သောကိုယ်ဝန်ဆောင်မိခင်နှင့်ကလေး ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေပါသည်။ ၎င်းတို့သည်အောက်ပါဝန်ဆောင်မှုများကို ပေးနေကြပါသည်။ ပဋိသန္ဓေမရှိမီပညာပေးခြင်းနှင့် စောင့်ရှောက်မှုပေးခြင်း၊ ကိုယ်ဝန်ဆောင်များအတွက် အထူးဂရုပြုကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကိုယ်ဝန်ဆောင်စဉ်ဖြစ်ပွားသည့် ဆင့်ပွားရောဂါများအတွက်စီမံခန့်ခွဲပေးခြင်း၊ ကျွမ်းကျင်ဆရာဝန်များနှင့် သားဖွားဆရာမများကမွေးဖွားပေးခြင်း၊ မိခင်နှင့်ကလေးအတွက် HIV စစ်ဆေးမှုပြုလုပ်ပေးပြီး anti retroviral ကုသမှုများပြုလုပ်ပေးခြင်း၊ အသဲရောင်အသားဝါဘီပိုးနှင့် ကာလသားရောဂါများအတွက်ဝန်ဆောင်မှုပေးခြင်း၊ အထူးဂရုပြုကာကွယ်ဆေးထိုးနှံသည့်လုပ်ငန်းများဆောင်ရွက်ခြင်း၊ မွေးစမှ ၅ နှစ်အထိကလေးသူငယ်များအတွက် ဆေးရုံတင်ခြင်း၊ ကလေးဘက်ဆိုင်ရာအဖုအကြိတ်ဗေဒများအပါအဝင် ကလေးသူငယ် ရောဂါစီမံခန့်ခွဲမှုဆိုင်ရာများပြုလုပ်ပေးခြင်းနှင့် အခြားသောဝန်ဆောင်မှုလုပ်ငန်းများဖြစ်ပါသည်။ ယေဘူယျအားဖြင့် မြို့ပြဒေသများသည် ကျေးလက်ဒေသများထက်စာလျှင် ကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံနိုင်မှုပို၍ များပြားပါသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးစောင့်ရှောက်မှုလုပ်ငန်းကိုတိုးချဲ့ပြီး တိုးတက်လာစေရန်အဓိကထား ကြိုးပမ်းနေပါသည်။

## မွေးကင်းစအချိန်

### *မွေးကင်းစကလေးစစ်ဆေးခြင်း*

အဓိကအားဖြင့် မြို့ကြီးများတွင်တည်ရှိသောဆေးရုံအချို့တွင်သာလျှင် မွေးကင်းစကလေးစစ်ဆေးမှုအနည်းငယ်ကို ပြုလုပ်ကြပါသည်။ ဆေးရုံအားလုံးနှင့်သားဖွားဌာနအားလုံးတွင် အများဆုံးပြုလုပ်ပြီးနောက်ဆုံးတွင် စစ်ဆေးခြင်းလုပ်ငန်းများကို အလုံးစုံသောဌာနများတွင် ဆောင်ရွက်သွားရန်အကြံပြုလိုပါသည်။ အသည်းရောင်အသားဝါ၊ မွေးရာပါလည်ပင်းကြီးရောဂါ၊ သွေးအားနည်းရောဂါ၊ Glucose 6-Phosphate Dehydrogenase deficiency (G6PD)၊ အမြင်နှင့် အကြားစွမ်း

ရည်၊ သွေးတွင်း ဂလက်တို့စ်သကြားဓာတ်များခြင်း (Glactosemia)၊ Phenylketonuria (PKU) ၊ မွေးကင်းစဉီးနှောက်မြွေးရောင်ရောဂါများ အပါ အဝင်စစ်ဆေးခြင်းလုပ်ငန်းများအားဆောင်ရွက်ရန် အကြံပြုလိုပါသည်။

*မီးဖွားပြီးစစ်ဆေးခြင်း၊ မွေးကင်းစနှင့်ကလေးသူငယ်ကျန်းမာရေးစောင့်ရှောက်မှု နှင့်ကျန်းမာသောကလေး စစ်ဆေးမှု*

ကျန်းမာရေးဝန်ကြီးဌာနသည် မွေးကင်းစကလေးကျန်းမာရေးစစ်ဆေးမှုအပြင် ကျန်းမာရေးဆိုင်ရာစေတနာ့ဝန်ထမ်းများက အိမ်တိုင်ရာရောက်စောင့်ရှောက်မှု ပေးခြင်းများအတွက်လမ်းညွှန်ချက်များကို တိုးမြှင့်ပြုလုပ်ပေးနေပါသည်။ အထွေ ထွေကလေးရောဂါကုဆရာဝန်များ၊ မိသားစုဆရာဝန်များ၊ အထွေထွေရောဂါကု ဆရာဝန်များ၊ သားဖွားဆရာမများနှင့် သူနာပြုများကလည်း အခြေခံ စောင့် ရှောက်မှုအဆင့်တွင် မွေးကင်းစမှ ၅ နှစ်အောက် ကလေးများအတွက် ကလေး သူငယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများကို ပြုလုပ်ပေးနေကြပါသည်။ မြန်မာ နိုင်ငံတွင် ဖွံ့ဖြိုးမှုဆိုင်ရာကလေးဆရာဝန်များမှာမရှိသလောက် ရှားပါးပါသည်။ ကလေးသူငယ်ဆိုင်ရာကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းတွင် ကာကွယ်ဆေးပေး သည့်လုပ်ငန်းမှာအများဆုံးဖြစ်ပါသည်။ ကာကွယ်ဆေးထိုးသည့်လုပ်ငန်းမှာ လွှမ်းခြုံမှု တိုးမြင့်လာလျက်ရှိပါသည်။ အခြေခံကျန်းမာရေးစောင့်ရှောက်သူများ ကကြီးကြပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများလုပ်ဆောင်ရာတွင် ကျန်းမာသန်စွမ်း သောကလေးများပုံမှန်စစ်ဆေးမှုကို ကလေးအသက် တစ်နှစ်အတွင်းဆောင်ရွက် ရန်လိုပါသည်။ ယင်းလုပ်ငန်းကိုကာကွယ်ဆေးထိုးသည့်လုပ်ငန်းနှင့်တွဲဘက်လုပ် ကိုင်ရမည် ဖြစ်ပါသည်။

*အလုံးစုံပါဝင်သောကလေးသူငယ်ဖွံ့ဖြိုးမှုကိုစောင့်ကြည့်ကြပ်မတ်ခြင်း၊ အနီးကပ် စောင့်ကြည့်ခြင်းနှင့်စစ်ဆေးခြင်း*

လက်ရှိတွင် မွေးစမှ သုံးနှစ် သို့မဟုတ် ငါးနှစ်အထိ ကလေးသူငယ်များအတွက် အလုံးစုံပါဝင်သော ကလေးသူငယ်ဖွံ့ဖြိုးမှုကိုစောင့်ကြည့်ကြပ်မတ်ခြင်း၊ အနီးကပ် စောင့်ကြည့်ခြင်းနှင့်စစ်ဆေးခြင်းဆိုင်ရာ အမျိုးသားအဆင့် အစီအစဉ် မရှိသေး ပါ။ စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် စစ်ဆေးခြင်းလုပ်ငန်းများသည် အများပိုင်နှင့် ပုဂ္ဂလိကပိုင်ဆေးခန်းများတွင်ပြုလုပ်ပေးလျက်ရှိသော ကလေးသူငယ်ဆိုင်ရာ ဝန်ဆောင်မှုအစီအစဉ်များအတွင်း ပါဝင်သင့်ပါသည်။ အချို့သောမြန်မာဆရာဝန် များသည် စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် အနီးကပ်စောင့်ကြည့်ခြင်းလုပ်ငန်းများ အားဆောင်ရွက်နေပြီဖြစ်ပါသည်။ ထို့အပြင် လူမှုအဖွဲ့အစည်းအတွင်းရှိစေတနာ့ ဝန်ထမ်းများ၊ သူနာပြုများ၊ သားဖွားဆရာမများနှင့် မူကြိုဆရာများကဲ့သို့သော

အခြားသောသူများကိုလည်း ဖွံ့ဖြိုးမှုစစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် လေ့ကျင့်သင်တန်းပေးနိုင်ပါသည်။ အသက်အပိုင်းအခြားနှင့် အဆင့်လိုက်မေးခွန်းများ ဖြစ်သည့် Ages and Stages Questionnaire III (ASQ III)နှင့် Ages and Stages Questionnaire Social Emotional II (ASQ-SE II) တို့ကို အသုံးပြုသည့် ဖွံ့ဖြိုးမှုတိုင်းတာစစ်ဆေးခြင်း လုပ်ငန်းများကိုမြန်မာနိုင်ငံတွင် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။

ဖွံ့ဖြိုးမှုတိုင်းတာစစ်ဆေးခြင်းလုပ်ငန်းအတွက် သင်တန်းဆရာများကို သင်တန်းပေးသူများကိုလည်း ပြင်ဆင်ထားပြီးဖြစ်သည်။ မွေးစမှ ၃ နှစ်နှင့် ၅ နှစ်အထိ ကလေးများအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကလေးသူငယ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုစစ်ဆေးခြင်း(universal screening) နှင့် အနီးကပ်စောင့်ကြည့်ခြင်း စနစ်တစ်ရပ်ကိုလည်း မက်လုံးပေးခြင်း၊ ကြပ်မတ်စောင့်ကြည့်ခြင်း၊ နှစ်စဉ်အစီရင်ခံခြင်းနှင့် စီမံရေးဆိုင်ရာယန္တယားများနှင့်အတူ ရေးဆွဲနေပြီဖြစ်ပြီဖြစ်ပါသည်။

*ပြန်လည်ထူထောင်ရေးအရင်းအမြစ်များ*

ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ရေး၊ ပံ့ပိုးမှုနည်းပညာများနှင့်အချို့သော စိတ်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် အထူးကျန်းမာရေးအခြေအနေရှိသည့်ကလေးသူငယ်များအတွက် အစိုးရ၏အထူးပြုလုပ်ငန်းအမျိုးမျိုးရှိနေပြီဖြစ်ပါသည်။ ဌာနအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် လူမှုအဖွဲ့အစည်းအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုပြန်လည်ထူထောင်ရေးဆေးရုံများ၊ ဆေးခန်းများနှင့် The Leporsy Mission Myanmar (TLMM)၊ New World Therapeutic Center၊ EDEN မသန်စွမ်းသက်ငယ်ပြုစုရာရိပ်မြုံ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့အပြင် ပုဂ္ဂလိကပံ့ပိုးကူညီသူများကဲ့သို့သော အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ တစ်ဆင့် ဆောင်ရွက်ပေးနေပါသည်။ ပြန်လည် ထူထောင်ရေးဆေးရုံဝန်ဆောင်မှုများအား ပိုမိုလိုအပ်လျက်ရှိသည့်အပြင် မိသားစုအခြေပြု ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများကိုလည်း လိုအပ်နေပါသည်။

*မသန်စွမ်းကလေးများအတွက်အထူးကျောင်းများ*

ယနေ့တွင် အစိုးရကျောင်းများနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများက မသန်စွမ်းကလေးများအတွက်အထူးကျောင်းများထူထောင်ပြီး ဌာနအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးရန် မြန်မာနိုင်ငံက အလေးထားဆောင်ရွက်လျက်ရှိနေပါသည်။ ယင်းလုပ်ငန်းတွင်ဖွံ့ဖြိုးမှုနှောင့်နှေးသည့် ကလေးသူငယ်များ ပါဝင်နိုင်မှုနည်းပါးပြီး ၎င်းတို့အပေါ်အလေးပေးမှုကိုလည်း လိုအပ်

လျက် ရှိနေပါသည်။ ယင်းကျောင်းအများစုသည် အသက် ၅ နှစ်အထက် ကလေးများအတွက်သာဝန်ဆောင်မှုပေးပြီး အားလုံးနီးပါးသည် အသက် ၃ နှစ်အောက် ကလေးများအတွက် မည်သည့်အခါမျှ ဝန်ဆောင်မှုပေးမှုမရှိပါ။ ထို့အပြင် စံပြုထားသည့် သင်ရိုးညွှန်းတမ်းများလည်းမရှိဘဲဖြစ်နေရာတွင် လက်ရှိရှိနေသော အထူးပညာရေးလုပ်ငန်းအတွက် အမျိုးသားအဆင့်စံနှုန်း သတ်မှတ်ချက်များ မရှိသည်မှာလည်း အကြောင်းတစ်ရပ် အဖြစ်ရှိနေပါသည်။ ထို့အပြင် သင်ကြားမှုအတွက်အလုံးစုံသောပုံစံပေါ်တွင်အခြေပြုထားသည့် ပြီးပြည့်စုံသောဖွံ့ဖြိုးမှုဆိုင်ရာ သင်ရိုးညွှန်းတမ်းများကိုလည်း အသုံးပြုမှု မရှိသလောက်ပင်ဖြစ်သည်။ ထိုကျောင်းများသည် အထူးမူကြိုကျောင်းများမှ အလုံးစုံပညာရေးအစီအစဉ်သို့ ကူးပြောင်းသည့်အစီအစဉ်လည်း မရှိသေးပါ။

### *ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး (ECCD) နှင့် ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးမှုအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး (ECI) အရင်းအမြစ်များ*

ECCD အစီအစဉ်ရာပေါင်းများစွာကို မြန်မာနိုင်ငံအတွင်းဖော်ထုတ်ပြီးဖြစ်ပါသည် (UNICEF, 2012)။ သို့ရာတွင်ယင်းအစီအစဉ်များသည် မသန်စွမ်းကလေးသူငယ်များအတွက်ဝန်ဆောင်မှုပေးနိုင်မှု နည်းပါးနေပါသည်။ အခြေအနေမှာ စတင်ပြောင်းလဲလျက်ရှိနေပါသည်။

လက်ရှိအားဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် တခြားသောဝန်ကြီးဌာနများနှင့် UNICEF ထံမှ ထောက်ခံမှုအပြည့်အဝဖြင့် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှုအခြေအနေတိုင်းတာစစ်ဆေးမှုနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်စီမံလျက်ရှိပါသည်။ ယခုအချိန်အထိတွင်မူ ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးမှုအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား မြန်မာနိုင်ငံအတွင်း ဆောင်ရွက်ပေးခြင်းမပြုရသေးပါ။ နိုင်ငံ၏ကလေးသူငယ် ၄၀ % ကျော်မှာ ယင်းဝန်ဆောင်မှုလုပ်ငန်းများအားလိုအပ်နေသည့်အလျောက် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများပေးရန် အပူတပြင်းလိုအပ်နေပြီဖြစ်ပါသည်။

### *ရောဂါပျောက်ကင်းခြင်းနှင့် ECI ဝန်ဆောင်မှုလုပ်ငန်းများအတွက်လိုအပ်ချက်အသစ်များပေါ်ထွန်းလာခြင်း*

ကလေးသူငယ်များရောဂါပျောက်ကင်းစေရေးအတွက် ထိုသို့သောကလေးများရှိနေသည့်မိသားစုများအတွက် ECI ဝန်ဆောင်မှုများပေးရန် မဖြစ်မနေလိုအပ်



ကြောင်း နိုင်ငံအများအပြားကတွေ့ရှိခဲ့ကြသည်။ ကလေးများဖွံ့ဖြိုးရေး၊ ၎င်းတို့၏ ကျန်းမာရေး၊ အာဟာရနှင့်ပညာရေးလိုအပ်ချက်များအပါအဝင် အထူးလိုအပ်မှုများရှိနေသည့်ကလေးများ ကိုရရှိထားကြသော မိဘများအားပံ့ပိုးကူညီမှုပေးရန် မဖြစ်မနေလိုအပ်နေသည်ဆိုသည်ကိုလည်း တွေ့ရှိခဲ့ကြသည်။ ဖွံ့ဖြိုးမှုနှောင့်နှေးနေသောကလေးများနှင့်မသန်စွမ်းဖြစ်နေသောကလေးများ ကောင်းစားရေးနှင့် ကောင်းမွန်စွာဖွံ့ဖြိုးလာစေရေးနှင့် ၎င်းတို့၏မိသားစုများအတွက် ECI ဝန်ဆောင်မှုလုပ်ငန်းများအား မရှိမဖြစ် လိုအပ်ပါသည်။

## ၂. ၆။ ECI လူသားအရင်းအမြစ်များ

စိန်ခေါ်မှုများအနက် အဓိကဖြစ်နေသည့်အချက်မှာ ကျွမ်းကျင်သူများရော၊ တစ်စိတ်တစ်ပိုင်းကျွမ်းကျင်သူများအပါအဝင် ECI ဝန်ဆောင်မှုလုပ်ငန်းများအတွက် လေ့ကျင့်သားပြည့်ဝသည့် လူသားအရင်းအမြစ်များ အလုံအလောက်ထောက်ပံ့ပေးအပ်နိုင်မှု တိုးတက်လာစေခြင်းပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် တက္ကသိုလ်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ စိတ်ပညာရှင်များနှင့် လူမှုရေးအလုပ်သမားများ များစွာရှိသည့်အတွက်ကံကောင်းသည်ဟု ဆိုရမည်ဖြစ်ပါသည်။ ကျွမ်းကျင်သော အာရုံကြောဆိုင်ရာကလေးဆရာဝန်များနှင့် အကြောအဆစ်ကုထုံးပညာရှင်များလည်းရှိပါသည်။ သို့ရာတွင် ၎င်းတို့မှာငယ်ရွယ်သောကလေးသူငယ်များကို ကုသရန်လေ့ကျင့်ပေးထားမှုမရှိသည့်အတွက် ၎င်းတို့အားသင်တန်းထပ်မံပေးရန် လိုမည်ဖြစ်ပါသည်။

အောက်ဖော်ပြပါအထူးကျွမ်းကျင်သူများ လိုအပ်ပါသည်။ ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှုအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး အထူး

ကျွမ်းကျင်သူများများ (မြန်မာနိုင်ငံအတွက် အသစ်အဆန်းဖြစ်ပါသည်)၊ အိမ်တိုင်ယာရောက်သွားရောက်သည့်ကျွမ်းကျင်သူများ၊ စကားပြောကုထုံးပညာရှင်များ၊ အနုစိတ်ကုထုံးပညာရှင်များ၊ နောက်ထပ်လူမှုရေးလုပ်အားရှင်များ၊ ဖွံ့ဖြိုးမှုဆိုင်ရာ ကလေးဆရာဝန်များ၊ အာဟာရပညာရှင်များ၊ ပြင်းထန်သောစိတ်ပိုင်းဆိုင်ရာ နှောင့်နှေးမှုနှင့် အခြားသောမသန်စွမ်းဖြစ်နေသည့် ကလေးများအားဝန်ဆောင်မှု ပေးမည့်ပညာရေးဆိုင်ရာအထူးပညာရှင်များ၊ သင်တန်းဆရာများ၏ဆရာများ၊ ECI ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာမန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများ၊ အကဲဖြတ်သုံးသပ်သူများနှင့် သုတေသီများ ဖြစ်ပါသည်။

## ၂. ၇။ ECI ဝန်ဆောင်မှုလုပ်ငန်းများအတွက် ပညာရေးနှင့်လေ့ကျင့်သင်တန်းပေးရေးဆိုင်ရာအရင်းအမြစ်များ

မြန်မာနိုင်ငံတွင်လက်ရှိအခြေအနေအရ ကျွမ်းကျင်မှုနယ်ပယ်အသီးသီးတွင် ECI ကျွမ်းကျင်တတ်သိပညာရှင်များအား လေ့ကျင့်သင်တန်းပေးနိုင်သည့် အရင်းအမြစ်များမှာ အကန့်အသတ်ဖြင့်သာရှိနေပါသည်သေးသည်။ အချို့သောလုပ်ငန်းများအား စီမံချက်ချလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော်လည်း ယခုအချိန်ထိတိုင်အောင် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကျွမ်းကျင်သူများအား မွေးထုတ်ပေးနိုင်သည့် ဘွဲ့ရအဆင့် အစီအစဉ်များဆောင်ရွက်ပေးရန်အတွက် တက္ကသိုလ်အဆင့်ပညာရေးစနစ်ကိုဖော်ဆောင်ရခြင်းမရှိသေးပါ။ ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှု အခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကျွမ်းကျင်သူများအတွက် တရားဝင်အသိအမှတ်ပြုလက်မှတ်နှင့်ထပ်ဆင့် အသိအမှတ်ပြုလက်မှတ်များထုတ်ပေးသည့်စနစ်ကိုလည်း ဖော်ဆောင်ရခြင်းမရှိသေးပါ။ ထို့အပြင် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှု အခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကျွမ်းကျင်သူများ၏ လက်အောက်တွင်လည်းကောင်း၊ ECI ကျွမ်းကျင်သူများလက်အောက်တွင်လည်းကောင်း တာဝန်ထမ်းဆောင်ကြရမည့် ကျွမ်းကျင်သူများအတွက် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများပေးရန်လည်းလိုအပ်နေပါသည်။

တက္ကသိုလ်အဆင့် ECI သင်တန်းအစီအစဉ်များထူထောင်နိုင်သည့်အချိန်အထိ ကြားဖြတ်လုပ်ငန်းခွင်အကြို သင်တန်းအစီအစဉ်များ ဆောင်ရွက်ပေးရန် လိုပါသည်။ ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်း ကျွမ်းကျင်သူများအား သင်တန်းပေးရေးအတွက် စွမ်းဆောင်နိုင်ဆုံးသော အရင်းအမြစ်များမှာ ဒေသအများအပြားရှိ စိတ်ပညာ

ဆရာများပင်ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ECI ဝန်ဆောင်မှုလုပ်ငန်းများအတွက် ထိရောက်သော လုပ်ငန်းခွင်သင်တန်း အစီအစဉ်များကိုလည်း လိုအပ်လာမည်ဖြစ်ပါသည်။

*မြန်မာနိုင်ငံအတွင်းရှိ ECI ဝန်ဆောင်မှုလုပ်ငန်းများအတွက် အမျိုးသားအဆင့်နှင့် နိုင်ငံတကာပံ့ပိုးကူညီမှု*

ECI ဝန်ဆောင်မှုလုပ်ငန်းများအတွက် အောက်ပါဝန်ကြီးဌာနများက ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်းဖော်ပြထားကြပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် အခြားသောဝန်ကြီးဌာနများဖြစ်ပါသည်။ ထို့အပြင် ဒေသခေါင်းဆောင်များနှင့် ဝန်ကြီးဌာနများကလည်း ECI ဝန်ဆောင်မှုလုပ်ငန်းများအား အခိုင်အမာထောက်ခံကြောင်းဖော်ပြကြပါသည်။ သို့ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် လုပ်ငန်းစတင်စမ်းသပ်ဆောင်ရွက်ပြီး နိုင်ငံတစ်ဝန်းတွင် ECI ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ရန်ဆောင်ရွက်နိုင်ရန်အတွက် ခိုင်မာသည့်ဘတ်ဂျက်ဆိုင်ရာမှုဘောင်ကို ဖော်ထုတ်ချမှတ်ခြင်း မရှိသေးပါ။

ECI ဝန်ဆောင်မှုလုပ်ငန်းများစီမံခြင်း၊ ပြင်ဆင်ခြင်းနှင့်စမ်းသပ်လုပ်ကိုင်ခြင်းများအတွက် နိုင်ငံတကာအထောက်အပံ့သည်အထူးပင် အရေးကြီးပါသည်။ လက်ရှိအားဖြင့် UNICEF သည် ကနဦးစီမံချက်အဆင့်များတွင်ပံ့ပိုးကူညီမှုများ ပေးနေပြီးရန်ပုံငွေရရှိလာသည်နှင့်အမျှ ကူညီပံ့ပိုးမှုများအားဆက်လက်ဆောင်ရွက်သွားရန်ရည်စူးထားပါသည်။ နိုင်ငံတကာမှ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများကလည်း အရေးပါသည့်အကူအညီများပေးလျက်ရှိရာတွင် အခြားသော နိုင်ငံတကာအလှူရှင်များလည်း ပါဝင်လာဖွယ်ရှိသည်ဟု မျှော်လင့်ထားပါသည်။

## ၂.၈။ မူဝါဒသုံးသပ်ချက်

### နိုင်ငံတကာသဘောတူညီချက်များနှင့် အခြားသောဥပဒေပိုင်းဆိုင်ရာ စံပြုစာချုပ်များ

*ကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောတူညီချက်နှင့် ဆက်စပ်စာချုပ်များ*

၁၉၉၁ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောတူညီချက်ကိုလက်မှတ် ရေးထိုးခဲ့သည်။ ကုလသမဂ္ဂ၏ ရှေးဦးအရွယ် ကလေးသူငယ်ဆိုင်ရာအခွင့်အရေးအကောင်အထည်ဖော်ခြင်းအရ ကလေးသူငယ်များ



အနေဖြင့် ၎င်းတို့၏အခွင့်အရေးများအားအပြည့်အဝရရှိစေမည့်အမျိုးသားရေး လိုအပ်ချက်ကို ပိုမိုအားကောင်းစေခဲ့ပါသည်။ (United Nations, 2006; Bernard van Leer, 2006)။ ထိုသဘောတူစာချုပ်များသည် ပြီးပြည့်စုံသော ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှုအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဝန်ဆောင်မှုနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဝန်ဆောင်မှုများအပါအဝင် ရှေးဦးအရွယ်ကလေးသူငယ်စောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးရေးဝန်ဆောင်မှုများအား ခံစားရရှိစေမည့် ကလေးသူငယ်များ၏အခွင့်အရေးများကို ဖော်ပြထားပါသည်။ ဤအမျိုးသားအဆင့်မဟာဗျူဟာအစီအစဉ်သည် အဆိုပါနိုင်ငံတကာစံပြုစာချုပ်များနှင့် မြန်မာနိုင်ငံဆိုင်ရာရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာမူဝါဒ ECCD ၏ ECI လုပ်ငန်းများအတွက် မဟာဗျူဟာမြောက် ဦးစားပေးအစီအစဉ် ၃ ပေါ်တွင်အဓိကထားအခြေပြုထားခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံသည်ကလေးသူငယ်ရောင်းစားခြင်း၊ ကလေးပြည့်တန်ဆာနှင့် ကလေးညစ်ညမ်းဓာတ်ပုံများဆိုင်ရာ ကလေးသူငယ်အခွင့်အရေးသဘောတူညီချက်ကို ၂၀၁၂ ခုနှစ်တွင်လက်မှတ်ရေးထိုးထားပါသည်။ အမျိုးသမီးများ နှင့်ကလေးများ အထူးသဖြင့်ဖြစ်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ နှိပ်ကွပ်ရေးနှင့်အပြစ်ပေးရေးတို့ကို တားဆီးရေးစာချုပ်ကလည်းနယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများတားဆီးရေးသဘောတူညီချက်ကိုပံ့ပိုးပေးထားပြီး ရွှေ့ပြောင်းနေထိုင်သူများအားကုန်းကြောင်း၊ ရေကြောင်းနှင့်လေကြောင်းမှ ခိုးထုတ်ခြင်းများအားတိုက်ဖျက်ရေးသဘောတူညီချက်သည်လည်း အလားတူသဘောတူညီချက်များကိုအားကောင်းစေပါသည်။ ECI ဝန်ဆောင်မှု လုပ်ငန်းများသည် ပုံစံအမျိုးမျိုးဖြင့်ထိရှလွယ်နေသောကလေးများအားပံ့ပိုးကူညီမှုများပေးသွားမည်ဖြစ်ရာ ယင်းစာချုပ်စာတမ်း

များသည်အနာဂတ် ECI စီမံချက်များနှင့်ဆက်စပ်ပတ်သက်နေပါသည်။ မြန်မာနိုင်ငံသည် ၂၀၀၂ ခုနှစ်အတွင်းပြုလုပ်ခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံအထူးအစည်းအဝေးကချမှတ်ခဲ့သော ကလေးသူများအတွက် သင့်တော်သောကမ္ဘာကြေညာချက်ကိုသဘောတူထားပါသည်။ ယင်းကြေညာချက်အရ ရှေးဦးအရွယ်ကလေးဘဝမှစတင်ပြီးကလေးတိုင်းအတွက် အဆင့်မြင့်ပညာရေးကိုပံ့ပိုးပေးရန်နှင့်ကျန်းမာသော လူနေမှုပုံစံကို မြှင့်တင်ပေးရန်တို့အပါအဝင် ဦးစားပေးလုပ်ငန်းများကိုချမှတ်ထားပါသည်။

### *ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ*

မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၈၉ နိုင်ငံက ၂၀၀၀ ပြည့်နှစ်အတွင်းချမှတ်ခဲ့သောကုလသမဂ္ဂထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များသည် ၂၀၁၅ ခုနှစ်အရောက်တွင် ဆင်းရဲမွဲတေမှု၊ ငတ်မွတ်မှု၊ ရောဂါဘယနှင့်စာမတတ်မှုများအားကျော်လွှားရန် အတိုင်းအတာနှင့်အချိန်ကန့်သတ်ချက်ရှိသော ကမ္ဘာလုံးဆိုင်ရာရည်မှန်းချက်များကိုချမှတ် ထားပါသည်။ ရှေးဦးအရွယ်ကလေးသူငယ်ကိစ္စသည်ရေရှည်ဖွံ့ဖြိုးရေးရည်မှန်းချက်၏ ရည်မှန်းချက် အမှတ် ၄. ၂ တွင် ပါဝင်လာမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင်ထူထောင်လုပ်ကိုင်နေပြီဖြစ်ပါသည်။ ယင်းသည်ထောင်စုနှစ် ရည်မှန်းချက်များအား အစားထိုးဝင်ရောက်သွားမည်ဖြစ်သည်။ ရည်မှန်းချက်အမှတ် ၄. ၂ သည် ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေးနှင့်ဆက်နွယ်သွားမည်လည်း ဖြစ်ပါသည်။ (United Nations, 2015)။

### *နိုင်ငံတကာအဆင့်တွင်ပညာရေးဆိုင်ရာကြေညာချက်များ*

၂၀၀၀ ပြည့်နှစ်အတွင်းကမြန်မာနိုင်ငံသည် အားလုံးအတွက်ပညာရေးရရှိရေးဆောင်ရွက်မှု ဒါကာမူဘောင်ကို လက်မှတ်ရေးထိုးခဲ့သည်။ ယင်းမူဘောင်တွင်ရည်မှန်းချက် ၁ ၌ *'ရှေးဦးအရွယ်ကလေးသူငယ် အထူးသဖြင့် အထိအရှအလွယ်ဆုံးနှင့် အခွင့်အရေးမရရှိဆုံးဖြစ်နေသည့်ကလေးများအတွက် ပြီးပြည့်စုံသည့်စောင့်ရှောက်ရေးနှင့် ပညာရေးလုပ်ငန်းများတိုးချဲ့ရေးနှင့် တိုးတက်လာစေရေး'* ကိုတောင်းဆိုထားပါသည်။ ၂၀၁၅ ခုနှစ်တွင် ဒါကာမူဘောင်ကိုဆက်ခံထားသည့် *'အလုံးစုံပါဝင်သည့်အားလုံးအတွက်ညီမျှပြီး အရည်အသွေးပြည့်ဝသော ပညာရေးနှင့် တစ်သက်တာသင်ယူခြင်းဆီသို့'* ဟူသည့် ပညာရေးလုပ်ငန်းမူဘောင်ကိုကိုရီးယားသမ္မတနိုင်ငံ အင်ချွမ်တွင် ထုတ်ပြန်ခဲ့ပါသည်။

အင်ချွမ်မူဘောင်နှင့်ရေရှည်ဖွံ့ဖြိုးရေးရည်မှန်းချက်၏ ရည်မှန်းချက် အမှတ် ၄. ၂ သည် EFA ရည်မှန်းချက် ၁ကို အစားထိုးလိုက်ခြင်းဖြစ်ပါသည်။ ယင်းရည်မှန်းချက်

တွင် '၂၀၃၀ ပြည့်နှစ်တွင် မိန်းကလေးနှင့် ယောက်ျားလေးအားလုံးသည် အရည်အသွေးပြည့်မီသည့် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှု၊ စောင့်ရှောက်မှုနှင့် မူကြို (ကျောင်းမနေမီ) ပညာရေးကိုရရှိပြီး ၎င်းတို့အနေဖြင့် အခြေခံပညာရေးအတွက်အသင့်ဖြစ်နေစေရန်' ဟုဖော်ပြပါရှိပါသည်။

မသန်စွမ်းမှု၊ ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းနှင့်အလားတူကိုက်ညီနိုင်ခြေရှိသည့် အခြေအနေ ရှိသူများအပါအဝင် ကလေးသူငယ်အားလုံး၏ ဖွံ့ဖြိုးတိုးတက်မှုကိုအမြင့်ဆုံးအဆင့်အထိမြှင့်တင်ပေးရေးအပေါ် အလေးပေးထားမှုကို ထောက်ရှုခြင်းအားဖြင့် မြန်မာနိုင်ငံအနေဖြင့် ရည်မှန်းချက် ၄.၂ ကို ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်စေရန် ECI ၏မဟာဗျူဟာအစီအစဉ်ကစွမ်းဆောင်ပေးနိုင်မည် ဖြစ်ပါသည်။

### *နိုင်ငံတကာမသန်စွမ်းမှုဆိုင်ရာစာချုပ်များ*

ဆာလာမန်ကာ ကြေညာချက် (UNESCO, 1994) သည် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းနှင့် မသန်စွမ်းဖြစ်နေသည့် ကလေးများအပါအဝင်ကလေးသူငယ်အားလုံးအား ကျောင်းမနေမီအရွယ်မှစတင်ပြီး ပညာပေးမည့်နည်းလမ်းများ ရှာဖွေနိုင်ရန် တရားဝင်တည်ရှိနေသော ကျောင်း၌ာနများအားတိုက်တွန်းထားပါသည်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် မြန်မာနိုင်ငံသည် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူညီချက်ကိုလက်မှတ်ရေးထိုးခဲ့သော်လည်း ရွေးချယ်မှုသဘောတူညီချက်ကိုလက်မှတ်မထိုးသေးပါ။ မြန်မာသည် မသန်စွမ်းသူများ၏ အခွင့်အရေးကို အလေးထားဆောင်ရွက်ခဲ့ရာတွင် အထူးသဖြင့် ဖွံ့ဖြိုးမှုနှောင့်နှေးသည့်ကလေးများ၊ မသန်စွမ်းသည့်ကလေးများကို ဝန်ဆောင်မှုပေးရန်နှင့် မွေးကင်းစအချိန်မှစ၍ ၎င်းတို့အားအမြန်ဆုံးဖော်ထုတ်ခြင်းဖြင့် ၎င်းတို့အနေဖြင့် ကလေးသူငယ်ဖွံ့ဖြိုးမှုနှင့်ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်သည့် လိုအပ်သောဝန်ဆောင်မှုများရရှိရေးအပေါ် အလေးထားဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများအားပံ့ပိုးပေးရန်အလေးထားဆောင်ရွက်ခဲ့သည်သာမက အထူးလိုအပ်ချက်များရှိနေသောကလေးများအတွက် အလုံးစုံပါဝင်သော ကျောင်းမနေမီပညာရေး၊ သူငယ်တန်း၊ မူလတန်းနှင့် အလယ်တန်းအဆင့်ပညာရေးများအပေါ်တွင်ပါ အလေးထားဆောင်ရွက်ခဲ့ပါသည်။

### *အမျိုးသမီးများအပေါ်ခွဲခြားဆက်ဆံခြင်း*

အမျိုးသမီးများ၏အဆင့်အတန်းသည် ကလေးသူငယ်များ၏အခြေအနေနှင့် နီးနီးကပ်ကပ် ဆက်နွယ်နေပါသည်။ မြန်မာနိုင်ငံသည် အနုညာတ စီရင်ဆုံးဖြတ်



ချက်မှအပ အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ သဘောတူညီချက် (CEDAW) ကို ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ CEDAW တွင်ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် မိခင်များအားအကာအကွယ်ပေးရေးနှင့် ကလေးသူငယ်များနှင့် ၎င်းတို့၏မိဘများ၏ အခွင့်အရေးနှင့်ဆက်နွယ်နေသော မူဝါဒများဖော်ထုတ်ရေး၏ အရေးကြီးပုံကို ထည့်သွင်းဖော်ပြထားပါသည်။ ထို့ကြောင့် ECI မဟာဗျူဟာအစီအစဉ်သည် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ မိခင်များ နှင့် ငယ်ရွယ်သော မိန်းကလေးများ၏ အခွင့်အရေးများရရှိရေးအတွက် အရေးပါလာမည်ဖြစ်ပါသည်။

*ဆက်စပ်စံပြုစာချုပ်စာတမ်းများ*

ထို့မှသာမက လူ့အခွင့်အရေးဆိုင်ရာစာချုပ်များနှင့်စပ်လျဉ်းလျှင် မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ်တွင် အာဆီယံချာတာကိုလက်မှတ်ထိုးထားသည်။ ထို့အပြင် ဗီယင်နာကြေညာချက်ကိုလည်း ၁၉၉၃ ခုနှစ်တွင် လူ့အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ညီလာခံတွင် လက်မှတ်ရေးထိုးထားသည်။ ၂၀၀၁ ခုနှစ်တွင် လူမျိုးခွဲခြားမှုတိုက်ဖျက်ရေးကမ္ဘာ့ညီလာခံတွင် ဆိုင်ရာဒါဘန် ကြေညာချက်၊ ၁၉၇၄ ခုနှစ်ကမ္ဘာ့စားနပ်ရိက္ခာညီလာခံတွင် ဆာလောင်မွတ်သိပ်မှုနှင့်အာဟာရချို့တဲ့မှုတိုက်ဖျက်ရေးအပြည်ပြည်ဆိုင်ရာကြေညာချက်၊ ၂၀၀၁ ခုနှစ်တွင် HIV/AIDS ဆိုင်ရာကုလသမဂ္ဂ အထွေထွေညီလာခံအထူးအစည်းအဝေး တွင် HIV/AIDS ဆိုင်ရာကတိကဝတ်ပြုမှုကြေညာချက်များကိုလည်းလက်မှတ်ရေးထိုးထားပါသည်။

*ECI ဝန်ဆောင်မှုလုပ်များနှင့်ဆက်နွယ်နေသည့် လက်ရှေးစဉ် အမျိုးသာရေး မူဝါဒများနှင့် လုပ်ငန်းစဉ်များ*

ထို့မှသာမက မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံဥပဒေတွင် *'ပြည်ထောင်စုသည်အမျိုးသမီးများနှင့် ကလေးသူငယ်များ (---) နှင့် မသန်စွမ်းသူများကိုစောင့်ရှောက်သွားမည်*

*ဖြစ်ပြီး နိုင်ငံသားတိုင်းသည် ပညာရေး၊ အကာအကွယ်နှင့် ကျန်းမာရေးစောင့် ရှောက်မှုများအားခံစားပိုင်ခွင့်ရှိသည်'* ဟု ဖော်ပြပါရှိပါသည်။ ယင်းကြေညာချက်များကို ၁၉၇၂ ခုနှစ် ပြည်သူ့ကျန်းမာရေးဥပဒေတွင်ပါသောဆက်စပ်ကြေညာချက်များကအားကောင်းစေပါသည်။ ထို့အပြင် ၂၀၁၂ ခုနှစ် လူမှုရေးလုံခြုံမှုဥပဒေအရ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးအကာအကွယ်နှင့် ဆက်စပ်အကျိုးကျေးဇူးရှိသည့်အချက်များအတွက် ဥပဒေပိုင်းဆိုင်ရာအခြေခံများကိုပေးအပ်ထားပါသည်။

၂၀၁၄ ခုနှစ် ECCD အမျိုးသားအဆင့်မူဝါဒ၏ မဟာဗျူဟာ - ၃ သည် ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းအစီအစဉ် ဖော်ထုတ်ရေးမူဝါဒဆိုင်ရာ လုပ်ပိုင်ခွင့်ကို သတ်မှတ်ပေးသည်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနသည် အမျိုးသားအဆင့် ECI စနစ်တစ်ရပ် ဖော်ထုတ်ရေးတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရန် သဘောတူညီထားပါသည်။

မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာဥပဒေ (၂၀၁၅) တွင် ဖော်ပြခဲ့ပါသည်။ *'မသန်စွမ်းကလေးတိုင်းသည် - ရှေးဦးအရွယ်ကလေးသူငယ် စောင့်ရှောက်မှုနှင့် အသက်အလိုက်တတ်မြောက်မှုများအပါအဝင် ပညာသင်ကြားနိုင်သည့်အခွင့်အရေးများရရှိနိုင်ရမည်'* ထိုဝန်ဆောင်မှုများ သေချာရရှိစေရန် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို ပြောရပါမည်။

မသန်စွမ်းကလေးသူငယ်များဆိုင်ရာမြန်မာနိုင်ငံအခြေအနေသုံးသပ်ချက်၊ ၂၀၁၆ တွင်အောက်ပါအချက်များကို အဆိုပြုထားပါသည်။

- ရှေးဦးသတ်မှတ်ဖော်ပြသည့်လုပ်ငန်းများထူထောင်ရန်
- တစ်ဦးချင်းအလိုက်နှင့် အထူးကြပ်မတ်သည့် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှုအခြေအနေတိုင်းတာ စစ်ဆေးမှုနှင့်ပြန်လည်ထူထောင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ထူထောင်ရန်
- လူမှုဝန်ထမ်းဦးစီးဌာနက ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှုအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းထူထောင်ရန်နှင့်
- မူကြိုကျောင်းများအပါအဝင် ပညာရေးဆိုင်ရာဌာနအားလုံးတွင် မသန်စွမ်းကလေးများ ပါဝင်လာနိုင်စေရန်

ထို့အပြင်ယင်းသုံးသပ်ချက်တွင် 'လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန (လူမှုဝန်ထမ်းဦးစီးဌာန)သည် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနများနှင့် နီးနီးကပ်ကပ်ပေါင်းစပ်ပြီးမသန်စွမ်းသူများအား ဆောလျှင်စွာဖော်ထုတ်သတ်မှတ်ပြီးမှတ်ပုံတင်ရေးအတွက် အမျိုးသားအဆင့်လမ်းညွှန်ချက်များနှင့် စနစ်များကို ဖော်ထုတ်သင့်ကြောင်းလည်း ဖော်ပြထားပါသည်။ ယင်းတို့သည် UNCRPD နှင့်အညီဖြစ်ရမည်ဖြစ်ပြီး နိုင်ငံတကာ လုပ်ငန်းအဆင့်သတ်မှတ်ချက်နှင့်လည်းကိုက်ညီရမည်ဖြစ်သည်ဟု ဖော်ပြထားပါသည်။ ထို့အပြင် စနစ်သည်လည်း e-platform နည်းပညာအတိုင်းဖြစ်ရမည်ဖြစ်ပြီး အထောက်အထား အခြေပြုအစီအစဉ်များ၊ အရင်းအမြစ်နေရာချထားမှုများ၊ အသုံးစရိတ်ကြီးကြပ်စောင့်ကြည့်မှုများအားအသိပေးနိုင်ရေးအတွက် အချက်အလက်များအား အချိန်မီကောက်ယူရမည်ဖြစ်သည်ဟုလည်းဖော်ပြထားပါသည်။

လာမည့်ဥပဒေသည် အလုံးစုံမှုကြိုကျောင်း၊ သူငယ်တန်းနှင့် မူလတန်းများ ပါဝင်လာမှု၏အရေးပါပုံကို အားကောင်းစေကာ ဖွံ့ဖြိုးမှုနှောင့်နှေးသည့် ကလေးများ၊ မသန်စွမ်းကလေးများနှင့် အပြုအမူ ပုံမှန်မဟုတ်သည့် ကလေးများအနေဖြင့် အခြားသောပုံမှန်ဖွံ့ဖြိုးနေသည့်ကလေးများနှင့်အတူ ကျောင်းများတွင်တက်ရောက်သင်ကြားလာစေနိုင်မည်ဖြစ်ပါသည်။ မိဘများ၏ဆုံးဖြတ်ချက်အပေါ် မူတည်ပြီး ပြင်းထန်သည့်မသန်စွမ်းမှု သို့မဟုတ် အာရုံခံစားမှုကန့်သတ်ချက် (အမြင်အာရုံဖြစ်စေ၊ အကြားအာရုံဖြစ်စေ) ရှိသည့်ကလေးများအား သီးခြား အထူးပြုကျောင်းများတွင် ဆက်လက်နေရာချထားပေးနိုင်မည်ဖြစ်ပါသည်။

## ၂. ၉။ ထောက်ခံအကြံပြုချက်များ

အခြေအနေသုံးသပ်ချက်မှ တွေ့ရှိလာရသည့်အချက်များအပေါ် မူတည်ပြီး အောက်ဖော်ပြပါအတိုင်းအကြံပြုအပ်ပါသည်။

- ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ အာဟာရချို့တဲ့ခြင်း၊ နာတာရှည်ဖျားနာခြင်း၊ မသန်စွမ်းခြင်း၊ အပြုအမူ ပုံမှန်မဟုတ်ခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် အခြားသောအချက်များကြောင့် အထူးကြပ်မတ်ရန်နှင့် တစ်ဦးချင်းစီအလိုက် အလေးပေးဂရုစိုက်ရန်လိုသည့်ကလေးများအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ECI ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ဘဏ္ဍာရေးထောက်ပံ့မှုပေးရေးနှင့် အဆင့်လိုက်အပြည့်အဝ အကောင်ဖော်နိုင်ရန် အစိုးရ၏ ကတိကဝတ်ကို အဆင့်အမြင့်ဆုံး ပြုလုပ်ပေးရန်
- အမျိုးသားအဆင့် ECI မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်ကိုဖော်ထုတ်ပြီး ချမှတ်ရန်



- ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စီမံချက်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြီးကြပ်ခြင်း နှင့် တာဝန်ယူခြင်း၊ တာဝန်ခံခြင်း စသည့်လုပ်ငန်းစဉ်များအတိုင်း ECI ၏ဖွဲ့စည်းပုံကိုဖော်ထုတ်ရန်

- ပြီးပြည့်စုံသည့် ကြပ်မတ်စောင့်ကြည့်မှုနှင့် အကဲဖြတ်စနစ်နှင့် ချိတ်ဆက်ထားသော ECI အစီအစဉ် ဆိုင်ရာလမ်းညွှန်ချက်များ၊ လုပ်ငန်းစဉ်များနှင့် ဝန်ဆောင်မှုများနှင့်ဝန်ထမ်းအဆင့်အတန်းတို့အပါအဝင် မြန်မာနိုင်ငံအတွင်း ECI ဝန်ဆောင်မှုလုပ်ငန်းများအတွက် အမျိုးသားအဆင့်စည်းမျဉ်းသတ်မှတ်ချက် မူဘောင်တစ်ရပ်ကိုဖော်ထုတ်ပြီး တရားဝင်အတည်ပြုပေးရန်

- မူဝါဒပိုင်းဆိုင်ရာ၊ ဒေသန္တရနှင့်ရပ်ကွက်အဆင့်များအပြင် ထိရောက်သည့် ဆက်သွယ်ရေးပိုင်းဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုများတွင် ECI က အခိုင်အမာဦးစီးဦးဆောင်ပြုလုပ်ရန်

- မိဘများ၊ ကျွမ်းကျင်သူများနှင့် ပညာရှင်များပါဝင်သော တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နိုင်မည့်အားလုံးလက်လှမ်းမီသော ဖွံ့ဖြိုးမှုအခြေနေစစ်ဆေးခြင်း၊ စောင့်ကြည့်ခြင်းနှင့် စောင့်ကြည့်ကြပ်မတ်ခြင်းစနစ်တစ်ရပ်ကိုဖော်ထုတ်ရန်

- ကနဦး ECI ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ချက်များအား ရွေးချယ်ထားသည့် ရှေ့ပြေးစမ်းသပ်မှု လုပ်ငန်းခွင်များတွင် ကြီးကြပ်စောင့်ကြည့်ရန်နှင့် အကဲဖြတ်သုံးသပ်ရန်

- ဒေသတစ်ခုချင်းစီတွင် အနည်းဆုံး ECI ဝန်ဆောင်မှုပေးသူတစ်ဦးကို ထားရှိပြီး နောက်ပိုင်းတွင် စည်ပင်သာယာနယ်နိမိတ်အားလုံးသို့ အဆင့်တိုးချဲ့သွားရန်
- ပြည်နယ်/တိုင်းဒေသကြီးများနှင့် စည်ပင်သာယာနယ်နိမိတ်အဆင့် ECI ဝန်ဆောင်မှုလုပ်ငန်းများအတွက် ပံ့ပိုးမှုများတိုးမြှင့်ရန်
- အမျိုးသားအဆင့် ECI စနစ်အတွက်လိုအပ်သော ပညာရှင်များနှင့် ကျွမ်းကျင်သူများအား ပြင်ဆင်ထားနိုင်ရန်ရေရှည်နှင့်ရေတို လေ့ကျင့်သင်တန်းပေးမှု အစီအစဉ်များ ဖော်ထုတ်ရန်
- ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးမှုအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းကျွမ်းကျင်သူများအတွက် ဘွဲ့ရအဆင့် နှင့် တချို့အတွက် မဟာဘွဲ့ရအဆင့်အထိ လေ့ကျင့်သင်တန်းပေးခြင်းအစီအစဉ်ကိုပြင်ဆင်ထားရှိရန်
- မွေးစမှ အသက် (၅) နှစ်အရွယ်အထိရှိသည့်ကလေးများအား ဝန်ဆောင်မှုပေးမည့်စကားပြောကုထုံးပညာရှင်များ၊ အနုစိတ်ကုထုံး/လက်မှုပညာဖြင့်ကုသသောပညာရှင်များ(occupational therapist)နှင့် ရုပ်ပိုင်းကုထုံးပညာရှင်များနှင့် လိုအပ်ပါက အခြားသောပညာရှင်များအတွက် အပြည်ပြည်ဆိုင်ရာအဆင့် ပညာရေးအစီအစဉ် ထူထောင်ထားရှိရန်
- ပညာရှင်များနှင့် ကျွမ်းကျင်သူများအတွက် အဆင့်မြင့်လုပ်ငန်းခွင်သင်တန်းအစီအစဉ်နှင့် အဝေးသင်အစီအစဉ်များ
- နိုင်ငံ၏ဒေသနှင့်ခရိုင်အသစ်များသို့ လုပ်ငန်းများတိုးချဲ့နေစဉ်အတွင်း ရပ်ကွက်အဆင့် စေတနာ့ဝန်ထမ်းများအား စုဆောင်းခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်းများ ပြုလုပ်ပေးနိုင်ရေးအတွက် မဟာဗျူဟာတစ်ရပ် ဖော်ထုတ်ရန်
- အရည်အသွေးစိတ်ချရမှု အဆက်မပြတ်ရှိနေခြင်းနှင့် တိုးတက်မှုရှိနေစေခြင်းတို့ကို ဦးတည်သည့် အမျိုးသားအဆင့် ECI ကြီးကြပ်မှု၊ စောင့်ကြည့်ကြပ်မတ်မှုနှင့် အကဲဖြတ်စနစ်ကိုရေးဆွဲရန်၊
- ဗဟိုမှ ဒေသနှင့် စည်ပင်သာယာနယ်နိမိတ်အထိဖြစ်သော အဆင့်တိုင်းတွင် ECI ဝန်ဆောင်မှု လုပ်ငန်းများအတွက် ကုန်ကျစရိတ်နှင့်ဘတ်ဂျက်စနစ်ကိုဖော်ထုတ်ရန်၊

- ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ မသန်စွမ်းဖြစ်ခြင်းနှင့် အခြားသောလိုအပ်ချက်များ အတွက် လူဦးရေးအခြေပြုသည့် လေ့လာဆန်းစစ်ချက်များပြုလုပ်ခြင်း အပါအဝင် ECI သုတေသနစွမ်းဆောင်ရည်ကိုထူထောင်ရန်၊
- ECI ဝန်ဆောင်မှုလုပ်ငန်းများအားအမျိုးသားအဆင့် ဘဏ္ဍာရေးထောက်ပံ့မှုတွင် နှစ်များအတွက် ကုန်ကျစရိတ်သက်သာသော စီမံချက်ရေးဆွဲရန်
- မြန်မာနိုင်ငံအတွင်း ECI အစီအစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပိုင်းနှင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာ ပံ့ပိုးမှုများဆက်တိုက်ရရှိစေရေးအတွက် နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဘက်များနှင့် အတူပေါင်းစပ်ညှိနှိုင်းမှုအား ကောင်းအောင်ဆောင်ရွက်ရန်

၇

# ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး အနာဂတ်မျှော်မှန်းချက် (Vision) နှင့် တာဝန်ခံယူမှု (Mission)။



မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ECI စနစ်ကို အောက်ပါ အနာဂတ်မျှော်မှန်းချက် အောင်မြင်စေရန် ပြုလုပ်ထားသည်။

| ECI အနာဂတ်မျှော်မှန်းချက် (Vision) |
| --- |
| ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ အာဟာရချို့တဲ့ခြင်း၊ မသန်စွမ်းခြင်းနှင့် အခြားအထူး လိုအပ်ချက်များရှိခြင်း စသည့် ဖွံ့ဖြိုးမှုနှောင့်နှေးဖွယ်ရှိသည့် မြန်မာနိုင်ငံရှိ မွေးစမှ အသက်ငါးနှစ်အရွယ်ရှိ ကလေးသူငယ်များအားလုံးသည် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်နိုင်ခြေရှိသည့် အလားအလာများကိုအပြည့်အဝရရှိရန်နှင့် ၎င်း တို့၏အခွင့်အရေးများကို ခံစားရရှိနိုင်ရန် အရည်အသွေးမြင့်မားသည့် ECI ဝန်ဆောင်မှုများကို ရရှိနိုင်ရမည်။ |

ဤအနာဂတ်မျှော်မှန်းချက်အောင်မြင်ရေးအတွက် မြန်မာနိုင်ငံတွင် ECI ဝန်ဆောင်မှုများ၏ တာဝန်ခံယူမှု (Mission) သည် အထူးသဖြင့် ကလေးသူငယ်ဘဝ သာယာရေး၊ ကျန်းမာရေး၊ အာဟာရပြည့်ဝရေးနှင့် ပညာရေးကဏ္ဍများ ပါဝင်သည့် ညှိနှိုင်းဆောင်ရွက်သော၊ ကျယ်ပြန့်သော၊ ကဏ္ဍစုံဆက်စပ်သော နည်းလမ်းများကို အသုံးပြုမည်။

| အမျိုးသားအဆင့် ECI စနစ်၏ တာဝန်ခံယူမှု (Mission) |
| --- |
| အမျိုးသားအဆင့် ECI စနစ်၏ တာဝန်ခံယူမှုမှာ -<br>♦ မိသားစုအားလုံး၊ ရပ်ရွာအဖွဲ့အစည်းအားလုံး၊ (stakeholders) ပါဝင်ပတ်သက်သူအားလုံးနှင့် ဆုံးဖြတ်ချက်ချသူ အားလုံးအတွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်မှုများ၊ အသိပညာပေးမှုများနှင့် အကျိုးပြုလှုံ့ဆော်မှုများပြုလုပ်မည်။<br>♦ အစိုးရအဖွဲ့၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အစိုးရနှင့်မသက်ဆိုင်သော ဘာသာရေးအခြေပြု၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများ၊ အဆင့်မြင့်ပညာ အဖွဲ့အစည်းများနှင့် ကျွမ်းကျင်သူအဖွဲ့အစည်းများ၊ ကျွမ်းကျင်သူပညာရှင်များ အပါအဝင် ECI အကောင်အထည်ဖော်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရနှင့် မိတ်ဖက်အဖွဲ့ အစည်းများအကြား ညှိနှိုင်းဆောင်ရွက်မှုအားကောင်းစေမည်။<br>♦ ကလေးသူငယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေး၊ အာဟာရဖြည့်ဆည်းရေး၊ ပတ်ဝန်းကျင်နှင့် တကိုယ်ရည်သန့်ရှင်းရေး (Sanitation) ပညာရေး၊ |

အကာအကွယ်ပေးရေးတို့နှင့် ဆက်စပ်သည့် ECCD မူဝါဒ၊ တခြား မူဝါဒများနှင့် အစီအစဉ်များပါဝင်သောဝန်ဆောင်မှုများနှင့်အတူ အဖွဲ့အစည်းများကြားအပြန်အလှန်သဘောတူညီချက်များ၊ ခိုင်မာသောချိတ်ဆက်မှုများဖြင့် အကောင်အထည်ဖော်မည်။

- မွေးစမှ အသက် ၅ နှစ်အရွယ် ကလေးသူငယ်များအားလုံးကို စမ်းသပ်စစ်ဆေးမည်၊ ECI ဝန်ဆောင်မှုများနှင့် ကိုက်ညီနိုင်ခြေရှိသည့် ဖွံ့ဖြိုးမှုနှောင့်နှေးရန် အလားအလာရှိသော ကလေးသူငယ်များကို သတ်မှတ်မည်။
- ကလေးသူငယ်တို့၏ မိဘများ သဘောတူညီချက်၊ ပူးပေါင်းပါဝင်မှုတို့နှင့်အတူ သတ်မှတ် စမ်းသပ်စစ်ဆေးချက်များနှင့် ဆုံးဖြတ်သည့် မိဘများပါဝင်သည့် ကလေးဖွံ့ဖြိုးမှုနယ်ပယ်စုံကျွမ်းကျင်သူများက အစီအစဉ်နှင့်အကျုံးဝင်ကိုက်ညီမှုကို အတည်ပြုပြီး၊ တစ်ဦးချင်းအလိုက် ဝန်ဆောင်မှုအစီအစဉ်များ ရေးဆွဲသည့် ECI ဝန်ဆောင်မှုလုပ်ငန်းသို့ ကလေးသူငယ်များကို ညွှန်းပို့ပေးမည်။
- ကလေးတစ်ဦးချင်းစီနှင့် မိသားစု၏လိုအပ်ချက်များကို ဖြည့်ဆည်းပြီး အားသာချက်များအပေါ်တွင် အခြေတည်ထားသည့် ကလေး၏ သဘာဝ ပတ်ဝန်းကျင်တွင် ECI ဝန်ဆောင်မှုကို ပေးပါမည်။
- မြန်မာနိုင်ငံရှိ ဒေသအားလုံးတွင် အကျုံးဝင် ကိုက်ညီသည့် ကလေးသူငယ်များ အားလုံးအတွက် အရည်အသွေးမြင့်၊ တစ်ဦးချင်းအလိုက် ဝန်ဆောင်မှု ပေးသည့် ECI ဝန်ဆောင်မှုများကို တစ်ဆင့်ပြီး တစ်ဆင့် စဉ်ဆက်မပြတ် တိုးချဲ့လုပ်ဆောင်နိုင်ရန် စီစဉ်မည်။
- သူတို့၏မိသားစုများနှင့် ရပ်ရွာများတွင် ကလေးသူငယ်များ၏ သင်ကြားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးဆောင်ပေးမည်။
- အထူးလိုအပ်ချက်များရှိသည့် ကလေးသူငယ်များ၏ မိသားစုများ၏ အားသာချက်များအပေါ်တွင် အခြေခံပြီး၊ သူတို့၏လိုအပ်ချက်များနှင့် သူတို့ကလေးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသော စွမ်းဆောင်နိုင်ပြီး၊ လုံခြုံမှုနှင့် လှုံ့ဆော်မှုအားကောင်းသော ပြုစုစောင့်ရှောက်မှုရှိသည့် ပတ်ဝန်းကျင်များတွင် ဝန်ဆောင်မှုပေးခြင်းဖြင့် ကူညီ ထောက်ပံ့ပါမည်။
- ECI ဝန်ဆောင်မှုလုပ်ငန်းများတွင် စာရင်းဝင်ထားသော ကလေးသူငယ်များကို ECI ဝန်ဆောင်မှုများမှနေ၍ အားလုံးအကျုံးဝင်သည့် မူကြို

ကျောင်းများ၊ မူလတန်းကျောင်းများ၊ အခြေခံပညာကျောင်းများ၊ သေချာစွာလွှဲပြောင်းပေးမည်။ ထိုကလေးသူငယ်များသည် လူ့အသိုင်း အဝိုင်းအတွင်း အပြည့်အဝ ဝင်ဆန့်စေရမည်။

# ECI အဓိကအယူအဆနှင့် မူများ

၉



အောက်ပါ အဓိကအယူအဆနှင့် မူများသည် မြန်မာနိုင်ငံ၏ ပြည်နယ်/ တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအားလုံးပါဝင်သော ဒေသပေါင်း ၂၁ ခုတွင်ရှိသည့် ECI ဝန်ဆောင်မှုလုပ်ငန်းများကို လမ်းညွှန်မည်။

*တန်းတူညီမျှမှုနှင့် မိဘနှင့် ကလေးအခွင့်အရေး*

- ဝင်ငွေအဆင့်အသီးသီးရှိ မိသားစုများနှင့် ၎င်းမိသားစုမှ ECI ဝန်ဆောင်မှု လုပ်ငန်းများ လိုအပ်သည့် ကလေးများကို ECI ဝန်ဆောင်မှုလုပ်ငန်းများက လက်ခံဝန်ဆောင်မှု ပေးပါမည်။
- ဝန်ဆောင်မှုများကိုပေးရန် သဘောတူညီချက်ရယူခြင်း၊ မိသားစုမှတ်တမ်းများနှင့် ဖိုင်များကို လျှို့ဝှက်ထားပေးပြီး ပုဂ္ဂလိကလွတ်လပ်ခွင့်ကို အကာအကွယ်ပေးခြင်းတို့ဖြင့် ကလေးနှင့် မိဘအခွင့်အရေးများကို အပြည့်အဝ အလေးထားပါသည်။
- အထူးလိုအပ်ချက်များ ရှိနေသည့်ကလေးများကို သိနိုင်ရေးအတွက် ကူညီရန်၊ ဒေသတွင်း ECI လုပ်ငန်းများအတွက် စေတနာ့ဝန်ထမ်းများအဖြစ် ပါဝင်ရန် ရရှိရန် အထူး ECI ဝန်ဆောင်မှုလိုအပ်ချက်များ ရရှိရေးအတွက် ထပ်တိုးအကူအညီပေးနိုင်ရန် ဘဏ္ဍာငွေရှာဖွေရေး လှုပ်ရှားမှုများဆောင်ရွက်နိုင်ရန် မိသားစုများကို အားပေးသည်။
- ဖွံ့ဖြိုးမှုအခြေအနေဆန်းစစ်ပြီးနောက်တွင် ECI ၏ ဝန်ဆောင်မှုနှင့် ကိုက်ညီနိုင်သည်ဟု သတ်မှတ်ခံရသည့် ကလေးများအားလုံးကို သုံးသပ်ဆုံးဖြတ်သည့်ဘက်သို့ ညွှန်းပို့ပေးသည်။ ထို့နောက် ECI ဝန်ဆောင်မှုလုပ်ငန်းများ အစီအစဉ်နှင့် ကိုက်ညီမှုအပေါ်တွင် အလေးထား၍ ဆုံးဖြတ်ချက်များ ချမှတ်ပါသည်။
- စစ်ဆေးခံပြီး ECI ဝန်ဆောင်မှုများနှင့် အကျုံးဝင်ကိုက်ညီခြင်းမရှိသည့် ကလေးငယ်များကို ရှေးဦးအရွယ် ကလေးငယ်ဘဝ နှင့် မိသားစု ဖွံ့ဖြိုးတိုးတက်မှုအတွက် တခြားဆောင်ရွက်နေသော ဝန်ဆောင်မှုများသို့ ညွှန်ပို့ပေးပါသည်။ တချို့ကလေးငယ်များကို သတ်မှတ်ထားသည့် လ တချို့ပြီးနောက် ပြန်လည်စစ်ဆေးပါသည်။
- ECI ဝန်ဆောင်မှုလုပ်ငန်းများ အားလုံးသည် ဝန်ဆောင်မှုရယူရန် အကျုံးဝင်ကိုက်ညီသည့် ကလေးများ၊ သူတို့၏ အမေနှင့် အဖေ သို့မဟုတ် သူတို့၏ တရားဝင် အုပ်ထိန်းသူများ အားလုံးအတွက် အခမဲ့ဖြစ်ပါသည်။

♦ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုအားလုံးမှ ကလေးများနှင့် မိသားစုများကို ECI ဝန်ဆောင်မှုလုပ်ငန်းများမှ အကျိုးကျေးဇူးများကို အပြည့်အဝရရှိနိုင်ရန် လုပ်ဆောင်ထားပါသည်။

♦ သဘာဝဘေးအန္တရာယ်များနှင့်တခြားအရေးပေါ်အခြေအနေများကြောင့် ထိခိုက်ခဲ့ကြသော၊ စိတ်ဒဏ်ရာရခဲ့ကြသော ကလေးများသည် ECI ဝန်ဆောင်မှုများကိုလည်းကောင်း၊ တခြားလူမှုဘဝအဆင်ပြေရေး အထောက်အပံ့များကိုလည်းကောင်း ချက်ချင်းတပြိုက်နက် ရရှိရပါမည်။

♦ ECI မှ ပုဂ္ဂိုလ်များအားလုံးသည် မိဘ၏ ခွင့်ပြုမှုနှင့် ပုဂ္ဂလိကအခွင့်အရေး လုံခြုံမှုထိန်းသိမ်းရေးနှင့်သေချာစေရေး နည်းနာများနှင့် ပတ်သက်၍ သိရှိရန်များကို လိုက်နာဆောင်ရွက်စေရန် ဂရုတစိုက် လေ့ကျင့်ပေးခံထားရပါသည်။

♦ ECI ဝန်ဆောင်မှုလုပ်ငန်းများနှင့် ECCD (ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး) ဝန်ဆောင်မှုလုပ်ငန်းများမှနေ၍ မွေးစမှ ငါးနှစ်အရွယ် ကလေးများကို 'စဉ်ဆက်မပြတ် ပြုစုစောင့်ရှောက်ရေး' ဆောင်ရွက်ပေးပါသည်။

♦ အထူးပြုစုစောင့်ရှောက်ရေးကျောင်းများ/နေရာများတွင် နေထိုင်ရပြီး ဖွံ့ဖြိုးမှုနှောင့်နှေးရန် အလားအလာရှိသည့် မွေးစမှ ငါးနှစ်အရွယ် ကလေးငယ်များကို ကာကွယ်ပေးနိုင်ရန်အတွက် မိသားစုမပြိုကွဲရေးနှစ်သိမ့်ဆွေးနွေးပေးခြင်းနှင့် ကလေးငယ်ကို အထူးပြုစုစောင့်ရှောက်ရေး ကျောင်းများ/နေရာများမှထွက်ခွာပြီး မိသားစုနှင့် နေထိုင်နိုင်ရေးတို့ကို ECI ဝန်ဆောင်မှုများက လုပ်ဆောင်ပေးပါသည်။

♦ မိသားစုနှင့်နေထိုင်မှုအတွက် စီစဉ်ပေးရေးရည်မှန်းချက်နှင့်အတူ ပြုစုစောင့်ရှောက်ရေးကျောင်းများတွင်ရောက်ရှိနေသောကလေးများကို အထူးအလေးထားဆောင်ရွက်ပေးပါသည်။

♦ ထိုနည်းတူစွာ ကလေးများသည် သူတို့၏ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းများနှင့် မသန်စွမ်းဖြစ်မှုများကို ကျော်လွှားနိုင်ပြီး၊ မိသားစုပုံစံတစ်ခုဖြင့် ချစ်ခြင်းမေတ္တာ၊ ကျွေးမွေးစောင့်ရှောက်ခြင်းနှင့် နွေးထွေးမှုပေး ဂရုစိုက်ခံရခြင်းမှ အကျိုးကျေးဇူးများ ရရှိရန်အတွက် ECI ဝန်ဆောင်မှုလုပ်ငန်းများသည် ဖခင်များ၊ မိခင်များ နှင့် မိဘမဲ့ဂေဟာများမှ ကလေးများကို လက်ခံရယူထားသော မွေးစားမိဘများကို အကူအညီများပေးပါသည်။

- ECI ဝန်ဆောင်မှုလုပ်ငန်းများသည် မိသားစု၏အခက်အခဲများကို အောင်မြင်စွာကျော်လွှားသည့်နည်းလမ်းများ ယဉ်ကျေးမှု၊ဘာသာစကား၊ တန်ဖိုးများနှင့် သဘောထားများကို လေးစားတန်ဖိုးထားပြီး မိသားစု တစ်စုစီနှင့် ယုံကြည်မှုရယူ ဆောင်ရွက်သည့်အပေါ်တွင် အခြေခံထားပါသည်။
- ECI ဝန်ဆောင်မှုလုပ်ငန်းများသည် မိဘများနှင့် ကလေးများကို သူတို့၏ အခွင့်အရေးများ ရရှိရန်နှင့် နားလည် သဘောပေါက်ရန် တက်တက်ကြွကြွ ကူညီပါသည်။ သူတို့သည် ကလေး၊ မိဘ နှင့် လူ့အခွင့်အရေးများကို အပြည့်အဝ ရရှိစေပါသည်။
- ပါဝင်ဆောင်ရွက်နေသော မိဘများနှင့် ECI ဝန်ဆောင်မှုလုပ်ငန်းဆောင် ရွက်သူများ၏ အခန်းကဏ္ဍများသည် အမြဲတန်း အပြည့်အဝ ပွင့်လင်းမြင် သာပါသည်။

*ကလေးဗဟိုပြု၊ မိသားစုအလေးထားခြင်းနှင့် ရပ်ရွာအခြေပြု*

- ECI ဝန်ဆောင်မှုလုပ်ငန်းများအားလုံးသည် ကလေး၏ ထပ်မံကြီးထွားမှု နှင့် ဖွံ့ဖြိုးမှုအတွက်လည်းကောင်း၊ ကလေးတစ်ဦးချင်းစီ၏ အားသာချက် နှင့် စွမ်းဆောင်ရည်ပေါ်တွင်လည်းကောင်း တစုတစည်းတည်း အခြေခံ ထား သည့် ကလေးဗဟိုပြုလုပ်ငန်းများ ဖြစ်ပါသည်။
- ကြိုးပမ်းဆောင်ရွက်မှုတိုင်းသည် မွေးမွေးချင်း နှင့် မွေးဖွားပြီးနောက် မကြာခင်၊ အတိအကျအားဖြင့် အသက် ၃၆ လ မပြည့်ခင်တွင် ကလေး ငယ်များသည် ECI ဝန်ဆောင်မှု လိုအပ်မှု ရှိ/မရှိဆိုသည်ကို သတ် မှတ်ပါသည်။
- ECI ဝန်ဆောင်မှုလုပ်ငန်းများအားလုံးသည် ကလေးတဦးချင်းစီအတွက် ဆန်းစစ်ထားသော လိုအပ်ချက်များ၊ အသက်၊ ဖွံ့ဖြိုးအဆင့်တို့နှင့် ဆက်စပ်ကိုက်ညီပြီး သင့်တော်စေရန် ပြုလုပ်ထားပါသည်။
- ကလေးများအားလုံးသည် မတူသည့်နည်းအမျိုးမျိုးဖြင့် ဖွံ့ဖြိုးကြပြီး၊ တစ်မျိုးတစ်ဖုံ ထူးခြားပါသည်။ ထို့ကြောင့် ECI ဝန်ဆောင်မှုလုပ်ငန်းများ အားလုံးသည် တစ်ဦးချင်းကို အခြေပြုဆောင်ရွက်ထားပါသည်။ ကလေး နှင့် မိသားစုတစ်ခုချင်းစီ၏ လိုအပ်မှုအချိန်အတိုင်းအတာနှင့် လိုအပ် သည့်တိုးမြှင့်ဆောင်ရွက်မှု အဆင့်များ ထားရှိပါသည်။

- ကလေးဗဟိုပြုနှင့် မိသားစုအလေးထား ECI ဝန်ဆောင်မှုလုပ်ငန်းများကို ကလေး၏ နေ့စဉ် ပုံမှန်ပြုမူနေကျအခြေအနေများတွင် တည်ဆောက်ထားပါသည်။

- ECIဝန်ဆောင်မှု လုပ်ငန်းများအားလုံးသည် မိသားစုအလေးထားလုပ်ငန်းများဖြစ်ပါသည်။ 'မိသားစု' ဆိုသည်မှာ ကျယ်ပြန့်ပြီး မတူကွဲပြားကြသည့် မိသားစုတည်ရှိမှုပုံစံမျိုးစုံကို ဆိုလိုသည်။ ၎င်းတို့တွင် တိုးပွားလာသော မိသားစုများ၊ တရားဝင်အုပ်ထိန်းသူများ၊ အဘိုးအဘွားများနှင့် မိသားစုနှင့် အတူအိမ်နေ တခြားသူများလည်း ပါဝင်ပါသည်။

- မိဘများသည် ပုံမှန်ကလေးကြည့်ရှုစောင့်ရှောက်ပေးသူများ၊ အားလုံးအကျုံးဝင်သည့် မူကြိုကျောင်းများမှ ကျောင်းဆရာများ၊ ဝန်ဆောင်မှုလုပ်ငန်းမှလာရောက်ကြည့်ရှုမှုများ အပါအဝင် တခြားကလေး စောင့်ရှောက်မှု အခြေအနေများကို တောင်းဆိုနိုင်ပါသည်။

- ECI ဝန်ဆောင်မှုလုပ်ငန်း ရုံးများသည် ရပ်ရွာအခြေပြု ရုံးများဖြစ်ကြပါသည်၊ မိဘများနှင့် တခြား မိသား စုများ အလွယ်တကူလာရောက်နိုင်ပြီး၊ လုပ်ငန်းဆောင်ရွက်သူများက ECI အစီအစဉ်တွင် ပါဝင်သော မိသားစုများထံသို့ ပုံမှန်သွားနိုင်သည့် ရပ်ရွာအခြေအနေများတွင် ရုံးစိုက်ထားပါသည်။

*ကလေးဖွံ့ဖြိုးမှုနယ်ပယ်စုံနှင့် ကဏ္ဍပေါင်းစုံပါဝင်သော လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်း*

- ECI ဝန်ဆောင်မှုလုပ်ငန်းများသည် ကလေးဖွံ့ဖြိုးမှုနယ်ပယ်စုံ၊ ကဏ္ဍစုံ ပါဝင်သောကြောင့်၊ ECI ဝန်ဆောင်မှုပေးသူအားလုံးသည် ကလေးကာကွယ်စောင့်ရှောက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ အာဟာရပညာရပ်နှင့် အထူးပြုပညာရပ်နယ်အမျိုးမျိုးတွင် လေ့ကျင့်ပေးထားသူများဖြစ်ပါသည်။

- အကြိုနှင့် လုပ်ငန်းခွင်သင်တန်းကို အထူးကျွမ်းကျင်သူများ၏ ပညာရပ်ကဏ္ဍအများအပြားအတွက် ပြင်ဆင်ဆောင်ရွက်ထားပါသည်။ အထူးကျွမ်းကျင်မှုကဏ္ဍများတွင် ရှေးဦးအရွယ် တိုင်းတာစစ်ဆေးမှု အထူးကျွမ်းကျင်သူများ (မြန်မာနိုင်ငံရှိ ပညာရပ်နယ်ပယ်ပေါင်းစုံ ပါဝင်သော နယ်ပယ်သစ်)၊ စကားပြော/ဘာသာစကား ကုထုံးပညာရှင်များ(အသစ်)၊ အနုစိတ်ကုထုံး/လက်မှုပညာဖြင့်ကုသပေးသော (occupational) ပညာရှင်များ(အသစ်)၊ မွေးဖွားပြီးချိန်မှ လပေါင်း ၆၀ နှင့် ကူးပြောင်းမှုကာလကို လွှမ်းခြုံရန် လပေါင်း ၇၀ အထိ မိဘများ၊ ကလေးများနှင့် ဆောင်ရွက်ရန်

လုပ်ငန်းများကိုလေ့လာသည့် အကြောအဆစ်ကုထုံးပညာရှင်များ ပါဝင်ပါသည်။

- ထို့အပြင် သင်တန်းများတွင် သူတို့တတ်ကျွမ်းထားသည့် ကျွမ်းကျင်မှုများသို့ ECI ဝန်ဆောင်မှုလုပ်ငန်းများ ထပ်ဖြည့်ထားသည့် ကျွမ်းကျင်တတ်သိပညာရှင်များ၊ စိတ်ပညာရှင်များ၊ လူမှုရေးလုပ်သားများ၊ ဆရာဝန်များ၊ သူနာပြုများ၊ သားဖွားဆရာမများ နှင့် တခြားပညာရှင်များ ပါဝင်ပါသည်။
- အစီအစဉ်ရေးဆွဲသူများ၊ ကြီးကြပ်သူများ၊ မန်နေဂျာများ၊ သင်တန်းဆရာများ နှင့် တခြားအကူ ဝန်ထမ်းများသည် ECI စနစ်အတွက် မဟာဝိဇ္ဇာ (MA) အဆင့်အကြိုနှင့် လုပ်ငန်းခွင်အထူးသင်တန်းကို ရယူနိုင်ပါသည်။
- ECI ပညာရှင်များအားလုံးကို ဖော်ပြပါအကြောင်းအရာခေါင်းစဉ်များဖြင့် ဂရုတစိုက် လေ့ကျင့်ပေးပါသည်။ ထိုခေါင်းစဉ်များတွင် ECI အခြေခံအယူအဆနှင့် မူများ၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကဏ္ဍစုံပါဝင်သည့် အဖွဲ့များ၏ လုပ်ကိုင်ဆောင်ရွက်ပုံ၊ အစီအစဉ်လမ်းညွှန်များနှင့် အစီအစဉ်များ၊ စစ်ဆေးကြည့်ရှုသည့် နည်းလမ်းများ၊ သုံးသပ်ချက်များ လုပ်ဆောင်ခြင်း၊ တစ်ဦးချင်းအလိုက်ဝန်ဆောင်မှုပေးသည့်အစီအစဉ်များ ဖော်ဆောင်ခြင်း၊ စောင့်ကြည့်ကြပ်မတ်မှု လုပ်ဆောင်ခြင်းနှင့် အကဲဖြတ်ခြင်း နှင့် တခြားခေါင်းစဉ်များ ပါဝင်ကြပါသည်။
- ကျွမ်းကျင်မှုရှိသူများကို ဂရုတစိုက် ရွေးချယ်ပြီး လုပ်ငန်းခွင်အကြိုနှင့် စဉ်ဆက်မပြတ် လုပ်ငန်းခွင် သင်တန်းပေးပြီး၊ ကောင်းစွာ ကြီးကြပ်လျက်၊ အရည်အသွေးမြင့်မားသည့် အိမ်တိုင်ရာရောက် သွားရောက်သူများ၊ မိသားစုများကိုကောင်းမွန်စွာကူညီနိုင်စွမ်းရှိသူများ သေချာဖြစ်လာစေရန် လေ့ကျင့်ပေးပါသည်။
- အိမ်တိုင်ရာရောက် သွားရောက်သူများအားလုံးကို မိသားစုများ၏ ဒေသသုံးစကားများဖြင့် ယဉ်ကျေးမှုနှင့်အညီဖြစ်သည့် အိမ်တိုင်ရာရောက် သွားရောက်မှုမျိုးဖြင့်ကူညီနိုင်ရန် လေ့ကျင့်ပေးပါသည်။
- ECI ဝန်ဆောင်မှုလုပ်ငန်းများကို အရည်အသွေးမြင့်မား၊ ညီမျှမှုရှိပြီး တာဝန်ယူမှုရှိရန် သေသေချာချာ လုပ်ဆောင်ပါသည်။ ECI ကြီးကြပ်သူများကို စဉ်းစားတွေးခေါ်တတ်သည့် ကြီးကြပ်မှု၊ သင်ကြားမှု၊ လေ့ကျင့်ပေးမှု၊ လုပ်ငန်းခွင်တွင်း သင်တန်းပေးမှု လုပ်ဆောင်နိုင်ရန်နှင့် ကွင်းဆင်းမှုတစ်ခုစီအတွင်း မဖြစ်မနေလုပ်ဆောင်ရမည့် စောင့်ကြည့်ကြပ်မတ်ခြင်း

နှင့် အကဲဖြတ်ခြင်း လှုပ်ရှားဆောင်ရွက်ချက်များကို လုပ်ဆောင်နိုင်ရန် လေ့ကျင့်ပေးပါသည်။

ECI ဆောင်ရွက်သူများအားလုံးကို အသင်းအဖွဲ့နှင့် အလုပ်လုပ်ရန်၊ လေးစားရန်နှင့် မိသားစုများ၏ ယုံကြည်မှုရရန် လေ့ကျင့်ပေးပါသည်။

*ပြီးပြည့်စုံသော၊ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်စုံ ဝန်ဆောင်မှုလုပ်ငန်းများ*

- ရပ်ရွာတွင်း၊ ကျန်းမာရေးနှင့် အိမ်အရောက်ဆောင်ရွက်မှုများမှတစ်ဆင့်၊ မြန်မာနိုင်ငံရှိကလေးများအားလုံးသည် ဖွံ့ဖြိုးတိုးတက်မှုစောင့်ကြပ်ကြည့်ရှုခြင်းနှင့် စစ်ဆေးခြင်းတို့ကို ရရှိပါသည်။ လိုအပ်သည့်အခါတွင် အစီအစဉ်နှင့် သင့်တော်မှုရှိရန် သုံးသပ်စစ်ဆေးရန်အတွက် ECI ဝန်ဆောင်မှုလုပ်ငန်းများ၊ တစ်ဦးချင်းအလိုက် ဝန်ဆောင်မှုအစီအစဉ်၊ ပုံမှန် ECI ဝန်ဆောင်မှုလုပ်ငန်းများနှင့် အားလုံးပါဝင်သည့် ကူးပြောင်းရေးအစီအစဉ်သို့ ညွှန်းပို့ပေးပါသည်။
- ECI ဝန်ဆောင်မှု လုပ်ငန်းများသည် အများပါဝင်သော၊ ပူးပေါင်းဆောင်ရွက်သော၊ စုစည်းသော၊ ကဏ္ဍစုံသော၊ ဆက်စပ်ပေါင်းဆုံသောလုပ်ငန်းများဖြစ်ပါသည်။ ထိုလုပ်ငန်းများတွင် လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ၏ အပြည့်အဝ ပူးပေါင်းပါဝင်မှုရှိပါသည်။
- ကလေးဘက်စုံဖွံ့ဖြိုးမှု သေသေချာချာဖြစ်စေရန်အတွက် ကလေး၏ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးသောအပိုင်း၊ အာဟာရချို့တဲ့မှု၊ ရေရှည်နာမကျန်းမှုသို့မဟုတ် နာတာရှည်ရောဂါ၊ မသန်စွမ်း သို့မဟုတ် ထူးခြားအပြုအမူနှင့် တခြားကလေးဖွံ့ဖြိုးမှုနယ်ပယ်အားလုံးကိုဖော်ပြရင်း ECI ဝန်ဆောင်မှုလုပ်ငန်းများအား ဟန်ချက်ထိန်းညှိဆောင်ရွက်ပါသည်။
- ECI ဝန်ဆောင်မှုလုပ်ငန်းများတွင် စာရင်းသွင်းထားသော ကလေးတိုင်းသည် ဒေသဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှု ရှိပါသည်။ ရရှိရမည့် အာဟာရ၊ ကျန်းမာရေးဆိုင်ရာကာကွယ်တားဆီးမှုနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုများကို လက်ခံရရှိပါသည်။
- ကူညီနေသောမိဘများကို ရပ်ရွာအခြေအနေ၊ လုံခြုံသန့်ရှင်းသောသူတို့နေထိုင်ရာအိမ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာစေ့ဆော်မှုတို့ကို အသုံးပြုနိုင်ရန်နှင့် တိုးတက်မှုရှိရန်လည်း အလေးထားပါသည်။
- ECI ဝန်ဆောင်မှုလုပ်ငန်းများတွင် ကလေးတစ်ဦးချင်းစီ၏ အားသာ

ချက်များနှင့် အထူးလိုအပ်ချက်များတွင် အထူးပြုလေ့လာထားသော ကျွမ်းကျင်သူများပါဝင်သည့်ကဏ္ဍစုံအဖွဲ့များ အသုံးပြုမှုကို စီစဉ်ပြုလုပ်ထားပါသည်။

- ECI ဝန်ဆောင်မှုလုပ်ငန်းများအားလုံးသည် ကလေးကို ကောင်းစွာ ဂရုစိုက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် ဒေသသုံးဘာသာစကား အသုံးပြုမှု၊ မိသားစုတစ်စုစီ၏ ယဉ်ကျေးမှုသတ်မှတ်ချက်များကိုသေချာစွာ လေးစားတန်ဘိုးထားမှုတို့ဖြင့် ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ လိုက်ဖက်ကိုက်ညီပါသည်။
- ECI ကျင့်ဝတ်သည် ECI မှ ပုဂ္ဂိုလ်တစ်ဦးချင်း၏ပြုမူဆောင်ရွက်မှုကို လမ်းညွှန်မှုပေးပါသည်။ ECI အစီအစဉ်မန်နေဂျာများနှင့် ကြီးကြပ်သူများသည် ဤလုပ်ထုံးလုပ်နည်းကို တစ်ဦးချင်း၏လုပ်ဆောင်ချက်ကို သုံးသပ်သည့်အခါ အရေးကြီးသည့်အခြေခံတစ်ခုအဖြစ်အသုံးပြုပါသည်။

### *ကလေးနှင့်မိဘ အပြည့်အဝပါဝင်ကြသော သဘာဝအတိုင်းလုပ်ကိုင်ကြသည့် အခြေအနေများပေါ်တွင် အလေးထားခြင်း*

- ECI ဝန်ဆောင်မှုလုပ်ငန်းများသည် (consistent) အစဉ်တစိုက် ကျွေးမွေးစောင့်ရှောက်သည့် လုပ်ဆောင်ချက်များဖြင့် ကူညီဆောင်ရွက်မှုမှတစ်ဆင့် ကလေးဖွံ့ ဖြိုးတိုးတက်မှုကို အမြင့်မားဆုံးရစေရန်အတွက် အိမ်တွင် သဘာဝအခြေအနေအတိုင်း (natural environment of the home) ကလေးနှင့်သူ၏မိဘများ၊ ထိန်းသိမ်းစောင့်ရှောက်သူများနှင့် အတူ လုပ်ကိုင်ဆောင်ရွက်ပါသည်။
- ECI ဝန်ဆောင်မှုလုပ်ငန်းများသည် ကလေးငယ်များနှင့်အတူ မိခင်များ၊ ဖခင်များနှင့် ကလေးထိန်းသူများ၏ နေ့စဉ်သဘာဝအတိုင်း ပြုလုပ်နေကျ အလုပ်များကို အသုံးပြုပါသည်။ အထူးလိုအပ်ချက်ရှိသည့် ငယ်ရွယ်သော ကလေးများကောင်းစွာဖွံ့ဖြိုးတိုးတက်မှုအတွက် သင်ကြားခြင်း အခွင့်အလမ်းများကို အများဆုံး ကူညီနိုင်ရန် ထိုနေ့စဉ်အလုပ်များဖြစ်သည့် ရေချိုးပေးခြင်း၊ အဝတ်အစားဝတ်ပေးခြင်း၊ အစားအသောက် ကျွေးမွေးခြင်း၊ အဝတ်အစားလဲပေးခြင်း၊ ဈေးဝယ်ထွက်ခြင်း၊ ကစားခြင်းနှင့် အိပ်ယာဝင်ခြင်းတို့ကို ECI ဝန်ဆောင်မှုလုပ်ငန်းများက အသုံးပြု လုပ်ဆောင်ပါသည်။
- မိသားစုက ပိုမိုနှစ်သက်သဘောကျသည့်အခါတွင် မူကြိုကျောင်းများမှ၊ ကလေးစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွင့်လှစ်ထား

သော ရပ်ရွာဌာနများမှ ထိန်းသိမ်းစောင့်ရှောက်သူများ၊ မိဘများနှင့် အတူ ကလေးထံသို့ သွားရောက်မှုများ ပြုလုပ်ပါသည်။

- သူတို့ကလေး၏ ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းချက်များကို တရားဝင် အတည်ပြု ပြောကြားထားရန်နှင့် တည်ဆောက်ရန် အပြည့်အဝပူးပေါင်း လုပ်ကိုင်သူများအဖြစ် သူတို့၏ကလေးကောင်းကျိုးအတွက် ဆောင်ရွက် ရန် မိဘများကို အားပေးပါသည်။
- မိဘများသည် သူတို့ကလေးများ ဖွံ့ဖြိုးတိုးတက်မှုကို လမ်းညွှန်ပေးပြီး၊ မိဘ နှင့် သူတို့၏ ကလေး လက်ခံရယူမည့် ECI ဝန်ဆောင်မှုလုပ်ငန်းများကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိပါသည်။
- သူတို့၏ကလေးများနှင့် မိသားစုများအတွက် မိဘများ၏ဆန္ဒအတိုင်း ဦး စားပေးမှုများကိုတုံ့ပြန်ဆောင်ရွက်သည့် တစ်ဦးချင်းအလိုက် ဝန်ဆောင် မှု အစီအစဉ်ကို ပြင်ဆင်ရန်၊ အကောင်အထည်ဖော်ရန်နှင့် သုံးသပ်ရန် အတွက်လည်းကောင်း၊ အချိန်နှင့် တပြေးညီ ဆန်းစစ်သုံးသပ်ချက်များနှင့် အားလုံးပါဝင်ဆောင်ရွက်ရန် ရည်ရွယ်ချက်များအတွက် အိမ်သို့ လာရောက်သူများ၊ ကျွမ်းကျင်သူများနှင့် မိဘများကြားတွင် ဆောင်ရွက် သူများ၏ ပူးပေါင်းမှုကို ECI ဝန်ဆောင်မှုလုပ်ငန်းများက ဖော်ဆောင် ပါသည်။
- တစ်ဦးချင်းလိုက် ဝန်ဆောင်မှု အစီအစဉ်သည် ကလေး၏ အားသာချက် များနှင့် ကလေး၏ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအားလုံးရှိ ထပ်မံဖွံ့ဖြိုးမှုအဆင့် များပေါ်တွင် အခြေခံထားပါသည်။ ကလေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများ တွင် အာရုံခံစားမှု၊ ရုပ်ပိုင်းဆိုင်ရာ၊ လက်-မျက်စိ ဆက်စပ်ဆောင်ရွက်မှု၊ စိတ်ပိုင်းဆိုင်ရာ (သိမှု)၊ ဘာသာစကား၊ လူမှုရေးနှင့် စိတ်ခံစားမှုဆိုင်ရာ တိုးတက်မှုနှင့် ကိုယ့်ဖာသာကိုယ် ဂရုစိုက်မှုတို့ ပါဝင်ပါသည်။
- မိဘများ၏ သဘောတူညီမှုနှင့်အတူတစ်ဦးချင်းလိုက်ဝန်ဆောင်မှု အစီ အစဉ်တွင် မိဘ၏ ကလေးပြုစု ကျွမ်းကျင်မှု၊ အိမ်လုံခြုံမှု၊ သန့်ရှင်းမှု၊ ကျန်းမာရေးနှင့် အာဟာရပြည့်ဝမှု၊ ကလေး သို့မဟုတ် မိသားစု စိတ်ချ လုံခြုံမှုရှိသည့်ကိစ္စရပ်များကဲ့သို့ မိသားစု ဖွံ့ဖြိုးတိုးတက်ရေး အထူးကဏ္ဍ များလည်း ပါဝင်ပါသည်။
- မိဘများသည် သူတို့၏ကလေးများ၏ လှုပ်ရှားဆောင်ရွက်မှုတိုင်းတွင် သူတို့၏ကလေးများနှင့်အတူ အမြဲတန်း ပါဝင်ပတ်သက်ပါသည်။ မိဘ များနှင့်၊ သို့မဟုတ် စီစဉ်ရွေးချယ်ထားသော ကလေးစောင့်ရှောက်သူ

များ၏ အပြည့်အဝပူးပေါင်းဆောင်ရွက်မှုမပါဝင်ဘဲ ကျွမ်းကျင်သူများသည် ကလေးများနှင့် တိုက်ရိုက်ဝန်ဆောင်မှုဆောင်ရွက်ခြင်း မည်သည့်အခါမျှ မပြုလုပ်ပါ။

*အနာဂတ်တွင် အားလုံးအကျုံးဝင်ဝန်ဆောင်မှုလုပ်ငန်းများသို့ ကလေးနှင့် မိသားစုတို့ ကူးပြောင်းနိုင်ရန်အတွက် ဆောင်ရွက်ပေးခြင်း*

- မိဘများနှင့် ကလေးများသည် သူတို့အတွက် အောင်မြင်မှုအပြည့်အဝ ရရှိပြီး၊ အသက်အရွယ်နှင့် သင့်တော်သည့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိသွားသည့်အခါတွင် အစီအစဉ် ပြီးပြည့်စုံရန်အတွက် ECI ဝန်ဆောင်မှုလုပ်ငန်းများက မိဘများနှင့် ကလေးများကို ပြင်ဆင်ပေးပါသည်။
- ECI ဝန်ဆောင်မှုလုပ်ငန်းများသည် အသက် (၃) နှစ်မှ (၅) နှစ်အတွင်း မသန်စွမ်းကလေးများအတွက် အတားအဆီးမရှိ ဖွံ့ဖြိုးတိုးတက်မှုနှင့် အထောက်အကူပြု ပတ်ဝန်းကျင်အခြေအနေများအပေါ်တွင် အထူးပြုထားသော အားလုံးအကျုံးဝင်မူကြိုကျောင်းများ၊ သူငယ်တန်း သို့မဟုတ် အခြေခံပညာကျောင်းများသို့ အစီအစဉ် ကူးပြောင်းမှုအတွက် မိဘများနှင့် ကလေးများကို စီစဉ်ပေးပါသည်။
- သူတို့၏ ကလေးများသည် တခြားကလေးများနှင့် အပြန်အလှန် ဆက်ဆံရန်လိုအပ်သည်ဟု မိဘများက သူတို့ကလေးများ၏ စွမ်းဆောင်ရည်ကို သုံးသပ်ပြီးနောက်၊ မိဘများကိုယ်တိုင် တောင်းဆိုမှုအပေါ်တွင် ကလေးများကို အထူးကျောင်းများသို့ ပြောင်းရွှေ့ပေးပါသည်။
- သူတို့ပတ်ဝန်းကျင်ရှိ သန်စွမ်းသည့်ကလေးများနှင့် ကစားခြင်း၊ လေ့လာခြင်းတို့မှတစ်ဆင့် ကလေးများအားလုံးနီးပါးသည် အကောင်းဆုံး သင်ယူလေ့လာကြကြောင်း သုတေသနပြုမှုက ဖော်ပြပြီး ဖြစ်ပါသည်။
- ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာအခြေအနေများအားလုံး၌ ECI ဝန်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်သော ကလေးများကို ECI ဝန်ဆောင်မှုလုပ်ငန်းများက အားကောင်းကောင်းဖြင့် မြှင့်တင်ပေးပါသည်။

*ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုနှင့် ပူးပေါင်းအကောင်အထည်ဖော်ခြင်း*

- ECI ဝန်ဆောင်မှုလုပ်ငန်းများကို မြို့နယ်တစ်မြို့နယ်စီတွင် ထူထောင်ထားသည့်အခါ၊ ECI ဝန်ဆောင်မှုလုပ်ငန်းများသည် မြို့နယ် ECI ကော်မတီများနှင့် အလွတ်သဘော(informal) ရပ်ရွာမိဘကူညီရေးအုပ်စုများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးပါသည်။

- မြို့နယ် ECI ကော်မတီများသည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း(စီအာစီ)အားဖြင့် ဖွဲ့စည်းထားသော မြို့နယ် ကော်မတီများ၊ မြို့နယ်တစ်မြို့နယ်စီတွင်ရှိနေသော တခြားမြို့နယ် ကော်မတီများနှင့်ပါ တိုးချဲ့ချိတ်ဆက်ထားပါသည်။

- အစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဘာသာရေးနှင့် ရပ်ရွာ အခြေပြု အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍဝန်ဆောင်မှုများ၊ အဆင့်မြင့် ပညာရေး အဖွဲ့အစည်းများနှင့် ပညာရှင်အဖွဲ့အစည်းများ၏ အဆင့် တိုင်းတွင် ပညာရေး၊ ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ လူမှုဖူလုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့်အတူ ကောင်းမွန် စွာ လုပ်ငန်းအကောင်အထည်ဖော်မှုနှင့် တရားဝင်ပူးပေါင်းဆောင်ရွက် သည့်စနစ်များကို ECI ဝန်ဆောင်မှုလုပ်ငန်းများအားလုံးတွင် ထူထောင် ထားပါသည်။

- ထိထိရောက်ရောက် ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုနှင့်အကောင်အ ထည်ဖော်မှုသည် ကလေးတိုင်းနှင့် မိသားစုတိုင်းကို ကလေးဗဟိုပြုနှင့် မိသားစုအလေးထား ဝန်ဆောင်မှုလုပ်ငန်းများကို အကျိုးဖြစ်ထွန်းစေပြီး၊ အပြည့်အဝ ရေရှည်တည်မြဲသည့် လုပ်ငန်းများအဖြစ် သေချာစေရန် အကူအညီပေးပါသည်။

- ကောင်းမွန်သော ချိတ်ဆက်ပူးပေါင်းအကောင်အထည်ဖော်မှု၊ ညှိနှိုင်း ဆောင်ရွက်မှု ဖွံ့ဖြိုးစေရန်၊ အားကောင်းပြီး ကောင်းစွာစီစဉ်ထားသော လူမှုဝန်ဆောင်မှုလုပ်ငန်းတစ်ခုမှ တခြားလုပ်ငန်းတစ်ခုသို့ ညွှန်းပို့သည့် အစီအစဉ်တစ်ရပ်ကို ဖော်ထုတ်ထားပါသည်။ ထိုလုပ်ငန်းများသည် အချိန်အတိုင်းအတာဖြင့် တိုးတက်မှုရလာသောအခါ သူတို့လိုအပ် သည့် တွဲဘက်ဝန်ဆောင်မှုများကို ကလေးများနှင့် မိသားစုများ သေသေ ချာချာလက်ခံရရှိစေရန် စောင့်ကြည့်ကြပ်မတ်ခြင်းကို ဂရုတစိုက် ပြုလုပ် ပါသည်။

- ကောင်းစွာစီစဉ်ထားသော၊ အရည်အသွေးမြင့်မားသော၊ တန်းတူညီမျှ သော၊ အပြည့်အဝတာဝန်ယူပြီး ပွင့်လင်းမြင်သာမှုရှိသော ဝန်ဆောင်မှု လုပ်ငန်းများ၏ အကူအညီ သေသေချာချာ ရရှိစေရန်အတွက် ECI ဝန် ဆောင်မှုလုပ်ငန်းများသည် ကြီးကြပ်ခြင်း၊ လုပ်ငန်းခွင်သင်တန်းပေးခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်း၊ အသုံးပြုအကဲဖြတ်ခြင်းနှင့် ကလေးအခြေအနေ ကို စစ်ဆေးခြင်းတို့အတွက် အချက်အလက်စုဆောင်းမှု စသည့် စဉ်ဆက် မပြတ် ဆောင်ရွက်သောစနစ်တစ်ရပ်ကို ထူထောင်ထားပါသည်။

- မိဘများနှင့် တခြားအစီအစဉ်တွင် ပါဝင်သူများသည် သူတို့၏ အရပ်ဒေသရှိ ECI ဝန်ဆောင်မှုလုပ်ငန်းများ၏ ထိရောက်မှုနှင့် အရည်အသွေးကို နှစ်စဉ်အကဲဖြတ်ပါသည်။ သူတို့သည် သူတို့၏ အကဲဖြတ်ချက် အစီရင်ခံချက်ကို ဒေသနှင့်နိုင်ငံတော်အဆင့် ECI မန်နေဂျာများသို့ ပို့ပေးပါသည်။ မန်နေဂျာများက အစီရင်ခံစာများကို အသုံးပြုပြီး ဒေသတွင်းရှိ ဝန်ဆောင်မှုလုပ်ငန်းများ၏ အောင်မြင်ရရှိမှုများကို လိုက်ဖက်ကိုက်ညီသည့်အတိုင်း အသိအမှတ်ပြုပြီး အားကောင်းစေရန်ဆောင်ရွက်ပေးပါသည်။
- ECI ဝန်ဆောင်မှုလုပ်ငန်းများ၏အစီအစဉ်ချမှတ်ခြင်းနှင့် သုံးသပ်ခြင်းကို မရှိမဖြစ်လိုအပ်သည့် သုတေသနစီမံကိန်းများကို အရေးအတွက်အကန့်အသတ်တစ်ခုဖြင့် လုပ်ကိုင်ဆောင်ရွက်ပါသည်။



- ECI ဝန်ဆောင်မှုလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများအဖြစ် သေချာစေရန်အတွက်၊ ထိရောက်သည့် ကြီးကြပ်မှု၊ စစ်ဆေးမှုနှင့် အကဲဖြတ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် လုပ်ငန်း ဆောင်ရွက်သူ တစ်ဦးချင်း၏ အရည်အချင်းများကို ကူညီဆောင်ရွက်ပေးမှု၊ အဆက်မပြတ်ပြုလုပ်ပေးသော လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းစသည်တို့နှင့်သက်ဆိုင်သည့် အဆင့်အားလုံးတွင် နှစ်စဉ်ဘဏ္ဍာငွေသုံးစွဲမှုအစီအစဉ်နှင့် ဘတ်ဂျက်ရေးဆွဲခြင်း၊ မူဝါဒနှင့် လုပ်ငန်းကူညီဆောင်ရွက်မှုတို့ကို အလေးထား လုပ်ဆောင်ပါသည်။

# ၃

# ECI အခြေခံရည်မှန်းချက်များနှင့်ရည်ရွယ်ချက်များ



## အမျိုးသားအဆင့် ECI စနစ်၏ အခြေခံ ရည်မှန်းချက်များ

စောင့်ရှောက်မှု၊ ဘေးကင်းမှု၊ အကာအကွယ်နှင့် သန့်ရှင်းမှုရှိသော အိမ်ပတ်ဝန်းကျင်အခြေအနေများကိုဖန်တီးရန် တစ်ဦးချင်းအလိုက် ဝန်ဆောင်မှုပေးသည့်အစီအစဉ်များကို အကောင်အထည်ဖော်ခြင်းဖြင့် မိဘများ၊ ပညာရှင်များနှင့် အတူတကွ ဆောင်ရွက်နေသော ECI ဝန်ဆောင်မှုလုပ်ငန်းများက ဖွံ့ဖြိုးမှုနှောင့်နှေးဖွယ် အလားအလာရှိသော ကလေးသူငယ်များကို ဖော်ထုတ်မည်၊ ကြည့်ရှုစစ်ဆေးမည်၊ စမ်းသပ်အကဲဖြတ်မည်။

- ECI ဝန်ဆောင်မှုလုပ်ငန်းများကို ၂၀၁၅ ခုနှစ်မှ ၂၀၁၇ခုနှစ်အထိ ပြုစုရေးသားမည်။
- ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်းတွင် ရှေ့ပြေးစီမံကိန်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သုံးခုတွင် အကောင်အထည်ဖော်မည်။
- ECI ဝန်ဆောင်မှုလုပ်ငန်းများကို ဆက်တိုက်တိုးချဲ့လျက်၊ ၂၀၂၀ ခုနှစ်တွင် ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ အားလုံးပါဝင်သော ဒေသပေါင်း ၂၀ ခုတွင် ECI ဝန်ဆောင်မှုလုပ်ငန်းအချို့ စတင်ပြီးဖြစ်မည်။
- ၂၀၂၅ ခုနှစ်တွင် မြို့နယ်များအားလုံးရှိ ရပ်ကွက်များတွင် ဖွံ့ဖြိုးမှုနှောင့်နှေးဖွယ် အလားအလာရှိသော ကလေးသူငယ်များအားလုံးကို ဝန်ဆောင်မှုပေးမည်။

ဤအခြေခံရည်မှန်းချက်များကိုရရှိရန် အောက်ပါအမျိုးသားအဆင့် ECI အကောင်အထည်ဖော်ရန် အောက်ပါဦးတည်ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်မည်။

## အမျိုးသားအဆင့် ECI ရည်ရွယ်ချက်များ

ရည်ရွယ်ချက် ၁ -မြန်မာနိုင်ငံ၏ ပြည်နယ်/တိုင်းဒေသကြီး နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ အားလုံးပါဝင်သော ဒေသပေါင်း ၂၀ ခုတွင် ECI ဝန်ဆောင်မှုလုပ်ငန်းများဖော်ဆောင်ရေးနှင့် ဝန်ဆောင်မှုပေးရေးအတွက် နိုင်ငံအဆင့်၊ တိုင်းအဆင့် နှင့် ဒေသအဆင့် ဆုံးဖြတ်ချက်ချမှတ်သူများ၊ လုပ်ငန်းနှင့်သက်ဆိုင်သူများ၊ မိဘများနှင့် ရပ်ရွာဒေသခံများ၏ အကူအညီရရှိရန်။

ရည်ရွယ်ချက် ၂ - မွေးကင်းစနှင့် ကလေးသူငယ်များအားလုံး၏ဖွံ့ဖြိုးမှု အခြေအနေကို သေချာစွာစစ်ဆေး၍ ECI ဝန်ဆောင်မှုလုပ်ငန်းများ ရယူရန် အကျုံးဝင်ကိုက်ညီနိုင်သည့်သူများကိုဖော်ထုတ်ခြင်း၊ ၎င်းတို့ကို ECI ဝန်ဆောင်မှု

လုပ်ငန်းများသို့ စမ်းသပ်အကဲဖြတ်ရန်ညွှန်းပို့ခြင်း၊ အကျုံးဝင်ကိုက်ညီမှု ထူထောင်ခြင်းနှင့် ဝန်ဆောင်မှုရရှိရေးတို့အတွက် သေချာစေရန်။

ရည်ရွယ်ချက် ၃ - စွမ်းဆောင်ရည် မြင့်မားသည့် ECI ဝန်ဆောင်မှုလုပ်ငန်းများ စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်းဖြင့် ECI ဝန်ဆောင်မှုလုပ်ငန်းများရယူရန် အကျုံးဝင်ကိုက်ညီသည့် မွေးဖွားရာမှ အသက်ငါးနှစ်အတွင်းရှိ ကလေး သူငယ်များနှင့် ဖွံ့ဖြိုးမှုနှောင့်နှေးဖွယ်ရှိသော မွေးကင်းစများ၏ ကောင်းစွာ ရှင်သန်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို တိုးတက်စေရန်၊ အားလုံး အကျုံးဝင်သည့် မူကြိုကျောင်း၊ မူလတန်းကျောင်း သို့မဟုတ် အခြေခံပညာ ကျောင်းသို့ ကောင်းမွန်စွာကူးပြောင်းမှု သေချာစေရန်။

ရည်ရွယ်ချက် ၄ - ECI ဝန်ဆောင်မှုဆောင်ရွက်သူအားလုံးသည် ကျွမ်းကျင်မှု နှင့် အရည်အချင်းရှိပြီး ကောင်းစွာလေ့ကျင့်ထားကြောင်း၊ ECI ကျွမ်းကျင် သူများသည် အရည် အချင်းပြည့်မီကြပြီး၊ ECI များ အားလုံးသည်လည်း ကောင်းစွာကြီးကြပ်မှုရှိကြောင်း သေချာစေရန်။

ရည်ရွယ်ချက် ၅ - ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်နယ်/တိုင်းဒေသကြီး နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအားလုံးပါဝင်သော ဒေသပေါင်း ၂၁ ခု လုံး၌ ECI ဝန်ဆောင်မှုလုပ်ငန်းများ သေချာစွာ ထူထောင်ထားရန်နှင့် ၂၀၂၅ ခုနှစ်တွင် မြို့နယ်များအားလုံးတွင် ECI ဝန်ဆောင်မှုလုပ်ငန်းများကို ထောက် ပံ့မည့် အစီအစဉ်တခု ပြင်ဆင်ရန်။

ရည်ရွယ်ချက် ၆ - ECI ဝန်ဆောင်မှုလုပ်ငန်းများအားလုံးသည် အပြည့်အဝ တာဝန်ယူမှုရှိကြောင်း ပြီးပြည့်စုံသည့် ECI စီမံခန့်ခွဲမှုသတင်းအချက်အလက် စနစ်တစ်ရပ်ဖြင့် လည်းကောင်း၊ ECI နှင့် ဆက်နွယ်မှုရှိသော အကဲဖြတ်ခြင်းနှင့် သုတေသနဆောင်ရွက်ချက်များအားဖြင့်လည်းကောင်း သေချာစေရန်။

ရည်ရွယ်ချက် ၇ - ထိရောက်သည့် ဌာနဆိုင်ရာပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် ဖွံ့ဖြိုးမှုနှောင့်နှေးဖွယ်ရှိသော ကလေးများအတွက် 'စဉ်ဆက်မပြတ် အဆင့်ဆင့်စောင့်ရှောက်မှု'တစ်ခု ထူထောင်ရန်။

ရည်ရွယ်ချက် ၈ - ကောင်းစွာစီစဉ်ထားသော၊ ရေရှည်တည်တံ့သော၊ အရည် အသွေးမြင့်သော၊ ဘဏ္ဍာငွေကောင်းစွာရှိသော အမျိုးသားအဆင့် ECI ဝန်ဆောင်မှုလုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်စေရန်။

# ၆

# ECI မဟာဗျူဟာဦးစားပေးအစီအစဉ်များ



ECI မဟာဗျူဟာ အစီအစဉ်၏ ရည်မှန်းချက်များနှင့် ဦးတည်ရည်ရွယ်ချက်များကို အောင်မြင်ရရှိရန်အတွက် အောက်ပါမဟာဗျူဟာဦးစားပေးအစီအစဉ်များကို အချိန်မီလိုက်လံဆောင်ရွက်ပါမည်။ မဟာဗျူဟာ ဦးစားပေးအစီအစဉ်များကို ရည်ရွယ်ချက်များအလိုက် အစီအစဉ်ပြုလုပ်ထားပါသည်။

| ECI မဟာဗျူဦးစားပေး အစီအစဉ်များ |
| --- |
| *မဟာဗျူဟာ (၁) အသိပေးလှုံ့ဆော်၊ ပြန်ကြားဆက်သွယ်ရေးများနှင့် ECI ဝန်ဆောင်မှုများအကြောင်းအသိပညာပေးခြင်း*<br><br>နိုင်ငံတဝန်း ECI ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အပံ့များ ထူထောင်ရန် ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးတွင် အခြေခံလူထုအဆင့်များနှင့် အမြင့်ဆုံးအဆင့်များတွင် ပြန်ကြားဆက်သွယ် အသိပညာပေးသည့် လုပ်ငန်းစဉ်နှင့်အတူ ပြန်ကြားဆက်သွယ်ပညာပေး ဆောင်ရွက်သည့် လှုံ့ဆော်မှုများနှင့် ပူးပေါင်းဆောင်ရွက်သည့် ECI ဝန်ဆောင်မှုများ ပြုလုပ်မည်။ |
| *မဟာဗျူဟာ (၂) ရပ်ရွာအရောက် သွားရောက်ဝန်ဆောင်မှုပေးခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုတိုင်းတာစစ်ဆေးခြင်းနှင့် ညွှန်းပို့ခြင်း*<br><br>လိုအပ်သလို ရပ်ရွာအရောက်ဝန်ဆောင်မှုပေးခြင်းနှင့် စမ်းသပ်အကဲဖြတ်ခြင်းများအတွက်ညွှန်းပို့ခြင်းနှင့် ပေါင်းစပ်ထားသော တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်းတာစစ်ဆေးခြင်းနှင့် ရပ်ရွာအရောက် သွားရောက်ဝန်ဆောင်မှုပေးခြင်းတို့ဆောင်ရွက်ပြီး ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးဖွယ်အလားအလာများ ရှိနေသည့် ကလေးသူငယ်များနှင့် အထူးလိုအပ်ချက်များရှိနေသည့် ကလေးသူငယ်များအတွက် ECI ဝန်ဆောင်မှုလုပ်ငန်းများ၏ ထောက်ပံ့ကူညီမှုကို သေချာရရှိစေမည်။ |
| *မဟာဗျူဟာ (၃) ECI ဝန်ဆောင်မှုလုပ်ငန်းများ ဖော်ဆောင်ခြင်း*<br><br>ECI ထူထောင်ရေးနည်းနာများဖြင့် နေအိမ်အခြေပြု အားလုံးပါဝင်သည့် ECI ဝန်ဆောင်မှုလုပ်ငန်း အစီအစဉ်များကို စီမံရေးဆွဲပြီး အကောင်အထည်ဖော်မည်။ ECI ထူထောင်ရေးနည်းနာများဆိုသည်မှာ ECI အစီအစဉ် လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများ၊ ကလေးနှင့် မိသားစု စမ်းသပ် အကဲဖြတ်ခြင်းများ၊ မိဘ များနှင့် အခြားစောင့်ရှောက်သူများပါဝင်သော ကလေးဖွံ့ဖြိုးမှုနယ်ပယ်စုံကျွမ်းကျင်သူများအဖွဲ့၊တစ်ဦးချင်းအလိုက်ဝန်ဆောင် မှု အစီအစဉ်များ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့်အညီ သင်ရိုးနှင့် အိမ်တိုင်ရာ |

ရောက် ဝန်ဆောင်မှုပေးသည့်နည်းလမ်းများ၊ ကလေးသူငယ်များ၊ မိသားစုများနှင့် စောင့်ရှောက်သူများအတွက် တစ်ဦးချင်းအလိုက် ဝန်ဆောင်မှုများ၊ အစီအစဉ်ကူးပြောင်းရေး သို့မဟုတ် အစီအစဉ်ပြီးပြည့်စုံရေးအတွက် အစီအစဉ်များ နှင့် ECI ဝန်ဆောင်မှုလုပ်ငန်းစံနှုန်းများ ပါဝင်ပါသည်။

*မဟာဗျူဟာ (၄) ECI ဝန်ဆောင်မှုပေးသူများအတွက် လုပ်ငန်းခွင်အကြို နှင့် လုပ်ငန်းခွင်တွင်းသင်တန်းဖော်ဆောင်ရေးနှင့် သင်တန်းပေးခြင်း*

လုပ်ငန်းခွင်အကြိုနှင့် စဉ်ဆက်မပြတ်လုပ်ငန်းခွင်သင်တန်း ပေးပါမည်။ အရည်အချင်းပြည့်မီသော ECI စီမံခန့်ခွဲသူများ၊ ကြီးကြပ်သူများ၊ ပညာရှင်များ၊ နယ်ပယ်အားလုံးကို ခြုံငုံကျွမ်းကျင်သူများနှင့် စေတနာ့ဝန်ထမ်းများ၏ ပြင်ဆင်မှုသေချာရှိစေရန် လေ့ကျင့်ပေးပါမည်။ လေ့ကျင့်ပေးမှုများတွင် ရွေးချယ်မှုစံနှုန်းများ၊ အခန်းကဏ္ဍများနှင့် ဝတ္တရားများ၊ အဖွဲ့ဝင်တစ်ဦးချင်း၏ စံသတ်မှတ်ချက်များ၊ အရည်အချင်းပြည့်မီခြင်း၊ ထပ်ဆင့်အရည်အချင်း စစ်ဆေးခြင်း၊ (career ladders) လုပ်ငန်းအဆင့်ဆင့်များနှင့် လစာနှုန်းထားများ အကြောင်းတို့ ပါဝင်ပါမည်။

*မဟာဗျူဟာ (၅) ECI ဝန်ဆောင်မှုလုပ်ငန်းများထူထောင်ခြင်း၊ အဆင့်လိုက် တိုးချဲ့ခြင်း*

၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်နယ်/တိုင်းဒေသကြီး နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအားလုံးပါဝင်သော ဒေသပေါင်း ၂၁ ခုနှင့် ၂၀၂၅ ခုနှစ်တွင်မြို့နယ်များအားလုံးရှိရပ်ကွက်များတွင် ECI ဝန်ဆောင်မှုလုပ်ငန်းများ ထူထောင်သည့်ရည်မှန်းချက်များနှင့်အတူ ဝန်ဆောင်မှုအကောင်အထည်ဖော်ရန်အတွက် အဆင့်လိုက် အစီအစဉ်ကို ဖော်ဆောင်မည်။

*မဟာဗျူဟာ (၆) ECI လုပ်ငန်း တာဝန်ယူမှု*

ကလေးအခြေအနေ လိုက်လံဆန်းစစ်ခြင်း၊ ကလေးနှင့် မိသားစုမှတ်တမ်းများ၊ စောင့်ကြည့်ကြပ်မတ်ခြင်း၊ အကဲဖြတ်ခြင်း၊ အစီရင်ခံခြင်းနှင့် စဉ်ဆက်မပြတ် လုပ်ငန်းစီမံချက်ရေးဆွဲခြင်းနှင့် ချိတ်ဆက်ထားသော သုတေသနပြုခြင်းတို့ ပါဝင်သည့် ECI စီမံခန့်ခွဲမှု သတင်းအချက်အလက် စနစ်ကို ဖော်ဆောင်မည်။



*မဟာဗျူဟာ (၇) ကဏ္ဍပေါင်းစုံ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းအကောင်အထည်ဖော်ခြင်း*

ECI ဝန်ဆောင်မှုလုပ်ငန်းများတွင် စာရင်းသွင်းထားသော ကလေးများအားလုံးအတွက် ထိရောက်သော 'စဉ်ဆက်မပြတ် အဆင့်ဆင့်စောင့်ရှောက်မှု' အစီအစဉ်တစ်ခု ဆောင်ရွက်မည်။ ထိုအစီအစဉ်ထဲတွင် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့် ပူးပေါင်းပါဝင်မှု၊ ကျန်းမာရေး၊ အာဟာရဖြည့်ဆည်းမှုနှင့် လုံခြုံစိတ်ချမှုဆိုင်ရာဝန်ဆောင်မှုများသို့ ညွှန်းပို့ပေးမှုများနှင့် အားလုံးအကျုံးဝင်သည့် မူကြိုကျောင်းများ၊ မူလတန်းကျောင်းများနှင့် အခြေခံပညာကျောင်းများသို့ ကူးပြောင်းမှုများလည်း ပါဝင်ပါသည်။

*မဟာဗျူဟာ (၈) ECI စနစ်ဖွံ့စည်းပုံ၊ နှစ်စဉ်လုပ်ငန်းအစီအစဉ်နှင့် ဘဏ္ဍာငွေခွဲဝေခြင်း*

ရပ်ကွက်(ရပ်။ကျေး)၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ခွင့်ရဒေသများ၊ ပြည်ထောင်စုအဆင့်များပါဝင်သည့် စီမံဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းများပါဝင်သော ထိရောက်မှုရှိပြီး၊ အချိန်နှင့် တပြေးညီ အားကောင်းသည့် ECI ဖွံ့စည်းမှုစနစ် တည်ဆောက်ပြုလုပ်မည်။

၂

# ECI မဟာဗျူဟာဦးစားပေးများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ



အမျိုးသားအဆင့် ECI စနစ်၏ ရည်မှန်းချက်များနှင့် ရည်ရွယ်ချက်များ အောင်မြင်ရရှိရန်အတွက် ဝန်ဆောင်မှုများနှင့်များကို မဟာဗျူဟာ ဦးစားပေးမှု တစ်ခုစီအောက်တွင် ပြုလုပ်မည်။ မဟာဗျူဟာ ဦးစားပေးအစီအစဉ်တစ်ခုစီတွင် ပါဝင်သော အကြောင်းအရာများကို အောက်တွင် ဖော်ပြထားပါသည်။

| *မဟာဗျူဟာ (၁) အသိပေးလှုံ့ဆော် ပြန်ကြားဆက်သွယ်ရေးများနှင့် ECI ဝန်ဆောင်မှုများအကြောင်းအသိပညာပေးခြင်း* |
| --- |
| နိုင်ငံတဝန်း ECI ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အပံ့များ ထူထောင်ရန် ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးတွင် အခြေခံလူထုအဆင့်များနှင့် အမြင့်ဆုံးအဆင့်များတွင် ပြန်ကြားဆက်သွယ် အသိပညာပေးသည့် လုပ်ငန်းစဉ်နှင့်အတူ ပြန်ကြားဆက်သွယ် ပညာပေးဆောင်ရွက်သည့် လှုံ့ဆော်မှုများနှင့် ပူးပေါင်းဆောင်ရွက်သည့် ECI ဝန်ဆောင်မှုများ ပြုလုပ်မည်။ |

### ၁. ၁။ ECI အသိပေးလှုံ့ဆော်၊ ပြန်ကြားဆက်သွယ်ရေးများနှင့် အသိပညာပေးရေးအတွက် နည်းပညာအုပ်စု

ECI အသိပေးလှုံ့ဆော်၊ ပြန်ကြားဆက်သွယ်ရေးများနှင့် အသိပညာပေးရေးအတွက် အားကောင်းတက်ကြွသောနည်းပညာအုပ်စုထူထောင်ရန် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (MoSWRR)သည် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်တွင်းနှင့် နိုင်ငံတကာ NGO၊ FBOs၊ CBOs မှ ဦးဆောင်နေသော ECI ကျွမ်းကျင်သူများ၊ ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော်မည်။ ဖြစ်နိုင်လျှင် သတင်းမီဒီယာနှင့် အိုင်တီ (IT) အထူးကျွမ်းကျင်သူများနှင့် ပြန်ကြားရေးဆက်သွယ်ရေးများမှ စေတနာ့ဝန်ထမ်းကျောင်းသားများက နည်းပညာအုပ်စုကို ကူညီကြမည်။

နည်းပညာအုပ်စုအဖွဲ့ဝင်များသည် လုပ်ပိုင်ခွင့်နှင့်တာဝန်များ(TOR)ကို မူကြမ်းရေးဆွဲမည်။ ထိုလုပ်ပိုင်ခွင့်နှင့်တာဝန်များ (TOR)သည် ECI မဟာဗျူဟာ အစီအစဉ်နှင့် လုပ်ငန်းစီမံကိန်းအပေါ်တွင် အခြေခံမည်။ TOR ၏ နောက်ဆုံးမူကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန (MoSWRR) က ပြင်ဆင်၊ အတည်ပြုမည်။

ကနဦး၌ ECI အသိပေးလှုံ့ဆော်၊ ပြန်ကြားဆက်သွယ်ရေးများနှင့် အသိပညာပေးရေးအတွက် နည်းပညာအုပ်စုသည် ပထမဆုံးအမျိုးသားအဆင့် ECI အသိပေးလှုံ့ဆော်နှင့်ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းများ အစီအစဉ်ပေါ်ထွက်လာရေးအတွက် နှစ်ပတ်တစ်ကြိမ် အစည်းအဝေးထိုင်မည်။ နောက်ပိုင်းတွင်၊ လိုအပ်ချက်အပေါ်မူတည်ပြီး စီမံကိန်းအကောင်အထည်ဖော်ရေး အစည်းအဝေးများကို နှစ်ပတ်တစ်ကြိမ် သို့မဟုတ် တလတစ်ကြိမ် အစည်းအဝေးထိုင်မည်။

## ၁. ၂။ ပူးပေါင်းဆောင်ရွက်သော ECI အသိပေးလှုံ့ဆော်လုပ်ငန်း၊ ပြန်ကြားဆက်သွယ်ရေးများနှင့် အသိပညာပေး လှုံ့ဆော်မှုများဆောင်ရွက်ရန်နှစ်စဉ်များ

ပူးပေါင်းဆောင်ရွက်သော ECI အသိပေးလှုံ့ဆော်လုပ်ငန်း၊ ပြန်ကြားဆက်သွယ်ရေးများနှင့် အသိပညာပေးလှုံ့ဆော်မှုများကို လုပ်ဆောင်ရန်၊ အသိပေးသတင်းစကားများရွေးချယ်ရန်နှင့် နိုင်ငံလုံးဆိုင်ရာ၊ ပြည်နယ်/တိုင်းဒေသကြီး၊ မြို့နယ်နှင့် ရပ်ကွက်ဆိုင်ရာ လှုံ့ဆော်သော လုပ်ငန်းစဉ်ပြုလုပ်ရန် နှစ်စဉ် အမျိုးသားအဆင့် ECI အသိပေးလှုံ့ဆော်လုပ်ငန်းနှင့် ပြန်ကြားဆက်သွယ်ရေးများ အစီအစဉ်များကို ပြင်ဆင်မည်။ ပထမဆုံး နှစ်စဉ်အမျိုးသား ECI အသိပေးလှုံ့ဆော်လုပ်ငန်းနှင့် ပြန်ကြားဆက်သွယ်ရေးများ အစီအစဉ်သည် ၂၀၁၇ ဇွန်လမှ ဒီဇင်ဘာလအထိ ကာလတွင် ဖော်ထုတ်မည်၊ အကောင်အထည်ဖော်မည်။

ကနဦးတွင် ထိပ်ဆုံးအဆင့်မှ ခေါင်းဆောင်များကို အသိပေးရန်၊ တွေ့ဆုံစေရန် အမျိုးသားအဆင့် ဒေသဆိုင်ရာအဆင့်တွင် မူဝါဒဆိုင်ရာအကျိုးဆောင်မှုကို အထူးအလေးထားမည်။ အခြေခံလူထုအဆင့် အကျိုးဆောင်ရေး လုပ်ငန်းစဉ်သည် နိုင်ငံတစ်ဝန်း ECI ဖွံ့ဖြိုးမှုများကို ထောက်ခံရန် ECI ဝန်ဆောင်မှုများ၏ အရေးပါမှုနှင့် အကျိုးကျေးဇူးများနှင့် ပတ်သက်၍ ဝန်ဆောင်မှုပေးသူများ ရပ်ရွာအသိုင်းအဝိုင်း မိဘများကို အသိပေးရန်အတွက် အရေးပါသည်။ အဆင့်လိုက်လုပ်ဆောင်သည့်အခြေခံပေါ်တွင် အသိပေးလှုံ့ဆော်လုပ်ငန်းစဉ်ကို နိုင်ငံတစ်ဝန်းလုံးတွင် လုပ်ဆောင်မည်။

ဖုန်းအခြေပြု လူမှုကွန်ရက်မီဒီယာ၊ အင်တာနက်၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ ယဉ်ကျေးမှုပွဲများ၊ ပုံနှိပ်မီဒီယာ (စာတန်း၊ လက်ကမ်းစာစောင်၊ ပိုစတာ)တို့အပါအဝင်၊ မီဒီယာအမျိုးအစားအားလုံးကို ပူးပေါင်းဆောင်ရွက်သော ECI အကျိုးဆောင်လုပ်ငန်း၊ ပြန်ကြားဆက်သွယ်မှုများ နှင့် အသိပညာပေး လှုံ့ဆော်မှုများတွင် အသုံးပြုမည်။ မီဒီယာလှုပ်ရှားမှုများသည် 'ECI အတွက် ချန်ပီယံများ'အဖြစ် ရုပ်ရှင်သရုပ်ဆောင်များ၊ ဂီတသမားများကို ရွေးချယ်အသုံးပြုမည်။



### ၁. ၃။ ECI ဝက်ဘ်ဆိုက်နှင့် ECI တယ်လီဖုန်းအသုံးပြုဆောင်ရွက်ခြင်းများ (mobile application)၊ နိုင်ငံတော်အဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်နှင့် ရပ်ကွက်အဆင့် ခေါင်းဆောင်များအတွက် မူဝါဒအကျဉ်းချုပ်များ ဖော်ဆောင်ခြင်း

နိုင်ငံတော်အဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ မြို့နယ်နှင့် ရပ်ကွက်အဆင့်များမှ အခြားခေါင်းဆောင်များ၊ ဆုံးဖြတ်ချက်ချမှတ်သူများ၏ ဆက်ခံသောအုပ်စုများကို ရောက်ရှိရန်၊ ECI မူဝါဒအကျဉ်းချုပ်များကို ဆုံးဖြတ်ချက်ချမှတ်သူများအတွက် မတူသောအမြင်သဘောထားများမှ မူကြမ်းပြုစုပြီး၊ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေမည်။ ဦးစားပေးခေါင်းစဉ်များအပေါ်တွင် အနည်းဆုံး မူဝါဒအကျဉ်းချုပ်လေးခုကို နှစ်စဉ်ပြင်ဆင်မည်၊ ၃ လတစ်ကြိမ် အခြေခံဖြင့် ပို့မိုသင့်တော်မည်။

မိဘများ၊ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် ECI လုပ်ငန်းခွင်များအတွက် အမျိုးသားအဆင့် ECI ဝက်ဘ်ဆိုက်တစ်ခုကို ရေးဆွဲမည်၊ တည်ထောင်မည်၊ ထိန်းသိမ်းမည်။ ECI ဝက်ဘ်ဆိုက်ပေါ်တွင် ECI အစီအစဉ် လမ်းညွှန်နှင့် လုပ်ငန်းစဉ်များ၊ မိဘများ၊ မိသားစုများအတွက် ပတ်သက်သော ECI စာအုပ်၊ သတင်း အချက်အလက်များ၊ ဝန်ဆောင်မှုများနှင့် ဝန်ထမ်းရေးရာ စံနှုန်းများ၊ စမ်းသပ်စစ်ဆေးသည့် အချက်အလက်များ၊ ကြေညာချက်များ၊ အခမ်းအနားကျင်းပမည့် ရက်စွဲဖော်ပြထားသော ပြက္ခဒိန်၊ သင်တန်းအခွင့်အလမ်းများ၊ အလုပ်ခေါ်ယူခြင်းများနှင့် အခြားကိစ္စများနှင့်အတူ မူဝါဒအကျဉ်းချုပ်များကို ဝက်ဘ်ဆိုက်တွင် ဖော်ပြထားမည်။ အနည်းဆုံး တလတစ်ကြိမ်နှုန်းဖြင့် ဝက်ဘ်ဆိုက်တွင် အသစ်တင်ပြမှုနှင့် ထိန်းသိမ်းမှုကို အမျိုးသားအဆင့် ECI ရုံးက ဆောင်ရွက်မည်။



ECI ကျွမ်းကျင်သူများနှင့် လိုအပ်ချက်နှင့်အညီ ကျွမ်းကျင်သူများအတွက် တယ်လီဖုန်းအသုံးပြု ဆောင်ရွက်ခြင်းကို ဖော်ထုတ်ခြင်း၊ အသစ်တင်ပြခြင်းနှင့် ထိန်းသိမ်းခြင်း ပြုလုပ်မည်။ သူတို့နှင့် လစဉ် အနီးကပ် ပြန်ကြား ဆက်သွယ်မှုများကို ထိန်းသိမ်းမည်၊ လုပ်ငန်းခွင်သင်တန်းပေးမည်၊ သူတို့၏ ကွင်းဆင်း အလုပ်များကို အထောက် အပံ့ပြုမည်။

### ၁.၄။ ECI ဝန်ဆောင်မှုလုပ်ငန်းများရှိ စာကြည့်တိုက်မှူးများကို သင်တန်းပေးခြင်း၊ ECI ဝန်ဆောင်မှုလုပ်ငန်းနေရာများနှင့် စာကြည့်တိုက်များကြား ပူးပေါင်းအကောင်အထည်ဖော်မှုများကို ဖော်ထုတ်ခြင်း

မြို့နယ်အဆင့်တွင် စာကြည့်တိုက်မှူးများအတွက် သင်တန်းသင်ရိုး ရေးဆွဲမည်။ ECI ဝန်ဆောင်မှုလုပ်ငန်း အကြောင်း သတင်းအချက်အလက်များ ပါဝင်မည်၊ ECI ဝန်ဆောင်မှုလုပ်ငန်းများနှင့် နိုင်ငံတဝန်း တိုးတက်ထူထောင်လာသည့်အခါ၊ မြို့နယ်တစ်ခုစီတွင် စာကြည့်တိုက်များကြား ပူးပေါင်းအကောင်အထည်ဖော်မှုကို အားပေးမည်။

ကလေးများနှင့် မိဘများအတွက် ရပ်ရွာဌာနများ ဖြစ်လာရန် စာကြည့်တိုက်များ အစီအစဉ်များကို အထူးအလေးထားမှုဖြင့် ရွေ့ပြောင်းနေရာ ၉ နေရာစလုံးတွင် သင်တန်းပေးမည်။ ဤအရေးကြီးသော ပူးပေါင်းအကောင်အထည်ဖော်မှုသည် ကလေးကောင်းစွာဖွံ့ဖြိုးမှု၊ မိဘပညာပေးလုပ်ငန်းနှင့် မိဘများ၏ ရေရှည်လေ့လာရေးကို အထောက်အကူဖြစ်မည်။

### ၁.၅။ ပြည်နယ်/တိုင်းဒေသကြီး၊ မြို့နယ်နှင့် ရပ်ကွက်အဆင့် ပါဝင်ပတ်သက်သူများအား အသိပညာပေးသင်တန်းကဏ္ဍများကို ပံ့ပိုးခြင်း။

ရပ်ကွက်များ၊ မြို့နယ်များနှင့် ECI ဝန်ဆောင်မှုများဆောင်ရွက်မည့် အနီးနား မြို့နယ်များရှိ ဒေသဆိုင်ရာအာဏာပိုင်များကို ဖိတ်ကြားပြီး၊ အကျဉ်းချုပ်နှင့် အကျိုးသက်ရောက်မှုမြင့်မားသော သက်ဆိုင်သူများအား ECI ဝန်ဆောင်မှုများ အကြောင်း အသိပေးသင်တန်းများကို စီစဉ်ရေးဆွဲပြီး ကျင်းပမည်။ ထိုသင်တန်းများသည် ဖွံ့ဖြိုးမှုနှောင့်နှေးသော ကလေးများနှင့် မသန်စွမ်းကလေးများ အပေါ်တွင် အလေးထားသည့် အပြုအမူများနှင့် အပြုသဘောဆောင်သည့် ရပ်ရွာစိတ်ထားများကိုလည်း မြင့်တင်ပေးပါမည်။

၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်နယ်/တိုင်းဒေသကြီး နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအားလုံးပါဝင်သော ဒေသပေါင်း ၂၁ ခုစလုံး၌ သက်ဆိုင်သူများကို အသိပညာပေးသင်တန်းကဏ္ဍများ ပံ့ပိုးပေးပြီး၊ ၂၀၁၉-၂၀၂၁ ခုနှစ်တွင် ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ အားလုံး၌ ECI ဝန်ဆောင်မှုလုပ်ငန်းများ မိတ်ဆက်ခြင်းအတွက် ပြင်ဆင်မည်။

မိဘများ၊ ဆရာများ၊ အခြား ဝန်ဆောင်မှုပေးသူများ၊ ဒေသရပ်ရွာနှင့် မြို့နယ်ခေါင်းဆောင်များ၊ တက်ရောက်သော ဒေသဆိုင်ရာအာဏာပိုင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ စာနယ်ဇင်းသမားများနှင့် အခြားသူများအပါအဝင် ဒေသဆိုင်ရာ ECI ပါဝင်ပတ်သက်သူများအားလုံးတွင် အပြုအမူနှင့် အပြုသဘောဆောင်သည့် သဘောထားများဖွံ့ဖြိုးလာရန် ဤလေ့ကျင့်ရေးအစီအစဉ်များက ကြိုးပမ်းလုပ်ဆောင်ပေးမည်။

### ၁.၆။ ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှု၊ မသန်စွမ်းမှုဆိုင်ရာ NGO၊ FBOs၊ CBOs နှင့် ကျွမ်းကျင်သူအသင်းများအတွက် ECI ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတင်းနှင့် အသိပညာပေး သင်ရိုးများပြင်ဆင်ခြင်းနှင့် အသုံးပြုခြင်း

ECI သည် မြန်မာနိုင်ငံတွင် လူမှုဖွံ့ဖြိုးတိုးတက်မှု ဝန်ဆောင်မှုလုပ်ငန်းအသစ်ဖြစ်သောကြောင့် ECI ဝန်ဆောင်မှုများနှင့် ထိုအဖွဲ့အစည်းများကြား ရေရှည်ဆက်စပ်မှု ထူထောင်ရေး ရည်မှန်းချက်နှစ်ခုအတွက် ပညာရှင် အဖွဲ့အစည်းများ ကလေးသူငယ် ဖွံ့ဖြိုးမှုနှင့် မသန်စွမ်းမှုဌာနများ၊ အသင်းအဖွဲ့များအုပ်စုများအတွက် လေ့ကျင့်ရေးနှင့် သတင်းနှင့်အသိပညာပေးရေးဆိုင်ရာ သင်ရိုးတစ်ခု ပြုစုသွားမည်ဖြစ်သည်။

သင်တန်းသင်ရိုးကို ၂၀၁၈ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ၏ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအားလုံးပါဝင်သော ဒေသပေါင်း ၂၁ ခုလုံး၌ သင်တန်းနှင့်သက်ဆိုင်သော လေ့ကျင့်ရေးလုပ်ငန်းစဉ် ပြုလုပ်ရန် ရည်မှန်းချက်ဖြင့် ၂၀၁၇-၂၀၁၈ အတွင်း ဤအဖွဲ့အားလုံးတို့အား ပေးအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဝန်ထမ်းအပြောင်းအလဲ များပြားသည့်အတွက် သင်တန်းကိုလည်း နှစ်စဉ်ပေးပါမည်။ သင်ရိုးတွင် ပို့စတာများ၊ လက်ကမ်းစာစောင်များနှင့် စာအုပ်ငယ်များ ပါဝင်နိုင်ပါသည်။

၁. ၇။ ရရှိသော သင်ခန်းစာများနှင့် အသစ်တွေ့ရှိချက်များကို အထက်အောက်နှင့် ဘေးတိုက်မျှဝေခြင်းအပါအဝင်၊ အဆင့်အသီးသီးတွင် ECI ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ခြင်းကို ကူညီရန် ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းများ မဟာဗျူဟာတစ်ခုကို ဖော်ဆောင်ရန်။

၂၀၁၇ ခုနှစ် အောက်တိုဘာမှ ဒီဇင်ဘာအတွင်း ရွေ့ပြောင်းလုပ်ငန်းခွင်များ၏ သင်တန်းကာလအတွင်း သုံးနိုင်ရန် ၂၀၁၇ ခုနှစ်အတွင်းတွင် ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းများ မဟာဗျူဟာကို ဖော်ဆောင်မည်။ ထို့နောက် ၂၀၁၈ ရွေ့ပြောင်းလုပ်ငန်းခွင်နှစ်အတွင်းတွင် အသုံးပြုမည်။

၂၀၁၈ ခုနှစ်တွင်၊ ပြည်နယ်။ တိုင်းဒေသကြီး သုံးခုရှိ မြို့နယ်အဆင့် ရွေ့ပြောင်းဖော်ဆောင်သည့် နေရာများမှ ထိုတူညီသည့် ပြည်နယ်/တိုင်းဒေသကြီးများတွင် ထပ်တိုးဝန်ဆောင်မှုနေရာများအထိ ECI ဝန်ဆောင်မှုများ တိုးချဲ့သည့်အခါ၊ ထိုပြန်ကြားဆက်သွယ်ရေးလုပ်ငန်းများ မဟာဗျူဟာ လိုအပ်လိမ့်မည်။

၎င်းအပြင် ထိုပြန်ကြားဆက်သွယ်ရေးများ မဟာဗျူဟာကို အသုံးပြုပြီး၊ ECI ဝန်ဆောင်မှုလုပ်ငန်းများကို အခြား ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ ထပ်တိုးမိတ်ဆက်မည်။ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းများ မဟာဗျူဟာသည် ရရှိသောသင်ခန်းစာများနှင့် အသစ်တွေ့ရှိချက်များကို အထက်အောက်နှင့် ဘေးတိုက် မျှဝေခြင်းကို တိုးမြှင့်ဆောင်ရွက်မည်။

၁. ၈။ ECI အသိပေးလှုံ့ဆော်မှု၊ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းများ နှင့် အသိပညာပေးလှုပ်ရှားဆောင်ရွက်ချက်များ၏ ထိရောက်မှုကို အကဲဖြတ်သုံးသပ်ရန်။

ရွေးချယ်ထားသော ECI အသိပေးလှုံ့ဆော်မှု၊ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းများနှင့် အသိပညာပေး လှုပ်ရှားဆောင်ရွက်ချက်များ၏ အကျိုးသက်ရောက်မှုကို သုံးသပ်ရန်၊ မြန်ဆန်စွာစောင့်ကြည့်ကြပ်မတ်ခြင်းနှင့် အကဲဖြတ်ခြင်း ဖြစ်စဉ်များ

ကို ဖော်ဆောင်မည်။ ဤသုံးသပ်ချက်များကို ဖော်ပြပါခေါင်းစဉ်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည့် - ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းစဉ်၊ ရပ်ရွာအရောက် ထိရောက်မှု၊ အသိပေးသတင်းစကား စွဲထင်မှု၊ ကောင်းမွန်သော မိခင်တာဝန်ကျေမှု၊ ဖခင်တာဝန်ကျေမှုတို့ကို အားပေးသည့် မိခင်ဖခင်အခန်းကဏ္ဍများအပေါ် ဟန်ချက်ညီအာရုံစိုက်မှု၊ သဘောထားနှင့် အပြုသဘောဆောင်သည့် အပြုအမူ အပြောင်းအလဲတို့ဖြင့် တိုင်းတာသော အဓိက အသိပေးသတင်းစကားများ၏ အကျိုးသက်ရောက်မှုများ။

အသိပေးလှုံ့ဆော်၊ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းများနှင့် အသိပညာပေး လှုပ်ရှားဆောင်ရွက်မှုများ ကွဲပြားစွာဆောင်ရွက်နိုင်မည့် စာရင်းတခုအတွက်၊ နှစ်စဉ်မြန်ဆန်စွာစောင့်ကြည့်ကြပ်မတ်ခြင်းနှင့် အကဲဖြတ်ခြင်း ဖြစ်စဉ်များကို ဖော်ဆောင်မည်။ ၎င်းတွင် ဖွံ့ဖြိုးတိုးတက်မှု၊ စမ်းသပ်ခြင်း၊ ပြန်လှန်လုပ်ဆောင်ခြင်းနှင့် အလွယ်တကူ အသုံးပြုနိုင်သည့်ကိရိယာများကို အသုံးချခြင်း၊ လမ်းညွှန်တို့နှင့် ဗဟိုအချက်အလက်ဌာနတစ်ခု ဖော်ဆောင်ခြင်းလည်းပါဝင်မည်။ ထို့အပြင် (focus groups) ဦးတည်/အခြေပြုအုပ်စုများနှင့် တွေ့ဆုံမေးမြန်းမှုများကို စီစဉ်ထားပြီး၊ ဆောင်ရွက်မည်။

| *မဟာဗျူဟာ (၂) ရပ်ရွာအရောက် သွားရောက်ဝန်ဆောင်မှုပေးခြင်း၊ ဖွံ့ဖြိုးတိုးတက်မှု တိုင်းတာစစ်ဆေးခြင်းနှင့် ညွှန်းပို့ခြင်း* |
|---|
| လိုအပ်သလို ရပ်ရွာအရောက်ဝန်ဆောင်မှုပေးခြင်းနှင့် စမ်းသပ်အကဲဖြတ်ခြင်းများအတွက် ညွှန်းပို့ခြင်းနှင့် ပေါင်းစပ်ထားသော တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်မှုတိုင်းတာစစ်ဆေးခြင်းနှင့် ရပ်ရွာအရောက် သွားရောက်ဝန်ဆောင်မှုပေးခြင်းတို့ဆောင်ရွက်ပြီး ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးဖွယ်အလားအလာရှိနေသည့် ကလေးသူငယ်များနှင့် အထူးလိုအပ်ချက်များရှိနေသည့် ကလေးသူငယ်များအတွက် ECI ဝန်ဆောင်မှုလုပ်ငန်းများ၏ ထောက်ပံ့ကူညီမှုကို သေချာရရှိစေမည်။ |

## ၂. ၁။ ရပ်ရွာအရောက် သွားရောက်ခြင်း၊ ဖွံ့ဖြိုးတိုးတက်မှု တိုင်းတာစစ်ဆေးခြင်းနှင့် ညွှန်းပို့ခြင်းများအတွက် နည်းပညာအုပ်စု ပြင်ဆင်ခြင်း

ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ သန့်ရှင်းရေး၊ ပညာရေး၊ စိတ်ချလုံခြုံမှုရှိရေးနှင့် အခြားလူမှုဖူလုံရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ရပ်ရွာအရောက် သွားရောက်မှုများကို ကြီးကြပ်ရန်၊ တိုးတက်ရန်ရည်ရွယ်ချက်ဖြင့် ရပ်ရွာအရောက် သွားရောက်ခြင်း၊ ဖွံ့ဖြိုးတိုးတက်မှု တိုင်းတာစစ်ဆေးခြင်းနှင့် ညွှန်းပို့ခြင်းများအတွက် နည်းပညာအုပ်စုတစ်ခုကို ထူထောင်မည်။

နည်းပညာအုပ်စု၏ရည်မှန်းချက်များနှင့်အညီ ကိုက်ညီရန် တာဝန်နှင့်လုပ်ပိုင်ခွင့်များ(TOR)နှင့် လုပ်ငန်း စီမံချက်ကို ပြင်ဆင်မည်။

## ၂. ၂။ ဖွံ့ဖြိုးတိုးတက်မှုနှင့်ဆိုင်သော တိုင်းတာစစ်ဆေးရေး အစီအစဉ်အတွက် လုပ်ငန်းအစီအစဉ်

အထူးလိုအပ်ချက်ရှိသောကလေးများနှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျဖွယ် အလားအလာနှင့် ရင်ဆိုင်နေရသောကလေးသူငယ်များ ECI ဝန်ဆောင်မှုများ ရရှိစေရေးအတွက် ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးခြင်း၊ မသန်စွမ်းခြင်း၊ အာဟာရအားနည်းခြင်း၊ နာတာရှည်ရောဂါဖြစ်ခြင်း၊ ပေါင်ချိန်မပြည့်မွေးဖွားခြင်း ပုံမှန်မဟုတ်သည့် အပြုအမူနှင့် တခြားဖွံ့ဖြိုးမှုနှောင့်နှေးရန် အလားအလာရှိသော အခြေအနေများနှင့် ပတ်သက်၍ ကလေးသူငယ်များကို သတ်မှတ်နိုင်ရန် တစ်ခုလုံးအတိုင်းအတာဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ရေးသည် မရှိမဖြစ် အရေးကြီးပါသည်။ ဝန်ဆောင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခြင်းတွင် လိုအပ်သလို ကလေးဖွံ့ဖြိုးမှုအကဲဖြတ်ခြင်းနှင့် အခြားလုပ်ငန်းများအတွက် ECI ဝန်ဆောင်မှုများကို ညွှန်းပို့ပေးမှုများအတွက် စနစ်တခု ပါဝင်သည်။ ဤစနစ်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အထူးကျွမ်းကျင်သူများက လက်ရှိဆောင်ရွက်နေသော လူမှုရေးလုပ်ငန်းညွှန်းပို့မှုစနစ်နှင့် ပေါင်းစပ်ညီညွတ်မှု ရှိရမည်။

ထိရောက်မှုရှိစေရန်၊ ဖွံ့ဖြိုးတိုးတက်မှု တိုင်းတာစစ်ဆေးခြင်းပစ္စည်းနှင့် နည်းလမ်းများကို ဒေသယဉ်ကျေးမှု နှင့်အညီ ဘာသာပြန်မည်၊ ဆီလျော်အောင်ပြင်ဆင်မည်။ ရွှေ့ပြောင်းလုပ်ငန်းခွင်များတွင် ကနဦးဆောင်ရွက်မှုပြီးနောက်၊ သူတို့သည် ECI ဝန်ဆောင်မှုလုပ်ငန်းများ လက်ခံခြင်းအတွက် သူတို့နှင့် အကျုံးဝင်ကိုက်ညီသည့် အခြေအနေများနှင့် ကလေးသူငယ်များကို အပြည့်အဝ သတ်မှတ်ပေးနိုင်စွမ်းရှိကြောင်း သေချာစေရန် ၎င်းတို့သည် ပြည့်မီမှု ရှိသင့်သည်။

၂၀၁၇ ခုနှစ် ECI ရွှေ့ပြောင်းနေရာများထူထောင်မှုမတိုင်ခင်၊ ၂၀၁၇ ခုနှစ် ဧပြီလတွင် ECI ဖွံ့ဖြိုးမှုတိုင်းတာစစ်ဆေးရေးအစီအစဉ်၏ စီမံကိန်းတစ်ခုလုံး ပြင်ဆင်မည်။

ထိုစီမံကိန်းတွင် အနည်းဆုံး အောက်ပါကဏ္ဍများပါဝင်မည်။

- ပါဝင်သော မြို့နယ်တစ်ခုစီတွင် ဖွံ့ဖြိုးတိုးတက်မှုတိုင်းတာစစ်ဆေးရေးအတွက် ကွင်းဆင်းလှုံ့ဆော်ရေးလှုပ်ရှားမှု (၁-၁၁ကိုကြည့်)၊
- ရွှေ့ပြောင်းစီမံကိန်းနေရာအားလုံးတို့တွင် တိုင်းတာစစ်ဆေးရေးပစ္စည်းနှင့်

နည်းလမ်းများရွေးချယ်ခြင်း၊ ဘာသာပြန်ဆိုခြင်း၊ လိုသလိုပြုပြင်ခြင်း၊ စမ်းသပ်လေ့ကျင့်ခြင်း၊ အသုံးပြုခြင်း၊ အသုံးပြုအကဲဖြတ်ခြင်း၊ ပြန်လည်သုံးသပ်ရလဒ်များကို တန်ဖိုးဖြတ်ခြင်း၊ တိုင်းတာစစ်ဆေးရေးပစ္စည်းနှင့် နည်းလမ်းများနှင့် လေ့ကျင့် ရေးသင်ရိုးကို လိုသလိုပြုပြင်ခြင်း၊

- စစ်ဆေးသူများအတွက် လေ့ကျင့်ရေးသင်ရိုးကို နောက်ဆုံးအချောသတ်ခြင်း၊
- စမ်းသပ်အကဲဖြတ်ခြင်း၊ အကျုံးဝင်ကိုက်ညီမှုဆုံးဖြတ်ချက်နှင့် ပုံမှန် ECI ဝန်ဆောင်မှုများအတွက် ကလေးငယ်များနှင့် မိသားစုများကို ECI ဝန်ဆောင်မှုများသို့ ညွှန်းပို့ပေးရန် ညွှန်ပို့မှုစနစ် ညွှန်ပို့မှု လမ်းကြောင်းနှင့် ပုံသဏ္ဌာန်များဖော်ထုတ်ခြင်း၊
- ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးဖွယ် အလားအလာရှိသည်ဟု ယူဆရသော်လည်း နှောင့်နှေးမှုမခံစားရသေးသော ကလေးငယ်တစ်ဦးစီအတွက် စစ်ဆေးမှုအချိန်များ စာရင်းပြုစုခြင်း၊
- အထွေထွေ ECCD ဝန်ဆောင်မှုများမှ အကျိုးကျေးဇူးခံစားရနိုင်သော ကလေးမိဘများနှင့် ငယ်ရွယ်သော ကလေးငယ်များအတွက် အခြေခံဝန်ဆောင်မှု ရနိုင်သည့်နေရာများ စာရင်းပြုစုခြင်း

ရှေ့ပြေးဆောင်ရွက်သည့်နှစ်ပြီးနောက်ပိုင်းတွင်၊ ပြန်လည်ပြင်ဆင်ထားသော တိုင်းတာစစ်ဆေးရေး ပစ္စည်းနှင့်နည်းလမ်းများကို ပဏာမရွေးချယ်ဆောင်ရွက်ထားသည့် ကလေးသူငယ်များကိုအသုံးပြုပြီး မြန်မာနိုင်ငံအတွက် အတည်ပြုသွားမည်။

### ၂.၃။ ဖွံ့ဖြိုးတိုးတက်မှုနှင့်ဆိုင်သော တိုင်းတာစစ်ဆေးခြင်းအတွက် အသုံးပြုရလွယ်သောပစ္စည်းနှင့်နည်းလမ်းများကို ရွေးချယ်ခြင်း၊ ဘာသာပြန်ခြင်းနှင့် ဖလှယ်ခြင်း

ECI တိုင်းတာစစ်ဆေးရေးနှင့် အကဲဖြတ်ရေးအတွက် နည်းပညာအုပ်စုကို ထူထောင်ပြီး ဖွံ့ဖြိုးတိုးတက်မှု တိုင်းတာစစ်ဆေးရေး တွင် အတွေ့အကြုံရှိသော နိုင်ငံတကာ အကြံပေးတစ်ဦးက ထိုနည်းပညာအုပ်စုကို ကူညီရန် လိုအပ်သည်။

ECI တိုင်းတာစစ်ဆေးရေးနှင့် အသုံးပြုအကဲဖြတ်ရေးအတွက် နည်းပညာအုပ်စု၏ ပထမဆုံးနှင့် အရေးအပါဆုံးလုပ်ငန်းစဉ် အနက်တစ်ခုမှာ အသုံးပြုရလွယ်ကူသော ဖွံ့ဖြိုးတိုးတက်မှုတိုင်းတာစစ်ဆေးရေး အသုံးပြုပစ္စည်းများနှင့် နည်းလမ်းများ

ရှာဖွေဖော်ထုတ်ခြင်းအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်မှု တိုင်းတာစစ်ဆေးရေးနှင့် အကဲဖြတ်ရေးအတွက် အမျိုးသားအဆင့်စနစ်တစ်ရပ်ကို အဆင့်လိုက်ဖော်ထုတ်ရန် ဖြစ်သည်။

တိုင်းတာစစ်ဆေးရေး အသုံးပြုပစ္စည်းများ နှင့်နည်းလမ်းများ၊ လမ်းညွှန်ချက်များကို မြန်မာဘာသာသို့ပြန်ဆိုရန် မဖြစ်မနေလိုအပ်သည်။ ထို့နောက် ထိုအရာများကို ကွင်းဆင်းစမ်းသပ်မည်၊ ပြန်လည်ပြုပြင်မည်။ ရှေ့ပြေးဆောင်ရွက်မှုကာလတွင် ထပ်မံတိုးဖြည့်မည့်ဘာသာစကားများကို ရွေးချယ်ခဲ့သည့်အတိုင်း၊ တိုင်းတာစစ်ဆေးရေး အသုံးပြုပစ္စည်းများ နှင့်နည်းလမ်းများကို ထိုဘာသာစကားများနှင့် ယဉ်ကျေးမှုများသို့ ဘာသာပြန်မည်၊ ဆီလျော်အောင်ပြင်ဆင်ပါမည်။

တစ်စတစ်စတိုးတက်မြှင့်တင်ပြီး တိုင်းတာစစ်ဆေးရေးပစ္စည်းနှင့် နည်းလမ်း၏ နောက်ထပ် တိုးတက်လုပ်ဆောင်ထားသောမူများကို မြန်မာနိုင်ငံ၏ အကျုံးဝင်သော တိုင်းရင်းသားနှင့် ဘာသာစကားအုပ်စုများသို့ သေချာပြန်ဆို ဖော်ထုတ်ထားရမည်။ ရှေ့ပြေးစမ်းသပ်မှုနှစ်ပြီးနောက်၊ ပိုမိုများပြားသောတိုင်းရင်းသားနှင့် ဘာသာစကားအုပ်စုများသို့ ပြန်ဆိုပြီးဖြစ်မည်ဟု မျှော်မှန်းပါသည်။ တိုင်းတာစစ်ဆေးရေး ပစ္စည်းနှင့် နည်းလမ်း၊ ပုံစံများနှင့် လမ်းညွှန်ကို ၂၀၁၈ နောက်ပိုင်းတွင် တစ်နိုင်ငံလုံးအတိုင်းအတာ လွှမ်းခြုံနိုင်သည်အထိရရှိရန်၊ ထပ်တိုးမြို့နယ်များ၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ အသုံးပြုရန်အတွက် လျှင်မြန်စွာ ဘာသာပြန်ပြီး၊ ဆီလျော်အောင် ပြင်ဆင်ပြီး ဖြစ်မည်။

### ၂. ၄။ အစဦး စာရင်းသွင်းပုံစံများ နှင့် လုပ်ငန်းစဉ်များ၊ ပုဂ္ဂလိကလွတ်လပ်ခွင့်နှင့် အသိပေး သဘောတူညီချက်အပါအဝင် မိဘအခွင့်အရေးများအတွက် လမ်းညွှန်များ၊ ညွှန်ပို့မှုစနစ်တစ်ရပ်ကို ဖော်ထုတ်ခြင်း

ကလေးသူငယ်များ၏ဖွံ့ဖြိုးမှုကို စစ်ဆေးပြီး ECI ဝန်ဆောင်မှုများနှင့် အကျုံးဝင်ကိုက်ညီသည်ဟု ဆုံးဖြတ်ခြင်းခံရသည်နှင့်တပြိုက်နက်တည်းတွင် ECI ဝန်ဆောင်မှုလုပ်ငန်းများသို့ ညွှန်ပို့ရမည်။ ပုဂ္ဂလိကလွတ်လပ်ခွင့်နှင့် ညွှန်ပို့မှုအတွက် မိဘအသိပေးသဘောတူညီချက်အပါအဝင် ညွှန်ပို့မှုစနစ်နှင့် မိဘများအခွင့်အရေးအတွက် လမ်းညွှန်ချက်များကို ပြင်ဆင်မည်။ ညွှန်ပို့မှုပုံစံများနှင့် ချက်ချင်း တုံ့ပြန်ရေးစည်းမျဉ်းများ အပါအဝင် ညွှန်ပို့မှုစနစ်ကို စီစဉ်ရေးဆွဲမည်၊ ဆောင်ရွက်စေမည်။ ဤစည်းမျဉ်းများသည်ကို ညွှန်ပို့မှုနှင့် အစဦး အစီအစဉ်စာရင်းသွင်းမှု ဆောင်ရွက်ချက်များအတွက် ECI သုံးသပ်စောင့်ကြည့်ခြင်းနှင့် ညွှန်ပို့မှုလက်စွဲတွင် ဖော်ပြထားသည့်အတိုင်း ပုံစံများ၊ စည်းမျဉ်းများနှင့်အတူ ECI အစီအစဉ်

လမ်းညွှန်ချက်များနှင့် လုပ်ငန်းစဉ်များ၏ အထူးကဏ္ဍတွင် ဖော်ပြမည်။

အစဦး ECI အစီအစဉ်စာရင်းသွင်းမှုနှင့် စမ်းသပ်အကဲဖြတ်ချက်အတွက် ညွှန်ပို့ခံရသည့် သူများအပါအဝင်၊ တိုင်းတာစစ်ဆေးခြင်းခံခဲ့ရသည့် ကလေးသူငယ်များအားလုံး၏ မှတ်တမ်းများကို ထိန်းသိမ်းမည်။ ကလေးအများအပြားသည် ဖွံ့ဖြိုးမှုနှောင့်နှေးနိုင်သည့်အလားအလာနှင့် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ မသန်စွမ်းခြင်းသို့မဟုတ် ပုံမှန်မဟုတ်သည့်အပြုအမူတို့ကို တွေ့ရလိမ့်မည်မဟုတ်ပါ၊ သူတို့ကိုအထွေထွေ ECCD ဝန်ဆောင်မှုလုပ်ငန်းများ၊ ဒေသတစ်ခုစီတွင် မိသားစုများနှင့်ကလေးများအတွက် တခြားရရှိနိုင်သည့် အစီအစဉ်များသို့ ညွှန်ပို့ရမည်။

ECI ဝန်ဆောင်မှုလုပ်ငန်းများကို ဒေသတိုင်းတွင် ထူထောင်ထားသည့်အခါ၊ ကလေးများနှင့် မိသားစုများအတွက် ရရှိနိုင်သည့် ရပ်ရွာနှင့် ဒေသဝန်ဆောင်မှုလုပ်ငန်းများနှင့် အရင်းအမြစ်များအားလုံး စာရင်းသွင်း ဖော်ပြထားသည့် လက်စွဲစာအုပ်ကို ဖော်ထုတ်ထားမည်။ ထိုလက်စွဲစာအုပ်ကို နှစ်စဉ် ပြန်လည်ဆန်းသစ်ပေးပြီး၊ ECI ဝက်ဘ်ဆိုက်ပေါ်တွင်လည်း တင်ပေးထားမည်။

ဖွံ့ဖြိုးမှု စစ်ဆေးကြည့်ရှုပြီး၊ ECI ဝန်ဆောင်မှုနှင့် အကျုံးဝင်ကိုက်ညီနိုင်ခြေရှိသည်ဟု မတွေ့ရှိရသော်လည်း ဖွံ့ဖြိုးမှုနှောင့်နှေးရန် ပတ်ဝန်းကျင်အခြေအနေနှင့်နှောင့်နှေးနိုင်ဖွယ် ဇီဝဖြစ်ပေါ်မှုအလားအလာ ရှိနေသော ကလေးသူငယ်များကိုအသက် ၃၆ လ ရောက်သည့်တိုင်အောင်၊ (အနည်းဆုံး ၆ လတစ်ကြိမ်တိုင်း၊ တချို့အကြောင်းကိစ္စများတွင် ၃ လတစ်ကြိမ်) ပုံမှန်နောက်ဆက်တွဲ လုပ်ဆောင်ချက်များ ပြုလုပ်မည်။ ထိုသို့ လုပ်ဆောင်ပြီးနောက်၊ ကလေး ကောင်းစွာဖွံ့ဖြိုးမှုသေချာစေရန် နောက်ဆက်တွဲ စစ်ဆေးကြည့်ရှုခြင်းများကို ကလေးအသက် လ ၆၀ တိုင်အောင် နှစ်စဉ်ဆောင်ရွက်မည်။ မြို့နယ်တိုင်းတွင် ဝန်ဆောင်မှုရရှိလာသည့်အခါ၊ ဝန်ဆောင်မှုနှင့် အကျုံးဝင်ကိုက်ညီနိုင်ခြေ အလားအလာရှိသည့် ကလေးသူငယ်များအားလုံးကို အသေးစိတ်အကဲဖြတ်ရန်အတွက် ECI ဝန်ဆောင်မှုလုပ်ငန်းများသို့ ညွှန်ပို့ရမည်။

### ၂. ၅။ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာတိုင်းတာစစ်ဆေးရေးနှင့် စောင့်ကြည့်ကြပ်မတ်ရေးတွင်ပညာရှင်များ၊ အစိုးရမှ/အစိုးရမဟုတ်သောပုဂ္ဂိုလ်များ၊ ဘာသာရေးအခြေပြုနှင့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ ကျွမ်းကျင်သူများနှင့်ရပ်ရွာစေတနာ့ဝန်ထမ်းများကို ရွေးချယ်ခြင်းနှင့်သင်တန်းပေးခြင်း

ရပ်ရွာအဆင့်၌ စောင့်ကြည့်ကြပ်မတ်ခြင်းလုပ်ဆောင်မည့်သူများကို လေ့ကျင့်ပေးရန်၊ ပစ္စည်းနှင့်နည်းလမ်းများ၊ ပုံစံများနှင့် လမ်းညွှန်ချက်အပါအဝင် ဖွံ့ဖြိုးတိုးတက်



ရေးဆိုင်ရာ စောင့်ကြည့်ကြပ်မတ်ခြင်းဆိုင်ရာ သင်တန်းသင်ရိုးကို ပြင်ဆင်မည်။

အစကနဦးတွင် မိတ်ဆက်တင်ပြခြင်းများ၊ သရုပ်ပြခြင်းများ၊ လက်တွေ့နှင့် လေ့ကျင့်လုပ်ဆောင်ခြင်းကဏ္ဍများကို အသုံးပြုပြီးရွေ့ပြောင်းနေရာများတွင် တစ်ရက်တာသင်တန်းပေးမည်။ နောက်ပိုင်းတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အားလုံးတွင် သင်တန်းပေးမည်။ ECI စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် စမ်းသပ်အကဲဖြတ်ခြင်းအတွက် နည်းပညာအုပ်စုသည် ဖွံ့ဖြိုး တိုးတက်မှု စောင့်ကြည့်ကြပ်မတ်ခြင်းများကို ဆောင်ရွက်ရန် ဖိတ်ကြားမည့်ပညာရှင်များနှင့် လိုအပ်ချက်နှင့်အညီ ပညာရှင်အမျိုးအစားများကို သတ်မှတ်မည်။

အထွေထွေ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစစ်ဆေးခြင်းကို မကြာခဏဆောင်ရွက်မည့် မိသားစုဆရာဝန်များ၊ သားဖွားမီးယပ်ပါရဂူများနှင့် ကလေးအထူးကုများကို သင်တန်းပေးရန် အရေးကြီးသည်။ သူတို့ကို သူတို့၏ပုံမှန် ကလေးစမ်းသပ် စစ်ဆေးမှုများတွင် ဖွံ့ဖြိုးမှုဆိုင်ရာ စစ်ဆေးခြင်းကို ပေါင်းဖြည့်ဆောင်ရွက်ရန် တိုက်တွန်းအားပေးမည်။

တခြားကျန်းမာရေးဝန်ထမ်းများဖြစ်သည့် အာဟာရဗေဒပညာရှင်များ၊ သူနာပြုများ၊ သူနာပြုအကူများ၊ သားဖွားဆရာမများ၊ အရံသားဖွားဆရာမများ၊ အရပ်လက်သည်နှင့် ရပ်ရွာကျန်းမာရေးလုပ်သားများကိုလည်း တိုင်းတာစစ်ဆေးရေးအသုံးပြုပစ္စည်းနှင့် နည်းလမ်းများအား အလွယ်တကူအသုံးပြုမှုနည်းနာများကို

သင်တန်းပေးမည်။ သူတို့၏ ကျွမ်းကျင်မှုအဆင့်ပေါ်တွင် အခြေခံပြီး၊ ထိုပုဂ္ဂိုလ်အများအပြားသည် သူတို့၏ ကိုယ်ပိုင်အသက်မွေးဝမ်းကြောင်းအလုပ်မှ အခြားသူများကို သင်တန်းပြန်ပေးနိုင်မည့် အရည်အချင်းပြည့်မီသူ ဖြစ်လာမည်။

ဆေးဘက်ဆိုင်ရာနှင့် ကျန်းမာရေးဝန်ထမ်းများအပြင် အောက်ပါပုဂ္ဂိုလ်အမျိုးအစားများကိုလည်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ တိုင်းတာစစ်ဆေးရေးလုပ်ဆောင်ရန် သင်တန်းပေးမည်။ ECI ဝန်ထမ်းများ၊ ကလေးထိန်းသိမ်းစောင့်ရှောက်သူများ၊ မူကြို၊ မူလတန်း နှင့် အခြေခံပညာကျောင်း ဆရာ/ဆရာမများနှင့် ဒေသဆိုင်ရာ အစိုးရအဖွဲ့အစည်းများက လေ့ကျင့်ပေးထားသော ကပ်ဘေးစီမံခန့်ခွဲမှုတပ်ဖွဲ့များမှ စေတနာ့ဝန်ထမ်းများကဲ့သို့ ရပ်ရွာအကျိုးပြုလုပ်ငန်းများမှ စေတနာ့ဝန်ထမ်းများ ပါဝင်သည်။

## ၂. ၆။ တိုင်းတာစစ်ဆေးခြင်း၊ ညွှန်ပို့ခြင်းနှင့် စမ်းသပ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ စဉ်ဆက်မပြတ်သတင်းပေးခြင်းနှင့် အသိပညာပေး လုပ်ငန်းစဉ်ကို လုပ်ဆောင်ခြင်း

ECI ဝန်ဆောင်မှုလုပ်ငန်းများသည် မြို့နယ်နှင့် ရပ်ရွာများသို့ ထပ်မံတိုးချဲ့သည့်အခါ၊ မွေးဖွားရာမှ လပေါင်း ၃၀ အထိနှင့် လပေါင်း ၆၀ အထိ ကလေးများကို ECI ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကိုက်ညီအကျုံးဝင်နိုင်ခြင်း ရှိ/မရှိ သတ်မှတ်ခြင်းအကြောင်း ဒေသတွင်း သတင်းအချက်အလက်ပေးသည့်လုပ်ငန်းစဉ် လိုအပ်မည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်ကို စဉ်ဆက်မပြတ်ထောက်ပံ့ပြီး၊ ၎င်းလုပ်ငန်းစဉ်တွင် ဖော်ပြပါ သတင်းအချက်အလက်များ ပါဝင်မည်ဖြစ်ပါသည်၊ ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုအကြောင်း မေးမြန်းရန်သွားရမည့်နေရာ၊ ရနိုင်မည်ဆိုလျှင် ECI ဝန်ဆောင်မှုလုပ်ငန်းများသို့ ညွှန်းပို့ပေးခြင်း (ညွှန်းပို့ခြင်းဆိုင်ရာလမ်းကြောင်း) နှင့် ECI မှာ တခြားထပ်ဆောင်းဝန်ဆောင်မှုများ၊ ကလေးနှင့် မိသားစု အကဲဖြတ်ခြင်းလုပ်ငန်းစဉ်၊ လုပ်ငန်းအကျုံးဝင်ကိုက်ညီမှု ထူထောင်ခြင်းအကြောင်းနှင့် ECI ဝန်ဆောင်မှုလုပ်ငန်းများအကြောင့် အခြေခံ သတင်းအချက်အလက်များ။

## ၂. ၇။ ရွှေ့ပြောင်းနေရာများအားလုံးတွင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တိုင်းတာစစ်ဆေးရေး ပစ္စည်းနှင့် နည်းလမ်းများကို အသုံးပြုအကဲဖြတ်ခြင်း

ECI ရွှေ့ပြောင်းနေရာများကို ရွေးချယ်ပြီးသည်နှင့် တပြိုက်နက်၊ တိုင်းတာစစ်ဆေးခြင်းလုပ်ဆောင်မှုများကိုဆောင်ရွက်နိုင်သည့်သက်ဆိုင်သည့်သူများအားလုံးကို သင်တန်းပေးပြီးသည်နှင့်တပြိုင်နက် တိုင်းတာစစ်ဆေးရေးပစ္စည်းနှင့် နည်း

လမ်းများကို မွေးစမှ အသက် ၃၆ လအထိ နှင့် အသက် ၆၀ လအထိရှိ ကလေးသူငယ်များအားလုံးကို စစ်ဆေးရာတွင် အသုံး ပြုမည်။ အထူးလိုအပ်ချက်များရှိသည့် ကလေးသူငယ်များ၏ ဖွံ့ဖြိုးမှုကို တိုးတက်ရန်နှင့် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းကို ကာကွယ်ရန်အတွက် အစောပိုင်းသတ်မှတ်များသည် အလွန်အရေးကြီးသောကြောင့် မွေးစမှ အသက် ၃၆ လအထိ ရှိသော ကလေးများကို ဦးစားပေးဆောင်ရွက်မည်။ ECI ဝန်ဆောင်မှုလုပ်ငန်းများအတွက် အကျုံးဝင်ကိုက်ညီနိုင်ခြေရှိသည်ဟုယူဆရသော ကလေးများအားလုံး၏မိဘများကို ECI ဝန်ဆောင်မှုလုပ်ငန်းများသို့ ညွှန်းပို့ရမည်။

တိုင်းတာစစ်ဆေးရေးပစ္စည်းနှင့်နည်းလမ်းများ အသုံးပြုခြင်းလုပ်ငန်းစဉ်သည် အနာဂတ်တွင် မည်ကဲ့သို့တိုးတက်အောင် လုပ်ဆောင်နိုင်သနည်းဆိုသည်ကို သတ်မှတ်မည့်ရည်ရွယ်ချက်နှင့်အတူ တိုင်းတာစစ်ဆေးရေးပစ္စည်းနှင့် နည်းလမ်းများအသုံးပြုခြင်းကို မြန်ဆန်စွာ သုံးသပ်အကဲဖြတ်မည်။

## ၂. ၈။ ဖွံ့ဖြိုးမှုတိုင်းတာစစ်ဆေးရေး ပစ္စည်းနှင့်နည်းလမ်း ခိုင်မာမှုသတ်မှတ်ခြင်း

ကလေးသူငယ်များကို မည်ကဲ့သို့စစ်ဆေးမည်ဆိုသည်ကို သင်ကြားရန်အတွက် သင်ရိုးနှင့် တိုင်းတာစစ်ဆေးရေးပစ္စည်းနှင့် နည်းလမ်းများအသုံးပြုခြင်းကို သုံးသပ်အကဲဖြတ်ပြီးသည်နှင့် တပြိုင်နက်တည်း၊ ရှေ့ပြေးနှစ်အတွင်း ၎င်းတို့ကို ကွင်းဆင်းစမ်းသပ်မည်၊ တည်းဖြတ်ပြင်ဆင်မည်၊ ကောင်းမွန်လာအောင် လုပ်ဆောင်မည်။ နောက်ပိုင်းတွင် the Battelle Developmental Inventory - II ကဲ့သို့သော နိုင်ငံတကာအသိအမှတ်ပြု ကလေးဖွံ့ဖြိုးမှုတိုင်းတာစစ်ဆေးသည့် ပစ္စည်းနှင့် နည်းလမ်းများဖြင့် နှိုင်းယှဉ်ပြီး ECI အစီအစဉ်ဖြင့် ရွေးချယ်ထားသော တိုင်းတာစစ်ဆေးရေးပစ္စည်းနှင့်နည်းလမ်းများကို အသုံးပြုပြီး၊ ဖွံ့ဖြိုးမှုတိုင်းတာစစ်ဆေးရမည့် ကလေးပေါင်းများစွာကို စစ်ဆေးသည့်နည်းဖြင့် ကောင်းမွန်အောင် ပြင်ဆင်ထားသော တိုင်းတာစစ်ဆေးရေးပစ္စည်းနှင့်နည်းလမ်းကို အတည်ပြုသတ်မှတ်မည်။ ထိုပစ္စည်းနှင့်နည်းလမ်းနှစ်ခုမှ Battelle ကဲ့သို့ နိုင်ငံတကာအသိအမှတ်ပြု ကလေးဖွံ့ဖြိုးမှုတိုင်းတာစစ်ဆေးသည့် ပစ္စည်းနှင့် နည်းလမ်းများမှ ရရှိလာသော အဖြေနှင့် လက်ရှိအသုံးပြုနေသော ဖွံ့ဖြိုးမှုစစ်ဆေးသည့် မေးခွန်းလွှာ၏ရလဒ်ကို နှိုင်းယှဉ်ကြည့်ပြီး ရလဒ်တူညီမှုရှိလျှင်၊ ထိုတိုင်းတာစစ်ဆေးရေးပစ္စည်းနှင့် နည်းလမ်းသည် မြန်မာနိုင်ငံတွင် အသုံးပြုရန်အတွက် ကိုက်ညီမှုရှိသည်။

*မဟာဗျူဟာ (၃)  ECI ဝန်ဆောင်မှုလုပ်ငန်းများ ထူထောင်ခြင်း*

ECI ထူထောင်ရေးနည်းနာများဖြင့် နေအိမ်အခြေပြုသော ပြီးပြည့်စုံသည့် ECI ဝန်ဆောင်မှုလုပ်ငန်း အစီအစဉ်များကို စီမံရေးဆွဲပြီး အကောင်အထည်ဖော်မည်။ ECI ထူထောင်ရေးနည်းနာများဆိုသည်မှာ ECI အစီအစဉ်လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများ၊ ကလေးနှင့်မိသားစု စမ်းသပ်အကဲဖြတ်ခြင်းများ၊ မိဘများနှင့် အခြားစောင့်ရှောက်သူများပါဝင်သော ကလေးဖွံ့ဖြိုးမှုနယ်ပယ်စုံကျွမ်းကျင်သူများအဖွဲ့၊ တစ်ဦးချင်းအလိုက်ဝန်ဆောင်မှုအစီအစဉ်များ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့်အညီ သင်ရိုးနှင့် အိမ်တိုင်ရာရောက်ဝန်ဆောင်မှုပေးသည့်နည်းလမ်းများ၊ ကလေးသူငယ်များ၊ မိသားစုများနှင့် စောင့်ရှောက်သူများအတွက် တစ်ဦးချင်းအလိုက်ဝန်ဆောင်မှုများ၊ အစီအစဉ်ကူးပြောင်းခြင်းနှင့် အစီအစဉ်ပြီးပြည့်စုံခြင်း အစီအစဉ်များနှင့် ECI ဝန်ဆောင်မှုလုပ်ငန်းစံနှုန်းများ ပါဝင်ပါသည်။

## ၃. ၁။ ဝန်ဆောင်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအုပ်စု ထူထောင်ခြင်း

ECI ဝန်ဆောင်မှုလုပ်ငန်းများအတွက် အကြောင်းအရာများ၊ နည်းလမ်းများ၊ အသုံးပြုပစ္စည်းများ၊ သင်တန်းလက်စွဲများနှင့် သင်ရိုးများကို ပြင်ဆင်ရန် ဝန်ဆောင်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအုပ်စုတစ်ခုကို ထူထောင်မည်။

နည်းပညာအုပ်စုအတွက် တာဝန်နှင့်လုပ်ပိုင်ခွင့်များ(TOR)နှင့် လုပ်ငန်းစီမံချက်ကို ဖော်ထုတ်မည်။

## ၃. ၂။ ECI လုပ်ငန်း လမ်းညွှန်ချက်များနှင့် များ ပြင်ဆင်ခြင်း

အောင်မြင်ပြီး ရေရှည်တည်တံ့ရန်အတွက်၊ ပြီးပြည့်စုံသော အစီအစဉ် ဖော်ထုတ်ရေးလုပ်ငန်းစဉ်များ အသုံးပြုပြီး အမျိုးသားအဆင့် ECI စနစ်များကို ဖော်ထုတ်မည်။ ECI ဝန်ဆောင်မှုလုပ်ငန်းများ ကောင်းစွာဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့် ECI ဝန်ဆောင်မှုလုပ်ငန်း၏အဓိက အခြင်းအရာများဖြစ်သည့် အသုံးပြုပစ္စည်းများ၊ နည်းလမ်းများ၊ သင်တန်းသင်ရိုးများနှင့် လက်စွဲများကို ဤအခန်းတွင် တင်ပြထားပါသည်။

ထို့အပြင် ECI ဝန်ဆောင်မှုများတွင် ပုံမှန်အစီအစဉ်ကျသော လုပ်ငန်းစဉ်များ ပါဝင်သည်။ ရှေ့စာမျက်နှာတွင် ဖော်ပြထားသော ECI ဝန်ဆောင်မှုလုပ်ငန်းအခြေ

ပြဇယားတွင် ECI ဝန်ဆောင်မှုများတွင် ပေးသောအဓိကလုပ်ငန်းစဉ်၏ အစီအစဉ်ကို တင်ပြထားသည်။

ECI အစီအစဉ် ဝန်ဆောင်မှုအားလုံးသည် မြန်မာနိုင်ငံတစ်ဝန်းလုံးကို ညီမျှစွာ အရည်အသွေး မြင့်မားစေရန်အတွက် နေရာဒေသတိုင်းတွင် အသုံးပြုနိုင်သော ECI အစီအစဉ်လမ်းညွှန်များနှင့် လုပ်ငန်းစဉ်များ ဖော်ထုတ်ရန်၊ ထူထောင်ရန် အရေးကြီးပါသည်။ ECI ဝန်ဆောင်မှုများ၏ ပါဝင်သော အကြောင်းအရာ (သင်ရိုးညွှန်တမ်း၊ နည်းလမ်းများ၊ ဝန်ထမ်းနှင့် အသုံးပြုသော ဘာသာစကား) များသည် လျော်ညီသောမိဘ စောင့်ရှောက်မှု ယဉ်ကျေးမှုစံနှုန်းများနှင့် တိုင်းရင်းသားလူမျိုးစု တစ်စုစီ၏ ဘာသာစကားများနှင့် ကိုက်ညီမှုရှိအောင် လုပ်ဆောင်သွားမည်။ ECI ဝန်ဆောင်မှု၏ အခြေခံလုပ်ငန်းစဉ်များကိုမူ ECI ဝန်ဆောင်မှုပေးမည့် နေရာများအားလုံးတွင် အသုံးပြုသွားမည် ဖြစ်သည်။

ECI အစီအစဉ် လမ်းညွှန်ချက်များနှင့် လုပ်ငန်းစဉ်များတွင် ဖော်ပြပါ အကြောင်းအရာများပါဝင်ပါသည်။ ဝန်ထမ်းဆိုင်ရာ ကျင့်ဝတ်များ၊ ကွင်းဆင်းလုပ်ငန်းစဉ်၊ ဖွံ့ဖြိုးမှုဆိုင်ရာစစ်ဆေးခြင်းနှင့် စောင့်ကြည့်ကြပ်မတ်ခြင်း၊ ကလေးဖွံ့ဖြိုးမှုနယ်ပယ် စုံကျွမ်းကျင်သူများ၏ ဖွဲ့စည်းမှုနှင့် အခန်းကဏ္ဍများ၊ ကလေးနှင့် မိဘအခွင့်အရေးများ၊ အသိပေးသဘောတူညီချက်များနှင့် လျှို့ဝှက်ထိန်းသိမ်းရေး၊ စာရင်းသွင်းခြင်းနှင့် ညွှန်းပို့ခြင်း၊ စမ်းသပ်အကဲဖြတ်ခြင်းများ၊ အကျိုးဝင်ကိုက်ညီခြင်း။

ECI အစီအစဉ်လမ်းညွှန်များနှင့် လုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံ၏ဒေသအားလုံး ယဉ်ကျေးမှုအားလုံးတွင် အရည်အသွေးတူညီသော ဝန်ဆောင်မှုများ ရနိုင်စေရန် ကြိုးပမ်းမည်။

ဤစာတမ်း၏ ပထမမူကြမ်းကို ၂၀၁၆ ခုနှစ် အစောပိုင်း အစီအစဉ်ဖော်ထုတ်ရေး လုပ်ငန်းစဉ် စတင်သောအခါတွင် ပြင်ဆင်အတည်ပြုမည်။ ပေါ်ပေါက်လာသောလိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် အစီအစဉ်အတွေ့အကြုံမှ လေ့လာသင်ယူရန်အတွက်၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ရှေ့ပြေး စမ်းသပ်နှစ်(၂၀၁၇-၂၀၁၈) ပြီးနောက်ပိုင်း ECI အစီအစဉ်လမ်းညွှန်များနှင့် လုပ်ငန်းအဆင့်ဆင့်ကို ပြင်ဆင်တည်းဖြတ်မည်။ ထို့နောက်တွင် ၂၀၂၁ ခုနှစ် ဇန်နဝါရီတွင် ပြုလုပ်မည့် ဒုတိယအကြိမ် အားလုံးပါဝင်သည့် ပြန်လည်သုံးသပ်ချက် နှင့်အတူ ၂ နှစ် တစ်ကြိမ်ပြန်လည်ပြင်ဆင်တည်းဖြတ်မည်။

### ၃.၃။ ကလေး၊ မိသားစုနှင့် အိမ် အကဲဖြတ်ချက်များ ပြင်ဆင်ခြင်း

ECI ရှေ့ပြေးစမ်းသပ်နေရာများ မဖွင့်လှစ်မီ၊ ကြီးကြပ်ခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်း၊ အသုံးပြုနှင့် စီစဉ်ခြင်းတို့အတွက် ECI နည်းပညာအုပ်စုနှင့်အတူ

ပူးပေါင်းအကောင်အထည်ဖော်သော ECI စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းအတွက် နည်းပညာအုပ်စုသည် ကလေးငယ်နှင့် မိသားစုအကဲဖြတ်ချက်များ ရွေးချယ်ခြင်း၊ ကွင်းဆင်းစမ်းသပ်ခြင်း၊ အသုံးပြုအကဲဖြတ်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းနှင့် ထုတ်လုပ်ခြင်းတို့အတွက် အစီအစဉ်များကို ဖော်ထုတ်မည်။

မွေးကင်းစကလေးများ၊ ကလေးများနှင့် ပတ်သက်၍၊ မိဘအသိပေးသဘော တူညီမှုနှင့်အတူ၊ ကလေးငယ်ဖွံ့ဖြိုးမှု၊ စမ်းသပ်အကဲဖြတ်ခြင်း - အသုံးပြုအကဲဖြတ်ခြင်းနှင့် အစီအစဉ်စနစ် (AEPS)တို့ကို သုံးသပ်ရန်၊ အားလုံးပါဝင်ပြီး၊ ဟန်ချက်ညီသောပစ္စည်းနှင့် နည်းလမ်းတစ်ခုရွေးချယ်ရမည်ဟု မျှော်လင့်သည်။ ၎င်းကို မြန်မာတစ်နိုင်ငံလုံးတွင်အသုံးပြုမည်။ ဤပစ္စည်းနှင့်နည်းလမ်းကို ပြီးပြည့်စုံပြီး ကြွယ်ဝသောကလေးဖွံ့ဖြိုးမှုသင်ရိုးတစ်ခုသို့ ရည်ညွှန်း၍စံအဖြစ်ထားမည်။

အားလုံးပါဝင်သော စမ်းသပ်အကဲဖြတ်ပစ္စည်းနှင့် နည်းလမ်းများကိုထပ်တိုး၍၊ နည်းပညာအုပ်စုအနေဖြင့် ပြီးပြည့်စုံသော အကဲဖြတ်နည်းလမ်းများအပြင် ဘာသာစကားဖွံ့ဖြိုးမှု အကဲဖြတ်စစ်ဆေးခြင်းနှင့် အော်တစ်ဇင်အခြေအနေ အကဲဖြတ်သောနည်းလမ်းများကို ထည့်သွင်းလိုက ထည့်သွင်းနိုင်ပါသည်။ ဤပစ္စည်းနှင့် နည်းလမ်းများကို အသုံးပြုခွင့်၊ ၎င်းတို့၏လက်စွဲနှင့် ပုံစံများသည် လုံခြုံမှုရှိမည်၊ ထို့နောက်ကွင်းဆင်းစမ်းသပ်မှု၊ ပြန်လည်သုံးသပ်ပြင်ဆင်မှုနှင့် ထုတ်လုပ်မှုတို့နှင့်အတူ ဘာသာပြန်ခြင်းနှင့် ဆီလျော်အောင်ဖလှယ်ခြင်းတို့ လိုအပ်မည်။



# ECI ဝန်ဆောင်မှုလုပ်ငန်းများ အခြေပြုဇယား

ရပ်ရွာအရောက်သွားခြင်းနှင့် ကလေးရှာဖွေမှု

↓

ကလေးကြည့်ရှုစစ်ဆေးခြင်း

→ ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းမရှိ/ စိုးရိမ်စရာ မရှိခဲ့လျှင် ECCD လုပ်ငန်းသို့ညွှန်းပို့ခြင်း → အလယ်အလတ်အဆင့်မှ အနည်းငယ်သာကြပ်မတ်ရသည့် ဝန်ဆောင်မှုများသို့ လွှဲပေးခြင်း

→ စိုးရိမ်စရာမရှိခဲ့လျှင် ပြန်လည်ကြည့်ရှု စစ်ဆေးမည့် စာရင်းသို့ ထည့်သွင်းခြင်း → ၆ လ ပြည့်ပြီးနောက် ကလေးကို ပြန်လည် ကြည့်ရှုစစ်ဆေးခြင်း

↓

ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း ရှိခဲ့လျှင် ECI လုပ်ငန်းသို့ညွှန်းပို့ခြင်း

↓

ECI သို့ ဝင်ရောက်မှုအစပိုင်း

↓

အဖွဲ့ဝင်များအဖြစ် မိဘများနှင့်အတူ ကလေး ဖွံ့ဖြိုးမှုဆိုင်ရာနယ်ပယ်စုံကျွမ်းကျင်သူများအဖွဲ့ ဖွဲ့စည်းခြင်းနှင့် EIS ဦးဆောင်မှု

↓

မိဘများ၊ ကျွမ်းကျင်သူများနှင့်အတူ ကလေးနှင့်မိသားစုဆိုင်ရာအကဲဖြတ်ခြင်း

↓

အကျုံးဝင်ကိုက်ညီမှုထုထောင်ခြင်း

→ အကျုံးမဝင်လျှင် ပြန်လည်ကြည့်ရှု စစ်ဆေးမည့်စာရင်းသို့ ထည့်သွင်းခြင်း → ၆ လ ပြည့်ပြီးနောက် ကလေးကို ပြန်လည် ကြည့်ရှုစစ်ဆေးခြင်း

↓ ECCD လုပ်ငန်းသို့ညွှန်းပို့ခြင်း → အလယ်အလတ်အဆင့်မှ အနည်းငယ်သာကြပ်မတ်ရသည့် ဝန်ဆောင်မှုများသို့ လွှဲပေးခြင်း

↓

တစ်ဦးချင်းအလိုက် ဝန်ဆောင်မှုလုပ်ငန်း အတွက် ပြင်ဆင်ခြင်း

↓

ပုံမှန်အိမ်နှင့်/သို့မဟုတ်ကလေးစောင့်ရှောက်သူ အိမ်အရောက်နှင့် မိသားစုထောက်ပံ့လုပ်ငန်း

↓

ပုံမှန်ပြန်လည်အကဲဖြတ်ခြင်းနှင့် အစီအစဉ် ပြန်လည်ပြင်ဆင်ခြင်း

↓

အစီအစဉ်ပြီးသည်အထိ (သို့) လွှဲပြောင်းသည်အထိဆက်လက်ပံ့ပိုးခြင်း

↓

အစီအစဉ်ပြီးဆုံးခြင်းနှင့် လိုအပ်သလို နောက်ဆက်တွဲ ဆောင်ရွက်ခြင်း (သို့) ကူးပြောင်းရေးအစီအစဉ်ပြင်ဆင်ခြင်း

→ ကူးပြောင်းရေးအစီအစဉ်လုပ်ဆောင်ခြင်း

↓

အကျုံးဝင် မူကြို၊ သူငယ်တန်း (သို့) အခြေခံပညာကျောင်းသို့ တက်ရောက်ခြင်း

↓

ဆရာများကို လိုအပ်သလိုပံ့ပိုးကူညီခြင်း

ထပ်မံ၍၊ ကလေးအာဟာရအခြေအနေ၊ မိဘပတ်ဝန်းကျင်၊ မိဘ-ကလေး အပြန်အလှန်ဆက်ဆံရေးနှင့် အိမ်သန့်ရှင်းမှုနှင့် လုံခြုံမှုတို့ကို အကဲဖြတ်ရန် အကဲဖြတ်ခြင်းနည်းလမ်းများကို ရွေးချယ်မည် သို့မဟုတ်/နှင့် ဖော်ထုတ်မည်။ ECI ဝန်ဆောင်မှုနှင့်ပတ်သက်၍ မိဘ၏ စိတ်ကျေနပ်မှုကိုလည်း တိုင်းတာမည်။ *(ECI လုပ်ငန်း တာဝန်ယူမှုနှင့်သက်ဆိုင်သည့်မဟာဗျူဟာဦးစားပေးအစီအစဉ် ၆ ကို ကြည့်ပါ။)*

မပံ့ပိုးရသေးလျှင်၊ သင်တန်းနှင့် ကွင်းဆင်းလက်စွဲတို့ကို ဖော်ထုတ်မည်၊ သို့မဟုတ် ဘာသာပြန်မည်၊ ဆီလျော်အောင်ပြန်ရေးသားမည်၊ ကွင်းဆင်းစမ်းသပ်မည်၊ တည်းဖြတ်ပြင်ဆင်မည်၊ မိတ္တူပွားမည်။ ထို့နောက် ၎င်းလက်စွဲစာအုပ်ကိုသုံး၍ ရွေးချယ်ထားသည့် အကဲဖြတ်ခြင်းနည်းလမ်းများအား စနစ်တကျအသုံးချနိုင်ရန် မည်ကဲ့သို့ဆောင်ရွက်ရမည်ဆိုသည်ကို ပညာရှင်များအား လေ့ကျင့်ပေးမည်။ အကဲဖြတ်ချက်များလုပ်ဆောင်ရန် ECI ပညာရှင်များ သင်တန်းအတွက် စနစ်တစ်ရပ်သည် ECIဝန်ဆောင်မှုပေးသူများအတွက် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်တွင်းသင်တန်းဖော်ဆောင်ရေးနှင့်သင်တန်းပေးခြင်းမဟာဗျူဟာဦးစားပေး အစီအစဉ် ၄ အောက်တွင် ပါဝင်သည်။

### ၃. ၄။ ကလေးဖွံ့ဖြိုးမှုနယ်ပယ်စုံကျွမ်းကျင်သူများအဖွဲ့အတွက် လမ်းညွှန်များနှင့် သင်တန်းသင်ရိုးတစ်ခု ဖော်ထုတ်ခြင်း

ကလေးဖွံ့ဖြိုးမှုနယ်ပယ်စုံကျွမ်းကျင်သူများ ဖွဲ့စည်းခြင်းအတွက် အထွေထွေလမ်းညွှန်များကို ECI အစီအစဉ်လမ်းညွှန်များနှင့် လုပ်ငန်းစဉ်များတွင် ထည့်သွင်းထားမည်။

ECI ဝန်ဆောင်မှုနေရာအားလုံးသည် ကလေးဖွံ့ဖြိုးမှုနယ်ပယ်စုံကျွမ်းကျင်သူများအဖွဲ့၏ နည်းလမ်းများဖြင့် ကောင်းမွန်စွာပြင်ဆင်ထားပြီးဖြစ်ရန်အတွက် လေ့ကျင့်ရေးသင်ရိုးတစ်ခုပြုစုမည်၊ ECI ရှေ့ပြေးသင်တန်းအစီအစဉ်များတွင် ထည့်သွင်းပြီး၊ ECI လုပ်ငန်းခွင် တစ်ခုစီ ဖွဲ့စည်းသောအခါတွင်လည်း ထပ်မံ၍ တင်ပြသွားမည် ဖြစ်ပါသည်။ ဤလေ့ကျင့်ရေးအစီအစဉ်တွင် သရုပ်ပြခြင်း၊ လက်တွေ့လေ့ကျင့်မှု၊ နည်းပြဆရာဖြင့် ပြသသင်ကြားခြင်းတို့ ပါဝင်ပါသည်။

လေ့လာကြည့်ရှုခြင်းနှင့် နည်းပြသင်ကြားခြင်နည်းလမ်းများဖြင့် အဖွဲ့ ဖွဲ့စည်းမှုနှင့် လုပ်ငန်းစဉ် နှစ်စဉ်လေ့ကျင့်ပေးခြင်းကို ပြုလုပ်မည်ဖြစ်သည်။ ထို့အပြင် ကြီးကြပ်သူများသည် ကလေးများနှင့် မိသားစုများအတွက် တစ်ဦးချင်း အထူးကြပ်မတ်ဝန်ဆောင်မှုပေးရန် ပညာရပ်ပေါင်းစုံ လုပ်ဆောင်မှုများ၏ လွန်စွာ အရေးပါသော သွင်ပြင်လက္ခဏာသို့ အထူးဂရုပြုကြမည်ဖြစ်သည်။

၎င်းသင်တန်းသင်ရိုးကိုလည်း ECI ပညာရှင်ဝန်ထမ်းများအတွက် အနာဂတ် လုပ်ငန်းခွင် အကြိုသင်တန်းအစီအစဉ်အတွက် အသုံးပြုမည်။

## ၃. ၅။ တစ်ဦးချင်းအလိုက်ဝန်ဆောင်မှုအစီအစဉ်များ ဖော်ထုတ်ခြင်း

ကလေးများနှင့် မိသားစုများအတွက်နိုင်ငံ၏ တစ်ဦးချင်းအလိုက် ဝန်ဆောင်မှု အစီအစဉ်အတွက် ရည်ရွယ်ချက်များ၊ ပုံစံ၊ နည်းလမ်းများနှင့် လမ်းညွှန်ဖော်ထုတ် ပြုစုခြင်းကို အမျိုးသား ECI ကျွမ်းကျင်သူများနှင့် ပူးပေါင်း ဆောင်ရွက်မည်။

ထိုပုံစံကို ECI ရှေ့ပြေးလုပ်ငန်းခွင်များတွင် အသုံးပြုရန်အတွက် လိုအပ်ပါက ဘာသာပြန်မည်၊ မှီငြမ်းရေးသားမည်၊ ကွင်းဆင်းလက်တွေ့စစ်ဆေးမည်၊ ပြင်ဆင် တည်းဖြတ်မည်၊ မိတ္တူကူးပွားမည်။ ထို့အပြင် ECI ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ မိဘများနှင့်အတူ တစ်ဦးချင်းအလိုက် ဝန်ဆောင်မှုအစီအစဉ်များ ပြုစုရာတွင် သင့်တင့်လျောက်ပတ်စွာ အဓိပ္ပါယ်ရှိစွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် လေ့ကျင့်ရေး သင်ရိုးနှင့် လမ်းညွှန်တစ်ခု ပြုစုမည်။

ကနဦးစမ်းသပ်လုပ်ငန်းခွင်များတွင် စမ်းသပ်ပြီးသည်နှင့်တစ်ပြိုင်နက်၊ တစ်ဦးချင်း အလိုက် ဝန်ဆောင်မှုအစီအစဉ်ပုံစံ၊ နည်းလမ်းများနှင့် လမ်းညွှန်ကို ယဉ်ကျေးမှု နောက်ခံတစ်ခုစီမှ အဓိက ကလေးဖွံ့ဖြိုးမှု၊ မိသားစုနှင့် ယဉ်ကျေးမှုလိုအပ်ချက်များ ပြဋ္ဌာန်းမိစေရန် ထပ်မံချိန်ညှိရမည်ဟု မျှော်လင့်သည်။ ပြင်ဆင်တည်း ဖြတ်ထား သော ISP ပုံစံ၊ လမ်းညွှန်နှင့် သင်တန်းအစီအစဉ်ကို မြန်မာနိုင်ငံတဝန်းလုံးတွင် ECI ဝန်ဆောင်မှုများ တိုးချဲ့သည့်အခါတွင် အသုံးပြုရန်အတွက် ကျယ်ကျယ်ပြန့် ပြန့် ဖြန့်ဝေမည်။ ၎င်းအကဲဖြတ်ခြင်း ပစ္စည်းနှင့်နည်းလမ်းများကို မတူညီသည့် ယဉ်ကျေးမှုနောက်ခံ လိုအပ်ချက်များနှင့် ကိုက်ညီရန် တစ်ချိန်ပြီးတစ်ချိန် မွမ်းမံ သွားရလိမ့်မည်ဟု မျှော်လင့်ပါသည်။

## ၃. ၆။ ယဉ်ကျေးမှုအရသင့်တော်လျော်ညီသော ECI အိမ်တိုင်ရာရောက် ဝန် ဆောင်မှုသင်ရိုး၊ အသုံးပြုသည့်ပစ္စည်းများနှင့်နည်းလမ်းများဖော်ထုတ် ခြင်း

ယဉ်ကျေးမှုအရ သင့်တော်လျော်ညီသော အိမ်တိုင်ရာရောက် ဝန်ဆောင်မှုသင်ရိုး၊ အသုံးပြုသည့်ပစ္စည်းများနှင့် နည်းလမ်းပြုစုရေးသည် အရည်အသွေးမြင့် ECI ဝန်ဆောင်မှုများပေးရေးနှင့် ရေရှည်ထိန်းသိမ်းရေးအတွက် လွန်စွာအရေးပါသည်။ ပြည်နယ်တစ်ခုစီ၊ တိုင်းဒေသကြီးတစ်ခုစီ၊ မြို့နယ်တစ်ခုစီ၊ လူမျိုးစု၊ ဘာသာစကား အုပ်စုတစ်ခုစီမှ မိသားစုများနှင့် ကလေးများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် လိုသလိုပြုပြင်ပြောင်းလဲနိုင်မှု လိုအပ်ပါသည်။ ဥပမာ - ဆန်စပါးစိုက်ပျိုးသော

ဒေသမှ မိသားစုများသို့ပေးသော ဝန်ဆောင်မှုများသည် ရှမ်းပြည် တောင်ပေါ် ဒေသတွင်ပေးသော ဝန်ဆောင်မှုများနှင့် တစ်စုံတစ်ရာသော အတိုင်းအတာအထိ ကွဲပြားခြားနားနိုင်သည်။ ရွေ့ပြောင်းစမ်းသပ် လုပ်ငန်းခွင်ဝန်ဆောင်မှုများသည် ကနဦးအစီအစဉ် ဝန်ဆောင်မှုနည်းလမ်းချဉ်းကပ်မှုများ၏ ထိရောက်မှုကို အကဲ ဖြတ်နိုင်စေမည်။

အကောင်းဆုံး ECI ကလေးဖွံ့ဖြိုးတိုးတက်မှု သင်ရိုး၊ အသုံးပြုပစ္စည်းများနှင့် အိမ်တိုင်ရာရောက် ဝန်ဆောင်မှုနည်းလမ်းများရှိသည်။ သို့သော် ယဉ်ကျေးမှု များစွာမှ မြန်မာမိသားစုများ၏ ပကတိအခြေအနေနှင့် ကိုက်ညီရန် ဘာသာပြန် ခြင်းနှင့် ဆီလျော်အောင်ပြင်ဆင်မှုများစွာ ပြုလုပ်ရန်လိုအပ်သည်။ ထိုသင်ရိုးနည်း လမ်းများကို ဆီလျော်အောင်ပြင်ဆင်ခြင်းမရှိပါက မိသားစုများအနေဖြင့် ၎င်းတို့ ၏ဘဝများနှင့် ၎င်းတို့၏ ကလေးငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှု တို့အတွက် အစီ အစဉ်၏ အကြောင်းအရာများသည် အသုံးဝင်ခြင်းမရှိဟုဆိုကာ လက်မခံခြင်း ဖြစ်နိုင်ပါသည်။

အောက်ပါနယ်ပယ်များရှိ ယဉ်ကျေးမှုအရ သင့်တော်လျော်ညီသော သင်ရိုး ညွှန်တမ်းများ အိမ်တိုင်ရာရောက်ကွင်းဆင်းသူများသုံးရန် ရွေးချယ် သို့မဟုတ် ပြုစုရန် လိုအပ်လိမ့်မည်။

- အသက်အပိုင်းအခြားနှင့် ဖွံ့ဖြိုးတိုးတက်မှုအဆင့်များအရ ဖွံ့ဖြိုးတိုးတက် မှုနယ်ပယ်များအားလုံးရှိ လှုပ်ရှားဆောင်ရွက်မှုများနှင့်အတူ မွေးကင်းစမှ လပေါင်း ၆၀အထိ ကလေးငယ်ဖွံ့ဖြိုးမှုအကျိုးဆက်များကို မျှော်မှန်းခြင်း၊
- ကလေးငယ်နှင့် မိသားစုကျန်းမာရေး နှင့် အာဟာရ၊
- အိမ်နှင့် ရပ်ရွာတွင် ရေ၊ သန့်ရှင်းရေး နှင့် တကိုယ်ရည်သန့်ရှင်းရေး၊
- မြန်မာ့ရိုးရာကလေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်သုံး၍ ဆော့ကစားခြင်း ဖြင့် လေ့လာ သင်ယူခြင်း
- ထိရောက်သော အိမ်တိုင်ရာရောက် ကွင်းဆင်းနည်းများ၊ အရွယ်ရောက်ပြီး သူများအတွက် ပညာသင် နည်းလမ်းများ၊
- ထိရောက်မှုရှိသော အိမ်အရောက် လည့်ပတ်မှုများ မည်သို့ဆောင်ရွက်ရေး
- အရွယ်ရောက်သူများကို ထိရောက်စွာ မည်သို့ပညာပေးရေး နှင့်
- လိုအပ်သည့်အတိုင်း အခြားနယ်ပယ်များ၊



## ၃.၇။ (အိမ်နှင့် နေ့စဉ်ကလေးစောင့်ရှောက်ရေးဌာန) ကလေး၏ သဘာဝ ပတ်ဝန်းကျင်အခြေအနေတွင် သွားရောက်လည့်ပတ်မှုများမှနေ၍ တစ်ဦးချင်းအလိုက် ဝန်ဆောင်မှုများအတွက် လမ်းညွှန်များ ထူထောင်ခြင်း

ECI ဝန်ဆောင်မှုများနှင့် အကျုံးဝင်ကိုက်ညီသော၊ စာရင်းသွင်းထားသော ကလေးငယ်များနှင့် မိသားစုများအားလုံးကို တစ်ဦးချင်းအလိုက် ECI ဝန်ဆောင်မှုများပေးမည်။ ဤအဆင့်ဝန်ဆောင်မှုများကို ရပ်ကွက်နှင့် မြို့နယ်အဆင့်များတွင် ပေးမည်ဖြစ်ပြီး၊ လုံလောက်စွာလေ့ကျင့်ထားသည့် ECI ဝန်ဆောင်မှုပေးသူများ မြို့နယ်အဆင့်များတွင် ရနိုင်သည်အထိ အချို့ကို ခရိုင်အဆင့်တွင် ပေးမည်။

အိမ်တိုင်ရာရောက် ကွင်းဆင်းမှုအပေါ်တွင် စီမံခြင်း၊ ဆောင်ရွက်ခြင်း၊ အပြီးတွင် အစီရင်ခံခြင်း တို့အတွက် လမ်းညွှန်ချက်နှင့် ပုံစံများကို အိမ်တိုင်ရာရောက်ကွင်းဆင်းသူများ၊ အမှုတွဲမန်နေဂျာများ၊ ECI ဝန်ထမ်းများ အသုံးပြုရန်အတွက် ပြုစုပေးမည်။ ဤလမ်းညွှန်ချက်များအတွက် ရည်ညွှန်းကိုးကားချက်များကို ECI အစီအစဉ် လမ်းညွှန်နှင့် လုပ်ငန်းစဉ် အဆင့်ဆင့်တွင် ထားရှိပါမည်။ အဓိကနှင့် အရံ။အထောက်အကူပြု ECI ဝန်ဆောင်မှုများ စာရင်းအပြည့်အစုံကိုလည်း ECI အစီအစဉ် လမ်းညွှန်များနှင့် လုပ်ငန်းစဉ်များတွင် တင်ပြထားမည် ဖြစ်ပါသည်။

ကလေးငယ်များ၊ မိဘများ၊ တစ်အိမ်တည်းနေ ဆွေမျိုးများ၊ ကလေးစောင့်ရှောက်သူများ၊ မူလတန်းကြို ဆရာများအတွက် တစ်ဦးချင်း ECI ဝန်ဆောင်မှုပေးခြင်းနှင့်

ပတ်သက်သောလေ့ကျင့်ရေးသင်ရိုးတစ်ခုပြုစုပြီး ကွင်းဆင်းစမ်းသပ် တည်းဖြတ်ပြုပြင်ကာ ECI ရှေ့ပြေးစမ်းသပ် လုပ်ငန်းခွင်များထူထောင်ရန် အသုံးပြုမည်။ အစီအစဉ်များကို ရှေ့ပြေးစမ်းသပ်ပြီးသောအခါ ဤလေ့ကျင့်ရေးသင်ရိုးတွင် ထပ်မံတည်းဖြတ် ပြုပြင်မည်။

ဖြစ်နိုင်ခြေအတိုင်းအတာအထိ ကလေးငယ်များ၊ မိဘများ၊ ကလေးစောင့်ရှောက်သူများ အောက်ပါ တစ်ဦးချင်းအလိုက်ဝန်ဆောင်မှုများကို ကလေးငယ်၏ သဘာဝပတ်ဝန်းကျင်တွင်ပေးမည်။

- ရှေးဦးအရွယ် ဖွံ့ဖြိုးအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကျွမ်းကျင်သူများ၊ အကြောအဆစ်ကုထုံးပညာရှင်များ၊ အနုစိတ်ကုထုံး/လက်မှုပညာအသုံးပြုသောပညာရှင်များ၊ စကားပြောကုထုံးပညာရှင်များ၊ အထူးပြုပညာရေးမှူးများ၊ အာဟာရပညာရှင်များ၊ သူနာပြုများနှင့် အခြားပညာရှင်များကပေးသော ကလေးဖွံ့ဖြိုးရေး/မိဘပညာပေးရေးနှင့် ECI ဝန်ထမ်းကြီးကြပ်မှုဝန်ဆောင်မှုများ၊
- သားဖွားဆရာမ၊ အရံသားဖွားဆရာမများ၊ သူနာပြုအကူများ၊ ရပ်ရွာကျန်းမာရေးလုပ်သားများ၊ လူမှုရေးလုပ်သားအကူများ၊ လက်ထောက်ဆရာများ၊ ECCD သို့မဟုတ် မူကြိုကျောင်း ဆရာများ၊ ထိုသူများ ဖြစ်လာရန် အစဦးလေ့ကျင့်ထားသူများထဲက တချို့နှင့် အခြားသူများ၊ လေ့ကျင့်ထားသော၊ ကြီးကြပ်ကွပ်ကဲသော ကျွမ်းကျင်သူများ အစရှိ သူတို့၏ အိမ်တိုင်ရာရောက် ကွင်းဆင်းမှုများ၊
- လူမှုရေးလုပ်သားများ၊ စိတ်ပညာရှင်များနှင့် အခြားသူများ၏ မိသားစုထောက်ပံ့ရေး ဝန်ဆောင်မှုများ၊
- စိတ်ကျန်းမာရေးနှင့် အပြုအမူ ပုံမှန်မဟုတ်ခြင်းအတွက် ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုစီတွင်ရှိသော၊ လေ့ကျင့်ပြီး ဖြစ်သည့်စိတ်ပညာရှင်များ၊ အခြားကျွမ်းကျင်သူများနှင့် တွေ့ဆုံဆောင်ရွက်မည်။
- အာဟာရပညာရှင်များ၊ အခြားအာဟာရဆိုင်ရာ လေ့ကျင့်ပေးထားသူများက ပေးသော အာဟာရဆိုင်ရာ ဝန်ဆောင်မှု၊
- ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကလေးငယ်များနှင့် မိသားစုများကို ရနိုင်သည့် ခရိုင် သို့မဟုတ် မြို့နယ်ဆရာဝန်နှင့် ကလေးအထူးကုများသို့ လွှဲအပ်မည်။ ကျန်းမာရေးဝန်ကြီးဌာနသည် ကလေးကျန်းမာရေးဒီပလိုမာ

(DCH) လက်မှတ်ရ ကလေးအထူးကုများကို မြို့နယ်တစ်ခုစီတွင် တိုးမြှင့်ထားရှိသွားမည်။

- ကလေးတစ်ဦးသည် ကာကွယ်ဆေးကို နောက်ဆုံးအကြိမ်အထိ အပြည့်အဝ ထိုးထားရန်လိုအပ်ပြီး၊ ပုံမှန်ကျန်းမာရေးစစ်ဆေးမှုနှင့် အာဟာရအကဲဖြတ်ချက် လက်ခံရရှိရမည်။ (အရပ်နှင့် အလေးချိန်)
- အိမ်တွင်းပြုစုစောင့်ရှောက်မှုအတွက် မြို့နယ်ကျန်းမာရေးဌာနဝန်ဆောင်မှုများသို့ ညွှန်းပို့မည်။
- ရှုပ်ထွေးသောအခြေအနေရှိသည့် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသောကလေးများအတွက် ရောဂါရှာဖွေရေးနှင့် ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများအတွက် အဓိကကျသောပြန်လည်ထူထောင်ရေးဆေးရုံများ၊ ဌာနများသို့ ညွှန်းပို့ပေးမည်။
- မတော်တဆဖြစ်မှု သို့မဟုတ် ဒဏ်ရာရမှုကြောင့် မသန်စွမ်းသောကလေးငယ်များနှင့် ရုပ်ပိုင်းဆိုင်ရာမသန်စွမ်းသော ကလေးငယ်များအတွက် ခြေတုလက်တုနှင့် အကြောအဆစ်ကုထုံးများဖြင့် ကူညီနိုင်ရေး လိုအပ်ချက်များမြင့်တက်နေသောကြောင့် ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုလုပ်ငန်းများတိုးတက်ရေးနှင့် တိုးချဲ့ရေးကို အထူးအာရုံစိုက် လုပ်ဆောင်မည်။
- အနီးနား ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် သို့မဟုတ် မြို့ကြီးများတွင်သာ ယေဘုယျအားဖြင့်ရှိကြသော နားဘက်ဆိုင်ရာကျွမ်းကျင်သူများ(Audiologists)များအပါအဝင် အမြင်နှင့် အကြားဆိုင်ရာအထူးကုများသည် အမြင်၊ အကြားချို့ယွင်းချက်များရှိသည့် ကလေးများကို ဝန်ဆောင်မှုလုပ်ငန်းများ ထောက်ပံ့ပေးရန်လည်း ကူညီပါမည်။

## ၃.၈။ အစီအစဉ်ကူးပြောင်းခြင်း သို့မဟုတ် အစီအစဉ်ပြီးပြည့်စုံခြင်းအတွက် အစီအစဉ်များ ရေးဆွဲခြင်း

ECI ဝန်ဆောင်မှုများမှ အားလုံးအကျုံးဝင်သည့် မူကြိုကျောင်း၊ မူလတန်းကျောင်း သို့မဟုတ် အခြေခံပညာကျောင်းသို့ ကလေးသူငယ်များနှင့် မိသားစုများကို လွှဲပြောင်းခြင်း သို့မဟုတ် အစီအစဉ်ပြီးပြည့်စုံခြင်းအတွက် အစီအစဉ်များကို ပြင်ဆင်ရန်ပုံစံနှင့် သင်တန်းသင်ရိုးကိုမူကြမ်းရေးဆွဲ၊ ကွင်းဆင်းစမ်းသပ်၊ တည်းဖြတ်ပြင်ဆင်ပြုလုပ်ပြီး၊ ECI ရွှေ့ပြောင်းလုပ်ငန်းခွင်များတွင် အသုံးပြုရန် မိတ္တူပွား

မည်။ နောက်ပိုင်းတွင် ပုံစံနှင့် သင်တန်းသင်ရိုးကို လိုအပ်သည့်အတိုင်း၊ မြန်မာနိုင်ငံတွင် ECI ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့စဉ်အတွင်း အထွေထွေ အသုံးပြုမှုအတွက် တည်းဖြတ်ပြင်ဆင်မည်။

ပုံမှန်ဖွံ့ဖြိုးတိုးတက်မှုအဆင့်ရရှိလာသော ကလေးသူငယ်များသည်၊ သူတို့၏ ရရှိချက်များသည် ECI ဝန်ဆောင်မှုများကို ပြည့်စုံသွားမည်။ သူတို့ထဲမှအချို့သည် ဖွံ့ဖြိုးမှုနှောင့်နှေးဖွယ်အလားအလာရှိသော အခြေအနေနည်းပါးသွားရာမှ မရှိတော့သည့် သို့မဟုတ် အခြား ECI ဝန်ဆောင်မှုအခြေအနေများနှင့် ကိုက်ညီသည့် ကလေးသူငယ်များသည် အထွေထွေ ECCD ဝန်ဆောင်မှုလုပ်ငန်းများသို့ ဝင်ရောက်နိုင်သည်။

ကလေးသူငယ်များ၊ မိဘများ သည် ECI ဝန်ဆောင်မှုများမှ မထွက်ခွာမီ အနည်းဆုံး တနှစ်တွင်၊ ဖွံ့ဖြိုးမှုနှောင့်နှေးဖွယ် အလားအလာရှိနေသော သို့မဟုတ် မသန်စွမ်းသောကလေးငယ်များအတွက်မိဘများ၊ အခြားထိန်းသိမ်းစောင့်ရှောက်သူများနှင့် အားလုံးအကျုံးဝင် မူကြိုကျောင်း၊ မူလတန်းကျောင်း သို့မဟုတ် မူလတန်းကျောင်း ကျောင်းအုပ်ကြီးများ၊ ဆရာများနှင့်အတူ ကူးပြောင်းရေး အစီအစဉ်များကို ဖော်ထုတ်မည်။ ECI ဝန်ဆောင်မှု ပေးသူများသည် သူတို့၏ အနာဂတ်ဆရာများ၊ ကျောင်းအုပ်ကြီးများသို့ ကလေးတစ်ဦးချင်းစီနှင့် မိသားစုအကြောင်းကိုတင်ပြရန် အားလုံးအကျုံးဝင် မူကြိုကျောင်းများ၊ မူလတန်းကျောင်းများ၊ အခြေခံပညာကျောင်းများသို့ သွားရောက်အသိပေးမှုများ ပြုလုပ်မည်။ သူတို့ သည် ကလေးတစ်ဦးချင်းစီ၏ အားသာချက်၊ စွမ်းရည်များနှင့် မျှော်လင့်ရသော နောက်ထပ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နယ်ပယ်များကို မှတ်စုထုတ်ထားမည်။ သူတို့သည် စာသင်ခန်းအခြေအနေတွင် ကလေးကို ကောင်းစွာ ဖွံ့ဖြိုး တိုးတက်ရန် ဘယ်လိုလမ်းညွှန်မလဲဆိုသည်ကို ဆရာများလေ့လာရန်လည်း ကူညီမည်။ သူ တို့သည် ကလေး ကောင်းမွန်စွာ ကူးပြောင်းမှုအနေအထား ရောက်သည့်တိုင်အောင် တစ်ပတ်တစ်ကြိမ်မှ တစ်လတစ်ကြိမ် လိုအပ်ချက်အပေါ်မူတည်၍ ကျောင်းသို့ သွားရောက်လည်ပတ်မည်။ ဤသို့ဆောင်ရွက်ရန်သည် အချို့ကလေးသူငယ်များနှင့်/သို့မဟုတ် ဆရာများသည် ၆ လအထိ နောက်ဆက်တွဲ လုပ်ဆောင်ချက်ဆိုင်ရာ လည်ပတ်မှုများ လိုအပ်နိုင်သော်လည်း ယေဘုယျအားဖြင့် ၃ လအတွင်းသာ ရှိတတ်ပါသည်။

ECI ဝန်ဆောင်မှုများ ပြီးပြည့်စုံသွားသော ကလေးငယ်များ၏ ၉၅ ရာခိုင်နှုန်း ကျော်သည် အကျုံးဝင် မူကြို မူလတန်းကျောင်းများသို့ ပြောင်းရွှေ့မည်ဟု မျှော်လင့် ရသည်။ ကလေးငယ်များ၏ ၅ ရာခိုင်နှုန်းခန့်သော မိဘများသည် များပြားနှင့်/သို့ ရှုပ်ထွေးသည့် မသန်စွမ်းမှုရှိသော ၎င်းတို့၏ ကလေးငယ်များကို အထူး

ကျောင်း သို့မဟုတ် အကြားနှင့် အမြင်အာရုံချို့တဲ့ ကျောင်းတစ်ကျောင်းသို့ ပို့ဆောင်ကြပေမည်။ သုတေသနလေ့လာချက် အများအပြားအရ ဒေါင်းရောဂါလက္ခဏာစု၊ သူငယ်နာအကြောတင်း၊ အော်တစ်ဇင်အခြေအနေနှင့် အခြား ရုပ်ပိုင်းနှင့်/သို့မဟုတ် စိတ်ပိုင်းချို့ယွင်းမှုများသည် အားလုံးအကျုံးဝင်မှုကြိုကျောင်းများ၊ မူလတန်းကျောင်းများနှင့် အခြေခံပညာကျောင်းများသို့ တက်ရောက်သင်ယူခြင်းဖြင့် အကျိုးခံစားရကြောင်း တွေ့ရှိရသည်။ ထို့အပြင် ပုံမှန်ဖွံ့ဖြိုးမှု အဆင့်ရှိကလေးများသည် လူမှုဆက်သွယ်ရေးကျွမ်းကျင်မှုအသစ်များမှ လေ့လာသင်ယူခြင်း စွမ်းရည် အမျိုးမျိုးရှိရာ ကလေးများနှင့် မိတ်ဖွဲ့ခြင်းတို့မှ အကျိုးကျေးဇူးများစွာ ခံစားကြရကြောင်းကိုလည်း သုတေသနများက ဖော်ထုတ်ပြသည်။

## ၃. ၉။ ECI ဝန်ဆောင်မှုလုပ်ငန်း စံနှုန်းများနှင့် ECI လုပ်ငန်းစာရင်းသွင်း မှတ်ပုံတင်မှုကို ဖော်ထုတ်ခြင်း

အဆင့်မြင့်ထိရောက်သော ECI ဝန်ဆောင်မှုများ၏ အဓိကလိုအပ်သည့် အခြေခံများ၊ ECI လုပ်ငန်းလမ်းညွှန်ချက်များနှင့် အစီအစဉ်များကို အခြေခံ၍ ဝန်ဆောင်မှုစံနှုန်းများနှင့် အစီအစဉ်စာရင်းသွင်း မှတ်ပုံတင်ခြင်းအတွက် ECI လမ်းညွှန်ချက်များကို မူကြမ်းပြုစုမည်။ ထိုမူကြမ်းစံနှုန်းများနှင့် အစီအစဉ်စာရင်းသွင်း မှတ်ပုံတင်ခြင်း အတွက် ECI လမ်းညွှန်ချက်များကို ECI ဝန်ကြီးဌာနများ၊ အစီအစဉ် ညွှန်ကြားရေးမှူးများ၊ ECI အထူးပြု ကျွမ်းကျင်သူပေါင်းစုံနှင့် အခြားသက်ဆိုင်သော ဝန်ထမ်းများအားလုံးထံမှ ဝေဖန်ချက်မှတ်ချက်များ ရရှိရန် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေမည်။

ထိုဆွေးနွေးအကြံပြုချက်များအားလုံးကို စုစည်းပြီးသောအခါ ECI ဝန်ဆောင်မှု စံနှုန်းနှင့် ပထမမူကြမ်းများကို ၂၀၁၇ ခုနှစ် နောက်ပိုင်းတွင် ဖြန့်ချိမည်။ သုံးနှစ်တစ်ကြိမ်ဝန်ဆောင်မှုစံနှုန်းများကို ပြန်လည်သုံးသပ် လိုအပ်သလိုပြုပြင်မည်။ ဤစာရွက်စာတမ်းများနှင့်ပတ်သက်သော အစီအစဉ်ပစ္စည်းများအားလုံးကိုလည်း အပြောင်းအလဲလုပ်ရန် ပြန်လည်သုံးသပ်မည်။

## ၃. ၁၀။ ကလေးနှင့် မိဘအခွင့်အရေးများပေါ်တွင် အဓိကထားသည့် မိဘအားပေးဆောင်ရွက်ရေးအတွက် သင်တန်းသင်ရိုးများ ဖော်ထုတ်ခြင်း

စေတနာ့ဝန်ထမ်းများ၊ ECI ပညာရှင်များ နှင့် ကျွမ်းကျင်သူများ အသုံးပြုရန်အတွက် သင်တန်းသင်ရိုးတခုကို ဖော်ထုတ်မည်။ သင်ရိုးကို ဖော်ပြပါအချက်တို့အပေါ်တွင် အလေးထား မည်၊ မိဘအားပေးဆောင်ရွက်ရေး၊ ကလေးနှင့်မိဘအခွင့်အရေးများ၊ စာဖြင့်ရေးသားထားသည့် အသိပေးသဘောတူညီချက်၊ သူတို့၏ ကလေးသူငယ်များအား စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းတွင် မိဘများ၏အခန်းကဏ္ဍ၊ တစ်ဦး



ချင်းအလိုက် ဝန်ဆောင်မှုအစီအစဉ်များ၊ နှင့် ECI ဝန်ဆောင်မှုများတွင် မိဘများ အပြည့်အဝ ပါဝင်မှု။

ဤသင်ရိုးကိုမိဘများနှင့်အခြားမိသားစုဝင်များECIဝန်ဆောင်မှုလုပ်ငန်းများတွင် အပြုသဘောဆောင် သည့်ပါဝင်မှုများအတွက် ပြင်ဆင်ရန် အသုံးပြုမည်။ အထူးသဖြင့် ECI ဝန်ဆောင်မှုများကို လေးစားမှုနှင့်အတူ ကလေးနှင့် မိဘအခွင့်အရေးများနှင့်ပတ်သက်၍ မြို့နယ်နှင့် ရပ်ရွာခေါင်းဆောင်များ၊ အဖွဲ့ဝင်များကို ပြင်ဆင်ရန်အတွက်လည်း အသုံးပြုမည်။ ရှေ့ပြေးလုပ်ငန်းခွင်များအတွက် သင်တန်းတွင်အသုံးပြုရန် ဤသင်ရိုးကို လျှင်မြန်စွာ ကွင်းဆင်းစမ်းသပ်ခြင်း၊ ပြင်ဆင်တည်းဖြတ်ခြင်းနှင့် မိတ္တူပွားခြင်းတို့ ပြုလုပ်မည်။

## ၃. ၁၁ အိမ်တိုင်ရာရောက် သွားရောက်သူများနှင့် အခြား ECI ဝန်ထမ်းများအတွက် ကောင်းမွန်သောမိဘရေးရာကျွမ်းကျင်မှုများနှင့်သက်ဆိုင်သည့် သင်တန်းသင်ရိုးအစီအစဉ်များပြင်ဆင်ခြင်း

ကလေးပြုစုစောင့်ရှောက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍ မြန်မာမိသားစုအများစု၏ အားသာချက်များကြောင့် မိဘရေးရာကျွမ်းကျင်မှုတိုးမြှင့်ရေးနှင့်ပတ်သက်သည့် လုပ်စရာအလုပ် အနည်းငယ်သာရှိပါလိမ့်မည်။ သို့သော် ဖိစီးမှုများသော မိသားစုအခြေအနေများ၊ သဘာဝအန္တရာယ်များ၊ ရပ်ရွာပြဿနာများကြောင့် ဖြစ်ပေါ်သောစိတ်ဒဏ်ရာရမှု၊ အလွန်အမင်းဆင်းရဲမှု၊ အာဟာရချို့တဲ့မှု မြင့်မားသောအဆင့်ကြောင့် မိဘအများအပြားသည် ကောင်းမွန်သော မိဘရေးရာ ကျွမ်းကျင်မှုကို ထိန်းသိမ်းနိုင်ရန် ကူညီမှုလိုအပ်သည်၊ အထူးသဖြင့် မွေးဖွားရမှာ ၃၆ လ နှင့် လ ၆၀ ကာလအထိ အရေးကြီးသော ကာလအတွင်း၊ သူတို့၏ ကလေးငယ်များ ဖွံ့ဖြိုးမှုတိုးတက်စေရန် မိဘရေးရာကျွမ်းကျင်မှုအသစ်များကိုကို မိတ်ဆက်ရမည်။

အဖေနှင့် အမေနှစ်ဦးစလုံးကိုပေးသည့် မိဘအသိပညာပေးရေး ဟန်ချက်ညီမှု သေချာစေရန် အထူးအလေးထားပါသည်။ မိခင်၏အခန်းကဏ္ဍများနှင့် ဖခင်၏ အခန်းကဏ္ဍများကို အထူး အထင်အရှား ပြုလုပ်ပါသည်။

အိမ်တိုင်ရာရောက်သွားရောက်ခြင်းနှင့် အုပ်စုလိုက်ကဏ္ဍများအတွင်း အိမ်တိုင်ရာရောက် သွားရောက်သူ များနှင့် မိဘပညာပေးသူများ အသုံးပြုရန်အတွက် စာအုပ်နှစ်အုပ်နှင့် သင်တန်းသင်ရိုးကို ပြင်ဆင်ပါမည်။ ဤသင်တန်း သင်ရိုးများသည် မွေးကင်းစမှ လ ၆၀ အထိ ကလေးဖွံ့ဖြိုးတိုးတက်မှု လစဉ်အခြေအနေနှင့် သက်ဆိုင်ပါသည်။ လစဉ်အတွက်၊ အကြောင်းအရာများမှာ ဖော်ပြပါအစိတ်အပိုင်းများ ပါဝင်ပါသည်၊ မျှော်လင့်ထားသော ကလေးဖွံ့ဖြိုးမှု၊ ကောင်းမွန်သော ရုပ်ပိုင်းဖွံ့ဖြိုးမှု၊ ဘာသာစကား၊ သိမှု(cognitive)၊ လူမှုနှင့် စိတ်ပိုင်းဖွံ့ဖြိုးတိုးတက်မှု၊ အဓိက ကျန်းမာရေး၊ အာဟာရ၊ လုံခြုံမှုနှင့် တကိုယ်ရည်သန့်ရှင်းမှု အသိပေးစကားများ နှင့် ကုန်ကျစရိတ်မဲ့ အရုပ်လုပ်သည့်အလုပ်။

### ၃. ၁၂။ မွေးဖွားရာမှ အသက်ငါးနှစ်အရွယ် ကလေးသူငယ်များကို မိဘမဲ့ဂေဟာများ၊ အဖွဲ့အစည်းများတွင် ထားရှိရခြင်း (institutionalisation) ကို ကာကွယ်ခြင်းနှင့် ဂေဟာများ၊ အဖွဲ့အစည်းများတွင် ထားရှိပြီးသော ကလေးသူငယ်များကို ထိုဂေဟာများ၊ အဖွဲ့အစည်းများမှ ပြန်ထုတ်ခြင်း (deinstitutionalisation)၊ မိသားစုနှင့်အတူ ပြန်ထားခြင်း

မိဘမဲ့ဂေဟာများတွင်ရှိသော မွေးစမှ အသက်ငါးနှစ်အရွယ်ရှိ ကလေးသူငယ်များနှင့် မွေးကင်းစများ၏ မိဘမဲ့ဂေဟာများ၊ အဖွဲ့အစည်းများတွင် ထားရှိရခြင်း (institutionalisation)ကို ကာကွယ်သည့်သင်တန်း သင်ရိုးတခုကိုပေးရန် အထူးအလေးထားမည်။ အဖွဲ့အစည်းများတွင်ရှိသော ငယ်ရွယ်သည့် ကလေးသူငယ်များအားလုံးသည် မလုံလောက်သည့်ဂရုစိုက်မှုနှင့် စောင့်ရှောက်မှုတို့ကြောင့် တစ်ခုသို့မဟုတ် တစ်ခုထက်ပိုသောနယ်ပယ်များတွင် ယေဘုယျအားဖြင့် ဖွံ့ဖြိုးနှောင့်နှေးလာကြောင်းကို သုတေသနများက ဖော်ပြခဲ့ပြီးပါပြီ။ ကလေးသူငယ်များသည် ချစ်ခင် နှစ်လိုဖွယ်ကောင်းသောမိသားစုအိမ်များတွင် နေထိုင်ရန်လိုအပ်ပါသည်။ ECI အစီအစဉ် များသည် မွေးကင်းစမှ အသက်ငါးနှစ်အရွယ်ရှိ ကလေးသူငယ်များ၏ မိဘမဲ့ဂေဟာများ၊ အဖွဲ့အစည်းများမှ ပြန်ထုတ်ခြင်း (deinstitutionalisation)ကိုလည်း ကူညီမည်။ မွေးကင်းစမှ ငါးနှစ်အရွယ် ကလေးသူငယ်များအတွက် ကောင်းမွန်သော အိမ်ကိုရှာတွေ့သည်အထိ၊ ECI ဝန်ဆောင်မှုများသည် မိဘမဲ့ဂေဟာများတွင်ရှိနေသာကလေးသူငယ်များကို ထောက်ပံ့မည်။

မိဘမဲ့ဂေဟာကျောင်းများ၊ အဖွဲ့အစည်းများမှ ပြန်ထုတ်ခြင်း (deinstitutionalisation) ပြုလုပ်ပြီးသည်နှင့် တစ်ပြိုက်နက်တည်း၊ မိသားစုအရင်းများ သို့မဟုတ် အခြားမွေးစားမိသားစုများဆီ အိမ်တိုင်ရာရောက် သွားရောက်မည်။ မိဘမဲ့ဂေဟာများတွင်ရှိနေသောကြောင့် ဖွံ့ဖြိုးမှုနှောင့်နှေးမှုများကိုကျော်လွှားပြီး ကလေးသူငယ်များ ကောင်းကောင်းဖွံ့ဖြိုးရန် ထောက်ပံ့မည်။ မိသားစုများသည် အဓိက ECI ဝန်ဆောင်မှုများကို ရနိုင်လျှင် ရနိုင်သလောက်၊ မိသားစုဆွေးနွေးအကြံပေးမှု၊ မိသားစုကုထုံးနှင့် မိသားစု ထိန်းသိမ်းရေး ဝန်ဆောင်မှုများကို လက်ခံရရှိမည်။ ဖြစ်နိုင်လျှင်၊ ငွေသားပေးမှုများကို မွေးစားမိသားစုအဖြစ် သူတို့လက်ခံရယူထားရသည့်ကလေး သို့မဟုတ် သူတို့၏ကလေးအတွက် လုံလောက်သည့် အစားအစာ ကျွေးမွေးရန်နှင့် ဂရုစိုက်မှုထောက်ပံ့ရန်မတတ်နိုင်သည့် ဆင်းရဲသောမိသားစုများကို ပေးမည်။

အချို့ကလေးသူငယ်များသည် ရှုပ်ထွေးသောမသန်စွမ်းမှုများရှိသည်။ ဤအခြေအနေတွင် မိဘများသည် သူတို့၏ကလေးငယ်များကို သူတို့၏လိုအပ်ချက်နှင့်အညီ အထူးပညာရေးဌာနများတွင်စာရင်းသွင်းရန်ဆုံးဖြတ်နိုင်သည်။ ဒေါင်းရောဂါလက္ခဏာစု၊ သူငယ်နာအကြောတင်း၊ အကြားနှင့်အမြင်ဆိုင်ရာချို့ယွင်းမှုနှင့်အခြားမသန်စွမ်းမှုများရှိသောကလေးသူငယ်အများစုသည်ယေဘုယျအားဖြင့် အားလုံးအကျုံးဝင်သည့်မူကြိုကျောင်းနှင့် အားလုံးအကျုံးဝင်သည့်မူလတန်းကျောင်းများတွင် တက်လေ့ရှိသည်။ အခြေအနေရှုပ်ထွေးသော သို့မဟုတ် ခက်ခဲသောအပြုအမူများရှိသည့် ကလေးသူငယ်များသာလျှင် အထူးကျောင်းများသို့ တက်သင့်သည်။

### ၃.၁၃။ ဒုက္ခသည်၊ ပြည်တွင်းရွှေ့ပြောင်းနေသူများ (internally displaced) သို့မဟုတ် ကပ်ဘေးဒဏ်သင့်ကလေးသူငယ်များနှင့် မိဘများ/ထိန်းသိမ်းစောင့်ရှောက်သူများ

သဘာဝကပ်ဘေးများနှင့် ပဋိပက္ခများကြောင့်ထိခိုက်သော သို့မဟုတ် ပြည်တွင်းရွှေ့ပြောင်းနေသူများ၊ ဒုက္ခသည်များဖြစ်သည့် ကလေးသူငယ်များနှင့် မိဘများကို အထူးအလေးထားသည့်ဝန်ဆောင်မှုလုပ်ငန်းများကိုထောက်ပံ့ရန်အတွက် ၂၀၁၈ ခုနှစ်တွင် သင်တန်းသင်ရိုးနှင့် ပစ္စည်းများနှင့်အတူ သင်တန်းလက်စွဲတစ်စုံကို ဖော်ထုတ်မည်။ ဤမိဘပညာရေးနှင့် ကလေးဖွံ့ဖြိုးတိုးတက်မှုလက်စွဲ၊ သင်တန်းသင်ရိုးများနှင့် ECIပစ္စည်းများသည် ဤဖွံ့ဖြိုးမှုနှောင့်နှေးဖွယ်အလားအလာရှိသောအုပ်စုများနှင့် အလုပ်လုပ်နေသော ECI ဝန်ထမ်းများ အသုံးပြုရန်အတွက် ဖော်ထုတ်မည်။ အားကောင်းသောမိခင်နှင့် မိသားစုထောက်ပံ့ရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဖြစ်ရပ်များ စီမံခန့်ခွဲမှုတို့ကို အထူးအလေးထား ဆောင်ရွက်မည်။

## ၃. ၁၄။ ECI ဝန်ဆောင်မှုလုပ်ငန်းများထူထောင်ရန် ရပ်ရွာအစည်းအဝေးများ အတွက် သင်တန်းသင်ရိုးနှင့် လမ်းညွှန်ချက်များပြင်ဆင်ခြင်း

ECI မဟာဗျူဟာအစီအစဉ်ကို မိဘများနှင့် ရပ်ရွာဒေသများမှ သေချာစွာသိရှိရန် ပြင်ဆင်၊ အကောင်အထည်ဖော်မည်။ မြို့နယ်များတွင် အသုံးပြုရန်အတွက် ECI ဝန်ဆောင်မှု လမ်းညွှန်ချက်များအကျဉ်းနှင့် သင်တန်းသင်ရိုးကို ပြင်ဆင်မည်။

ဒေသအာဏာပိုင်များ၏ အကူအညီဖြင့်၊ ECI ဝန်ဆောင်မှုများအတွက် ရပ်ရွာ အသိပေးလှုံ့ဆော်မှုကို ကျောင်းများ၊ ကျန်းမာရေးစင်တာများနှင့် အခြား မြို့နယ်နှင့် ရပ်ရွာစင်တာများတွင် လုပ်ဆောင်မည်။ ထို့အပြင်၊ သီးခြားဖြစ်နေသော/ ဝေးလံသောနေအိမ်များတွင် နေထိုင်ကြသော မိသားစုများရှိရာတွင် စေတနာ့ ဝန်ထမ်းများသည် ECI ဝန်ဆောင်မှုများအကြောင်း မိဘများကိုအသိပေးရန် အိမ်တိုင်ရာရောက် သွားရောက်ဆောင်ရွက်မည်။

## ၃. ၁၅။ ECI ဝန်ဆောင်မှုလုပ်ငန်းများနှင့် အားလုံးအကျုံးဝင်ပညာရေးဆိုင်ရာ သင်ရိုးဖော်ထုတ်ခြင်း

အားလုံးအကျုံးဝင် ပညာရေးတွင် မိဘများနှင့် ဆရာများ၏ အခန်းကဏ္ဍများ၊ စွမ်းဆောင်ရည် အမျိုးမျိုးရှိသောကလေးများအတွက် အကျိုးကျေးဇူးများ၊ အား လုံးအကျုံးဝင်ပညာရေးနည်းလမ်းများနှင့် အဓိကအယူအဆများ၊ အထူးလိုအပ် ချက်များရှိသည့် ကလေးသူငယ်များအတွက် ECI ဝန်ဆောင်မှုလုပ်ငန်းများ၏ ထောက်ပံ့မှုနှင့် ရှေးဦးအရွယ်ဖွံ့ဖြိုးမှုတိုင်းတာစစ်ဆေးခြင်း၏ အရေးပါမှုအပေါ် တွင် သင်တန်းသင်ရိုးကို ဖော်ထုတ်မည်။

အားလုံးအကျုံးဝင် မူကြိုကျောင်း၊ မူလတန်းကျောင်း၊ မူလတန်းပညာရေးတို့၏ ချိတ်ဆက်ထားမှုနှင့် ECI ဝန်ဆောင်မှုများအကြောင်းကို ရပ်ရွာစေတနာ့ ဝန်ထမ်း များ၊ အခြားပညာရှင်များနှင့် မိဘများကို အသိပေးရန်အတွက် ဤသင်ရိုးကို ECI ဝန်ဆောင်မှုပေးသူများနှင့် အခြားသူများကလည်း အသုံးပြုမည်။

## ၃. ၁၆။ တက္ကသိုလ်များ၊ လူငယ်အုပ်စုများနှင့် အထက်တန်းကျောင်းများရှိ အရွယ်ရောက်သူများအတွက် ကောင်းမွန်သော၊ အကျိုးရှိသောမိဘ ရေး ရာနှင့် ကျန်းမာသောကလေးငယ်များပြုစုပျိုးထောင်ခြင်း ပြင်ဆင်မှု အပေါ်တွင် သင်တန်းသင်ရိုးရေးဆွဲခြင်း

ECI ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်နယ်/တိုင်းဒေသကြီး ၃ ခုတွင် ကောင်းစွာ ထူထောင်ပြီးသည်နှင့် တပြိုက်နက်တွင်၊ ကလေးသူငယ်ပြုစုပျိုးထောင်ခြင်းနှင့် ကောင်းမွန်သော ကလေးပြုစု ပျိုးထောင်မှုကျွမ်းကျင်ခြင်းနှင့်ဆိုင်သော ဗဟုသုတ

ဖွံ့ဖြိုးစေခြင်းတို့အတွက် ပြင်ဆင်ခြင်းနှင့် ပတ်သက်သည့် အထူးသင်ရိုးကို တက္ကသိုလ်များနှင့် လူငယ်အုပ်စုများ၊ အထက်တန်းကျောင်းများ၏ ကျန်းမာရေး ဆိုင်ရာသင်ကြားချိန်များတွင် အရွယ်ရောက်သူများကိုတင်ပြရန်အတွက် ပြင်ဆင် မည်။

အထူးလိုအပ်ချက်များရှိသည့်ကလေးတစ်ဦး၏ မိဘများဖြစ်လာသည့် အရွယ် ရောက်သူများအတွက်၊ အစီအစဉ်တစ်ရပ်ကို အထူးသဖြင့်ဖော်ထုတ်မည်။ ယေဘု ယျအားဖြင့် ထိုမိဘများသည် သူတို့၏ ငယ်ရွယ်သော ကလေးသူငယ်များကို မည်ကဲ့သို့ ဂရုစိုက်ရမည်ဆိုသည်ကို လေ့လာရန် စိတ်အားထက်သန်ကြသည်။ အလုပ်များပြားသည့် မိဘများနေရကြို ရောက်ရှိလာသည့်အခါ အရွယ်ရောက်သူ အမေများနှင့် အဖေများကို ကျောင်းတွင်နေရန် သို့မဟုတ် ကျောင်းသို့ပြန်သွားရန် အစွမ်းကုန် အားထုတ်ဆောင်ရွက်သွားမည်ဖြစ်သည်။

| *မဟာဗျူဟာ (၄) ECI ဝန်ဆောင်မှုပေးသူများအတွက် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်တွင်းသင်တန်းပေးခြင်းနှင့် ဖော်ဆောင်ရေး* |
|---|
| လုပ်ငန်းခွင်အကြိုနှင့် စဉ်ဆက်မပြတ်လုပ်ငန်းခွင်သင်တန်းပေးပါမည်။ အရည် အချင်းပြည့်မီသော ECI စီမံခန့်ခွဲသူများ၊ ကြီးကြပ်သူများ၊ ပညာရှင်များ၊ နယ်ပယ်အားလုံးကို ခြုံငုံကျွမ်းကျင် တတ်သိသူများ နှင့် စေတနာ့ဝန်ထမ်းများ၏ ပြင်ဆင်မှုသေချာရှိစေရန် လေ့ကျင့်ပေးပါမည်။ လေ့ကျင့်ပေးမှုများတွင် ရွေးချယ်မှုစံနှုန်းများ၊ အခန်းကဏ္ဍများနှင့် ဝတ္တရားများ၊ အဖွဲ့ဝင် တစ်ဦးချင်း၏ စံသတ်မှတ်ချက်များ၊ အရည်အချင်းပြည့်မီခြင်း၊ ထပ်ဆင့်အရည်အချင်း စစ် ဆေးခြင်း၊ ရာထူးအဆင့်ဆင့်တက်လှမ်းမှုများ (career ladders) နှင့် လစာ နှုန်းထားများအကြောင်းတို့ ပါဝင်ပါမည်။ |

ဤမဟာဗျူဟာဦးစားပေးအစီအစဉ်တွင်ပါဝင်သည်များမှာ (၁) ECI ဝန်ထမ်းများ အတွက် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းစနစ်တခုကို ဖော်ထုတ်ရန် လုပ်ငန်းစဉ်များ၊ (၂) ဝန်ထမ်းများ၏အရည်အသွေး၊ အရည်အချင်းပြည့်မီခြင်းနှင့် ထပ်ဆင့်အရည်အချင်းစစ်ဆေးခြင်း၊ လစာနှုန်းထားများ၊ ရာထူး/လုပ်ငန်း အဆင့်ဆင့်တက်လှမ်းမှုများ၊ ကြီးကြပ်မှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဖွဲ့ အစည်းဆိုင်ရာလမ်းညွှန်ချက်များ။

### ၄. ၁။ ECI သင်တန်းအတွက် နည်းပညာအုပ်စု ထူထောင်ခြင်း

ပညာရှင်များ၊ ကျွမ်းကျင်သူများ နှင့် စေတနာ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းအားလုံးကို လမ်းညွှန်မှုပေးရန်၊ ECI သင်တန်းအတွက်

နည်းပညာအုပ်စုကို တာဝန်နှင့်လုပ်ပိုင်ခွင့်၊ အလုပ်စီမံချက်တို့နှင့်အတူ ထူထောင်မည်။ ပုံမှန် နှစ်ပတ်တစ်ကြိမ် သို့မဟုတ် လစဉ်အစည်း အဝေးများ ကျင်းပမည်။

## ၄.၂။ ပညာရှင်များ၏ ECI လုပ်ငန်းခွင်အကြို သင်တန်းအတွက် အစီအစဉ်ရေးဆွဲခြင်း

ECI သင်တန်းအတွက် နည်းပညာအုပ်စုသည် လုပ်ငန်းခွင်အကြို ECI သင်တန်းအစီအစဉ်အသေးစိတ်တို့ကိုဖော်ထုတ်မည်၊ အရည်အချင်းမြင့်မားသည့် ကိုယ်စားလှယ်လောင်းများ ရွေးချယ်ခြင်း၊ သင်တန်းအခွင့်အလမ်းများ ကြော်ငြာခြင်း၊ ရွေးချယ်မှုစံများကို သတ်မှတ်ခြင်းတို့ကို ပွင့်လင်းမြင်သာစွာ စီမံမည်။

ကြိုးပမ်းဆောင်ရွက်မှုတိုင်းတွင် သင်တန်းအခွင့်အလမ်း အမျိုးအစားတစ်ခုစီအတွက် အချိန်နှင့်တပြေးညီ ထိရောက်သောဆောင်ရွက်ချက်များဖြင့် အဖွဲ့ဝင်များ ရွေးချယ်မှုကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၁၇ မတ်လတွင် လုပ်ငန်းခွင်ကြို ECI သင်တန်းအတွက် အစီအစဉ်ကို ECI စီမံခန့်ခွဲမှုများ၊ ကြီးကြပ်သူများ၊ ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ စေတနာ့ဝန်ထမ်းများကို လေ့ကျင့်ပေးရေး အတွက် ပြုစုသွားမည်။ ECI ဝန်ဆောင်မှုများ ဖော်ဆောင်မှုကာလနှင့် အဆင့်လိုက်တိုးချဲ့မှုများ နှစ်ခုစလုံးကို အပြည့်အဝဆောင်ရွက်နိုင်ရန်အတွက် ဤစီမံချက်သည် ၂၀၁၇ မှ ၂၀၂၁ အထိ အကျုံးဝင်ပါမည်။

လုပ်ငန်းခွင်ကြို ECI လေ့ကျင့်ရေးစီမံချက်ကို ပညာရှင်အသိုင်းအဝိုင်း၊ အခြားသော အမျိုးသားအဆင့်လေ့ကျင့်ရေးအဖွဲ့အစည်းများမှ ပညာရှင်များ၊ ကိုယ်စားလှယ်များနှင့်အတူ ပြုစုမည်။ နိုင်ငံတကာ ECI လေ့ကျင့်ရေး ကျွမ်းကျင်သူများသည်လည်း ECI အထူးပြုများ၊ စကား/ဘာသာစကား ကုထုံးပညာရှင်များ၊ အနုစိတ်ကုထုံးစိတ်ကုထုံး၊ လက်မှုပညာဖြင့်ကုထုံးပညာရှင်များ၊ မွေးကင်းစနှင့် ငယ်ရွယ်သောကလေးငယ်များကို အထူးပြုကုသသော အကြောအဆစ်ကုထုံး ပညာရှင်များ၊ အာဟာရ ကျွမ်းကျင်သူများ၊ ပညာရေးနှင့်ဆိုင်သော၊ ကုသမှုနှင့်ဆိုင်သော လူမှုစိတ်ပညာ ရှင်များ(educational၊ clinical and community psychologists)၊ Autism Spectrum Disorder အထူးကုများနှင့် အခြားနယ်ပယ်များတွင် နိုင်ငံတွင်းနှင့် အဝေးသင်လေ့လာသင်ယူခြင်းတို့တွင် ထောက်ကူနိုင်သည်။

ဤအစီအစဉ်တွင် အထက်တွင်စာရင်းဖော်ပြထားသည့်အတိုင်း မြန်မာနိုင်ငံတွင် တွေ့ရနည်းသည့် ECI ပညာရှင်အမျိုးအစားများအတွက် ဒေသတွင်းနှင့် နိုင်ငံတကာလေ့ကျင့်ပေးမှုများလည်း ပါဝင်မည်။



မြန်မာအထူးပြုပညာရှင်များကို အောင်လက်မှတ်နှင့် မဟာဘွဲ့အဆင့်များတွင် ဘွဲ့ အဆင့် အဝေးသင်အစီအစဉ်များ၌ ECI အတွက် စာရင်းသွင်းပေးရန် အထူး အလေးထားမည်။ အထူးသဖြင့် ရှေးဦးအရွယ်ကလေးငယ် ဖွံ့ ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေးမှုပညာရှင်များနှင့် ECI နှင့် အကျုံးဝင်ပညာရေးဝန်ဆောင်မှု ပြင်ဆင်ခြင်းအတွက် အထူးပညာ ရေးမှူးများကို အထူးအလေးထား စာရင်းသွင်း ပေးမည်။

## ၄. ၃။ အထူးပြုနယ်ပယ်များတွင် သင်တန်းဆရာများအတွက် ဒေသတွင်းနှင့် နိုင်ငံတကာသင်တန်းများကို အမြန်ဆုံးလုပ်ပေးနိုင်ရန် အစီအစဉ် ပြင်ဆင်ခြင်း

ECI စီမံခန့်ခွဲသူများ ကြီးကြပ်သူများနှင့် အမျိုးသားအဆင့် ECI စနစ်များတွင် ပါဝင်သော ယေဘုယျအားဖြင့် အခြားပညာရှင်များအတွက် အောက်ပါတို့အနက် တစ်ခု သို့မဟုတ် တစ်ခုမကသော သင်တန်းများ လိုအပ်ပြီး ပံ့ပိုးပေးမည်။

၂၀၁၇ ခုနှစ်၊ မတ်လတွင် မြန်ဆန်သော ဒေသတွင်းနှင့် နိုင်ငံတကာသင်တန်းကို သတ်မှတ်၊ ဖော်ထုတ်ပြီး အောက်ပါ အဆင့်မြင့်ဦးစားပေးနယ်ပယ်များတွင် သင်တန်းဆရာဖြစ် သင်တန်းသားများ ပြင်ဆင်ရန် ကမ်းလှမ်းမည်။

- ရှေးဦးအရွယ်ကလေးငယ်ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေးမှု အထူး ပြုများ၊

- စကားပြော၊ ဘာသာစကား ကုထုံးပညာ အထူးပြုများ၊
- အနုစိတ်ကုထုံးပညာ။လက်မှုပညာဖြင့် ကုထုံးပညာ အထူးပြုများ၊
- မွေးကင်းစနှင့် ကလေးငယ်များကို ပြုစုရန် အကြောအဆစ်ကုထုံးပညာ အထူးပြုများ၊
- အာဟာရပညာရှင်များ နှင့်
- အော်တစ်ဇင်အပြုအမူရှိ ကလေးများဆိုင်ရာ အထူးကျွမ်းကျင်သူများ (Autism spectrum disorder specialists)၊
- ECI ဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်များရှိ စိတ်ပညာရှင်များ။

## ၄. ၄။ အထူးပြုလေ့လာသော သာမန်ဘွဲ့နှင့်/သို့မဟုတ် မဟာဘွဲ့အစီအစဉ်များ ဖော်ထုတ်ခြင်း

ထို့အပြင် အမျိုးသားတက္ကသိုလ်များသည် အောက်ပါ သာမန်နှင့် မဟာဘွဲ့ အစီအစဉ်များကို လေ့ကျင့်ပေးရန်နှင့် အချို့နယ်ပယ်များတွင် ပိုမိုချဲ့ထွင်ရန်ပြုလုပ်မည်။

- ရှေးဦးအရွယ်ကလေးငယ် ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေးမှု အထူးကျွမ်းကျင်သူများ၊
- စကား/ဘာသာစကားကုထုံးပညာ အထူးကျွမ်းကျင်သူများ၊
- အနုစိတ်ကုထုံး/လက်မှုပညာဖြင့်လုပ်သောကုထုံးပညာရှင်များ၊
- မွေးဖွားရာမှ အသက်ငါးနှစ်အထိ ကလေးသူငယ်များကို ကုသသော အကြောအဆစ်ကုထုံးပညာရှင်များ၊
- အာဟာရပြန်လည်ထူထောင်ခြင်း၊ စိတ်ဓာတ်လှုံ့ဆော်ခြင်း၊ မိဘပညာပေးရေးတို့ကို အထူးပြုသော အာဟာရပညာရှင်၊
- ECI စမ်းသပ်စစ်ဆေးမှုနှင့် အခြားနည်းလမ်းများတတ်ကျွမ်းသည့် သူနာပြုများ။
- ရှုပ်ထွေးပြီး ဖွံ့ဖြိုးမှုနှောင့်နှေးရန်အလားအလာအခြေအနေများရှိသော မိသားစုများနှင့် ပုံမှန်မဟုတ်သောအပြုအမူရှိ ကလေးများအတွက် စိတ်ပညာရှင်များ၊
- လူမှုရေးလုပ်သားများနှင့်

♦ အားလုံးအကျုံးဝင် မူကြိုကျောင်းများ၊ မူလတန်းကျောင်းများနှင့် အခြေခံ ပညာကျောင်းများတွင်လုပ်ဆောင်ရန် ECI မှ လေ့ကျင့်ထားသော ဆရာ/ဆရာမများ။

၎င်း အထူးတက္ကသိုလ် ဘွဲ့နှင့် မဟာဘွဲ့အစီအစဉ်များကို ပညာရပ်စင်တာများတွင် ဖော်ဆောင်မည်။ ဖြစ်နိုင်လျှင်ဇင်းတို့ပါဝင်မည်။ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်နှင့် ဆေးတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များ၊ စကားနှင့် ဘာသာစကားကုထုံး ပညာရှင်များ၊ အလုပ်ပေးကုထုံး၊ အနုစိတ်ကုထုံးပညာရှင်များ၊ အကြောအဆစ် ကုထုံး ပညာရှင်များအတွက် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များ၊ စိတ် ပညာနှင့် လူမှုဝန်ထမ်းပညာအတွက် ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်များ၊ ရန်ကုန် လူမှုဝန်ထမ်းသင်တန်းကျောင်း၊ အထူးပညာရေးအတွက် စစ်ကိုင်းနှင့် ရန်ကုန်ပညာရေးတက္ကသိုလ်များ၊ ရှေးဦးအရွယ် ဖွံ့ဖြိုးမှုတိုင်းတာစစ်ဆေးရေး အထူးကျွမ်းကျင်သူများအတွက် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် အခြားတက္ကသိုလ်များနှင့် အထူးသဖြင့် ဒေသဆိုင်ရာအဆင့်တွင် မသတ်မှတ် ရသေးသည့် တက္ကသိုလ်များ။ အစပိုင်းတွင် ရွေ့ပြောင်းဆောင်ရွက်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အဓိကထားမည်။

ECI ပညာရှင်များ သင်တန်းကို ဆောင်ရွက်ရန်အတွက် နိုင်ငံတကာမိတ်ဖက် တက္ကသိုလ်များကို ဆက်သွယ်ခြင်း၊ ချိတ်ဆက်လုပ်ခြင်းတို့ကို အားသာပြီး၊ ခေတ် နှင့်အညီ အဆင့်မြင့်ပညာရေးအစီအစဉ်များကို ထူထောင်ရန် ဆောင်ရွက်မည်။

### ၄. ၅။ ECI စီမံခန့်ခွဲသူများ၊ စီမံသူများ၊ ကြီးကြပ်သူများ၊ အကဲဖြတ်ပညာရှင်များ နှင့် တိုးတက်သော ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှု အခြေအနေ တိုင်းတာစစ်ဆေးမှု အထူးကုသင်တန်းဆရာများအတွက် ခေါင်းဆောင်မှု ဆိုင်ရာ ECI မဟာဘွဲ့အစီအစဉ်များ ဖော်ဆောင်ခြင်း

ECI ဝန်ဆောင်မှုများအတွက် ခေါင်းဆောင်မှုဆိုင်ရာမဟာဘွဲ့အစီအစဉ်တစ်ခု သည် ECI စီမံသူများ၊ စီမံခန့်ခွဲသူများ၊ ကြီးကြပ်သူများ၊ အကဲဖြတ်ပညာရှင်များ၊ တိုးတက်သော ရှေးဦးအရွယ် ကလေးသူငယ် ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာ စစ်ဆေးမှု အထူးကျွမ်းကျင် သင်တန်းဆရာများအတွက် အထူးသင်တန်းဖြစ်မည်။ သင်တန်းခေါင်းစဉ်များတွင် အစီအစဉ်စီမံခြင်း၊ စီမံခန့်ခွဲခြင်း၊ ခေါင်းဆောင်မှု၊ လူမှုဆက်ဆံရေးကျွမ်းကျင်မှု၊ ကြီးကြပ်မှု၊ လုပ်ငန်းခွင်လေ့ကျင့်ရေးနည်းလမ်းများ၊ သင်တန်းဆရာများ လေ့ကျင့်ပေးခြင်းနှင့် ကြီးကြပ်ခြင်း၊ အကဲဖြတ်ခြင်း၊ သုတေသနနှင့် ကလေးငယ်အခြေအနေ ခြေရာကောက်ခြင်းတို့ ပါဝင်မည်။ ထိုမဟာဘွဲ့ အစီအစဉ်တွင် သင်တန်းဆရာများအတွက် သင်တန်းဆရာများအဖြစ် အမျိုးသား

အဆင့် ECI ဝန်ဆောင်မှုစနစ်ထူထောင်ရန် အရေးအကြီးဆုံးဖြစ်သော ရှေးဦး အရွယ်ကလေးငယ် ဖွံ့ဖြိုးမှုအခြေအနေတိုင်းတာစစ်ဆေးမှု အထူးပြုအတွက် သင်တန်းများလည်းပါဝင်သည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျောင်းသားများ စာရင်းလက်ခံမည်ဟု မျှော်မှန်းချက်ဖြင့် ဤအစီအစဉ်အတွက် ပင်မတက္ကသိုလ် ကို ၂၀၁၇ ခုနှစ် အစောပိုင်းတွင်း ရွေးချယ်မည်။

## ၄. ၆။ ECI ဆိုင်ရာ ကျွမ်းကျင်သူများ စာရင်းသွင်း တက်ရောက်ရန်အတွက် နိုင်ငံတကာ အဝေးသင်သင်တန်းများသတ်မှတ်ခြင်း

ရွေးချယ်ထားသော ကျောင်းသားများအတွက် လက်မှတ်ရနှင့် မဟာဘွဲ့အစီ အစဉ် ဘွဲ့ရ အဝေးသင်သင်တန်းများ သတ်မှတ်မည်၊ ပို့ချပေးမည်။ ECI အထူးကု ဖြစ်လိုသူများအတွက် အနည်းဆုံးလက်မှတ်ရ အဝေးသင်သင်တန်းတစ်ခု ပို့ချ မည်။

ကြိုးပမ်းဆောင်ရွက်မှုတိုင်းသည် မြန်မာနိုင်ငံရှိ အားလုံးအကျုံးဝင်ပညာရေးနှင့် ECI အတွက် အားလုံးအကျုံးဝင်ပညာရေး ပညာရေးမှူးများ၊ ရှေးဦးအရွယ် တိုင်း တာစစ်ဆေးမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အထူးကျွမ်းကျင်သူများကို လေ့ကျင့်ရန် အဝေးသင် မဟာဘွဲ့ဒီဂရီသင်တန်းအစီအစဉ်တခု ဆောင်ရွက်ရန်ဖြစ်သည်။

## ၄. ၇။ အမျိုးသားအဝေးသင် ECI ပညာရေး အစီအစဉ်များ ဖော်ဆောင်ခြင်း

ECI အထူးကျွမ်းကျင်သူများလေ့ကျင့်ပေးရန် အမျိုးသားအဝေးသင်ပညာရေး အစီအစဉ်တစ်ရပ်ကို ၂၀၁၈ တွင် ဖော်ဆောင်နိုင်မည်ဟု မျှော်လင့်ရသည်။ ဤသင်တန်းများတွင် အသက်မွေးဝမ်းကြောင်းဆိုင်ရာလက်မှတ်များပေးပြီး ထပ် မံ၍ အရည်အချင်းမီလက်မှတ်များပေးရန် သင်ကြားမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများ လည်း ပါဝင်မည်။ အစီအစဉ်များ၏ အနည်းဆုံး ၅၀% သည် ဗီဒီယိုများ လဲလှယ် ၍ လမ်းညွှန်ထားသော ကာလတိုကွင်းဆင်းအတွေ့အကြုံများ ပေးခြင်းဖြင့် နည်းပြသင်ကြားခြင်း၊ ပြန်လည်သုံးသပ်ကြီးကြပ်ကွပ်ကဲခြင်းတို့ပါဝင်မည်။ ပြန် လှန်သုံးသပ်ကြီးကြပ်ကွပ်ကဲခြင်းတွင် ECI ဝန်ဆောင်မှုများပေးရာ၌သုံးသော ကျွမ်းကျင်မှုများ၊ အပြုအမူများ၊ စိတ်ခံ စားမှုဆိုင်ရာအဆင့်များနှင့် ဗဟုသုတနှင့် ပတ်သက်၍ ကြီးကြပ်သူနှင့် ကြီးကြပ်ခံဝန်ထမ်းများ ပုံမှန်ဆွေးနွေးခြင်း ပါဝင် မည်။ ကြီးကြပ်သူသည် ကြီးကြပ်ခံရသူကို ကြီးကြပ်ပြီး ထောက်ကူပေးပြီး အပြန် အလှန်ယုံကြည်မှုနှင့် ရိုးသားမှု အကြောင်းခံတွင် ၎င်းတို့၏ ထိတွေ့ဆက်ဆံမှုရလဒ် အဖြစ် နှစ်ဦးစလုံး အစီအစဉ်လုပ်ငန်းစဉ်ကို ပိုမို နားလည်မှုရသည်။

## ၄. ၈။ ရွှေ့ပြောင်းလုပ်ငန်းခွင်များအတွက် လုပ်ငန်းခွင်အကြိုသင်တန်း

ကနဦးအနေဖြင့် အချိန်ကန့်သတ်ထားပြီး စနစ်တကျဖော်ထုတ်ထားသော ဒေသတွင်းလုပ်ငန်းခွင် အကြိုသင်တန်းများအား၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ ပြည်နယ်နှင့်တိုင်းဒေသကြီး (၃) ခုရှိ ရွှေ့ပြောင်းလုပ်ငန်းခွင် (၉) ခုရှိ ဝန်ထမ်းများကို ပို့ချပေးရန်လိုအပ်ပါသည်။ ဒေသ တစ်ခုစီရှိ ECI ဝန်ထမ်းများသည် တစ်လကြာပြုလုပ်မည့် သင်တန်းကို ရရှိမည်ဖြစ်သည်။ ရွှေ့ပြောင်းလုပ်ငန်းခွင်တစ်ခုစီသည် ၎င်းတို့၏လုပ်ငန်းများအား ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် တရားဝင် စတင် လုပ်ကိုင်ကြမည်ဖြစ်သည်။ ရည်မှန်းချက်မှာ လုပ်ငန်းခွင်တစ်ခုစီအတွက် ဝန်ထမ်းအားလုံးကို ရွေးချယ်၊ လေ့ကျင့်သင်တန်းပေးပြီး ၁၂၊၂၀၁၇ မှစ၍ ကွင်းဆင်းလုပ်ငန်းများအတွက် ပြင်ဆင်ထားရန်ဖြစ်ပါသည်။

ပထမဦးဆုံးသောလုပ်ငန်းခွင်အကြိုသင်တန်းကို ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးများရှိ သင်တန်းနေရာ တစ်ခုစီတွင်ဖြစ်စေ၊ ရွှေ့ပြောင်းလုပ်ငန်းခွင်တစ်ခုစီတွင်ဖြစ်စေ ပို့ချသွားမည်ဖြစ်ပါသည်။ သင်တန်း အစီအစဉ်အရ အဖွင့်သင်တန်းများ (အချိန်ကာလ၏ ၃၀% မှ ၄၀ % အထိ)ကို ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးများ၏ မြို့တော်များတွင် ပြုလုပ်သွားမည်ဖြစ်ပြီး သရုပ်ပြအစီအစဉ်၊ လက်တွေ့လေ့ကျင့်ခန်း၊ လမ်းညွှန်သင်ကြားပြသမှုနှင့် ကြီးကြပ်နည်းပြခြင်းများ ပါဝင်သည့် ကွင်းဆင်းလုပ်ငန်းခွင်သင်တန်း (အချိန်ကာလ၏ ၆၀ % မှ ၇၀ % အထိ) များအား ဗဟိုသင်တန်းနေရာနှင့် ကွင်းဆင်းလုပ်ငန်းခွင်များတွင် ပို့ချသွားမည်ဖြစ်ပါသည်။

လုပ်ငန်းခွင်အကြို သင်တန်းအတွက်သင်ရိုးညွှန်တမ်းများအား ပြုစုထုတ်ဖော်သွားမည်ဖြစ်ပြီး ECI ဝန်ထမ်း များအား ပို့ချမည့်သင်တန်းအတွက် ပြင်ဆင်ထားသည့် ပစ္စည်းအားလုံးအား ပြသအသုံးပြုသွားမည် ဖြစ်ပါသည်။ သင်တန်းသားများသည် သူတို့၏လုပ်ငန်းခွင်များတွင် အသုံးပြုရန်အတွက် လက်စွဲများ၊ သင်ရိုးညွှန်တမ်းများ၊ အသုံးပြုပစ္စည်းများ၊ တိုင်းတာစစ်ဆေးရေးပစ္စည်းနှင့်နည်းလမ်းများနှင့် လမ်းညွှန်ချက်များအပြည့်အစုံကို ရရှိမည်ဖြစ်ပါသည်။

အထက်တွင်တင်ပြခဲ့သည့် အမြဲတန်းနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် အမျိုးသားအဆင့်သင်တန်းအစီအစဉ်များအား ပုံဖော်မှုအတွက် ရရှိခဲ့သည့် သင်ခန်းစာများကို အသုံးပြုရေးရည်ရွယ်ချက်ဖြင့် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်ဝင်ပြီး အစီအစဉ်ရေးဆွဲပြုလုပ်ထားသည့် နည်းလမ်းကိုသုံးပြီး ဤကနဦး အထွေထွေ ECI လုပ်ငန်းခွင်အကြိုသင်တန်းအစီအစဉ်အား အကဲဖြတ်သုံးသပ်သွားမည်ဖြစ်ပါသည်။

## ၄.၉။ ဘာသာစကားအမျိုးမျိုးကို ပြောဆိုသုံးစွဲကြသော တိုင်းရင်းသားအုပ်စုအားလုံးအတွင်းမှ အိမ်တိုင်ရာရောက်ဝန်ဆောင်မှုပေးသည့် ကျွမ်းကျင်သူများအတွက် လုပ်ငန်းခွင်အကြိုသင်တန်းလိုအပ်ချက်များနှင့် သင်တန်းများ ဖွင့်လှစ်ခြင်း

အားအလုံးစုံခြုံငုံမိစေရန်အတွက် ကျွမ်းကျင်သူများအား အိမ်တိုင်ရာရောက်ဝန်ဆောင်မှုပေးသူများဖြစ်လာသည်အထိ လေ့ကျင့်သင်တန်းပေးရန်လိုပါသည်။ အိမ်တိုင်ရာရောက်ဝန်ဆောင်မှုပေးသည့် ကျွမ်းကျင်သူများအားလုံးသည် ပညာရှင်၏ ကြီးကြပ်မှု၊ နည်းပြမှု နှင့်လမ်းညွှန်သင်ကြားပြသမှုအောက်တွင် လုပ်ငန်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သူတို့ကို ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေးခြင်းများ၊ ညွှန်ပို့မှုများ၊ ဖြစ်စဉ်စီမံခန့်ခွဲမှုနှင့် အိမ်တိုင်ရာရောက် သွားရောက်ခြင်းများကို လေ့ကျင့်ပေးမည်။ ကလေးဖွံ့ဖြိုးတိုးတက်မှုအကဲဖြတ်ခြင်းများ၊ တစ်ဦးချင်းအလိုက်ဝန်ဆောင်မှုများ သို့မဟုတ် အစီအစဉ် ပြီးပြည့်စုံခြင်း သို့မဟုတ် တခြားအစီအစဉ်များသို့ လွှဲပြောင်းခြင်းများအတွက် အစီအစဉ်များကို ဆောင်ရွက်ခွင့်မပြုပါ။ ထိုလုပ်ငန်းများကို ပညာရှင်များကိုသာ ဆောင်ရွက်ခွင့်ပြုမည်။

ရွေးချယ်ထားသော ကျွမ်းကျင်သူများအတွက် စံနှုန်းသတ်မှတ်ချက်များကို လည်းကောင်း၊ အလုပ်ဖော်ပြချက်များ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုလည်းကောင်း ထုတ်ပြန်ချမှတ်သွားမည် ဖြစ်ပါသည်။ ကျန်းမာရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများနှင့် ပတ်သက်သည့်ဘွဲ့ရရှိထားသူများ သို့မဟုတ် တက္ကသိုလ်သင်တန်းတခုခုမှ သင်တန်းဆင်းများ၊ ကျန်းမာရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်များ သို့မဟုတ် အခြားနယ်ပယ်များမှ ရရှိနိုင်သည့်အခြေအနေပေါ်မူတည်၍ သင်တန်းသားများအဖြစ် ဦးစားပေး ခေါ်ယူသွားမည် ဖြစ်ပါသည်။ ဖြစ်နိုင်ပါက သားဖွားဆရာမများ၊ အရန်သားဖွားဆရာမများ၊ သူနာပြုများ၊ သူနာပြုအကူများ၊ ပြည်သူ့ ကျန်းမာရေးကြီးကြပ်ရေးမှူးများ၊ အတွေ့အကြုံရှိသော လူမှုအဖွဲ့အစည်း ကျန်းမာရေးဆိုင်ရာ စေတနာ့ဝန်ထမ်းများ၊ မူကြိုကျောင်း ပညာရေးမှူးများ၊ ရှေးဦးအရွယ်ကလေးသူငယ်များစောင့်ရှောက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်သားများအား အချိန်ပြည့် သို့မဟုတ် အချိန်ပိုင်း အိမ်တိုင်ရာရောက် သွားရောက်သူများဖြစ်လာစေရန် သင်တန်းသားများအဖြစ် စဉ်းစားမည်ဖြစ်ပါသည်။ ထို့ကြောင့် ပုဂ္ဂိုလ်ရေးအချက်အလက်များ၊ ကျွမ်းကျင်မှုများနှင့် ပင်ကိုယ် စရိုက်လက္ခဏာများသည် လိုအပ်ချက်နှင့်အညီ ပညာရှင်များရွေးချယ်ရာတွင် အရေးကြီးပါသည်။

အိမ်တိုင်ရာရောက်ဝန်ဆောင်မှုပေးသည့် ကျွမ်းကျင်သူများသည် ရှေးဦးအရွယ် ဖွံ့ဖြိုးမှုတိုင်းတာစစ်ဆေးရေး ပညာရှင်သင်တန်းများနှင့် အလားတူသောသင်တန်း

ကို ရရှိမည်ဖြစ်သော်လည်း အချိန်ကာလအားဖြင့်မူ တိုတောင်းမည် ဖြစ်ပါသည်။ ပညာရှင်တပိုင်းပုဂ္ဂိုလ်များအား တစ်လမှ သုံးလအထိ လေ့ကျင့်သင်တန်းပေးသွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် လုပ်ငန်းခွင်သင်တန်းများအား မျက်ခြည်မပြတ်၊ ဆက်တိုက် ပြုလုပ်ပေးသွားမည်ဖြစ်ပြီး နည်းပေးလမ်းပြ ပြုလုပ်ခြင်း၊ လမ်းညွှန်သင်ကြားပြသခြင်းများကိုလည်း ဆောင်ရွက်သွားမည် ဖြစ်သည်။ ၎င်းတို့သည် စစ်ဆေးခြင်း၊ အကဲဖြတ်မှုအားအထောက်အကူပေးခြင်း၊ ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်မှုသင်ရိုးများနှင့် နည်းလမ်းများ၊ အခြေခံကုထုံးများ၏ မဖြစ်မနေ လိုအပ်သော အစိတ်အပိုင်းများ၊ အိမ်တိုင်ရာရောက်သွားရောက်သည့်နည်းလမ်းများ၊ လုပ်ငန်းအစီအစဉ်၏ အိမ်တိုင်ရာရောက် သွားရောက်သည့် ပုံစံများအား ဖြည့်သွင်းခြင်းများ၊ အခြေခံကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၊ ကလေးသူငယ် ကာကွယ်ရေး ဥပဒေများနှင့် စည်းမျဉ်းများ၊ ကလေးသူငယ်နှင့် မိဘတို့၏ရပိုင်ခွင့်များ၊ မိဘရေးရာ ပညာရေးနှင့် အထောက်အကူပြုမှု၊ မျက်မမြင်စာနှင့် နားမကြားသူများအတွက် လက်ဟန်ခြေဟန် ဆက်သွယ်မှုစနစ်များ၊ ပုံနှိပ်စာ(large print)နှင့် ပတ်သက်သည့်သင်တန်းများကို လိုအပ်သလို ရရှိမည် ဖြစ်ပြီး ECI စေတနာ့ဝန်ထမ်းများအားရွေးချယ်ခြင်းနှင့် ပြင်ဆင်ပေးခြင်း၊ ဆက်သွယ်မှုဆိုင်ရာ အရည်အသွေးများ၊ သက်ကြီးသင်ကြားမှု ချဉ်းကပ်ရေးနည်းလမ်းများ၊ အဖွဲ့လိုက်လုပ်ဆောင်မှုအရည်အသွေး၊ အဖွဲ့အစည်းတစ်ခုအတွင်း ကြီးကြပ်ကွပ်ကဲမှုအောက်တွင် မည်ကဲ့သို့ထိထိရောက်ရောက် ဆောင်ရွက်နိုင်သည် ဆိုသည့်နည်းလမ်းများကိုလည်း ပို့ချပေးသွားမည် ဖြစ်သည်။

ကျွမ်းကျင်သူများအား ၎င်းတို့၏ဒေသများအတွင်း လေ့ကျင့်သင်တန်းပေးသွားမည် ဖြစ်ပြီး ကြီးကြပ်လုပ်ငန်းခွင်သင်တန်းကို ကွင်းဆင်းအတွေ့အကြုံ နည်းပေးလမ်းပြပြုလုပ်ခြင်း၊ လမ်းညွှန်သင်ကြားပြသခြင်းနှင့် လက်တွေ့ကြီးကြပ်ခြင်း (reflective supervision) များဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၁၈ ခုနှစ်သို့ရောက်ရှိသည့်အချိန်တွင် အိမ်တိုင်ရာရောက်သွားရောက်သည့် လိုအပ်ချက်နှင့်အညီ ကျွမ်းကျင်တတ်သိသူများအတွက် အချို့သော သင်တန်းအစိတ်အပိုင်းများအား အဝေးသင်ပုံစံသင်ရိုးစနစ်ဖြင့် ပို့ချသွားနိုင်မည်ဟု မျှော်မှန်းထားပါသည်။

ECI အစီအစဉ်များတွင် အရေးကြီးသောဝန်ဆောင်မှုပြီးနောက်၊ တန်ဖိုးကြီးမားပြီး လုပ်ငန်းကျွမ်းကျင်လာသည့် အချို့သောအိမ်တိုင်ရာရောက်သွားရောက်သည့် ကျွမ်းကျင်သူများသည် ပညာရှင်များဖြစ်လာရေးအတွက် လေ့လာသင်ကြားလိုစိတ်များ ရှိမည်ဟု မျှော်လင့်ရပါသည်။ ထို့ကြောင့် ပညာရှင်များ ဖြစ်လာလိုသူများအတွက် ကျွမ်းကျင်သူများသင်တန်းများဖွင့်လှစ်ပေးသွားမည့် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးသွားမည်ဖြစ်ပါသည်။

## ၄. ၁၀။ စေတနာ့ဝန်ထမ်းများ၏လုပ်ငန်းခွင်အကြိုသင်တန်းအတွက် ပြင်ဆင်ခြင်း

ECI လုပ်ငန်းခွင်များတွင် စေတနာ့ဝန်ထမ်းပုံစံအမျိုးမျိုးကို အသုံးပြုသွားမည်ဖြစ်ရာ ၎င်းတို့အတွက် တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုပြင်ဆင်ထားရှိသွားမည်ဖြစ်ပါသည်။ စေတနာ့ဝန်ထမ်းများသည် ရပ်ရွာများနှင့် မိသားစုများသို့ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ECI လုပ်ငန်းခွင်များတွင် မိဘများနှင့် အခြားဧည့်သည်များအား လက် ခံခြင်း၊ ဖုန်းခေါ် ဆိုမှုများအား လက်ခံဖြေကြားခြင်း၊ မကြာခဏ ကူညီမည်။ ECI လုပ်ငန်းခွင်များတွင် အိမ်တိုင်ရာရောက်သွားရောက်သူများအား အထောက်အကူပေးခြင်း၊ အရေးပေါ်မိသားစု ထောက်ပံ့ရေးလုပ်ငန်းအတွက် စားနပ်ရိက္ခာနှင့် အဝတ်အထည်များရရှိအောင် စည်းရုံးလှုံ့ဆော်ပေးခြင်း၊ အရုပ်စာကြည့်တိုက်များအား စီမံခန့်ခွဲပေးခြင်း၊ အစည်းအဝေးများစီစဉ်ပေးခြင်းနှင့် အစည်းအဝေးများအတွက် စာရွက်စာတမ်းများ ပြင်ဆင်ပေးခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးလေ့ရှိပါသည်။

ပုဂ္ဂလိကလွတ်လပ်ခွင့်ဆိုင်ရာလမ်းညွှန်မှုများအောက်တွင်ရှိသည့်လုပ်ငန်းသုံးသပ်ခြင်း၊ မိသားစုမှတ်တမ်းများနှင့် အခြားသတင်းအချက်အမျိုးအစားများနှင့် မပတ်သက်သည့်လုပ်ရှားဆောင်ရွက်မှုပုံစံအများဆုံးဖြင့် ECI ဝန်ထမ်းများအား အထောက်အကူပေးနိုင်ရန် စေတနာ့ဝန်ထမ်းများကို လေ့ကျင့်သင်တန်းပေးပါသည်။

စေတနာ့ဝန်ထမ်းများအတွက် လုပ်ငန်းခွင်အကြိုသင်တန်းမှာလွန်စွာ တိုတောင်းပြီး တစ်ရက်ခွဲ သို့မဟုတ် တစ်ရက် သတ်မှတ်လေ့ရှိသည်။ စေတနာ့ဝန်ထမ်းများအတွက် သင်ရိုးစနစ်ကို ပြင်ဆင်ဆောင်ရွက်သွားမည် ဖြစ်သည်။ စေတနာ့ဝန်ထမ်းများအား စေတနာ့ဝန်ထမ်းဖြစ်ကြောင်းသိသာစေမည့် နာမည်ကဒ်ပြားများ ထုတ်ပေးသွားမည်ဖြစ်ပြီး ၎င်းတို့၏လုပ်ငန်းအတွက် အထောက်အကူဖြစ်စေရန် အိတ် သို့မဟုတ် အခြားပစ္စည်းများကိုလည်း ထုတ်ပေးသွားမည် ဖြစ်ပါသည်။

ECI စေတနာ့ဝန်ထမ်းများအား တရားဝင်အသိအမှတ်ပြုသည့်အနေဖြင့် လည်းကောင်း၊ ၎င်းတို့၏ အောင်မြင်မှုများနှင့် အကျိုးပြုမှုများကို ချီးကျူးဂုဏ်ပြုသည့်အနေဖြင့်လည်းကောင်း လူမှုအဖွဲ့အစည်းအတွင်းတွေ့ဆုံပွဲများကို နှစ်စဉ် ပြုလုပ်ပေးသင့်ပါသည်။ စေတနာ့ဝန်ထမ်းတစ်ဦးချင်းကို အောင်လက်မှတ်များနှင့် တပါတည်း စေတနာ့ဝန်ထမ်း ဦးဆောင်သူဆုကို ချီးမြှင့်ပေးနိုင်ပါသည်။

## ၄. ၁၁။ တစ်ဦးချင်းစီ၏ အဆင့်အတန်းများနှင့် အလုပ်တာဝန်ဖော်ပြချက်များ ပြင်ဆင်ခြင်း

ကျွမ်းကျင်သူများ၊ လိုအပ်ချက်နှင့်အညီ ကျွမ်းကျင်သူများ၊ စေတနာ့ဝန်ထမ်းရွေးချယ်သောအမျိုးအစား များအပါအဝင် ECI ဝန်ထမ်းအမျိုးအစား အားလုံးအတွက် ၎င်းတို့၏ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ အပါအဝင် အလုပ်အကိုင် အမျိုးအမည်နှင့် ဝန်ထမ်းကျွမ်းကျင်မှုကို ပြုစုထားမည်။

၎င်းပြုစုမှုများကို အခြေခံ၍ ECI ဝန်ထမ်းစံနှုန်းများကို မူကြမ်းရေးဆွဲမည်။ မူကြမ်းစံနှုန်းများကို ECI လုပ်ငန်းအဖွဲ့က ပြန်လည်သုံးသပ်တည်းဖြတ် အတည်ပြုပြီးနောက် အမျိုးသားအဆင့် ECI ရုံးက အတည်ပြုမည်။

(ECI အဖွဲ့အစည်းတည်ဆောက်ပုံနှင့်သက်ဆိုင်သည့်၊ နှစ်စဉ်စီမံကိန်းနှင့် ဘဏ္ဍာငွေဆိုင်ရာမဟာဗျူဟာ ဦးစားပေး အစီအစဉ် ၈ ကို ကြည့်) ။

ဝန်ထမ်းစံနှုန်းများကို လိုက်နာစေရန်အတွက် အနည်းဆုံး တနှစ်တစ်ကြိမ် ECI လုပ်ငန်းခွင် တစ်ခုစီတွင် ECI ဝန်ထမ်းများနှင့် ဆွေးနွေးမည်။ အမျိုးသားအဆင့် ဝန်ထမ်းစံနှုန်းများ၏ အကြောင်းအရာများကို သုံးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်တည်းဖြတ်မည်။

## ၄. ၁၂။ အရည်အချင်းပြည့်မီရေးနှင့် ထပ်မံအရည်အချင်းပြည့်မီရေး လိုအပ်ချက်များကို တည်ထောင်ခြင်း

ပါဝင်ဆောင်ရွက်သော တက္ကသိုလ်များ၊ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော်မှုဖြင့် ရှေးဦးအရွယ်ဖွံ့ဖြိုးမှုတိုင်းတာစစ်ဆေးရေး အထူးကျွမ်းကျင်သူများနှင့် အခြား ECI လုပ်ငန်းအထူး ကျွမ်းကျင်သူများကို အရည်အချင်းပြည့်မီရေးနှင့် ထပ်မံအရည်အချင်းပြည့်မီရေးအတွက် စည်းမျဉ်းများနှင့် အစီအစဉ်များ တည်ထောင်သွားမည်။ ECI ပညာရပ်နယ်ပယ် ကျွမ်းကျင်မှု သာမာန်နှင့် မဟာအဆင့်ဘွဲ့များ၌ ECI လက်မှတ်ရအစီအစဉ်များ ထောက်ပံ့သော တက္ကသိုလ်များနှင့် သင်တန်းတွင် အထူးပြုတစ်ဦးသည် သူ၏ သို့မဟုတ် သူမ၏ ပညာရပ်နယ်ပယ်တွင် ECI ဝန်ဆောင်မှုပေးရန် အပြည့်အဝ အရည်အချင်းမီကြောင်း အသိအမှတ်ပြုလက်မှတ်ထုတ်ပေးမည်။

နှစ်နှစ်တိုင်းတွင် လက်မှတ်ရ ECI အထူးပြုတစ်ဦးသည် သူ/သူမ၏ အရည်အချင်းမီလက်မှတ်ကို ဆက်လက်ထိန်းသိမ်းရေးအတွက် ECI အကြောင်းအရာများနှင့် ပတ်သက်သော တရားဝင် အသိအမှတ်ပြုသင်တန်း သို့မဟုတ် အလုပ်ရုံဆွေးနွေးပွဲတွင် အနည်းဆုံး စုစုပေါင်းနာရီ ၈၀ တက်ရောက်ရန်လိုအပ်ပါသည်။ ထပ်မံ



အရည်အချင်းပြည့်မီမှုအတွက် သင်တန်း၏ ၆၀%ကို ကွင်းဆင်းသရုပ်ပြခြင်း၊ လက်တွေ့လေ့ကျင့်ခြင်း၊ နည်းပြသင်ကြားခြင်း၊ ပြန်လှန်သုံးသပ် ကြီးကြပ်ခြင်းတို့ဖြင့် ပြုလုပ်ရမည်။ သင်တန်းသည် အခမဲ့ သို့မဟုတ် ကုန်ကျစရိတ် အလွန်နည်းသောသင်တန်း ဖြစ်ပါလိမ့်မည်။

ထပ်မံအရည်အချင်းပြည့်မီခြင်းသည် အစီအစဉ်ကြီးကြပ်သူများ၊ မန်နေဂျာများထံမှ အပြုသဘော ထောက်ခံချက်ရရှိခြင်းပေါ်တွင်လည်း မူတည်သည်။

ဝန်ထမ်းတစ်ဦးစီအတွက် ခြောက်လစီတွင် ၃၆၀ အလုံးစုံသုံးသပ်ချက်များ သေချာဆောင်ရွက်ရန်အတွက် အလွယ်တကူအသုံးပြုနိုင်သော ဝန်ထမ်း လုပ်ဆောင်ချက်ပုံစံကို ရေးဆွဲအကောင်အထည်ဖော်မည်။

ECI ကျွမ်းကျင်ဝန်ထမ်းများအတွက် အရည်အချင်းပြည့်မီရေးနှင့် ထပ်မံအရည်အချင်းပြည့်မီရေးအတွက် ရရှိနိုင်သော သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို အမျိုးသားအဆင့် ECI ဝက်ဘ်ဆိုက်မှတဆင့် ဝန်ဆောင်မှုပေးသူများ ECI ဝန်ဆောင်မှုအစီအစဉ်များအားလုံးသို့ ဖြန့်ချိမည်။

### ၄. ၁၃။ ပညာရှင်များ၏ အဆင့်များကို သုံးသပ်ရန်အတွက် လိုအပ်ချက်များနှင့် လုပ်ငန်းအဆင့်ဆင့်။ ရာထူးအဆင့်ဆင့်တက်လှမ်းနိုင်မှု အခွင့်အလမ်းကို တည်ဆောက်ခြင်း

အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်း၊ ထပ်မံထုတ်ပေးခြင်းတို့နှင့် ပတ်သက်၍ ECI စည်းမျဉ်းများ ပြုစုပြီးနောက် ပညာရှင်များနှင့် ကျွမ်းကျင်သူ ရာထူးနေရာများ

အတွက် လုပ်ငန်းဆိုင်ရာ ရာထူးတိုးတက်မှုအဆင့်ဆင့်ကို ထူထောင်မည်။ ECI လုပ်ငန်းဆိုင်ရာ ရာထူးအဆင့်ဆင့်တက်မှု သတင်းအချက်များကို ECI ဝက်ဘ်ဆိုက်ပေါ်တွင် ဖော်ပြထားမည်။

အသက်မွေးဝမ်းကြောင်း ရာထူးအဆင့်ဆင့်အရ ကြည့်လျှင် ECI ရာထူးများသည် အောက်ပါ အဆင့်များ တွင် ရှိမည်ဟု မျှော်လင့်ရသည်။

- အထက်တန်းအဆင့်။
- အလယ်အလတ်တန်းအဆင့်။
- လူသစ်တန်းအဆင့်။

ဥပမာအားဖြင့် လက်တွေ့အတွေ့အကြုံလုံးဝမရှိသော သင်တန်းဆင်းစ အထူးပြုတစ်ဦးကို လူသစ်တန်း အဆင့်တွင် ထားရမည်ဖြစ်သည်။ အကြောအဆစ်ကုထုံးကဲ့သို့သော ယခင်လေ့ကျင့်ထားပြီး လုပ်ငန်းအတွေ့အကြုံ အတန်အသင့်ရှိပါက အလယ်အလတ်တန်းအဆင့်တွင်ထားသည်။ ယခင်လေ့ကျင့်ပြီး ကျယ်ပြန့်သော လက်တွေ့နှင့် ကြီးကြပ်မှုအတွေ့အကြုံ (ရေရှည်ကြီးကြပ်မှု အတွေ့အကြုံရှိ အတွေ့အကြုံရင့် ပညာရှင်သူနာပြုများ)သည် အခြားသူများထက် ပိုမိုမြန်ဆန်စွာ အထက်တန်းအဆင့်သို့ မြင့်တက်လာနိုင်သည်။

ကျွမ်းကျင်တတ်သိသော ရှေးဦးအရွယ် တိုင်းတာစစ်ဆေးမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အထူးကုများ သို့မဟုတ် အခြားပညာရှင်အမျိုးအစားများ ဖြစ်လာရင် စိတ်ဝင်စားသည့်လိုအပ်ချက်နှင့်အညီ ကျွမ်းကျင်တတ်သိသော ရှေးဦးအရွယ် တိုင်းတာစစ်ဆေးမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအထူးကျွမ်းကျင်သူများ (အိမ်တိုင်ရာရောက်သွားရောက်သူများ)အတွက် သင်တန်းအခွင့်အလမ်းများကို ပံ့ပိုးပေးရန် အလေးထားမည်။ ကျွမ်းကျင်သူများသည် ပညာရှင်များ အပြည့်အဝ ဖြစ်လာစေရန် အသက်မွေးဝမ်းကြောင်း အလုပ်လမ်းကြောင်းကို ဖွင့်ထားမည်။

### ၄. ၁၄။ နှစ်စဉ် လုပ်ခလစာနှုန်းထားများနှင့် ကွင်းဆင်းဝန်ထမ်းများအတွက် အထောက်အပံ့တို့ကို ထူထောင်ခြင်း

ECI ရာထူးအားလုံးအတွက် နှစ်စဉ်လစာနှုန်းထားကို အမျိုးသားအဆင့်၌ ထူထောင်ပြီး၊ ECI ဝက်ဘ်ဆိုက်တွင် တင်ပေးထားမည်။

ဝေးလံသည့် မြို့နယ်များအတွက် ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသမှ အစိုးရအဖွဲ့များသည် အားပေးရာရောက်သည့် ရှားပါးစရိတ်(high costs of living)နှင့်အတူ လစာထပ်တိုးပေးခြင်းများကို ထောက်ပံ့ရန် စဉ်းစားမည်။ ရွှေ့လျားအဖွဲ့များနှင့် အခြားပြုလွယ်ပြောင်းလွယ်သော ဝန်ဆောင်မှု

ဆောင်ရွက်ချက်များကို အသုံးပြုမည့် ဝေးလံသည့် ကျေးလက်ဒေသများတွင် ဝန်ဆောင်မှုအကူအညီပေးနိုင်ရန် အခြားထောက်ပံ့မှုပုံစံများကိုလည်း စဉ်းစားမည်။

### ၄. ၁၅။ စဉ်ဆက်မပြတ် ECI လုပ်ငန်းခွင်သင်တန်းအစီအစဉ် ဖော်ထုတ်ခြင်း

စဉ်ဆက်မပြတ် ECI လုပ်ငန်းခွင်သင်တန်း နှစ်စဉ်အစီအစဉ်တစ်ရပ်ကို ၂၀၁၇ အောက်တိုဘာလ ပထမအကြိမ် ပြင်ဆင်မှုနှင့်အတူ ရေးဆွဲမည်။ လုပ်ငန်းခွင်သင်တန်းကို စီမံခန့်ခွဲသူများ၊ ကြီးကြပ်သူများ၊ ကျွမ်းကျင်သူများ၊ လိုအပ်ချက်နှင့်အညီ ကျွမ်းကျင်သောကွင်းဆင်းသူများနှင့် စေတနာ့ဝန်ထမ်းများအတွက် ပြုလုပ်မည်။

ECI အထူးပြုများသည် အရည်အချင်းမီလက်မှတ် ထပ်မံရရှိရန် လိုအပ်ချက်များ ပြည့်မီစေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ ကွင်းဆင်းအတွေ့အကြုံများကို နှစ်စဉ်ပြုစုပြီး မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်စေပြီး ECI ဝက်ဘ်ဆိုက် ပေါ်တွင်လည်း တင်ထားမည်။ ရည်မှန်းချက်မှာ လေ့ကျင့်မှုကို ECI ဝန်ဆောင်မှုလုပ်ငန်းခွင်နှင့် နီးနိုင်သမျှ နီးစေရေးဖြစ်သည်။

ဤသင်တန်းများတွင် သင်ကြားမည့် အကြောင်းအရာများတွင် ကွင်းဆင်းလုပ်ငန်း အစိတ်အပိုင်း၊ အထူးအကြောင်းအရာများနှင့် ဆိုင်သော အလုပ်ရုံ ဆွေးနွေးပွဲများ၊ ECI နှင့် ပတ်သက်သည့် သုတေသနပေါ်ပေါက်လာရေး၊ ကလေးငယ်ဘဝ ဖွံ့ဖြိုးတိုးတက်မှု၊ (parenting)ကလေးပြုစုစောင့်ရှောက်မှု၊ အာရုံကြောဆိုင်ရာ သိပ္ပံပညာ၊ စိတ်ပညာလေ့လာခြင်း၊ လူမှုအကျိုးပြုလုပ်ငန်း၊ မူဝါဒရေးဆွဲခြင်းနှင့် အခြား ပညာရှင်နယ်ပယ်များလည်း ပါဝင်မည်။ အမျိုးသားတက္ကသိုလ်များနှင့် သိပ္ပံများနှင့် ပြည့်မှဧည့်ပညာရှင်များ၊ နည်းပြဆရာလေ့ကျင့်ပေးသူများနှင့် ဝါရင့်ပညာရှင်များမှ ဦးဆောင်သော အလုပ်ရုံဆွေးနွေးပွဲများနှင့် လုပ်ငန်းအတွေ့အကြုံရှင်းလင်းပွဲများတွင် ပါဝင်မည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း၊ စေတနာ့ဝန်ထမ်းများအတွက် လုပ်ငန်းခွင်တွင်း သင်တန်းသင်ရိုး အကျဉ်းချုပ်တစ်ခုကို ပြုစုမည်။ ဒေသတွင်း ပညာရှင်များနှင့် ကျွမ်းကျင်သူများက ၎င်းသင်ရိုးများကို အလုပ်ငန်းခွင်အတွင်း စေတနာ့ဝန်ထမ်းများကို သင်ကြားပေးမည်။ ဤသင်တန်းများသည် စေတနာ့ဝန်ထမ်းများအတွက် ဆုကြေးအဖြစ် သတ်မှတ်သည်။ အဘယ်ကြောင့်ဆိုသော် သင်တန်းမှရရှိသော ကျွမ်းကျင်မှုများသည် အခြားလုပ်ခရ အလုပ်များအတွက် အဖိုးတန်သောကြောင့်ဖြစ်သည်။ အချို့သော ECI စေတနာ့ဝန်ထမ်းများသည် လိုအပ်ချက်နှင့်အညီကျွမ်းကျင်တတ်သိ ကွင်းဆင်းသူများ၊ ကျွမ်းကျင်တတ်သိသော ECI ပညာရှင်ဝန်ထမ်း ဖြစ်လာရန် လေ့လာနိုင်သည်။

စဉ်ဆက်မပြတ်ဘဲ အဆင့်ဆင့်ပါဝင်သော လုပ်ငန်းခွင်သင်တန်းပေးမည်။ လုပ်ငန်းခွင်သင်တန်း၏ အထိရောက်ဆုံးပုံစံမှာ သင်ခန်းစာအနည်းငယ်နှင့် ကွင်းဆင်းလုပ်ဆောင်မှုကို အဓိကအားဖြင့်ပြုလုပ်ခြင်းဖြစ်သည်။ သရုပ်ပြခြင်း၊ လက်တွေ့သင်ကြားခြင်း၊ ပြန်လှန်သုံးသပ်ကြီးကြပ်ခြင်းတို့ပါဝင်မည်။

သို့သော် အရည်အချင်းပြည့်မီရေး၊ ထပ်ဆင့်အရည်အချင်းပြည့်မီရေးတို့အတွက် အထူးအလုပ်ရုံ ဆွေးနွေးပွဲများ၊ ဗဟိုနှင့် ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို နှစ်စဉ် ECI ညီလာခံများနှင့်အတူ ကျင်းပမည်။ အနာဂတ်တွင်၊ အဝေးသင်ပညာရေး အခွင့်အလမ်းများလည်းပေးပြီး ကွန်ပျူတာ၊ တက်ပလက်နှင့် စမတ်ဖုန်းသုံးနိုင်သူများ အသုံးပြုရန် ပြုစုပေးမည်။

အဖွဲ့ခေါင်းဆောင်များနှင့် ကြီးကြပ်သူများကပေးသည့် ကြီးကြပ်ခြင်းနှင့် သင်ကြားခြင်းအတွက် အခွင့်အလမ်းများနှင့်အတူ လုပ်ငန်းခွင်သင်တန်းအများစုကို လုပ်ငန်းနယ်မြေများတွင်သာ အခြေစိုက်မည်။

ထို့အပြင် လုပ်ငန်းခွင်အတွင်း အပြန်အလှန်ဖလှယ်ခြင်းများ (inter-site exchanges) ကို တီထွင်ဆန်းသစ်မှုနှင့် အလေ့အထကောင်းများရရှိသော သင်ခန်းစာများ မျှဝေရန် ထိရောက်သော နည်းလမ်းအဖြစ် အားပေးသည်။

နောက်ဆုံးအနေဖြင့် ဒေသတွင်း/နိုင်ငံတကာ သင်တန်းများစီစဉ်ပေးပြီး အထူးသဖြင့် လုပ်ငန်းတွင် အကောင်းဆုံးဆောင်ရွက်သူများကို အကောင်းဆုံးဆုများပေးမည်။ အချို့သောအထူးပြုများကို ဒေသဆိုင်ရာနှင့် နိုင်ငံတကာ ECI နှင့် လက်တွေ့လုပ်ငန်းဆိုင်ရာ ညီလာခံများတက်ရောက်ရန် ဖိတ်ကြားမည်။

## ၄. ၁၆။ ။ ECI ကြီးကြပ်ခြင်းစနစ် ဖော်ထုတ်ခြင်း

ECI ကြီးကြပ်ရေးမှူးများအတွက် အလုပ်သတ်မှတ်ချက်များ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြင်ဆင်မည်။ အထက်တွင်ဖော်ပြထားသည့်အတိုင်း ECI ကြီးကြပ်သူများကို မဟာဘွဲ့အဆင့်တွင်လေ့ကျင့်ပေးမည်။ လတ်တလော မဟာဘွဲ့မရှိသူများသည် အစီအစဉ်သို့ဝင်ရောက်ခြင်းမှ သုံးနှစ်ကာလအတွင်း ၎င်းကို ရရှိရန် လိုအပ်သည်။

ကြီးကြပ်သူများသည် ကြီးကြပ်သူလက်စွဲစာအုပ်တွင် ဖော်ပြထားသည့် အဓိကလုပ်ငန်းအစီအစဉ် လေးမျိုးကို ပြုလုပ်ရမည်။ လက်စွဲစာအုပ်တွင် စစ်ဆေးရမည့်အချက်များ၊ အတည်ပြုလုပ်ငန်းခွင်နည်းလမ်းများနှင့် လမ်းညွှန်နှင့် ပြန်လှန်သုံးသပ်ကြီးကြပ်ခြင်း ပြုလုပ်ရန် နည်းလမ်းများလည်း ပါဝင်မည်။ ၎င်းတို့သည်



- ECI ဝန်ဆောင်မှုနှင့် ဝန်ထမ်းစံနှုန်းများနှင့်အညီ ECI ဝန်ဆောင်မှု လုပ်ငန်းခွင်များနှင့် ၎င်းတို့၏ ဝန်ထမ်းများကို ကြီးကြပ်မည်။
- ISPs နှင့်/သို့မဟုတ် အကဲဖြတ်မှုများကို လေ့လာကြည့်ရှုခြင်း၊ အိမ်တိုင်ရာရောက်ကွင်းဆင်းခြင်း၊ လွဲပြောင်းမှုအစီအစဉ်နှင့်ပတ်သက်၍ ကူညီခြင်း အပါအဝင် ရှုပ်ထွေးခက်ခဲသောကလေးနှင့် မိသားစုဖွံ့ဖြိုးမှု အခြေအနေနှင့် ပတ်သက်၍ ECI ဝန်ထမ်းများကို လမ်းညွှန်ကူညီမည်။
- အဓိကအားဖြင့် သရုပ်ပြခြင်းနှင့် လက်တွေ့ကဏ္ဍများဖြင့်၊ အထူးစိတ်ဝင်စားစရာနယ်ပယ် သို့မဟုတ် ECI ဝန်ဆောင်မှုလုပ်ငန်းနယ်မြေတစ်ခုစီ၏ လိုအပ်ချက်ကို အာရုံစိုက်ပြီး ဝန်ထမ်းများ အထူးသဖြင့် ကျွမ်းကျင်သူပုဂ္ဂိုလ်များအတွက် နှစ်ပတ်တစ်ကြိမ် သို့မဟုတ် လစဉ် လုပ်ငန်းခွင် လေ့ကျင့်ရေးသင်ရိုးများ ပြုစုမည်။
- အဖွဲ့တွင်းအစီအစဉ် တာဝန်ခံမှုမြင့်မားစေရန် အခြေခံကြီးကြပ် စောင့်ကြည့်ခြင်း၊ အသုံးပြုအကဲဖြတ်ခြင်း၊ နောက်ဆက်တွဲ ဖြည့်ဆည်းမှုများ ပြုလုပ်မည်။

ကြီးကြပ်သူများသည် အမျိုးသားအဆင့် ECI ရုံး နှင့် ထူထောင်ထားပြီးဖြစ်သည် ဒေသဆိုင်ရာရုံးများသို့ သတင်းပို့ရမည်၊ ကြီးကြပ်မှုခံယူရမည်။

*မဟာဗျူဟာ (၅) ECI ဝန်ဆောင်မှုလုပ်ငန်းများ ထူထောင်ခြင်း၊ အဆင့်လိုက်တိုးချဲ့ခြင်း*

၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအားလုံး ပါဝင်သော ဒေသပေါင်း ၂၁ခု နှင့် ၂၀၂၅ ခုနှစ်တွင် မြို့နယ်များအားလုံးရှိ ရပ်ကွက်များတွင် ECI ဝန်ဆောင်မှုလုပ်ငန်းများ ထူထောင်သည့် ရည်မှန်းချက်များနှင့်အတူ ဝန်ဆောင်မှုအကောင်အထည်ဖော်ရန်အတွက် အဆင့်လိုက် အစီအစဉ်ကို ဖော်ဆောင်မည်။

၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအားလုံးပါဝင်သော ဒေသပေါင်း ၂၁ခု တွင် ECI ဝန်ဆောင်မှုလုပ်ငန်းများထူထောင်နိုင်ရန်နှင့် ၂၀၂၅ခုနှစ်တွင် တစ်နိုင်ငံလုံး မြို့နယ်များအားလုံးရှိ ရပ်ကွက်၊ ကျေးရွာများတွင် ဖော်ပြပါအဆင့်ခြောက်ဆင့်ကို ဆောင်ရွက်မည်။ (၁) အစီအစဉ်ချမှတ်ခြင်းနှင့် အကြောင်းအရာများဖော်ထုတ်ခြင်း၊ (၂) ECI ရှေ့ပြေးလုပ်ငန်းခွင်များရှိ ဝန်ထမ်းများအတွက် လုပ်ငန်းခွင်အကြိုသင်တန်း၊ (၃) ရှေ့ပြေးလုပ်ငန်းခွင်ကိုးခုတွင် တစ်နှစ်တာလုပ်ငန်းအကောင်အထည်ဖော်မှု၊ (၄) ရရှိလာသောအတွေ့အကြုံများ၊ စောင့်ကြည့်ကြပ်မတ်ခြင်းနှင့်အကဲဖြတ်ချက်ရလဒ်များဖြင့် လုပ်ငန်းကိုပြန်လည်ဆန်းစစ်ခြင်း၊ (၅) ၂၀၂၁ ခုနှစ်တွင် ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအားလုံးတွင် လုပ်ငန်းတိုးချဲ့ခြင်း၊ (၆) ၂၀၂၅ ခုနှစ်တွင် မြို့နယ်များအားလုံးသို့ လုပ်ငန်းတိုးချဲ့ခြင်း။

ECI ရည်ရွယ်ချက်များ အောင်မြင်ရေးနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အစီအစဉ်တိုးချဲ့ရေးတို့ကို ကူညီရန် ဝန်ထမ်းများကို သင်တန်းမပေးမီနှင့် ရှေ့ပြေးလုပ်ငန်းခွင်များ မဖွင့်မီတွင် ECI အစီအစဉ်ပါ အကြောင်းအရာများ အားလုံးနီးပါးကို ရေးဆွဲမည်။

## ၅. ၁။ အဆင့် ၁ - အမျိုးသားအဆင့် ECI စနစ်ကို စီစဉ်ခြင်းနှင့် ရှေ့ပြေးလုပ်ငန်းခွင်များ ထူထောင်ခြင်းအတွက် အစီအစဉ်ပါအကြောင်းအရာများကို ပြင်ဆင်ခြင်း (ဇွန် ၂၀၁၅ - အောက်တိုဘာ ၂၀၁၇)

အဆင့် (၁) အတွင်းတွင် ဤ ECI မဟာဗျူဟာလုပ်ငန်းစဉ် ကြိုတင်ပြင်ဆင်ပြုပြင်အတည်ပြုခြင်းနှင့် ECI ဝန်ဆောင်မှုလုပ်ငန်းထူထောင်ခြင်း မဟာဗျူဟာ ဦးစားပေးအစီအစဉ် ၃ တွင်ပါဝင်သော ECI အစီအစဉ် လမ်းညွှန်ချက်များနှင့် လုပ်ငန်းစဉ်များ ဖော်ထုတ်ခြင်းနှင့် အတည်ပြုခြင်းဖြင့် အမျိုးသားအဆင့် ECI စနစ်ကို ထူထောင်မည်။

ECI ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့ သည် ၂၀၁၇ ခုနှစ်အတွင်းတွင် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအားလုံးကို လုပ်ဆောင်ရန် ECI ဝန်ဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအုပ်စုကို ထူထောင်မည်။ ၂၀၁၇ ခုနှစ်အတွင်း မဟာဗျူဟာ ဦးစား ပေးအစီအစဉ်တွင် ဖော်ပြထားသော အစီအစဉ်အကြောင်းအရာများ၊ နည်းလမ်း များနှင့် အဓိကအစိတ်အပိုင်းများကို လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းတွင်းလေ့ကျင့် ရေး၊ ကနဦးစမ်းသပ်လုပ်ငန်းခွင်ရွေးချယ်ရေးနှင့် ပြင်ဆင်ရေးတို့အတွက် အသုံးပြု ရန် ဖော်ထုတ်မည်၊ ကွင်းဆင်းစမ်းသပ်မည်၊ ပြင်ဆင်မည်။

ECI အလုပ်အဖွဲ့သည် ၂၀၁၇ ခုနှစ် တတိယသုံးလပတ်ကုန်တွင် ရှေ့ပြေးလုပ်ငန်း ခွင်အတွက် အခြေခံအားလုံးပါဝင်သောနှင့် လုပ်ငန်းဇယားကို အတည်ပြုမည်။

အခြေခံ လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းစနစ်၊ ကြီးကြပ်ရေးစနစ်နှင့် စောင့်ကြည့် ကြပ်မတ်ခြင်းနှင့် သုံးသပ်ခြင်စနစ်တို့ကို အဆင့် ၁ အတွင်းစီစဉ် ရေးဆွဲမည်။

## ၅. ၂။ အဆင့် ၂ - ရှေ့ပြေးလုပ်ငန်းခွင်သင်တန်း (၀၁/၁၀-၃၁/၁၂/၂၀၁၇)

ရှေ့ပြေးလုပ်ငန်းခွင်များရှိ ပညာရှင်များနှင့် ကျွမ်းကျင်သူများအတွက် လုပ်ငန်းခွင် အကြိုသင်တန်းကို ဒေသသုံးခုစလုံးတွင် ဆောင်ရွက်မည်။

အစပိုင်းကဏ္ဍများတွင် အဓိကအယူအဆများ၊ ပါဝင်သည့်အကြောင်းအရာများ၊ နည်းလမ်းများ၊ တိုင်းတာရန် အသုံးပြုပစ္စည်းများနှင့် အခြားပုံစံများနှင့် ၎င်းတို့၏ လမ်းညွှန်ချက်များကို တင်ပြမည်။ သင်တန်း ကာလတဝက်ခန့်တွင် ကွင်းဆင်းလေ့ ကျင့်ခြင်း၊ သရုပ်ပြခြင်းများ၊ လက်တွေ့ကဏ္ဍများ ပါဝင်မည်။ သင်တန်းသားများကို မိဘများ၊ ကလေးသူငယ်များနှင့် ထိထိရောက်ရောက် မည်သို့အလုပ်လုပ်ရသည်ကို မြန်ဆန်စွာလေ့လာနိုင်ရန် ကူညီနိုင်ရေးအတွက် နည်းပြပေးမည်၊ ကြီးကြပ်ပေး မည်။

တချိန်တည်းတွင် ဇန်နဝါရီလ အစောပိုင်း၌ လုပ်ငန်းခွင်တစ်ခုစီတွင် လုပ်ငန်း စတင် ဆောင်ရွက်နိုင်ရေးအတွက် ရှေ့ပြေးလုပ်ငန်းခွင်များတည်ထောင်သည့် အစဦးလုပ်ငန်းများကို ဆောင်ရွက်မည်။

## ၅.၃။ အဆင့် ၂ - ရွှေ့ပြောင်းလုပ်ငန်းခွင်များကို ဒေသဆိုင်ရာ သက်ဆိုင်သူများ၏ ပူးပေါင်းဆောင်ရွက်မှု၊ အကူအညီတို့ဖြင့် အကောင်အထည်ဖော်ခြင်းနှင့် ထူထောင်ခြင်း (အောက်တိုဘာ၂၀၁၇-ဒီဇင်ဘာ ၂၀၁၈)

ECI ရွှေ့ပြောင်းလုပ်ငန်းခွင်များအတွက် ကြိုတင်ပြင်ဆင်ခြင်းအားလုံးကို ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အတွင်း ဆောင်ရွက်မည်။ အစပိုင်း ECI ဝန်ဆောင်မှုများ အကောင်အထည်ဖော်ခြင်းကို မြန်မာနိုင်ငံ၏ ပြည်နယ်တိုင်းဒေသကြီး ၃ ခုတွင် ECI စမ်းသပ်လုပ်ကိုင်သည့် လုပ်ငန်းခွင်များ ထူထောင်ရေးအပေါ်တွင် အာရုံစိုက်မည်။ အနည်းဆုံး မြို့ပြ လုပ်ငန်းခွင်တစ်ခုနှင့် ကျေးလက် လုပ်ငန်းခွင် နှစ်ခု ပြည်နယ်တိုင်းဒေသကြီး တစ်ခုစီတွင်ထူထောင်မည်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနတို့၏ ဒေသဆိုင်ရာရုံးများနှင့် ပြည်နယ်၊ တိုင်းဒေသဝန်ကြီးချုပ်များ၊ လွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်ရေးကို အထူးအလေးထားမည်။

ရွှေ့ပြောင်းလုပ်ငန်းခွင်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် တရားဝင်စတင်ပြီး၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ တိုးချဲ့သွားမည်။

ကနဦးစမ်းသပ်လုပ်ငန်းခွင်များသည် အမြဲတမ်း ECI ဝန်ဆောင်မှု လုပ်ငန်းခွင်များ ဖြစ်လာမည်ဖြစ်၍ ၎င်းတို့ ရေရှည်တည်တံ့မှုရရှိစေရန် ကနဦးစမ်းသပ်ကာလအတွင်း လုပ်ဆောင်မှုအများအပြား ပြုလုပ်ရန်မျှော်လင့်သည်။

ကြီးကြပ်ခြင်း၊ အသုံးပြုအကဲဖြတ်ခြင်းအတွက် စနစ်နှင့် ECI သတင်းအချက် စီမံခန့်ခွဲမှုစနစ် အချက်အလက်ဘဏ်ကို ၂၀၁၇ ခုနှစ်အတွင်း ထူထောင်မည်။ (ECI လုပ်ငန်း တာဝန်ယူမှုနှင့် သက်ဆိုင်သည် မဟာဗျူဟာဦးစားပေးအစီအစဉ် ၆ ကိုကြည့်။) အဖွဲ့တွင်း အသုံးပြုအကဲဖြတ်ခြင်းကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၈ ဇန်နဝါရီလအထိအတွင်း တရားဝင် စတင်ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ပြီးစီးမည်။ ဒေသဆိုင်ရာဝန်ဆောင်မှုများ၊ တိုးချဲ့ကောင်းမွန်စေရန်၊ ဝန်ဆောင်မှုဆိုင်ရာ ECI စနစ်အခြေခံများကို ပြုပြင်တည်းဖြတ်ရန်ရလဒ်များကို အသုံးပြုမည်။

ကနဦးစမ်းသပ် လုပ်ငန်းခွင်ကို နိုင်ငံတကာအလှူရှင်များ၏အကူအညီဖြင့် အဖွဲ့တွင်း သုံးသပ်အကဲဖြတ်ခြင်းအပြင် ပြင်ပသုံးသပ်ခြင်းလည်း လုပ်ဆောင်မည်ဟု မျှော်လင့်သည်။ ပြင်ပအကဲဖြတ်ခြင်းအတွက် ပြည်နယ်/တိုင်းဒေသကြီးတစ်ခုစီ

တွင် နိုင်းယှဉ်ရန် လုပ်ငန်းခွင်အနည်းဆုံးတစ်ခုစီကို ရွေးချယ်မည်ဖြစ်သည်။ ပြင်ပသုံးသပ်ခြင်း၏ နက်ရှိုင်းရှုပ်ထွေးမှုကြောင့် ၎င်းသည် အချက်အလက် သရုပ်ခွဲလေ့လာရန် အချိန်ပိုမို လိုအပ်ပြီး ၂၀၁၉ ခုနှစ် ဧပြီလ ကုန်တွင် ပြီးစီး မည်ဟု မျှော်လင့်ရသည်။

### ၅.၄။ အဆင့် ၄ - စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အသုံးပြုအကဲဖြတ်ခြင်း ရလဒ်များကို စဉ်းစားပြီး ECI အစီအစဉ်ကို ပြန်လည်လေ့လာခြင်းနှင့် ပိုမိုများပြားသော ကျွမ်းကျင်သူများ၊ လိုအပ်ချက်နှင့်အညီကျွမ်းကျင်သူများနှင့် စေတနာ့ဝန်ထမ်းများအတွက် သင်တန်းစီစဉ်ခြင်း (ဒီဇင်ဘာ၂၀၁၈-မတ်၂၀၁၉)

အဖွဲ့တွင်းနှင့် ပြင်ပအကဲဖြတ်ခြင်းရလဒ်များကို အခြေခံ၍ ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၉ ခုနှစ် မတ်လအတွင်း ဝန်ဆောင်မှုဆိုင်ရာ ECI စနစ်ကို ပြုပြင်တည်းဖြတ်ပြီး မှိုင်းပြောင်းလဲမည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ECI လုပ်ငန်းအဖွဲ့၊ ECI လုပ်ငန်းခွင်များ အကောင်အထည်ဖော်ခြင်းနှင့် စီစဉ်ခြင်းအတွက် နည်းပညာအုပ်စု နှင့် အကြံပေးများသည် အစီအစဉ်အကြောင်းအရာ၊ နည်းလမ်းများ၊ ကိရိယာများ၊ လက်စွဲများ၊ လမ်းညွှန်များကို ပြန်လည်သုံးသပ်ပြုပြင်တည်းဖြတ်ရန်အတွက် လုပ်ငန်းစီမံချက်တစ်ခု ပြုလုပ်ပြီး ဖြစ်ရမည်။ ပြန်လည်သုံးသပ် ပြုပြင်တည်းဖြတ်ခြင်းကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၉ ခုနှစ် မတ်လအထိ သို့မဟုတ် လိုအပ်ပါက ပိုမိုကြာရှည်စွာ လုပ်ဆောင်မည်။ နောက်ထပ် ဘာသာစကားများဖြင့် အစီအစဉ် စာရွက်စာတမ်းများ ပြင်ဆင်ခြင်းသည်လည်း ထိုကာလအတွင်း စတင်မည်ဖြစ်ပြီး အဆင့် (၄) အထိ ဆက်လက် လုပ်ကိုင်မည်။

၂၀၁၉-၂၀၂၁ တို့တွင် အစီအစဉ်တိုးချဲ့ခြင်းအတွက် စီမံကိန်းဘတ်ဂျက် လိုအပ်မှုများ၊ ခန့်မှန်းလျာထားချက်နှင့် လျာထားချက်များကို ပြင်ဆင်နိုင်ရန်၊ ရွေ့ပြောင်းလုပ်ငန်းခွင် လက်တွေ့ကုန်ကျစရိတ်အပေါ် အခြေခံပြီး၊ ကုန်ကျ စရိတ်လေ့လာမှုကို ဆောင်ရွက်မည်။

တွင် ECI အထူးကျွမ်းကျင်သူများ၊ ကျွမ်းကျင်သူများ၊ လိုအပ်ချက်နှင့်အညီ ကျွမ်းကျင်သူများနှင့် စေတနာ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်မတိုင်မီ လေ့ကျင့်မှုများ ပါဝင်သည်။ ကနဦးစမ်းသပ်လုပ်ငန်းခွင်များတွင် ပညာရှင်များ၊ လိုအပ်ချက်နှင့် အညီ ကျွမ်းကျင်သူများနှင့် စေတနာ့ဝန်ထမ်းများအား စဉ်ဆက်မပြတ် လုပ်ငန်းခွင်အတွင်း လေ့ကျင့်မှုများကို လက်ရှိကနဦးစမ်းသပ်လုပ်ငန်းခွင်များကို ချဲ့ထွင်

ရန်နှင့် အစဦး ပြည်နယ်နှင့် တိုင်းဒေသကြီး သုံးခုအနက် တစ်ခုစီတွင် အခြား လုပ်ငန်းခွင်များ အနာဂတ်တွင် ဖော်ထုတ်ရန် ပြုလုပ်သွားမည် ဖြစ်သည်။

### ၅. ၅။ အဆင့် ၅ - အစဦးလုပ်ဆောင်ခဲ့သော ပြည်နယ်နှင့်တိုင်းဒေသကြီးတစ်ခုစီတွင် တခြားနေရာများသို့ တိုးချဲ့ခြင်းနှင့် မြန်မာနိုင်ငံရှိ ကျန်ရှိ နေသေးသော ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ အားလုံးပါဝင်သည့် ဒေသပေါင်း ၂၁ ခုသို့ ECI ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ခြင်း (ဧပြီ၂၀၁၈-ဒီဇင်ဘာ၂၀၂၁)

ဧပြီလ ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအထိ အစီအစဉ်ကို မြန်ဆန်စွာ တိုးချဲ့မည်။ ထပ်တိုး မြို့နယ်များသို့ ECI အစီအစဉ်တိုးချဲ့ခြင်း စံနှုန်းများကို ဖော်ဆောင်မည်။ ၎င်းတို့ကို ECI ရှေ့ပြေး လုပ်ငန်းခွင် အတွေ့အကြုံများတွင် ရရှိခဲ့သော သင်ခန်းစာများ၊ အတွေ့အကြုံများအပေါ်တွင် အခြေခံမည်။

ECI လုပ်ငန်းအဖွဲ့ နှင့် နည်းပညာအုပ်စုများသည် ဝန်ဆောင်မှု တောင်းဆိုမှုနှင့် ဖွံ့ဖြိုးမှုနှောင့်နှေးရန် အလားအလာရှိသော မွေးကင်းစနှင့် ကလေးငယ်များရှိရာ ဒေသများကို အခြေခံ၍ တိုးချဲ့ရေးလုပ်ငန်းစီမံချက်ကို ပြင် ဆင်မည်။ ဤသို့တိုးချဲ့ရေးနှင့်ပတ်သက်သောဆုံးဖြတ်ချက်များကို ပါဝင်ဆောင်ရွက်သော မြို့နယ်များနှင့် ရပ်ရွာအသိုင်းအဝိုင်းများ၊ မိဘများ၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဝန်ကြီးဌာနများ၊ ပညာရပ် ဆိုင်ရာ လေ့ကျင့်ရေးအသင်းအဖွဲ့များနှင့် လူသားရင်းမြစ် ပြင်ဆင်ထားရန် တာဝန်ရှိသောသူများ ညှိနှိုင်း၍ ပြုလုပ်မည်။

၂၀၂၁ ခုနှစ်အကုန်တွင် အနည်းဆုံး ECI မြို့နယ် ဝန်ဆောင်မှုအုပ်စုတစ်စုကို ၂၀၂၁ ခုနှစ်တွင်မြန်မာနိုင်ငံ၏ပြည်နယ်/တိုင်းဒေသကြီးနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရ ဒေသများအားလုံး ပါဝင်သော ဒေသပေါင်း ၂၁ခု ရှိ ဒေသတခုစီတွင် ထူထောင်မည်။

ရှေ့ပြေးလုပ်ငန်းခွင်ဆောင်ရွက်မှုများစတင်သည်နှင့် တစ်ပြိုင်နက်တည်းတွင်၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုစီရှိ ဆုံးဖြတ်ချက်ချမှတ်သူများထံသို့ ကြီးကြပ်ကွပ်ကဲမှုနှင့် အကဲဖြတ်ချက်အစီရင်ခံစာများ ဖြန့်ဝေမည်။ နယ်မြေတစ်ခုစီတွင် ECI ဝန်ဆောင်မှု တောင်းဆိုမှုမြင့်မားမည်ဟု မျှော်လင့်ရသည်။ ထို့နောက် ဒေသဆိုင်ရာလွှတ်တော်များ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တခြားဝန်ကြီးဌာနများနှင့် အခြားသူများသည် အခြေခံ ECI ဝန်ဆောင်မှု လုပ်ငန်းများအတွက် ဘဏ္ဍာငွေအကူအညီပေးရန် စဉ်းစားလာမည်။ တခြား

ဘဏ္ဍာငွေ ရရှိနိုင်မှုရင်းမြစ်များကိုလည်း သတ်မှတ်ရမည်။ (အခန်း ၉ အမျိုးသား အဆင့် ECI စနစ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘဏ္ဍာငွေထောက်ပံ့ ခြင်းတွင် ကြည့်ပါ)

ကနဦးစမ်းသပ်မှု ပြည်နယ် တိုင်းဒေသကြီးသုံးခုအနက် တစ်ခုစီတွင် မြို့နယ်အား လုံးသို့ ECI ဝန်ဆောင်မှုများ မြန်ဆန်စွာ တိုးချဲ့ရန်နှင့် ECI ဝန်ဆောင်မှုများကို ကူညီရန်မျှော်မှန်းသည်။ ၂၀၂၁ နှစ်ကုန်တွင် ထိုဒေသများအားလုံးတွင် အစီ အစဉ် အကြွင်းမဲ့လွှမ်းခြုံနိုင်ရန် အားထုတ်မည်။ ပြည်နယ်/တိုင်းဒေသကြီး နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများပါဝင်သော ဒေသပေါင်း ၂၁ ခုရှိ အချို့မြို့နယ်များ တွင် ECI ဝန်ဆောင်မှုများ ဖော်ထုတ်ရန် သေချာစွာ အလေးထားရမည်။

## ၅.၆။ အဆင့် - ၅ မြန်မာနိုင်ငံရှိမြို့နယ်များအားလုံးရှိ ရပ်ကွက်များတွင် ECI ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ခြင်း (ဇန်နဝါရီ၂၀၂၁-ဒီဇင်ဘာ၂၀၂၅)

အဆင့် ၅ ကို ECI မဟာဗျူဟာအစီအစဉ် နှင့် ၂၀၂၁ ခုနှစ်အတွင်းဖော်ထုတ်မည့် ကို နောက်ထပ် ၅ နှစ်အတွင်းပြုလုပ်မည်။ ပထမ ၅ နှစ် မဟာဗျူဟာ စီမံချက်၏ အတွေ့အကြုံ၊ စိန်ခေါ်မှု၊ အောင်မြင်မှုများကို အခြေခံ၍ ECI ဝန်ဆောင်မှုများကို ၂၀၂၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး အကြွင်းမဲ့ပေးရန် မြန်ဆန်စွာ တိုးချဲ့မည်။

အနည်းဆုံး ECI ဝန်ဆောင်မှုတစ်ခုသည် မြို့နယ်တစ်ခုစီရှိ ရပ်ကွက်များတွင် ရှိမည် သို့မဟုတ် ရပ်ကွက်များတွင် ဝန်ဆောင်မှုပေးမည်။ အချို့သော ကျေးလက် ဒေသများတွင် အချို့သော ECI ဝန်ဆောင်များသည် မြို့နယ်နှစ်ခု သို့မဟုတ် ထို ထက်ပို၍ ဝန်ဆောင်မှု ပေးနိုင်ခြေရှိသည်။ ထိုရုံးခန်းမှာ ခရိုင်အဆင့်တွင် ရှိ ကောင်း ရှိနိုင်သည်။ အစီအစဉ်တိုးချဲ့ရေးနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များကို ခရိုင်များ၊ မြို့နယ်များ၊ ရပ်ရွာများရှိ ပါဝင်ဆောင်ရွက်သည့် မိဘများ၊ ခေါင်း ဆောင်များအားလုံး၊ ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များ၊ ဝန်ကြီးဌာနများ နှင့်အတူ ချမှတ်မည်။

| *မဟာဗျူဟာ (၆) ECI လုပ်ငန်း တာဝန်ယူမှု* |
| --- |
| ကလေးအခြေအနေ လိုက်လံဆန်းစစ်ခြင်း၊ ကလေးနှင့် မိသားစုမှတ်တမ်းများ၊ စောင့်ကြည့်ကြပ်မတ်ခြင်း၊ အကဲဖြတ်ခြင်း၊ အစီရင်ခံခြင်းနှင့် အဆက်မပြတ် လုပ်ငန်းစီမံချက်နှင့် ချိတ်ဆက်ထားသော သုတေသနပြုခြင်းတို့ ပါဝင်သည့် ECI စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်ကို ဖော်ဆောင်မည်။ |

## ၆. ၁။ ECI စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် ပုံစံ

ECI အလုပ်အဖွဲ့သည် အချိန်နှင့်တပြေးညီ အစီအစဉ်အားကြီးကြပ်ခြင်း လုပ်ငန်း၊ လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းအပေါ် တာဝန်ယူသည့်လုပ်ငန်းများနှင့် ဆက်နွယ်နေသောအလုပ်များအား လမ်းညွှန်မှုပြုလုပ်နိုင်ရေးအတွက် ECI ကြီးကြပ်ခြင်း၊ စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် စီစဉ်ခြင်းအတွက် နည်းပညာအုပ်စုကို ဖွဲ့စည်းထူထောင်သွားမည်ဖြစ်ပါသည်။ ယင်းအုပ်စုသည် (၂၀၁၆-၂၀၁၇) ခုနှစ်အတွင်း ဂရုတစိုက်ပုံစံဆွဲဖော်ထုတ်သွားမည်ဖြစ်သည့် ECI စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (ECI-MIS) တစ်ရပ် ပုံဖော်အကောင်အထည်ဖော်မှုအား အထောက်အကူပေးသွားမည်ဖြစ်သည်။ (ECI-MIS) တွင် အမျိုးသားအဆင့်ကလေးသူငယ် ခြေရာကောက်ရှာဖွေစနစ်၊ ECI လုပ်ငန်းခွင်အတွင်းရှိ ကလေးသူငယ်နှင့်မိသားစုအချက်အလက်များ (အမည်ဖော်ပြခြင်း မပြုသည့်ပုံစံများဖြင့် ထိန်းသိမ်းထားမည်)၊ ကြီးကြပ်စောင့်ကြည့်မှုနှင့် အကဲဖြတ်သုံးသပ်မှုဆိုင်ရာ အဓိကကျသည့် အချက်အလက်များ၊ အကျိုးဖြစ်ထွန်းစေနိုင်ပြီး၊ စနစ်အား အထောက်အကူပြုမည့် အချို့သောသုတေသနလုပ်ငန်းများကို ထည့်သွင်းထားမည်ဖြစ်သည်။

တိုင်းတာရန်အသုံးပြုပစ္စည်းများ၊ နည်းလမ်းများ၊ လမ်းညွှန်ချက်များ၊ နှင့် လက်စွဲများကို ပြင်ဆင်နေစဉ်တွင် (၆. ၂ တွင် ကြည့်ပါ။) ECI-MIS အတွက် အချက်အလက်အခြေခံစနစ်ကို ရေးဆွဲမည်။ အချက်အလက် အခြေခံစနစ် ဖော်ထုတ်ပြီးသည်နှင့်တပြိုင်နက်တည်း ရှေ့ပြေးလုပ်ငန်းခွင်နေရာ ကိုးနေရာမှ အချက်အလက်များကို အသုံးပြုပြီး၊ ကွင်းဆင်းစမ်းသပ်မှုများကို ဆောင်ရွက်မည်။

ဗဟိုစာရင်းအင်းအဖွဲ့အစည်း(Central Statics Organisation-CSO)နှင့်ချိတ်ဆက်မှုများ၊ ကျန်းမာရေး စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်များ၊ အနာဂတ်ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်နှင့် လူမှုဖူလုံရေး စီမံခန့်ခွဲမှု သတင်းအချက်စနစ်နှင့် တခြားအသုံးဝင်သည့် အချက်အလက်အခြေခံများ မှန်သမျှကို ရယူမည်၊ ထည့်သွင်းစဉ်းစားမည်။

(ECI-MIS) သည် ECI လုပ်ငန်းခွင်များ၏ ပုံမှန်အစီရင်ခံစာများမှ ပံ့ပိုးပေးသော အချက်အလက်များကို အသုံးပြုသွားမည်ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လူဦးရေးပုံစံ (မြို့ပြ၊ မြို့ကျေးလက်)၊ တိုင်းရင်းသားအုပ်စုနှင့် လူဦးရေ၏ဝင်ငွေအဆင့်များအပြင် ကလေးသူငယ်များ၏အသက်၊ လိင်၊ မိသားစုပုံစံ၊ မိဘများ၏ပညာရေးအဆင့်အတန်း အလိုက် အချက်အလက်များအား တည်ဆောက်သွားမည်ဖြစ်ပါသည်။

(ECI-MIS) သည် ၎င်း၏အစီရင်ခံစာအား ပြည်နယ်/တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် အမျိုးသားအဆင့်အဖွဲ့အစည်းများ၏ သုံးသပ်ချက်နှင့်အတူ ခြောက်လလျှင်တစ်ကြိမ် ထုတ်ပြန်သွားမည်ဖြစ်သည်။ ယင်းအစီရင်ခံစာများကို အဆက်မပြတ်ဆောင်ရွက်နေသော အစီအစဉ်စီမံချက်များ နှင့်ချိတ်ဆက်ရေးဆွဲသွားမည် ဖြစ်ပါသည်။

ECI ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့စဉ်အတွင်း၊ ECI-MIS အချက်အလက်အခြေခံစနစ်ကို စဉ်ဆက်မပြတ်သုံးသတ်မည်၊ ပြင်ဆင်တည်းဖြတ်မည်၊ အကောင်အထည်ဖော်မည်။ ၂၀၁၈ ခုနှစ်တွင်၊ စနစ်နှင့်ပတ်သက်၍ အားလုံးပါဝင်သည့်သုံးသပ်ချက်တစ်ရပ်ကို ပြုလုပ်မည်၊ လိုအပ်သလို မွမ်းမံပြင်ဆင်မည်၊ တိုးမြှင့်မည်။

### ၆. ၂။ စောင့်ကြည့်ကြပ်မတ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် ကလေးအခြေအနေ လိုက်လံဆန်းစစ်ခြင်းအတွက် လမ်းညွှန်ချက်များ၊ ပစ္စည်းနှင့် နည်းလမ်းများ ရွေးချယ်ခြင်း သို့မဟုတ် ဖော်ထုတ်ခြင်း

ECI စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းပစ္စည်းနှင့် နည်းလမ်းများနှင့် နိုင်ငံအများအပြားတွင် အသုံးဝင်ခဲ့သောအစီအစဉ်ပုံစံများ၊ မြန်မာနိုင်ငံ၏ ထူးခြားသောလိုအပ်ချက်များကိုဖြည့်ဆည်းပေးမည့် အခြားအရာများကို ရွေးချယ်ပြုစုမည် သို့မဟုတ် တခြားအရာများကို ဖော်ဆောင်မည်။ ပစ္စည်းနှင့်နည်းလမ်းအားလုံးကို အနည်းဆုံး အမျိုးသားဘာသာစကားသုံးခုသို့ပြန်ဆိုမည်။ ဒေသဆိုင်ရာယဉ်ကျေးမှု၊ ဂေဟဗေဒများနှင့် ကိုက်ညီအောင် ပြုပြင်မှီငြမ်းမည်။ ၂၀၁၇ ခုနှစ်၏ ပထမသုံးလပတ်အတွင်း ကွင်းဆင်းစမ်းသပ်မည်။ ထို့နောက် ၎င်းတို့ကို ရှေ့ပြေးစမ်းသပ်လုပ်ငန်းခွင်တွင် အကောင်အထည်ဖော်ရန် ပြင်ဆင်တည်းဖြတ်ပြုပြင်မည်။ ဖြစ်နိုင်ခြေအရှိဆုံး အတိုင်းအတာအထိ၊ ၎င်းတို့ကို ပစ္စည်းနှင့် နည်းလမ်းများအတွက် ဘာသာစကားတစ်ခုစီဖြင့် တစ်ပုံစံတည်း အချက်အလက် ထည့်သွင်းမှုနည်းလမ်းနှင့် တည်ဆောက်ထားမည်။

### ၆. ၃။ စောင့်ကြည့်ကြပ်မတ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် ကလေးအခြေအနေ လိုက်လံဆန်းစစ်ခြင်းအတွက် ECI လက်စွဲ ဖော်ထုတ်ထားခြင်း

စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် အကဲဖြတ်ခြင်းပစ္စည်းနှင့်နည်းလမ်းများနှင့် ၎င်းတို့၏လမ်းညွှန်များ ပြင်ဆင်နေသည့်တချိန်တည်းတွင် ကျယ်ပြန့်သော ECI စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် အကဲဖြတ်ခြင်းလက်စွဲကို ပြုစုမည်။ ထိုလက်စွဲ စာအုပ်တွင် စနစ်၏ရည်မှန်းချက်များ၊ သွင်းအားစု ထုတ်အားစုနှင့်ရလာဒ်များအတွက်

မျှော်လင့်ထားသော အညွှန်းကိန်းစာရင်း၊ အသုံးပြုပစ္စည်းများနှင့် နည်းလမ်းများ အသုံးပြုရန် အချိန်ဇယား၊ ဒေသ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အမျိုးသားအဆင့် အစီရင်ခံခြင်းလိုအပ်ချက်များနှင့် အခြားအရာများ ပါဝင်မည်။ အတည်ပြုထားသော ကိရိယာများနှင့် ၎င်းတို့၏ လမ်းညွှန်များ ဤလက်စွဲစာအုပ်တွင် ပါဝင်မည်။

### ၆. ၄။ ကလေးနှင့် မိဘအခွင့်အရေး၊ အသိပေးထားသည့်ခွင့်ပြုချက်နှင့် တစ်ဦးချင်းမှတ်တမ်းများ လုံခြုံထိန်းသိမ်းမှုနှင့်ပတ်သက်သည့် ECI ဝန်ထမ်းများအတွက် သင်တန်းသင်ရိုးတစ်ခု ပြင်ဆင်ခြင်း

အထူးသဖြင့် သိရှိနားလည်သဘောတူညီမှုနှင့် ကလေးတစ်ဦးစီနှင့် မိသားစုမှတ်တမ်းများ အတွင်းရေးအဖြစ် လုံခြုံစွာထားရှိမှု၏ အရေးပါမှုနှင့် ပတ်သက်၍ ECI ဝန်ထမ်းများအားလုံးအတွက် အစီအစဉ်စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းတွင် ကလေးသူငယ်နှင့် မိဘအခွင့်အရေးများနှင့် ပတ်သက်၍ လေ့ကျင့်ရေးသင်ရိုး ပြုစုမည်။ အကဲဖြတ်ခြင်းနှင့် တစ်ဦးချင်းဝန်ဆောင်မှု စီမံချက်များကဲ့သို့သော အဓိက ECI လုပ်ငန်းစဉ်ပြုလုပ်ခြင်းနှင့် အစီအစဉ် လွှဲ ပြောင်းပေးခြင်းများမတိုင်မီ သိရှိနားလည် သဘောတူညီမှု ရရှိရေးအတွက် စည်းမျဉ်းများကို ရှင်းလင်းမည်။ တစ်ဦးချင်းမှတ်တမ်းများ၏ လုံခြုံမှုတွင် ဖိုင်များကို ကြည့်ခွင့်ရှိသူများကိုသာ ကြည့်ခွင့်ပေးရန် လုပ်ငန်းအဆင့်ဆင့်ပါဝင်မည်။ အချက်အလက် အစုအဝေးများတွင် လူပုဂ္ဂိုလ်အမည်ထက် ထူးခြားသော ခွဲခြားသတ်မှတ်သည့် ကိန်းဂဏန်းများသုံးရန်လိုအပ်ချက်ကို ရှင်းပြမည်။ ဤကဲ့သို့ ကိန်းဂဏန်းများအသုံးပြုသော စနစ်ကို စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် ကလေးသူငယ် ခြေရာခံခြင်း ECI လက်စွဲတွင် ရှင်းလင်းတင်ပြမည်။

### ၆. ၅။ ECI သုတေသန စီမံကိန်းများ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း

အဓိက ECI ဝန်ဆောင်မှုများကို အလိုအပ်ဆုံးနေရာများတွင် ပံ့ပိုးနိုင်ရေးအတွက် အထောက်အကူပြုရန် သုတေသနစီမံချက်များကို အလိုအပ်ဆုံးနေရာများ၌ ပြုလုပ်သွားမည်။ ECI စနစ် ထူထောင်မှုဆိုင်ရာနှင့်ပတ်သက်၍ ပြင်ပအကဲဖြတ်မှု ပြုလုပ်ရန်လည်း သုတေသနစီမံချက်များပြုလုပ်မည်။

ကနဦးတွင် မြန်မာနိုင်ငံ ဒေသပေါင်း ၂၁ ခုရှိသည့် ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအားလုံးရှိ ကလေးများ၏ ဖွံ့ဖြိုးမှုအခြေအနေနှင့် ပတ်သက်၍ လေ့လာမှုစစ်တမ်းကောက်မည်။ ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းများ၊ ထိခိုက်လွယ်သော မွေးဖွားမှုအခြေအနေ၊ အာဟာရချို့တဲ့မှု၊ နာတာရှည်ရောဂါများ၊

မသန်စွမ်းမှုများ၊ ပုံမှန်မဟုတ်သော အပြုအမူများအသစ်ဖြစ်ပွားမှုကို ရှာဖွေဖော်ထုတ်တောင်းခံမည်။ ဤစစ်တမ်းအတွက် နိုင်ငံတော်ရံပုံငွေဖြစ်စေ၊ ပြင်ပအထောက်အပံ့ဖြစ်စေ ရယူမည်။ ဤစစ်တမ်းသည် အချိန်အလိုက် ECI အစီအစဉ်၏ ထိရောက်မှုကို တိုင်းတာရာတွင်လည်း အခြေခံမျဉ်းဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အဓိက ECI စနစ်ထူထောင်မှု လုပ်ငန်းစဉ်များနှင့် ရလာဒ်များကိုပြင်ပ အကဲဖြတ်မှုပြုလုပ်ခြင်းကို ရှေ့ပြေးစမ်းသပ်လုပ်ငန်းခွင်များတွင် ပြုလုပ်မည်။ ရှေ့ပြေးစမ်းသပ်အားထုတ်မှုတွင် ပါဝင် သော ပြည်နယ်/တိုင်းဒေသကြီးတစ်ခုစီမှ နှိုင်းယှဉ်မည့် ရပ်ရွာများကိုလည်း ရွေးချယ်မည်။

နောက်ဆက်တွဲ လုပ်ငန်းအကောင်အထည်ဖော်စဉ် တချိန်တည်းဆောင်ရွက်သည့် သုတေသနစီမံချက်များကို အထက်ပါလုပ်ငန်းများပြီးသွားသောအခါ လုပ်ဆောင်မည်။

နှစ်စဉ် အနည်းဆုံး သုတေသနလုပ်ငန်းအစီအစဉ် ၂ ခုကို ဆောင်ရွက်ရန် မျှော်မှန်းရသည်။ ထိုစီမံကိန်းများအတွက် နိုင်ငံတကာအကူအညီများကို ရှာဖွေမည်။

| *မဟာဗျူဟာ (၇) ကဏ္ဍပေါင်းစုံ ပူးပေါင်းအကောင်အထည်ဖော်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း* |
| --- |
| ECI ဝန်ဆောင်မှုလုပ်ငန်းများတွင် စာရင်းသွင်းထားသော ကလေးများအားလုံးအတွက် ထိရောက်သော 'စဉ်ဆက်မပြတ် အဆင့်ဆင့်စောင့်ရှောက်မှု' အစီအစဉ်တစ်ခု ဆောင်ရွက်မည်။ ထိုအစီအစဉ်ထဲတွင် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့် ပူးပေါင်းပါဝင်မှု၊ ကျန်းမာရေး၊ အာဟာရဖြည့်ဆည်းမှုနှင့် လုံခြုံစိတ်ချမှုဆိုင်ရာဝန်ဆောင်မှုများသို့ လွှဲပြောင်းပေးမှုများနှင့် အားလုံးအကျုံးဝင်သည့် မူကြိုကျောင်းများ၊ မူလတန်းကျောင်းများနှင့် အခြေခံပညာကျောင်းများသို့ လွှဲပြောင်းပေးမှုများလည်း ပါဝင်ပါသည်။ |

### ၇. ၁။ အထူးလိုအပ်ချက်ရှိသည့် ကလေးများနှင့် သူတို့၏မိသားစုများအတွက် 'စဉ်ဆက်မပြတ်အဆင့်ဆင့် စောင့်ရှောက်မှု' သေချာစေရန်ကဏ္ဍများအကြားထိရောက်သည့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းအကောင်အထည်ဖော်ခြင်း အစီအစဉ်ကို ဖော်ထုတ်ရန်

ECI လုပ်ငန်းအဖွဲ့သည် ECI ကဏ္ဍပေါင်းစုံပူးပေါင်းအကောင်အထည်ဖော်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းအတွက် နည်းပညာအုပ်စုကိုထူထောင်မည်။ နည်းပညာအုပ်စုက ဆောင်ရွက်မည့် ဌာနပေါင်းစုံ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး

အစီအစဉ်သည် ပြေပြစ်သော ကျန်းမာရေး၊ အာဟာရနှင့် ကလေးကာကွယ်စောင့်ရှောက်ရေး၊ အခြားရနိုင်သောဝန်ဆောင်မှုများသို့ ညွှန်းပို့ပေးခြင်း၊ အခြားအထောက်အကူပြု ဝန်ဆောင်မှုများပေးခြင်း၊ ညွှန်းပို့မှုများကို စစ်ဆေးခြင်း၊ အားလုံးအကျုံးဝင် မူကြိုနှင့် မူလတန်းကျောင်းများသို့ ကူးပြောင်းမှုကို အထောက်အကူပေးခြင်းတို့ပါဝင်သော ထိရောက်သော စဉ်ဆက်မပြတ်အဆင့်ဆင့် စောင့်ရှောက်မှုပေးခြင်းကို ဖြစ်စေသည်။

## ၇. ၂။ ပြည်နယ်တိုင်းဒေသကြီးနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအားလုံးတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုပြုလုပ်နိုင်ရေးအတွက် ကဏ္ဍအလိုက်နှင့် မိတ်ဘက်အဖွဲ့အစည်းများအား သတ်မှတ်ခြင်း

ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုစီတွင် စဉ်ဆက်မပြတ် စောင့်ရှောက်မှုကို ဖန်တီးထူထောင်ရာတွင် ပါဝင်မည့်အဖွဲ့အစည်းများအားလုံးနှင့် အဖွဲ့အားလုံးကို အခြေခံအဆင့်၊ အလယ်အလတ်အဆင့်နှင့် အဆင့်မြင့်အဆင့်များမှ ပါဝင်သူများနှင့်အတူ ဖော်ထုတ်အသုံးပြုမည့် ဆန်းစစ်လေ့လာချက် အကွက်ချလေ့လာမှု(mapping study) ပစ္စည်းနှင့်နည်းလမ်းများအား ပုံစံဆွဲဖော်ထုတ်မည်သွားမည် ဖြစ်ပါသည်။ အစဦးတွင် ယင်းဆန်းစစ်လေ့လာချက်သည် ရှေ့ပြေးလုပ်ငန်းခွင်များဖြစ်လာစေရန်ရွေးချယ်ထားသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး(၃)ခု အတွက်လည်းကောင်း၊ မြို့နယ် (၉) ခုအတွက်လည်းကောင်း အလေးပေးဆောင်ရွက်သွားမည် ဖြစ်သည်။ ရှေ့ပြေး လုပ်ငန်းခွင်များမှရရှိသည့် အတွေ့အကြုံများအပေါ် မူတည်ပြီး ယင်းဆန်းစစ်လေ့လာချက်များသုံး ပစ္စည်းနှင့် နည်းလမ်းများကို ပြင်ဆင်မွမ်းမံမည်၊ နောက်ပိုင်းတွင် ECI ရှိသည့် လုပ်ငန်းခွင်အသစ်အားလုံးတွင် အသုံးပြုသွားမည် ဖြစ်ပါသည်။

## ၇. ၃။ အဖွဲ့အစည်းများကြား ဆက်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သဘောတူညီချက်များ

ECI ကဏ္ဍပေါင်းစုံ ပူးပေါင်းအကောင်အထည်ဖော်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုအတွက် နည်းပညာအုပ်စုသည် အဖွဲ့အစည်းများကြား ရေရှည်တည်တံ့သည့် တရားဝင် ဆက်သွယ်ဆောင်ရွက်မှုများ၊ လုပ်ထုံးလုပ်နည်းများနှင့် သဘောတူညီချက်များ ဖော်ဆောင် ခြင်းအတွက် ဖြစ်နိုင်ခြေရှိသောနည်းနာများကို ရှာဖွေမည်။ အကောင်အထည်ဖော်နေသည့် ရှေ့ပြေး မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတစ်ခုစီတွင် ဖြစ်နိုင်သည့် တရားဝင်ပေါင်းစည်းမှု သဘောတူညီချက်များနှင့် ကျင့်ထုံးများအတွက် ပုံစံတစ်ခုပြင်ဆင်ခြင်းကို သေသေချာချာစဉ်းစားမည်။ ၎င်းတို့သည် ပူးပေါင်းအကောင်အထည်ဖော်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုအတွက်

စနစ်များ ရေရှည်တည်တံ့နိုင်မှုသေချာစေရန်အတွက် လိုအပ်ပါသည်။ ထို့ကြောင့် တရားဝင် ဆက်သွယ်ဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများ၊ သဘောတူညီချက်များဖော်ထုတ်ရန်နှင့် ကောင်းမွန်သောအဖွဲ့အစည်းချင်း ဆက်ဆံရေးများကို ပျိုးထောင်ပေးသည့် နည်းလမ်းများဖြင့် ECI ဝန်ထမ်းများကို လေ့ကျင့်ပေးမည်။

ရှေ့ပြေးလုပ်ငန်းခွင်ကာလအတွင်း ရရှိသောအတွေ့အကြုံများအပေါ် အခြေခံ၍ တရားဝင်ဆက်သွယ်ဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများနှင့် သဘောတူညီချက်များကို ဖော်ဆောင်သည့်နည်းနာများကို ပြန်လည်သုံးသပ်မည်။ ပြည်နယ် တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ တစ်ခုစီမှ ရရှိခဲ့သော သင်ခန်းစာများကို ECI အစီအစဉ် တိုးချဲ့သည့်အခါတွင် အသုံးပြုမည်။

### ၇.၄။ မဟာဗျူဟာ ဦးစားပေးအစီအစဉ် နှင့် အလုပ်တာဝန် အမျိုးအစားတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းအကောင်အထည်ဖော်ခြင်းအတွက် လုပ်ငန်းအဖွဲ့နည်းပညာအုပ်စုများ စီစဉ်ရေးဆွဲခြင်း

ထိရောက်သော ဌာနစုံ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုဖြစ်စေရန် နည်းပညာအုပ်စု ၈ ခုကို လုပ်ငန်းတာဝန်အရနှင့် မဟာဗျူဟာအရ အောက်ပါအတိုင်း ဖွဲ့စည်းမည်။

၁။ အသိပေးလှုံ့ဆော်ခြင်း၊ ပြန်ကြားဆက်သွယ်ရေးများနှင့် အသိပညာပေးရေးအတွက် နည်းပညာအုပ်စု။

၂။ ECI ဖွံ့ဖြိုးမှုတိုင်းတာစစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းအတွက်နည်းပညာအုပ်စု။

၃။ ECI သင်တန်းအတွက် နည်းပညာအုပ်စု။

၄။ ECI ဝန်ဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအုပ်စု။

၅။ ECI ရှေ့ပြေးလုပ်ငန်းခွင်များ စီစဉ်ခြင်းနှင့် ဖော်ဆောင်ခြင်းအတွက် နည်းပညာ အုပ်စု။

၆။ ECI ကြီးကြပ်ခြင်း၊ ကြပ်မတ်ခြင်း၊ အသုံးပြုအကဲဖြတ်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်းအတွက် နည်းပညာအုပ်စု။

၇။ ECI ကဏ္ဍပေါင်းစုံ ပူးပေါင်းအကောင်အထည်ဖော်ညှိနှိုင်းဆောင်ရွက်ခြင်းအတွက် နည်းပညာအုပ်စု။

၈။ ECI အဖွဲ့အစည်းတည်ဆောက်ပုံ၊ နှစ်စဉ်စီမံခြင်းနှင့် ဘဏ္ဍာခွဲဝေခြင်းအတွက် နည်းပညာအုပ်စု။

နည်းပညာအုပ်စုတခုစီအတွက် တာဝန်နှင့်လုပ်ပိုင်ခွင့်များ ဖော်ထုတ်မည်။ ထို့နောက် အောက်ပါဝန်ကြီးဌာနများ၏ အကြံဉာဏ်များကို အထူးအလေးထားပြီး ECI လုပ်ငန်းများအဖွဲ့က သုံးသပ်၊ အတည်ပြုမည်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် လိုအပ်လျှင် အခြားဌာနများ။

## ၇. ၅။ နည်းပညာအုပ်စုတစ်ခုစီ၏ လိုအပ်ချက်ကိုဦးတည်၍ ထိရောက်သည့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းအကောင် အထည်ဖော်ခြင်းနှင့် ပတ်သက်သည့် သင်တန်းသင်ရိုးပြင်ဆင်ခြင်း

နည်းပညာအုပ်စုများ လုပ်ငန်း ကောင်းစွာလည်ပတ်ရန် ဌာနပေါင်းစုံ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ လေ့ကျင့်ရေးသင်ရိုးညွှန်တမ်းတစ်ခုကို ပြုစု၊ ကွင်းဆင်း၊ စမ်းသပ်၊ တည်းဖြတ်၊ မိတ္တူကူးပြီး ရှေ့ပြေးစမ်းသပ်လုပ်ငန်းခွင်များတွင် သုံးရန်လုပ်ဆောင်မည်။ ရှေ့ပြေးစမ်းသပ်ကာလအပြီးတွင် ဤသင်တန်းသင်ရိုးကို ECI လုပ်ငန်းခွင်များ ထူထောင်သည့်အခါ အသုံးပြုရန်အတွက် ပြန်လည်သုံးသပ် တည်းဖြတ်မည်။

## ၇. ၆။ မြို့နယ် သို့မဟုတ် ခရိုင်တစ်ခုစီအတွက် ECI ကော်မတီများ ဖော်ဆောင်ခြင်း

ပါဝင်သော မြို့နယ်နှင့် ခရိုင်တခုစီတွင် (လိုအပ်သည့်အတိုင်း) ရှေ့ပြေးစမ်းသပ်လုပ်ငန်းခွင်များမှအစပြု၍ ကဏ္ဍပေါင်းစုံနှင့် တရားဝင်ပေါင်းစည်းမှု ECI ကော်မတီများ ဖွဲ့စည်းမည်။ ပါဝင်သော ဝန်ကြီးဌာနအားလုံးမှ ကိုယ်စားလှယ်များ လူမှုအခြေပြု အဖွဲ့များ၊ ပုဂ္ဂလိက ကဏ္ဍအုပ်စုများကို ဤကော်မတီများတွင် တက်တက်ကြွကြွ ဆက်သွယ်ပါဝင်ရန် ဖိတ်ခေါ်မည်။ ECI မြို့နယ်ကော်မတီများ၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များအတွက် လမ်းညွှန်ချက်များကိုပြုစုမည်။ ထို လမ်းညွှန်ချက်များတွင် မြို့နယ် သို့မဟုတ် ခရိုင်အဆင့်များတွင် ပူးပေါင်းအကောင်အထည်ဖော်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းအတွက် အဖွဲ့ဝင်ဖြစ်ခြင်း၊ ရာထူးတာဝန်များနှင့် ကော်မတီ၏ အဓိကလုပ်ငန်းတာဝန်များဆိုင်ရာစံနှုန်းများ ပါဝင်မည်။

## ၇.၇။ အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့်တို့တွင် တစ်နှစ်စာနှင့် ငါးနှစ်စာ အကောင်အထည်ဖော်မှုစီမံကိန်းများနှင့် ဘဏ္ဍာငွေများအတွက် ပြင်ဆင်ခြင်း

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အမျိုးသား ECI ကဏ္ဍပေါင်းစုံကော်မတီတို့၏ တောင်းဆိုချက်များအပေါ်တွင် ECI လုပ်ငန်းအဖွဲ့နှင့် သူ၏နည်းပညာအုပ်စုများသည် ECI တင်သွင်းမှုများကို ပြင်ဆင်ခြင်း၊ ECI လိုအပ်ချက်များ၊ အကျိုးကျေးဇူးများ၊ ရည်မှန်းချက်များနှင့် အကျိုးရလာဒ်များအပေါ်တွင် အခြေခံသည့် ECI ဆိုင်ရာ တစ်နှစ်နှင့် ငါးနှစ် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များနှင့် ဘဏ္ဍာငွေ/သုံးမှန်းခြေအတွက် နှစ်စဉ် ဩဂုတ်လတွင် အဆင့်သင့်ဖြစ်ရန်အတွက် နှစ်စဉ် ဇွန်လတွင် ပြင်ဆင်သင့်သည်။

ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့် ဘဏ္ဍာရေးဆိုင်ရာသို့ တင်သွင်းချက်များတွင် ECI အစီအစဉ် ပါရှိစေရန် ECI ဝန်ဆောင်မှုလုပ်ငန်းနယ်မြေများနှင့် တခြား ECI ရုံးများသည် ရပ်ကွက်။ကျေးရွာ၊ မြို့နယ် နှင့် ခရိုင်အဆင့်များတွင် စဉ်ဆက်မပြတ် အသိပညာပေးမြှင့်တင်မှုများ ဆောင်ရွက်မည်။

လမ်းညွှန်ချက်များကို ECI ဝန်ဆောင်မှုနယ်မြေတစ်ခုစီသည် ခြောက်လပတ်တိုးတက်မှုအစီရင်ခံရန်နှင့် ဘဏ္ဍာရေးဆိုင်ရာစာရင်းစစ်လိုအပ်ချက်များ ကိုက်ညီမှုရှိစေရန်၊ အမျိုးသားအဆင့်စံနှုန်းများနှင့် ကိုက်ညီမှုရှိပြီး ပြည့်စုံ၍ ပွင့်လင်းမြင်သာမှုရှိသည့် အစီအစဉ်ဖိုင်များနှင့် ဘဏ္ဍာရေးစနစ်များကို ထိန်းသိမ်းမှုသေချာစေရန် ညွှန်ကြားထားမည်။ အစီအစဉ်ဆောင်ရွက်ချက်များနှင့် အသုံးစရိတ်အစီရင်ခံစာများအတွက် ပုံစံများနှင့် လမ်းညွှန်ချက်များကို မည်ကဲ့သို့အသုံးပြုရမည်ဆိုသည်ကို ရှေ့ပြေးလုပ်ငန်းခွင်တစ်ခုစီရှိ ECI အစီအစဉ် ညှိနှိုင်းဆောင်ရွက်သူများနှင့် ရွေးချယ်ထားသော ပညာရှင်များကို လေ့ကျင့် သင်ကြားပေးမည်။

၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း၊ ရှေ့ပြေးလုပ်ငန်းခွင်တစ်ခုစီသည် ခြောက်လ တာလုပ်ဆောင်ချက်များနှင့် အသုံးစရိတ်အစီရင်ခံစာများ (ဘဏ္ဍာရေးအစီရင်ခံစာများ)ကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အမျိုးသားအဆင့် ECI ကဏ္ဍပေါင်းစုံကော်မတီသို့ တင်သွင်းမည်။ သွင်းအားစုများနှင့် ရရှိချက်များပါဝင်သည့် ပထမဆုံးဆောင်ရွက်ချက်အစီရင်ခံစာကို ဧပြီလမှ စက်တင်ဘာလ (သို့မဟုတ် ဇန်နဝါရီလမှ စက်တင်ဘာလ) ကာလအတွက် စက်တင်ဘာလတွင် တင်သွင်းသင့်သည်။ ဒုတိယ/နှစ်လည် ဆောင်ရွက်ချက် အစီရင်ခံစာတွင် သွင်းအားစုများ၊ ရရှိချက်များနှင့် အကျိုးရလာဒ်များ၊ နှစ်

ပတ်လည် ဘဏ္ဍာရေးအစီရင်ခံချက်တို့ ပါဝင်မည်။ ၂၀၁၈ ခုနှစ် မတ်လတွင် တင်သွင်းပြီး၊ ဘဏ္ဍာနှစ်တစ်နှစ်လုံးကို လွှမ်းခြုံမည်။

ထို့အပြင် သွင်းအားစုများနှင့်ရရှိချက်များပါဝင်သည့် အသုံးစရိတ်နှင့်အစီ အစဉ်ဆောင်ရွက်ချက်များအပေါ်တွင် လစဉ်အစီရင်ခံစာများအတွက် ပုံစံများနှင့် လမ်းညွှန်ချက်များကို ECI ဝန်ဆောင်မှုလုပ်ငန်းခွင်များ အားလုံးတွင် အသုံးပြုရန်အတွက် ပြင်ဆင်မည်။ သက်ဆိုင်သည့်ဝန်ထမ်းများကို ထိုလစဉ်ပုံစံများကို မည်ကဲ့သို့ အသုံးပြုရမည်ဆိုသည်ကို လေ့ကျင့်ပေးမည်။


နောက်ဆုံးတွင်၊ ECI စနစ်အတွင်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အမျိုးသား ECI ကဏ္ဍစုံကော်မတီသို့ အစီရင်ခံမည့် ECI ဆိုင်ရာနည်းပညာ ဦးဆောင်သူများပါဝင်သည့် အရည်အသွေး တာဝန်ယူသည့် ကော်မတီများ(Quality Assurance Committees)ကို ထူထောင်မည်။

| *မဟာဗျူဟာ (၈)* | *ECI စနစ်ဖွဲ့စည်းပုံ၊ နှစ်စဉ်လုပ်ငန်းအစီအစဉ်နှင့် ဘဏ္ဍာငွေခွဲဝေခြင်း* |
| --- | --- |
| ရပ်ကွက်(ရပ်/ကျေး)၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ခွင့်ရဒေသများ၊ ပြည်ထောင်စုအဆင့်များပါဝင်သည့် စီမံဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းများပါဝင်သော ထိရောက်မှုရှိပြီး၊ အချိန်နှင့် တပြေးညီ အားကောင်းသည့် ECI ဖွဲ့စည်းမှုစနစ် တည်ဆောက်ပြုလုပ်မည်။ | |

၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံရှိ မြို့နယ် ၃၂၅ မြို့နယ်အားလုံးတွင်လည်းကောင်း၊ ၂၀၂၁ ခုနှစ်တွင် ပြည်နယ်/တိုင်းဒေသကြီး နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအားလုံးပါဝင်သည့် မြန်မာနိုင်ငံ ဒေသပေါင်း ၂၁ ခုတွင်လည်းကောင်း ECI ဝန်ဆောင်မှုစနစ်ဖွဲ့စည်းပုံကို ECI ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ရန်အတွက်၊ ပြီးပြည့်စုံသောဖော်ထုတ်ခြင်းသည် မရှိမဖြစ်လိုအပ်ပါသည်။ ECI စနစ်သည် အစီအစဉ်ချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊ သင်တန်းပေးခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်း နှင့် ECI လုပ်ငန်းများအားလုံးကို အကဲဖြတ်ခြင်းတို့အတွက် ဖြစ်သည်။

အောက်ပါဇယားသည် အနာဂတ် ECI ဝန်ဆောင်မှု စနစ်ဖွဲ့စည်းပုံ ဖြစ်ပါသည်။ ဤဖွဲ့စည်းပုံကို ပြီးပြည့်စုံရန် အချိန်အတော်အကြာ ထူထောင်ရမည်ဖြစ်ပါသည်။

## ECI ဝန်ဆောင်မှု စနစ်ဖွဲ့စည်းပုံ



## ၈.၁။ ECI ဝန်ဆောင်မှုဖွံ့စည်းပုံကို အဆင့်ဆင့် ထူထောင်ခြင်း

ECI ဝန်ဆောင်မှုလုပ်ငန်းများ ထူထောင်ခြင်း၊ အဆင့်လိုက်တိုးချဲ့ခြင်းနှင့် ပတ်သက်သည့် မဟာဗျူဟာဦးစားပေး အစီအစဉ် ၅ တွင် တင်ပြထားသည့်အတိုင်း၊ ECI စနစ်ဖွဲ့စည်းပုံကို ထိရောက်မှုရှိသည့် ဒေသဆိုင်ရာချဉ်းကပ်ဆောင်ရွက်ချက်များကိုဖော်ထုတ်ရန်နှင့် စိန်ခေါ်ချက်များကို တဆင့်ပြီးတဆင့် ကျော်လွှားရန်အတွက် တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်မည်။

၂၀၁၇ ခုနှစ်အတွင်း၊ ECI လုပ်ငန်းအဖွဲ့သည် ECI စနစ်ဖွဲ့စည်းပုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစိတ် အစီအစဉ်ကို ပြုစုမည်။ ထိုအချိန်တွင် အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်များကို အဆင့် (၁) မှ အဆင့် (၅) အထိ မျှော်မှန်းထားမည်။

### အဆင့်- ၁ နှင့် အဆင့် - ၂။ ရှေ့ပြေးလုပ်ငန်းခွင်များထူထောင်ရေးအတွက် အမျိုးသားအဆင့် ECI စနစ်အားစီမံခြင်းနှင့် အကြောင်းအရာများပြင်ဆင်ခြင်းနှင့် ဝန်ထမ်းများကို သင်တန်းပေးခြင်း (၂၀၁၇ ခုနှစ် ဇန်နဝါရီလ-၂၀၁၇ ခုနှစ် ဒီဇင်ဘာလ)

- လက်ရှိ ECI လုပ်ငန်းအဖွဲ့သည်၂၀၁၅ ခုနှစ် မှ ၂၀၁၇ ခုနှစ်၏ ပထမလေးလပတ်အတွင်းအကောင်အထည် ဖော်မည့် စီမံချက်နှင့် အမျိုးသားအဆင့် ECI ဖော်ထုတ်ရေးကိုဦးဆောင်ပြုသွားမည်ဖြစ်သည်။
- ၂၀၁၇ခုနှစ် ပထမလေးလပတ်တွင် အမျိုးသားအဆင့် ECI ရုံးကိုဖွဲ့စည်းထူထောင်သွားမည်ဖြစ်သည်။ အဆိုပါ ရုံးတွင် ECI ကိုဖော်ထုတ်ရန်နှင့် ၂၀၁၇ ခုနှစ်အကုန်တွင် ရှေ့ပြေးလုပ်ငန်းခွင်များထူထောင်ရေးအတွက် ပုံစံချ၊ ပြင်ဆင်၊ ထူထောင်ရန်အတွက် ECI လုပ်ငန်းအဖွဲ့နှင့်အတူ လုပ်ငန်းလုပ်ကိုင်မည့် အဖွဲ့ငယ် တစ်ခုပါဝင်မည်ဖြစ်သည်။

### အဆင့်- ၃။ ဒေသဆိုင်ရာပါဝင်ပတ်သက်သူများ၏ပံ့ပိုးကူညီမှုဖြင့် ရှေ့ပြေးလုပ်ငန်းခွင်များထူထောင်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း (၂၀၁၇ ခုနှစ် အောက်တိုဘာ - ၂၀၁၈ ခုနှစ် ဒီဇင်ဘာ)

- ၂၀၁၆-၂၀၁၇ခုနှစ်အတွင်း ECI ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရေးနှင့်ပေါင်းစပ်ညှိနှိုင်းရေးအတွက် နည်းပညာအုပ်စုကို ဖွဲ့စည်းထူထောင်မည် ဖြစ်သည်။
- ၂၀၁၇-၂၀၁၈ ခုနှစ်တွင် အမျိုးသားအဆင့် ECI ရုံးသည် ပြည်နယ်နှင့် တိုင်းဒေသကြီး (၃)ခု ရှိ ရှေ့ပြေးလုပ်ငန်းခွင် (၉)ခု ၏ ဖွံ့ဖြိုးတိုးတက်မှု၊

အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ပေါင်းစပ်ညှိနှိုင်းမှု၊ ကြီးကြပ်မှု၊ စောင့်ကြည့်မှု နှင့်အကဲဖြတ်သုံးသပ်မှုများအား လမ်းညွှန်မှုပြုသွားမည် ဖြစ်သည်။

- ထို့အပြင် လက်ရှိ ECI လုပ်ငန်းအဖွဲ့အား ၂၀၁၇ ခုနှစ်အထိဆက်လက်ထားရှိမည်ဖြစ်ပြီး ယင်းသည် လိုအပ်ချက်အရလည်းကောင်း၊ သင့်လျော်မှုရှိလျှင်လည်းကောင်း နောက်ထပ်ကျွမ်းကျင်သူများအား ထပ်တိုးပြီး အမြဲတမ်းအဖွဲ့အစည်းတစ်ခု ဖြစ်လာမည်ဖြစ်သည်။

- ၂၀၁၈ခုနှစ်ဇန်နဝါရီတွင် ECI ရှေ့ပြေးလုပ်ငန်းခွင်များအဖြစ် ရွေးချယ်ထားသော ပြည်နယ်နှင့်တိုင်းဒေသကြီး (၃) ခုတွင် ပြည်နယ်နှင့်ဒေသ ECI ရုံးခွဲများအား စတင်ထူထောင်မည်ဖြစ်ပြီး ယင်းရုံးခွဲများသည် ရှေ့ပြေးလုပ်ငန်းခွင်များဖွံ့ဖြိုးရေးကိုဆောင်ရွက်ပြီး ပံ့ပိုးမှုများပေးသွားမည် ဖြစ်သည်။

- လုပ်ငန်းအစီအစဉ်တွင်ပါဝင်သည့် မြို့နယ် (၉) ခုတွင် ECI ဝန်ဆောင်မှု လုပ်ငန်းများအား အကောင်အထည်ဖော်ရန် ရှေ့ပြေးလုပ်ငန်းခွင်တစ်ခုစီတွင်ECI ကဏ္ဍစုံ/ကလေးဖွံ့ဖြိုးမှုနယ်ပယ်စုံ ကျွမ်းကျင်သူများအားဖွဲ့စည်းထူထောင် သွားမည် ဖြစ်သည်။

**အဆင့်- ၄။ ကြီးကြပ်စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်သုံးသပ်ချက်ရလဒ်များ အခြေပြု၍ ECI များကို ပြန်လည်သုံးသပ်ပြင်ဆင်ခြင်းနှင့် ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် စေတနာ့ဝန်ထမ်းများအား တိုးချဲ့လေ့ကျင့်သင်တန်းပေးခြင်း (၂၀၁၈ ဒီဇင်ဘာ - ၂၀၁၉ မတ်)**

- လုပ်ငန်းအစီအစဉ်မှရရှိသောအတွေ့အကြုံများနှင့် ကြီးကြပ်စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်သုံးသပ်ချက်ရလဒ်များအပေါ်မူတည်ပြီး ECI ကို မွမ်းမံပြီးတိုးတက်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

- ရှေ့ပြေးလုပ်ငန်းခွင်များအားလုံးကို အကဲဖြတ်ခြင်းလုပ်ဆောင်မည်၊ လက်တွေ့ကောင်းမွန်သောလုပ်ဆောင်ချက်များကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ရရှိသည့်သင်ခန်းစာများအပေါ်တွင်အခြေခံပြီး ECI ဝန်ဆောင်မှု စနစ်ကို ပြန်လည်ပြင်ဆင်မည်။

### အဆင့်- ၅။ ပဏာမရွှေ့ပြောင်းလုပ်ငန်းဆောင်ရွက်သော ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ECI ဝန်ဆောင်မှုလုပ်ငန်းများအား အခြားသောလုပ်ငန်းခွင်များသို့ တိုးချဲ့ခြင်းနှင့် မြန်မာနိုင်ငံအတွင်းရှိကျန် ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ တိုးချဲ့ခြင်း (၂၀၁၉ ဧပြီ - ၂၀၂၁ ဒီဇင်ဘာ)

- ပြည်နယ်နှင့်တိုင်းဒေသကြီး(၃)ခုရှိ မူလ ECI ရွှေ့ပြောင်းလုပ်ငန်းခွင်များသည် ၎င်းတို့၏ ECI ဝန်ဆောင်မှုလုပ်ငန်းများအား အခြားမြို့နယ်များနှင့် ရပ်ကွက်/ကျေးရွာသစ်များသို့ တိုးချဲ့ပြီဖြစ်ရာ ခရိုင်အဆင့် ECI ရုံးများအားထူထောင်ပြီး ၎င်းတို့သည် သတင်းအချက်အလက်စီမံခန့်ခွဲရေးအတွက် မြို့နယ်အဆင့်မှတင်ပြလာသော အစီရင်ခံစာများအား ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ECI ရုံးများ နှင့်အမျိုးသားအဆင့် ECI ရုံးများသို့ အစီရင်ခံခြင်းအပါအဝင် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြီးကြပ်ခြင်း၊ လုပ်ငန်းခွင်သင်တန်းပြုလုပ်ခြင်း၊ စောင့်ကြည့်ခြင်း၊ အကဲဖြတ် သုံးသပ်ခြင်းများ ပြုလုပ်ရာတွင်အထောက်အကူပြုကြမည်ဖြစ်ပါသည်။
- ပြည်နယ်၊တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင်လည်း နောက်ထပ် ECI ဝန်ဆောင်မှုလုပ်ငန်း များ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ရာ၊ ၂၀၁၈ ခုနှစ်တွင် (၅) ခု၊ ၂၀၁၉ ခုနှစ်တွင် (၅)ခု၊ နှင့် ၂၀၂၁ ခုနှစ်တွင် (၇)ခု ဖွင့်လှစ်သွားမည်ဖြစ်သည်။ ECI ဝန်ဆောင်မှုလုပ်ငန်းခွင်များကို မြို့နယ်အသစ်များတွင် ထူထောင်သည့်နှင့်တစ်ပြိုင်တည်းတွင် ယင်းပြည်နယ်တစ်ခုချင်းစီတွင် ECI ပြည်နယ်/တိုင်းဒေသကြီးရုံးများအား ဖွင့်လှစ်ထူထောင်သွားမည် ဖြစ်ပါသည်။
- လိုအပ်ချက်များရှိလာပါက ECI ခရိုင်ရုံးများကိုထူထောင်သွားမည်ဖြစ်ပါသည်။
- ၂၀၂၁ ခုနှစ်တွင် ပြည်နယ်/တိုင်းဒေသကြီး နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအားလုံးပါဝင်သည့် မြန်မာနိုင်ငံဒေသပေါင်း ၂၁ ခုတွင် မြို့နယ်အဆင့်ရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ရရှိကြမည်ဖြစ်ပြီး နောက်ထပ်ပံ့ပိုးမှုများလိုအပ်နေသည့် မြို့နယ်အစုအဖွဲ့များအတွက် ခရိုင်ရုံးအချို့ကို ထူထောင်သွားမည့်အနေအထားလည်း ရှိပါသည်။

အဆင့်- ၆။ မြန်မာနိုင်ငံတစ်ဝန်းရှိမြို့နယ်အားလုံးမှ ရပ်ကွက်/ကျေးရွာများသို့ ECI ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း (၂၀၂၁ ဇန်နဝါရီ - ၂၀၂၅ ဒီဇင်ဘာ)

- ♦ အဆင့် ၅ အတွင်း ECI ဝန်ဆောင်မှု အပြည့်အစုံကို မြို့နယ်အားလုံးရှိ ရပ်ကွက်။ကျေးရွာများ၌ ၂၀၂၅ ခုနှစ် တွင် ရရှိစေရန် ပြုလုပ်မည်။
- ♦ ဤအဆင့်အတွင်း အချို့ခရိုင်များသည် ECIရုံးများထူထောင်ပြီး၊ မြို့နယ်များကို ပံ့ပိုးရန်နှင့် ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံးများ၊ အမျိုးသားအဆင့်ရုံးများနှင့် ညှိနှိုင်း ဆောင်ရွက်မည်။

## ၈. ၂။ အမျိုးသားအဆင့် ECI စနစ်၏ အဖွဲ့အစည်းဆိုင်ရာကဏ္ဍများ

၂၀၁၇ ခုနှစ်အတွင်း အမျိုးသားအဆင့် ECI စနစ်၏ အဖွဲ့အစည်းတခုစီ၏ အဖွဲ့ဝင်ဖြစ်ခြင်း၊ အခန်းကဏ္ဍများ၊ တာဝန်ဝတ္တရားများ၊ အပါအဝင် စည်းမျဉ်း TOR များကို ပြုစုမည်။ အမျိုးသား ECI ကဏ္ဍပေါင်းစုံကော်မတီနှင့် ECI လုပ်ငန်းအဖွဲ့၏ပံ့ပိုးမှုနှင့်အတူ ECI အမျိုးသားအဆင့်ရုံးသည် ၂၀၁၇ ခုနှစ်နောက်ပိုင်း မှစ၍ အမျိုးသားအဆင့်ECI စနစ်ကို ဖော်ထုတ်မည်။ အောက်ပါတို့သည် အဖွဲ့အစည်းတစ်ခုစီ၏ အကျဉ်းချုပ်ဖော်ပြချက်များဖြစ်သည်။

### *အမျိုးသား ECI ကဏ္ဍပေါင်းစုံကော်မတီ*

အမျိုးသား ECI ဦးဆောင်ကော်မတီကို ECI ကဏ္ဍပေါင်းစုံကော်မတီမှ အစားထိုးတာဝန်ယူမည်။ ECI ကဏ္ဍပေါင်းစုံကော်မတီတွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနမှဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ အပါအဝင် အမျိုးသားအဆင့် ဆုံးဖြတ်ချက်ချမှတ်သူများနှင့် ဖွဲ့စည်းမည်။ အခြားသောအဖွဲ့ဝင်များတွင် လက်ရွေးစင်ပြည်တွင်းနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အလုပ်သမားအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြု အဖွဲ့အစည်းများ၊ အဆင့်မြင့်ပညာအဖွဲ့အစည်းများ၊ ပညာရှင်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများမှ ဒါရိုက်တာများ ပါဝင်မည်။ အမျိုးသားကော်မတီတွင် လူမှုဝန်ထမ်းဝန်ကြီးက ဥက္ကဋ္ဌဖြစ်ပြီး ပညာရေးဒုတိယဝန်ကြီးက အတွင်းရေးမှူးဖြစ်ကာ ကျန်းမာရေးဒုတိယဝန်ကြီးက ဘဏ္ဍာရေးမှူးအဖြစ် ဆောင်ရွက်မည်။ အမျိုးသားကော်မတီသည် မြန်မာနိုင်ငံ မသန်စွမ်းသူများကောင်စီ(Myanmar

(Council of Persons with Disablities)နှင့် အနီးကပ်ပူးပေါင်းအကောင်အထည် ဖော်မည်။ ECI အဖွဲ့အစည်းအားလုံး၏ စည်းမျဉ်းများ၊ တာဝန်နှင့်လုပ်ပိုင်ခွင့် (TOR) များကို ဤကော်မတီက သုံးသပ်ပြုပြင်မည်။ သဘောတူညီချက်များ၊ ဝန်ဆောင်မှုနှင့် ဝန်ထမ်းစံနှုန်းများနှင့် အခြားအဓိက ECI အစီရင်ခံစာများကို အတည်ပြုမည်။ ကဏ္ဍပေါင်းစုံနှင့် ဌာနပေါင်းစုံ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု၊ ပေါင်းစပ်ညှိနှိုင်းမှုများကို ဦးဆောင်ခြင်းလုပ်ငန်းအဖွဲ့၏လုပ်ဆောင်မှုများကို ECI လုပ်ငန်းအဖွဲ့နှင့် အမျိုးသား ECI ရုံးတို့က ပေးပို့သော အစီရင်ခံစာများကို သုံးသပ် အတည်ပြု ပေးမည်။

*ECI လုပ်ငန်းအဖွဲ့*

ECI လုပ်ငန်းအဖွဲ့သည် အမျိုးသား ECI ကဏ္ဍပေါင်းစုံကော်မတီတွင် ပါဝင် ကိုယ်စားပြုသည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ ပညာရပ်ဆိုင်ရာဦးဆောင် သူများနှင့် သင့်တော်သည့် အခြားအထူးပြုပညာရှင်များပါဝင်ရန် ဆက်လက် လုပ်ဆောင်မည်။ လုပ်ငန်းအဖွဲ့ အမျိုးသားအဆင့် ECI ရုံး၏ ပညာရပ်ဆိုင်ရာ ကြီးကြပ်မှုကို ဆောင်ရွက်မည်။ နည်းပညာလုပ်ငန်းများတွင် အမျိုးသားအဆင့် ECI ရုံးကို ပံ့ပိုးမည်။ အမျိုးသား ECI ကဏ္ဍစုံကော်မတီသို့ အစီရင်ခံမည်။ လုပ် ငန်းအဖွဲ့သည် လိုအပ်သော နည်းပညာအုပ်စုများကို အပိုင်း ၇.၄ တွင် လမ်းညွှန် ထားသည့်အတိုင်း ဖွဲ့စည်းမည်။

*အမျိုးသားအဆင့် ECI ရုံး*

အမျိုးသားအဆင့် ECI ရုံးကို ၂၀၁၇ ခုနှစ်တွင် ဖွဲ့စည်းမည်။ နှစ်စဉ် စီမံချက်ရေး ဆွဲခြင်းနှင့် ရ/သုံးမှန်းခြေတွက်ချက်ခြင်းကို ပြုလုပ်မည်။ အမျိုးသားအဆင့် ဝန်ဆောင်မှု ပူးပေါင်းအကောင်အထည်ဖော်မှု ညှိနှိုင်းဆောင်ရွက်မှုကို ဦးဆောင် မည်။ စီစဉ်ထားသော လုပ်ငန်းခွင်အကြို နှင့် အလုပ်ခွင်သင်တန်းများအားလုံးကို ပို့ချစေမည်။ အဆင့်အားလုံးရှိ ECI ဝန်ဆောင်မှုအားလုံးကို ကြီးကြပ်မည်။ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း လှုပ်ရှားမှုအားလုံးကို ဦးဆောင်မည်။ အစီရင် ခံစာများ စီစဉ်ထားသည့်အတိုင်း ပြုစုဖြန့်ချိစေရမည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအတွင်း တည်ရှိပြီး၊ အစပိုင်းတွင် ထိုဝန်ကြီးဌာန၏ နှစ်စဉ်ဘတ်ဂျက်မှ သင့်တော်သော ဘဏ္ဍာငွေ ပံ့ပိုးမှုဖြင့် အမျိုးသား ECI ရုံးကို ဖော်ပြပါ ECI ဝန်ထမ်းအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းမည်။ ရှေးဦးအရွယ်ဖွံ့ဖြိုးမှုတိုင်းတာစစ်ဆေးရေး အထူး ကျွမ်းကျင်သော ဒါရိုက်တာတစ်ဦး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထောက်ခံသည့် ကျန်းမာရေး/အာဟာရ အထူးကျွမ်းကျင်သူ အနည်းဆုံးတစ်ဦး၊ ဘဏ္ဍာရေးနှင့်

ဘဏ္ဍာရေးဆိုင်ရာကျွမ်းကျင် အရာရှိတဦး၊ စောင့်ကြည့်အကဲဖြတ် အစီရင်ခံခြင်း အထူးကျွမ်းကျင်သူတစ်ဦး၊ ပညာရေးဝန်ကြီးဌာနက ထောက်ခံသော အကျုံးဝင် ပညာရေး အထူးကျွမ်းကျင်သူတစ်ဦး၊ ECI-MIS အတွက် အချက်အလက် သိမ်းဆည်းမှု အထူးကျွမ်းကျင်သူတစ်ဦးတို့ ပါဝင်မည်။ သူတို့၏လိုအပ်ချက်နှင့်အညီ အထူးစီမံကိန်းများအတွက်ရရှိလာမည့် အထောက်အပံများသည် ဤရုံးငယ်ကို တိုးချဲ့ကူညီမည်။

*ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆိုင်ရာ ECI အဖွဲ့အစည်းများ*

- ပြည်နယ်/တိုင်းဒေသကြီးနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ECI ကော်မတီများ

  ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုစီတွင် ECI ဝန်ဆောင်မှုများ တိုးချဲ့လာသောအခါ ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ECI ကော်မတီကို ဖွဲ့စည်းမည်။ ECI လုပ်ငန်းနှင့်ဆက်စပ်သော ဒေသဆိုင်ရာ ဝန်ကြီးဌာနများ အားလုံးမှ ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာဇရိယာတစ်ခုစီတွင် သတ်မှတ်ထားသော အခြားသင့်တော်သည့် အဖွဲ့များဖြင့် ဖွဲ့စည်းမည်။

- ပြည်နယ်/တိုင်းဒေသကြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ECI ရုံးများ

  ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ECI ဖွဲ့စည်းမည်ကို ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုစီတွင် ရှေးဦးအရွယ်ဖွံ့ဖြိုးမှု တိုင်းတာစစ်ဆေးရေး ကျွမ်းကျင်သည့် အုပ်ချုပ်သူတစ်ဦး၊ အစပိုင်းတွင် အနည်းဆုံး အချိန်ပိုင်း ECI ကြီးကြပ်သူတစ်ဦး၊ အချိန်ပိုင်း စောင့်ကြည့်စစ်ဆေးခြင်း၊ ဘတ်ဂျက်နှင့် ဘဏ္ဍာရေးအရာရှိတစ်ဦးတို့ဖြင့် ဖွင့်လှစ်မည်။ ဤရုံးများကို အချိန်နှင့်တပြေးညီ ဖွံ့ဖြိုးလာရန် မျှော်လင့်သည်။ သူတို့သည် ထိရောက်မှုရှိသည့်ဒေသဆိုင်ရာ အစီအစဉ်၊ ပူးပေါင်းအကောင်အထည်ဖော်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ သင်တန်းပေးခြင်း၊ ကြီးကြပ်ခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် အစီရင်ခံခြင်းတို့ကို သေချာစွာဆောင်ရွက်မည်။

### *ခရိုင် ECI ရုံးများ*

လိုအပ်ပါက ခရိုင် ECI ရုံးကို ဖွဲ့စည်းမည်။ ခရိုင် ECI ရုံးအုပ် တစ်ဦး၊ ကြီးကြပ်ရေးမှူး အနည်းဆုံးတစ်ဦးတို့နှင့်ဖွဲ့မည်။ လူဦးရေများသော ခရိုင်များအတွက် ဝန်ထမ်းထပ်တိုးခဲ့ရန် လိုအပ်မည်။

### ၈.၃။ မြို့နယ်အဆင့် ဖွဲ့စည်းတည်ဆောက်ပုံ ခြုံငုံမြင်ကွင်း

အမျိုးသားအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအဆင့်၊ အချို့နေရာများတွင် ခရိုင်အဆင့်များက ECI လုပ်ငန်းစဉ်ကို ညှိနှိုင်းဆောင်ရွက်၊ ဦးဆောင်ကြသော်လည်း အရေးအကြီးဆုံးအဆင့်မှာ ရပ်ကွက်များနှင့်ကျေးရွာများတွင် ကလေးများ၊ မိဘများနှင့် အခြားစောင့်ရှောက်သူများအား ဝန်ဆောင်မှုပေးနေသော မြို့နယ်အဆင့်ဖြစ်သည်။

မြို့နယ်အဆင့်တွင် ဝန်ဆောင်မှုပူးပေါင်းအကောင်အထည်ဖော်ခြင်းနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းအတွက် အသေးစိတ်စီမံချက်တစ်ရပ်ကို ၂၀၁၇ ခုနှစ်အတွင်း ပြုစုမည်။

အောက်ပါဇယားကွက်တွင် မြို့နယ် ECI ကဏ္ဍပေါင်းစုံအဖွဲ့များ နှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနမှ လက်ရှိ သို့မဟုတ် နောင်တွင်ဖြစ်ပေါ်လာမှုနှင့် သို့မဟုတ် မကြာခင် ကမ်းလှမ်းမည့် ကဏ္ဍအလိုက်ဝန်ဆောင်မှုများကြားတွင်ရှိသော အထွေထွေအဖွဲ့အစည်းဆိုင်ရာဆက်စပ်မှုများကို တင်ပြထားပါသည်။ တချို့သောကဏ္ဍများသည် တချို့မြို့နယ်များတွင်မရှိပါ။ ထို့ကြောင့် အပြောင်းအလဲ လိုအပ်ပါလိမ့်မည်။ ကလေးသူငယ်များ သူတို့၏ ဖြစ်နိုင်ခြေအလားအလာများ အပြည့်အဝ သေချာစွာရရှိစေရန်အတွက် ဤဝန်ဆောင်မှုလုပ်ငန်းများ၏ အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှုများသည် အားကောင်းရမည်ဖြစ်ပါသည်။

## မြို့နယ်အဆင့် ECI ဆက်စပ်မှုများ

| ကဏ္ဍ/လုပ်ငန်း | MoSWRR | MoHS | MoE | ကဏ္ဍစုံ ECI ဝန်ဆောင်မှု လုပ်ငန်းများ |
|---|---|---|---|---|
| မြို့နယ်ရုံးများ | မြို့နယ် လူမှုဝန်ထမ်းရုံး | မြို့နယ်ကျန်းမာရေး စင်တာ/စင်တာခွဲ | မြို့နယ် ပညာရေးမှူးရုံး | ကလေးသူငယ်ဖွံ့ဖြိုးမှု နယ်ပယ်စုံ ကျွမ်းကျင်သူများ ECI အဖွဲ့ |
| မြို့နယ် ကော်မတီများ | မြို့နယ်ကလေးသူငယ် အခွင့်အရေးကော်မတီ | မြို့နယ် ကျန်းမာရေးကော်မတီ | ဆက်သွယ်ရန် ECI အဖွဲ့ပညာရေးရုံး | မြို့နယ် ECI ကော်မတီ |
| ပညာရှင်များ | လူမှုဝန်ထမ်းဌာန၏ ဖြစ်ရပ်စီမံခန့်ခွဲမှု မန်နေဂျာများ | ဆေးဘက်ဆိုင်ရာအရာရှိ၊ သူနာပြုများ | မြို့နယ်ပညာရေးမှူး၊ ဆရာများ၊ ကျောင်းအုပ်များ | ECI အဖွဲ့ခေါင်းဆောင် နှင့် ကျွမ်းကျင်သူများ |
| ကျွမ်းကျင်သူများ | လူမှုရေးလုပ်ငန်း ကျွမ်းကျင်သူများ | သားဖွားဆရာမများ၊ ကျန်းမာရေး လက်ထောက်များ | လက်ထောက် ဆရာများ | ECIအိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးသူများ |
| စေတနာ့ ဝန်ထမ်းများ | လူမှုရေးလုပ်ငန်း စေတနာ့ဝန်ထမ်းများ | အရံသားဖွားဆရာမများ၊ ကျန်းမာရေးလုပ်သားများ | မူကြိုကျောင်းနှင့် ကျောင်း စေတနာ့ ဝန်ထမ်းများ | ECI စေတနာ့ ဝန်ထမ်းများ |

### မြို့နယ်ရုံးများ

- မြို့နယ်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးရုံးများအား တိုးချဲ့ဖွဲ့စည်းလာနေပြီဖြစ်ရာ ၎င်းတို့သည် ဒေသတွင်းရှိ ECI ဝန်ဆောင်မှုလုပ်ငန်းများအား အထောက်အကူပေးနိုင်မည်ဖြစ်ပါသည်။
- ကြိုတင်ကာကွယ်ရေးနှင့် ပဏာမအခြေခံကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများပေးခြင်း၊ ECI ဝန်ဆောင်မှုလုပ်ငန်းအတွင်း စာရင်းသွင်းထားသော ကလေးသူငယ်များအတွက် ရောဂါရှာဖွေခြင်း၊ ဆေးရုံများနှင့်အခြားသော ကျန်းမာရေးဌာနများသို့ ညွှန်ပို့ပေးခြင်းများနှင့် စပ်လျဉ်းပြီး မြို့နယ်ကျန်းမာရေးဌာနများနှင့်/သို့မဟုတ် ကျန်းမာရေးဌာနခွဲများသည် ဒေသတွင်းရှိ ECI ဝန်ဆောင်မှုလုပ်ငန်းများနှင့် လိုအပ်သလို အပြည့်အဝပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ကြမည်ဖြစ်သည်။
- မြို့နယ်ပညာရေးမှူးရုံးများသည် ECI ဝန်ဆောင်မှုလုပ်ငန်းများမှ အားလုံးအကျုံးဝင်သောမူကြိုကျောင်း၊ သူငယ်တန်းနှင့်မူလတန်းသို့လွှဲပြောင်းပေးမှုများအကောင်းဆုံးဖြစ်အောင်ဆောင်ရွက်ပေးပြီး ဝန်ဆောင်မှုလုပ်ငန်းဖွံ့ဖြိုးလာရေးနှင့် အထူးပညာရေးဝန်ဆောင်မှုလုပ်ငန်းကို အပြည့်အဝပံ့ပိုးပေးနိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ မြို့နယ်ပညာရေးမှူးရုံး

သည် လိုအပ်ပါက ECI ဝန်ဆောင်မှုလုပ်ငန်းစီမံချက်ရေးဆွဲရာတွင် အထောက်အကူပေးရမည်ဖြစ်ပါသည်။

- တွင်ပါဝင်သော မြို့နယ်တစ်ခုချင်းစီတွင် ကလေးဖွံ့ဖြိုးမှုနယ်ပယ်စုံ ကျွမ်းကျင်သူများ ECI အဖွဲ့များအား တိုးတက် ထူထောင်သွားမည်ဖြစ်သည်။ ယင်းအဖွဲ့များသည် မြို့နယ်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးရုံးများ၊ မြို့နယ်ကျန်းမာရေးဌာနများနှင့် မြို့နယ်ပညာရေးမှူးရုံးများနှင့် အပြည့်အဝပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပြီး ဒေသတွင်း ECI ဝန်ဆောင်မှုလုပ်ငန်းအား အပြည့်အဝ တိုးတက်လာစေရန် ဆောင်ရွက်မည် ဖြစ်ပါသည်။ ထို့အပြင် ခရိုင်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ECI ရုံးများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## မြို့နယ်ကော်မတီများ

မြို့နယ်အဆင့်တွင် မြို့နယ်ကော်မတီ ၄ မျိုးရှိပါမည်၊ ဖွဲ့စည်းပြီး မဖြစ်ပါက ဖွဲ့စည်းရန်ဖြစ်သည် သို့မဟုတ် မကြာမီ တည်ထောင်မည်။

- မြို့နယ် ကလေးသူငယ်အခွင့်အရေးကော်မတီ (TCRC) များ မြို့နယ်များအားလုံးတွင် လက်ရှိတည်ရှိပါသည်။
- မြို့နယ်ကျန်းမာရေးကော်မတီ (THC) များ မြို့နယ်များအားလုံးတွင် တည်ရှိသည်။
- မြို့နယ်ပညာရေးရုံးများသည် ECI ဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်သည့်အခါ မြို့နယ်တစ်ခုစီတွင် ECI ဆက်သွယ်ရေးအဖွဲ့များ ဖွဲ့စည်းမည်။
- မြို့နယ် ECI ကော်မတီများ (TECIC) များကို ECI လုပ်ငန်းခွင်များ ထူထောင်သောအခါ ဖွဲ့စည်းပြီး ၎င်းတို့သည် အခြားမြို့နယ်ကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်မည်။ ရပ်ရွာကင်းဆင်းခြင်း ဆောင်ရွက်မည်။ အကျုံးဝင်ကိုက်ညီသောကလေးများ ရှာဖွေဖော်ထုတ်ရန် စစ်ဆေးခြင်းတွင် ကူညီမည်။ EIC ဝန်ဆောင်မှုများကို ပံ့ပိုးမည်။ ဒေသဆိုင်ရာ ECI ဝန်ဆောင်မှုများကို ရပ်ရွာမှကြီးကြပ်မှု ပြုလုပ်စေမည်။

## ပညာရှင်များ

- လူမှုဝန်ထမ်းဌာန၏ ဖြစ်ရပ်စီမံခန့်ခွဲမှုမန်နေဂျာများဟုခေါ်သည့် လူမှု ဝန်ထမ်းဝန်ကြီးဌာန၏ဝန်ထမ်းများသည် ရပ်ရွာကွင်းဆင်းခြင်း၊ တိုင်းတာ

စစ်ဆေးရန် ကလေးငယ်များကို ရှာဖွေခြင်း၊ တိုင်းတာစစ်ဆေးရေးလုပ်ငန်းများလိုအပ်သလိုဆောင်ရွက်ခြင်း၊ မေတ္တာရပ်ခံသောအခါ ကဏ္ဍပေါင်းစု ECI အဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခြင်း။ ECI ဝန်ဆောင်မှုအတွက် ညွှန်းပို့ခြင်း၊ လက်ခံဆောင်ရွက်ခြင်း၊ ECI မိသားစုများနှင့် ကလေးများအတွက် အမှုတွဲစီမံခန့်ခွဲမှုလုပ်ငန်းများတွင် လိုသလိုကူညီခြင်းတို့ကို လုပ်ဆောင်မည်။

- ကျန်းမာရေးအရာရှိနှင့် သူနာပြုများသည် ECI ဝန်ဆောင်မှုစာရင်းသွင်းထားသော ကလေးများအတွက် ကာကွယ်ရေး၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှုနှင့် ရောဂါရှာဖွေရေးဝန်ဆောင်မှုများပေးခြင်း၊ ရှုပ်ထွေးပြီး အရေးပေါ် အခြေအနေရှိ ကလေးများကို အခြားအဆင့်များ၊ ဆေးရုံများသို့ ညွှန်းပို့ပေးခြင်းနှင့် တောင်းဆိုပါက ကဏ္ဍစုံ ECI အဖွဲ့များတွင် ပါဝင်ရမည်။
- မြို့နယ်ပညာရေးမှူးများ၊ မူကြိုနှင့် သူငယ်တန်း၊ မူလတန်းကျောင်းကျောင်းအုပ်ကြီးများနှင့် ဆရာများသည် ECI ဝန်ဆောင်မှုများမှ အားလုံးအကျုံးဝင် မူကြို၊ သူငယ်တန်း၊ မူလတန်းကျောင်းသို့ ကူးပြောင်းသောလုပ်ငန်းစဉ်ကို ပံ့ပိုးခြင်း၊ ဆရာဆရာမများကို ကလေးများ၏စွမ်းဆောင်မှုများ၊ ECI ဝန်ဆောင်မှုမှ ကျောင်းအခြေစိုက်ဝန်ဆောင်မှုများသို့ ကူးပြောင်းရာတွင် ကလေးများကြုံရမည့်စိန်ခေါ်မှုများနှင့် လိုအပ်ချက် များနှင့်ပတ်သက်၍ လေ့လာစေနိုင်ရန် ECI ပညာရှင်အဖွဲ့များကို ဖိတ်ခေါ်ဆွေးနွေးပြုလုပ်မည်။ အထူးပညာရေးဆိုင်ရာကျွမ်းကျင်သူများသည် အကူအညီတောင်းခံသောအခါ ကဏ္ဍစုံ ECI အဖွဲ့များတွင် ပါဝင်မည်။
- ECI အဖွဲ့ခေါင်းဆောင်နှင့် အခြား ECI ကျွမ်းကျင်သူများသည် လူမှုဝန်ထမ်းဌာန၏ဖြစ်ရပ်စီမံခန့်ခွဲမှုမန်နေဂျာများ ဆေးဘက်ဆိုင်ရာအရာရှိများနှင့် သူနာပြုများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာများနှင့်အတူ ညှိနှိုင်းဆောင်ရွက်မည်။ ECI လုပ်ငန်းတွင်ပါဝင်သော ကျွမ်းကျင်သူများထံမှ ညွှန်းပို့မှုများကို လက်ခံမည်၊ ပေးမည်။ ECI ဝန်ဆောင်မှုလုပ်ငန်းများတွင် စာရင်းသွင်းထားသော မိဘများနှင့် ကလေးသူငယ်များအားလုံးအတွက် ပြီးပြည့်စုံသောဖြစ်ရပ် ဖြစ်စေရန် ပံ့ပိုးပေးသည်။

### ကျွမ်းကျင်သူများ

- လူမှုဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်သူများသည် လူမှုဝန်ထမ်းဌာန၏ ဖြစ်ရပ်စီမံခန့်ခွဲမှုမန်နေဂျာများ




လာမည့်နှစ်များအတွင်း မြို့နယ်များတွင် တာဝန်ကျသောအခါ ၎င်းတို့၏ လမ်းညွှန်မှုအောက်မှ ကူညီမည်။ ၎င်းတို့သည် မြို့နယ် ECI ကဏ္ဍစုံ အဖွဲ့များနှင့် နီးကပ်စွာပူးပေါင်းပြီး အခြေခံအရည်အချင်း ပြည့်မီပါက သို့မဟုတ် ကာလတိုသင်တန်းတက်ပြီးပါက ဖွံ့ဖြိုးမှုတိုင်းတာစစ်ဆေးရေး လုပ်ငန်းများပြုလုပ်ခြင်းတို့ လုပ်ဆောင်မည်။

- သားဖွားဆရာမနှင့် လက်ထောက်ကျန်းမာရေးမှူးများက ကလေးသူငယ် ဖွံ့ဖြိုးမှုတိုင်းတာစစ်ဆေးခြင်းသင်တန်းပေးပြီး ကလေးများနှင့် မိဘများထံ ECI အိမ်တိုင်ရာရောက်ပံ့ပိုးပေးသူများကို ကူညီရန်တောင်းဆိုမည်။ ကလေးငယ်များ အကျုံးဝင် မူကြို/မူလတန်းကျောင်းများသို့ ပြောင်းရွှေ့သောအခါ မသန်စွမ်းသော၊ ဖွံ့ဖြိုးမှုနှောင့်နှေးသော ကလေးများကို ကူညီရန် လက်ထောက်ဆရာများကို ပြင်ဆင်လေ့ကျင့်ပေးမည်။
- ECI အိမ်တိုင်ရာရောက် ကွင်းဆင်းပံ့ပိုးသူများသည် အိမ်များ၊ ကလေးစောင့်ရှောက်ရေးဌာနများသို့ ကွင်းဆင်းဆောင်ရွက်နိုင်ရန် လုပ်ငန်းခွင်ကြိုသင်တန်းများစနစ်တကျသေချာစွာ ပို့ချပေးထားမည်။ ၎င်းတို့သည် အခြားကဏ္ဍစုံကျွမ်းကျင်သူများ၊ ကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်မည်။ ECI ဝန်ဆောင်မှုများမှ/သို့ လွှဲပြောင်းခြင်းကို ကူညီမည်။

### စေတနာ့ဝန်ထမ်းများ

- လူမှုဝန်ထမ်းစေတနာ့ဝန်ထမ်းများသည် လူမှုဝန်ထမ်းဌာန၏ဖြစ်ရပ်စီမံခန့်ခွဲမှုမန်နေဂျာများကို ပံ့ပိုးမည်။ ကလေးငယ်များကို ECI ဖွံ့ဖြိုးမှု တိုင်းတာ စစ်ဆေးခြင်းခံယူနိုင်ရန် ညွှန်ပို့မည်။ ၎င်းတို့၏ TOR တွင် ဖော်ပြထားသည့် အခြားတာဝန်များကို ဆောင်ရွက်မည်။
- ဆရာမများနှင့် ပြည်သူ့ကျန်းမာရေးလုပ်သားများသည် ဖွံ့ဖြိုးမှုတိုင်းတာ စစ်ဆေးခြင်း ခံယူရန်လိုသောကလေးများကို ရှာဖွေရာတွင် ကူညီမည်။ သင့်လျော်ပါက ဖွံ့ဖြိုးမှုတိုင်းတာ စစ်ဆေးမှုများ ပြုလုပ်မည်။ ECI ဝန်ဆောင်မှုများသို့ လိုအပ်သလို ညွှန်ပို့မည်။
- မူကြိုနှင့်ကျောင်းစေတနာဝန်ထမ်းများသည် အထူးလိုအပ်ချက်ရှိကလေးများ၏ ဆရာနှင့် အခြားသူများကို ကူညီမည်။ ကလေးများကို သင့်တော်သလို ECI ဝန်ဆောင်မှုသို့ လွှဲပေးမည်။
- ECI စေတနာ့ဝန်ထမ်းများသည် ECI ဝန်ထမ်းများဝန်ပိခြင်း လျော့ချစေရန်နှင့် တာဝန်များထမ်းဆောင်ရာတွင် လိုအပ်သောပံ့ပိုးမှုများပြုလုပ်မည်။

# ၅

# အမျိုးသားအဆင့် ECI စနစ်နှင့် ဝန်ဆောင်မှု လုပ်ငန်းများအတွက် ဘဏ္ဍာငွေထောက်ပံ့ခြင်း



## အမျိုးသားအဆင့် ECI စနစ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘဏ္ဍာငွေထောက်ပံ့ခြင်း

*ဘတ်ဂျက်ခန့်မှန်းချက်များ ၂၀၁၇ - ၂၀၂၁*

၂၀၁၇-၂၀၂၁ ခုနှစ်များအတွက် ECI အစီအစဉ်တစ်ခုလုံးအတွက် ကုန်ကျစရိတ်များကို အောက်ဖော်ပြဇယားတွင် ဖော်ပြထားပါသည်။ ECI တွင် တွက်ချက်ထားသည့် ဘဏ္ဍာငွေပမာဏအပေါ်တွင် အခြေခံ၍ တွက်ချက်ထားပါသည်။

### အထွေထွေ ECI ခန့်မှန်းဘတ်ဂျက် ၂၀၁၇-၂၀၂၁

| မဟာဗျူဟာ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | မဟာဗျူဟာ တစ်ခုစီအတွက် |
|---|---|---|---|---|---|---|
| မဟာဗျူဟာ၁ | ၄၆,၀၀၀ | ၃၁,၅၀၀ | ၄၁,၀၀၀ | ၄၁,၀၀၀ | ၄၁,၀၀၀ | ၂၀၀,၅၀၀ |
| | | | | | | |
| မဟာဗျူဟာ၂ | ၃၉,၅၀၀ | ၃၀,၀၀၀ | ၆၂,၀၀၀ | ၄၇,၀၀၀ | ၄၇,၀၀၀ | ၂၂၅,၅၀၀ |
| | | | | | | |
| မဟာဗျူဟာ၃ | ၁၄၅,၈၀၀ | ၅၂,၅၀၀ | ၁၁၉,၀၀၀ | ၉၉,၀၀၀ | ၉၄,၀၀၀ | ၅၁၀,၃၀၀ |
| | | | | | | |
| မဟာဗျူဟာ၄ | ၃၅၄,၉၅၀ | ၁၆၇,၅၀၀ | ၃၇၉,၂၅၀ | ၂၇၄,၂၅၀ | ၂၇၀,၂၅၀ | ၁,၄၄၆,၂၀၀ |
| | | | | | | |
| မဟာဗျူဟာ၅ | ၂၁,၀၀၀ | ၇၆၃,၅၀၀ | ၂,၇၆၈,၉၃၇ | ၄,၀၀၈,၄၀၈ | ၅,၉၅၃,၈၇၆ | ၁၃,၅၁၅,၇၂၁ |
| | | | | | | |
| မဟာဗျူဟာ၆ | ၇၂,၀၀၀ | ၁၄၉,၀၀၀ | ၆၂,၀၀၀ | ၄၄,၀၀၀ | ၄၄,၀၀၀ | ၃၇၁,၀၀၀ |
| | | | | | | |
| မဟာဗျူဟာ၇ | ၄၁,၅၀၀ | ၁၀,၀၀၀ | ၂၅,၀၀၀ | ၂၆,၀၀၀ | ၂၉,၀၀၀ | ၁၃၁,၅၀၀ |
| | | | | | | |
| မဟာဗျူဟာ၈ | ၄၅,၅၀၀ | ၁၄၃,၂၅၀ | ၂၆၂,၃၆၈ | ၄၀၉,၈၇၅ | ၅၈၉,၉၅၂ | ၁,၄၅၀,၉၄၅ |
| | | | | | | |
| စုစုပေါင်း | ၇၆၆,၂၅၀ | ၁,၃၄၇,၂၅၀ | ၃,၇၁၉,၅၅၅ | ၄,၉၄၉,၅၃၃ | ၇,၀၆၉,၀၇၈ | ၁၇,၈၅၁,၆၆၆ |

## မြန်မာနိုင်ငံရှိကလေးသူငယ်များနှင့်သက်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှု - ဘဏ္ဍာရေး ရင်းမြစ်များ

အမျိုးသားအဆင့် ECI စနစ်များအားလုံးသည် နိုင်ငံတွင်းရှိ ဖွံ့ဖြိုးနောင့်နှေးဖွယ်ရှိသော ကလေးသူငယ်တိုင်းကို ဝန်ဆောင်မှုသေချာပေးနိုင်စေရန်အတွက် အစိုးရ၏အရင်းအမြစ်များမှ အထောက်အပံ့ကို အဓိက လက်ခံရယူပါမည်။ ဆင်းရဲသော မိသားစုများသည် ECI ဝန်ဆောင်မှုများအတွက် ငွေကြေးမပေးနိုင်ကြပါ။ သို့သော် ဝန်ဆောင်မှုများသည် အစီအစဉ်အတွက် လက်တွေ့ကျပြီး၊ သိသာထင်ရှားစွာ ကူညီမှုများကို စေတနာဝန်ထမ်း ပြုလုပ်ပေးပါသည်။

ဝန်ဆောင်မှုရယူကြသော မိသားစုအများစုမှာ ဝင်ငွေနည်းပါးကြသောကြောင့် ECI ဝန်ဆောင်မှုများကို အခမဲ့ထောက်ပံ့ကူညီပါသည်။ သို့သော် အလယ်အလတ်တန်းနှင့် ဝင်ငွေမြင့်မားသည့် မိသားစုများအတွက် ဝန်ဆောင်မှုများသည် ဝန်ဆောင်မှုကုန်ကျစရိတ်၏ ၂၀%မှ ၅၀%အထိကို ECI အစီအစဉ်သို့ လှူဒါန်းရန် တိုက်တွန်းပါမည်။ လှူဒါန်းမှုကို ထိုမိသားစုများ၏ နှစ်စဉ် သို့မဟုတ် လစဉ် ဝင်ငွေနှင့်ဆက်စပ်သည့် သက်သာသောနှုန်းထားအပေါ်တွင် အခြေခံပါမည်။

အစိုးရ၏အထောက်အပံ့သည် လစာနှင့် အကျိုးခံစားခွင့်များ၊ ကြီးကြပ်ရေး ဝန်ဆောင်မှုများ၊ ရုံးများ၊ အသုံးအဆောင်များ၊ သယ်ယူပို့ဆောင်ရေးများ၊ ထောက်ပံ့ရေးများ၊ အကြံနှင့် လုပ်ငန်းခွင်သင်တန်း၊ စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် အကဲဖြတ်ခြင်းစသည့် (ပုံမှန်သုံးစွဲရသည့်)ကုန်ကျစရိတ်များအားလုံး အတွက် လုံလောက်ရန် မဖြစ်မနေလိုအပ်ပါသည်။ ယေဘုယျအားဖြင့် လစာများသည် ECI ဝန်ဆောင်မှုဌာနတစ်ခုစီ ကုန်ကျစရိတ်များ၏ ၇၀%မှ ၇၅%အထိ ရှိပါပြီး၊ ကျန်အပိုင်းသည် အစီအစဉ်၏ လိုအပ်ချက်များအတွက် ဖြည့်ဆည်းရမည်။

ယေဘုယျအားဖြင့် ပညာရေးဆိုင်ရာပစ္စည်းများနှင့်ပတ်သက်၍ ပြင်ဆင်ခြင်း၊ သတင်းမီဒီယာ၊ ဖွံ့ဖြိုးတိုးတက်မှုတိုင်းတာစစ်ဆေးရေးနှင့် အကဲဖြတ်သုံးသပ်သည့် တိုင်းတာရန် အသုံးပြုပစ္စည်းများနှင့် နည်းလမ်းများ၊ သင်တန်းအစီအစဉ်များနှင့်အလုပ်ရုံဆွေးနွေးပွဲများ၊ နိုင်ငံတွင်းရှိ ဘာသာစကားများအားလုံးသို့ ဘာသာပြန်ခြင်း အပါအဝင် တခြားကိစ္စများ စသည်တို့ကဲ့သို့ အစီအစဉ်ကို စတင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုကုန်ကျစရိတ်များအတွက် နိုင်ငံတကာနှင့် အစိုးရမဟုတ်သော အထောက်အပံ့သည် အတိုင်းအတာတစ်ခုအထိ မဖြစ်မနေလိုအပ်ပါသည်။ ပြင်ပအထောက်အပံ့သည် မကြာခဏ ရှေ့ပြေးအစီအစဉ်နေရာများ၏ကုန်ကျစရိတ်၊ အစဦး ကြပ်မတ်စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း ဆောင်ရွက်ချက်များ၊ ကြီးကြပ်ခြင်းစနစ် ဖွံ့ဖြိုးတိုးတက်မှု၊ စံနှုန်းများသတ်မှတ်ထားမှု စသည့်ကုန်ကျစရိတ်များ၏ တစိတ်တပိုင်းကို မကြာခဏ ဖြည့်ဆည်းပါသည်။

## ECI တွင် ဗဟိုအစိုးရ၏ ရင်းနှီးမြှုပ်နှံမှု

အမျိုးသားလွှတ်တော်ဘဏ္ဍာရေးကော်မတီ၏ အထောက်အပံ့နှင့်အတူ ECI ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘတ်ဂျက်ကို ပါဝင်သောဝန်ကြီးဌာနများအားလုံးက ထူထောင်ပေးမည်။

ပြီးခဲ့သည့် မှတ်တမ်းအရ၊ ECI ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဦးဆောင်ဝန်ကြီးဌာနသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန(MoSWRR) ဖြစ်သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် ဘဏ္ဍာရေး၏ အနည်းဆုံး ၈% အတိုင်းအတာအထိကို ECI ဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုသင့် သည်။

ထိုအတိုင်းအတာသည် ၂၀၁၇ ခုနှစ်မှ စတင်၍ ECI ဝန်ဆောင်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုသည့် ဝန်ကြီးဌာန၏ နှစ်စဉ်ဘတ်ဂျက်၏ ၄% ကို အသုံးပြုရန်ရည်မှန်းချက်နှင့်အတူ အဆင့်လိုက်ဆောင်ရွက်မှုတွင် ရရှိမည်။ ၂၀၂၁ ခုနှစ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘတ်ဂျက်၏အနည်းဆုံး ၈%ကို နိုင်ငံ၏ဖွံ့ဖြိုးမှုနောက်ကျဖွယ်ရှိသော ကလေးသူငယ်များနှင့် သူတို့၏မိသားစုများကို ဝန်ဆောင်မှုပေးခြင်းအတွက် အသုံးပြုမည်။

ထို့အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့်ပညာရေးဝန်ကြီးဌာနတို့သည် ၂၀၁၇ ခုနှစ်တွင် သူတို့ဘတ်ဂျက်များ၏ ၁%ကို ECI ဝန်ဆောင်မှုလုပ်ငန်းများအတွက် ထည့်ဝင်မည်၊ ၂၀၂၁ ခုနှစ်တွင် သူတို့ဘတ်ဂျက်၏ ၃%အထိ အဆက်မပြတ် တိုးမြှင့်ထောက်ပံ့မည်။ ECI နှင့်ပတ်သက်၍ ထိုသို့ ရင်းနှီးမြှုပ်နှံမှုသည် ကျန်းမာရေးနှင့် အာဟာရဝန်ဆောင်မှုများအတွက် အနာဂတ်ကုန်ကျစရိတ်များကို အများအပြား လျှော့နည်းသွားစေပါမည်။

ပြည်ထဲရေးဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန တို့သည် ECI ဝန်ဆောင်မှုများအတွက် သူတို့၏ များပြားသော အထောက်အပံ့ကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနသည် ECI အတွက် ဒေသဆိုင်ရာ အားကောင်းသောအထောက်အပံ့ကို သေချာရရှိစေရန် အထူးကူညီပါလိမ့်မည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့သည် သတင်းမီဒီယာဆိုင်ရာလုပ်ငန်းစဉ်၊ သင်တန်းနှင့် ဝန်ဆောင်မှုအကူအညီအတွက် သူတို့၏ အသုံးဝင်ပစ္စည်းများ အသုံးပြုမှု နှင့် အစည်းအဝေးများ၊ သယ်ယူ ပို့ဆောင် ရေးကိစ္စများနှင့် ဆိုင်သည့် ဆောင်ရွက်မှုများနှင့် ပူးပေါင်းအကောင်အထည်ဖော်မှုဆိုင်ရာ တခြား

ပုံစံများ စသည့်လုပ်ရှားဆောင်ရွက်မှုများကဲ့သို့ အထူးရှေ့ဆောင်ဦးစွက်ပြု ဆောင်ရွက်ပေးမှုများနှင့် ထိုအထောက်အပံ့များအတွက် ဘတ်ဂျက်နည်းလမ်းများဖြင့် ECI ဝန်ဆောင်မှုများကို အကျိုးပြုပေးမှုများ ဆောင်ရွက်ပေးပါမည်။

## ဒေသဆိုင်ရာနှင့် စည်ပင်သာယာအစိုးရများ

ဒေသဆိုင်ရာလွှတ်တော်များ၊ ဝန်ကြီးဌာနများနှင့် သူတို့၏အေဂျင်စီများသည်လည်း ECI ဝန်ဆောင်မှုရန်ပုံငွေအတွက် အရေးကြီးသည့် မိတ်ဖက်များဖြစ်ကြပါသည်။

ECI ဝန်ဆောင်မှုလုပ်ငန်းများသည် ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုစီသို့ ဝင်ရောက်သည့်အခါတွင် ထိုဒေသများကို ECI ဝန်ဆောင်မှုများအတွက် အနည်းဆုံးသူတို့ဘတ်ဂျက်၏ ၂%ကို ထည့်ဝင်ရန်ပြောရမည်။ အကျိုးဆက်အားဖြင့် ထိုပမာဏသည် ECI ဝန်ဆောင်မှုများနှင့်အကျုံးဝင်ကိုက်ညီသည့် ကလေးသူငယ်များအားလုံးကို သေသေချာချာ စာရင်းသွင်းရန် လိုအပ်သည့် အဆင့်တစ်ဆင့်သို့ မြင့်တက်သင့်သည်၊ သူတို့လိုအပ်သည့် အာရုံစိုက်မှုရရှိသင့်သည်။ ဆောင်ရွက်မည့် အစပိုင်းဒေသများတွင် ECI ဝန်ဆောင်မှုများအတွက်ထောက်ပံ့မှုသည် ၂၀၂၁ ခုနှစ်တွင်ဒေသဆိုင်ရာစုစုပေါင်းဘတ်ဂျက်၏ အနည်းဆုံး ၄%အထိ တိုးမြှင့်သင့်သည်ဟု မျှော်မှန်းပါသည်။

ဝန်ဆောင်မှုများကို အများအပြားတောင်းဆိုမှုနှင့် ကလေးသူငယ်များ၊ မိသားစုများအတွက် တိုးတက်သောအောင်မြင်ရရှိချက်များသည် သူတို့၏အသုံးစရိတ်များကို ထိန်းညှိပေးရန် ဒေသဆိုင်ရာခေါင်းဆောင်များကို အထောက်အကူပေးပါမည်။

နှစ်စဉ်၊ ပါဝင်မည့် ဒေသအားလုံးကို သူတို့ဘဏ္ဍာငွေ ထောက်ပံ့မည့်စာရင်းတွင် ECI ဝန်ဆောင်မှုပါဝင်မှု သေချာစေရန်အတွက် အလွန်စောစီးစွာ ဘတ်ဂျက်စီမံကိန်း စတင်ဆွဲရေးအတွက် တောင်းဆိုရမည်။

ကြိုးပမ်းအားထုတ်မှုတိုင်းသည် ECI ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ထောက်ပံ့ခြင်းကို အင်တိုက်အားတိုက် အလေးထားရန် ဒေသဆိုင်ရာခေါင်းဆောင်များနှင့် သူတို့၏အေဂျင်စီများကို အထောက်အကူဖြစ်စေသင့်သည်။ ဒေသတိုင်းတွင် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်များ၏ မြင့်မားသောအဆင့်များကို အလေးထားပြီး အစပိုင်းဆွေးနွေးချက်များသည် ဒေသဆိုင်ရာအရာရှိများကို သူတို့၏မြို့ကြီးများ၊ မြို့များ၊ ရွာများနှင့် ကျေးလက်ဒေသများအတွက် ECI ဝန်ဆောင်မှုများကို ရံပုံငွေထောက်ပံ့ခြင်းသည် အမြင့်ဆုံးဦးစားပေးမှုဖြစ်ရန် မျှော်လင့်ချက်အတွက် အကြောင်းတရားအဖြစ် အထောက်အကူဖြစ်သည်။

ECI ဝန်ဆောင်မှုများအတွက် ဒေသတစ်ခုစီရှိ ခေါင်းဆောင်များသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်လိမ့်မည်။ သူတို့သည် သူတို့ဒေသများရှိ ကလေးသူငယ်များကို အတိတ်ကာလကရှိခဲ့သည့်အခြေအနေများထက် ပိုမိုကောင်းမွန်သော ဖွံ့ဖြိုးတိုးတက်မှု သေချာရရှိစေရန်အတွက် ဆောင်ရွက်နိုင်စွမ်းရှိကြမည်။ သူတို့၏ အောင်မြင်မှုများနှင့် သူတို့၏ကြိုးပမ်းအားထုတ်မှုများအတွက် နိုင်ငံတော်အဆင့် ဂုဏ်ပြုမှု ပြုလုပ်ရမည်။

## ECI အတွက် အမျိုးသားအဆင့် ရံပုံငွေ

ECI အတွက် အမျိုးသားအဆင့် မဟာဗျူဟာအစီအစဉ်ကိုချမှတ်ခြင်းနှင့်အတူ ECI အတွက် အမျိုးသားအဆင့်ရံပုံငွေကိုလည်း ထူထောင်ရလိမ့်မည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့၏ အပြည့်အဝ ပါဝင်ဆောင်ရွက်မှုနှင့်အတူ ထိုကိစ္စရပ်အတွက်သာ အသုံးပြုသည့် ရံပုံငွေကို ထူထောင်ပြီး စီမံခန့်ခွဲရမည်။ လွတ်လပ်သည့် ဒါရိုက်တာများဘုတ်အဖွဲ့၊ လုပ်ထုံးလုပ်နည်းများ၊ ECI အတွက်သာအသုံးပြုသည့် ဘဏ်စာရင်း၊ နှင့် တင်းကြပ်သည့် ဘဏ္ဍာငွေထိန်းချုပ်မှုများ ရှိရမည်။

အမျိုးသားအဆင့်ရံပုံငွေသည် လှူဒါန်းလိုသူများ၊ တခြားအလှူရှင်များ၊ ကော်ပိုရေးရှင်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ဘဏ်များ၊ နိုင်ငံခြားအစိုးရများနှင့် နိုင်ငံတကာအေဂျင်စီများ၊ တခြား အထောက်အပံ့ရင်းမြစ်များမှ လှူဒါန်းမှုများကို လက်ခံရယူနိုင်ရမည်။

ဒါရိုက်တာများ ဘုတ်အဖွဲ့သည် အလှူရှင်များအားလုံး၊ လှူဒါန်းမှုများမှ လက်ခံရရှိသည့် ပမာဏနှင့် မြန်မာနိုင်ငံတဝန်းလုံးရှိဒေသများတွင် ကမကထပြုဆောင်ရွက်ခဲ့သည့် ECI ဝန်ဆောင်မှုများနှင့် လုပ်ငန်းစဉ်ကို စာရင်းပြုစုဖော်ပြထားသည့် နှစ်လည်အစီရင်ခံစာကို ထုတ်ပြန်ပေးရမည်။

## ဆေးဘက်ဆိုင်ရာ အာမခံမှုအစီအစဉ်များ

ကလေးသူငယ်များအားလုံးသည် ဆေးဘက်ဆိုင်ရာရောဂါရှာဖွေမှု ရှိမည် မဟုတ်ပါ။ တချို့သည် စကားပြောဆိုရာတွင် သို့မဟုတ် ဖွံ့ဖြိုးမှုဆိုင်ရာ တခြားနယ်ပယ်များတွင် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းများ၊ အော်တစ်ဇင်အခြေအနေနှင့် ဆေးဘက်ဆိုင်ရာ ရောဂါရှာဖွေမှု မလိုအပ်သည့် တခြား အခြေအနေများ ရှိပါလိမ့်မည်။

မိဘများ၏ပူးပေါင်းဆောင်ရွက်မှု၊ အာမခံချက်ပါဝင်သည့် ဆေးဘက်ဆိုင်ရာ

ရောဂါရှာဖွေမှုနှင့်အတူ ကလေးများအတွက်၊ ထောက်ပံ့ထားသော ဝန်ဆောင်မှု လုပ် ငန်းစာရင်းအောက်တွင် ခွင့်ပြုထားသည့် ကုန်ကျစရိတ်များအတွက် အာမခံ အေဂျင်စီများကို ကုန်ကျစရိတ်ပေးမည်။

## နိုင်ငံတွင်းနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဘာသာရေး အခြေခံနှင့် ရပ်ရွာအခြေခံ အဖွဲ့အစည်းများ

နိုင်ငံတွင်းနှင့် နိုင်ငံတကာ NGOs၊ FBOs နှင့် CBOs အများအပြားသည် မသန် စွမ်းသည့် အရွယ်ရောက်သူများ၊ လူငယ်များနှင့် ကလေးများအတွက် ဝန်ဆောင် မှုများနှင့် မြန်မာနိုင်ငံကလေးသူငယ်လုပ်ငန်းများသို့ ဝန်ဆောင်မှုများနှင့် များပြား သောရံပုံငွေတို့ကို လှူဒါန်းခဲ့ကြပါသည်။ ECI ဝန်ဆောင်မှုများအပါအဝင် သူ တို့၏ဝန်ဆောင်မှုများ၊ လှူဒါန်းမှုများကိုတိုးချဲ့ပေးရန် ပိုမိုတိုက်တွန်းကြရလိမ့်မည်။ အစိုးရသည် တရားဝင်မှတ်ပုံတင်ထားသည့်အဖွဲ့အစည်းများနှင့် ကန်ထရိုက် ပြုလုပ်မည်၊ အမျိုးသားအဆင့် ECI အစီအစဉ်လမ်းညွှန်များ၊ အစီအစဉ်များနှင့် စံနှုန်းများကို ဖြည့်ဆည်းရန် သုံးသပ်ဆောင်ရွက်မည်။

## မသန်စွမ်းသူများ အဖွဲ့ (DPOs)

အလားတူစွာ၊ DPOs များသည် မြန်မာနိုင်ငံတဝန်းတွင် တွေ့ရှိရသည့် မသန်စွမ်း သူများကို ထောက်ပံ့ကူညီမှုများပေးခဲ့ပါသည်။ သို့သော် ECI မဟာဗျူဟာလုပ် ငန်းအစီအစဉ် မရှိခဲ့သောကြောင့် ပြီးခဲ့သည့်ကာလတွင် သူတို့အများစုသည် ငယ်ရွယ်သောကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အလေးမထားဖြစ် ခဲ့ပါ။ ECI မဟာဗျူဟာ စီမံကိန်း၏အရေးပါမှုနှင့်အတူ DPOs များကို ECI ဝန်ဆောင်မှုများအတွက် အသိပေးလှုံ့ဆော်ပေးရန် သို့မဟုတ် ဖွံ့ဖြိုးတိုးတက်စေ ရေး ဆောင်ရွက်ရန် တိုက်တွန်းရမည်။

## နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်များ

နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်များသည် ကမ္ဘာ့ဒေသများတွင် ECI ဝန်ဆောင်မှုများအတွက် ရှေ့ပြေးကုန်ကျစရိတ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကုန်ကျစရိတ်များအတွက် ရံပုံငွေများကို ပိုမို၍ထောက်ပံ့ပေးနေပါသည်။ ထို နိုင်ငံတကာအလှူရှင်များတွင် အောက်ပါအဖွဲ့အစည်းများ ပါဝင်ပါသည်။

- the Asian Development Bank နှင့် the World Bank ကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်များ
- Multilateral agencies such as UNICEF၊ UNDP၊ UNESCO၊ WHO၊ FAO and others

- UNICEF၊ UNDP၊ UNESCO၊ WHO၊ FAO နှင့် တခြားအဖွဲ့အစည်းများကဲ့သို့ ကဏ္ဍစုံအေဂျင်စီများ
- European Union၊ ASEAN ဒေသတွင်း အေဂျင်စီများ
- Ministry of Foreign Affairs of Japan and JICA, Singapore Co-operation Programme၄ Korean International Cooperation Agency, Irish Aid၄ Ministry of Foreign Affairs of Israel (MASHAV), US Agency for International Development (US-AID), Finland's FINNIDA, Swedish International Development Cooperation Agency (SIDA), Canadian International Development Agency (CIDA), Department of Foreign Affairs and Trade of Australia, Department for International Development (DfID), Norway's NORAD၄ Danish International Development Agency (Danida), Federal Ministry for Economic Co-operation and Development of Germany (GIZ) နှင့် တခြား အဖွဲ့အစည်းများကဲ့သို့ နှစ်ဖက်ဆက်ဆံရေးအေဂျင်စီများ
- The Open Society Foundation, the Bernard van Leer Foundation, the Children's InvEStment Fund Foundation, the Buffet Foundation, the Asia Foundation နှင့် တခြားအဖွဲ့အစည်းများကဲ့သို့ နိုင်ငံတကာဖောင်ဒေးရှင်းများ
- တချို့နိုင်ငံများတွင် နိုင်ငံတကာကော်ပိုရေးရှင်းများသည် ECI ဝန်ဆောင်မှုများကို ရံပုံငွေထောက်ပံ့ပေးမှုများ စတင်ပြုလုပ်နေပါသည်။

## ပြည်သူ/ပုဂ္ဂလိကပိုင် မိတ်ဖက်အဖွဲ့များ

ECI ဝန်ဆောင်မှုများကို အဓိကအားဖြင့် ပြည်သူ့/ပုဂ္ဂလိကပိုင် မိတ်ဖက်အဖွဲ့အစည်း များမှ ထောက်ပံ့မည်။

ဤသို့ ချဉ်းကပ်မှု၏အောင်မြင်သည့်လက္ခဏာတစ်ရပ်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အမျိုးမျိုးသော DPOs များကြားတွင် လုပ်ငန်းများပူးပေါင်းဆောင်ရွက်နေခြင်းပင် ဖြစ်ပါသည်။

ထိုမိတ်ဖက်အဖွဲ့အစည်းများသည် ကလေးနှင့် မိဘဝန်ဆောင်မှုများအတွက် လိုအပ်ချက်ကို ဖြည့်ဆည်းရေးသည် မြန်မာနိုင်ငံတဝန်းတွင် လျင်မြန်စွာ တိုးပွားလာသည့်အခါ၊ လုံလောက်သည့် ECI ဝန်ဆောင်မှုများကို ထောက်ပံ့နိုင်သည့် သူ

တို့၏ လုပ်နိုင်စွမ်းရည်ကို သေချာစေရန် ပိုမိုတိုးမြှင့်သင့်၊ အားကောင်းစေသင့်အပါသည်။

### အဆင့်မြင့်ပညာရေး မိတ်ဖက်အဖွဲ့အစည်းများ

စဉ်ဆက်မပြတ် အခြေခံတစ်ခုအပေါ်တွင် ECI ဝန်ဆောင်သူများအားလုံးအတွက် ကောင်းမွန်သည့်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းထောက်ပံ့ပေးမှုကို သေချာစေရန်အတွက်၊ ဩစတေးလျ၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဖင်လန်၊ ဆွီဒင်နှင့် နော်ဝေကဲ့သို့သော တခြားနိုင်ငံများမှ တက္ကသိုလ်များနှင့် ECI ဝန်ဆောင်မှု စနစ်များနှင့်အတူ အဆင့်မြင့် ပညာရေး မိတ်ဖက်အဖွဲ့အစည်းများ မြန်မာနိုင်ငံတွေ တည်တံ့စေရန် အားထုတ်ကြိုးပမ်းရမည်။

ထိုအဆင့်မြင့်ပညာရေး မိတ်ဖက်အဖွဲ့အစည်းများသည် သင်တန်းပေးခြင်းကို အဓိကထားသော်လည်း၊ ကြပ်မတ်စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း၊ ပြင်ပမှ အကဲဖြတ်ခြင်း၊ သုတေသနစီမံကိန်းများ စသည်တို့ကိုလည်း ဆောင်ရွက်နိုင်ပါသည်။

### ECI အတွက် အထောက်အပံ့ရနိုင်ခြေရှိသော ထပ်တိုးရင်းမြစ်များ

နိုင်ငံရေးသဘောထား အဆင့်အပေါ်မှီတည်၍ နိုင်ငံများသည် ECCD နှင့်/ သို့မဟုတ် ECI အတွက် အထောက်အပံ့ ပြုလုပ်ခဲ့ကြပါသည်။ အောက်ပါတို့သည် တိုင်းပြည်အသီးသီးတွင် အသုံးပြုခဲ့သည့် မတည်ရံပုံငွေ (innovative fund)အမျိုးအစားများ ဖြစ်ပါသည်။

- လစာအခွန်များ၊
- အရောင်းအခွန်များ၊
- သွင်းကုန်။ထုတ်ကုန်အခွန်များ၊
- အရက်နှင့်ဆေးလိပ်အခွန်များ၊
- လေယာဉ်လက်မှတ်အခွန်၊
- လေဆိပ်အဝင် နှင့်။သို့မဟုတ် အထွက် အခွန်များ၊
- ဇိမ်ခံပစ္စည်းအခွန်များ (လက်ဝတ်ရတနာ၊ ကား၊ နာရီ စသဖြင့်)၊
- သဘာဝအရင်းအမြစ် အခွန်များ (ကျောက်မျက်ရတနာ၊ သစ်တော၊ သတ္တု စသဖြင့်)၊
- ထီအခွန်များ (ရှိနေသည့် ထီ၏ရာခိုင်နှုန်းမှာ အလွယ်ကူဆုံးဖြစ်သည်)၊

- ကော်ပိုရေးရှင်းများ၊ စီးပွားရေးလုပ်ငန်းများ သို့မဟုတ် ဘဏ်များက ECI ဝန်ဆောင်မှုနေရာများ 'တည်ထောင်ပေးမှု(Adoption)'၊
- ထောက်ပံ့ပေးသည့် အလှူရှင်များ၊
- မော်တော်ဆိုင်ကယ်များ၊ ဘိုင်စကယ်များ၊ အိမ်သုံးပစ္စည်းများ၊ ဆဲလ်ဖုန်းများ ရောင်းချပွဲများ၊ အနုပညာဂီတဖျော်ဖြေပွဲများ၊ ရပ်ရွာဒေသညစာစားပွဲနှင့် ပွဲတော်များ၊ အားကစားပွဲများ စသည်တို့အပါအဝင် ရံပုံငွေရှာဖွေပွဲများ၊

## နှစ်စဉ် ECI စီမံကိန်းနှင့် ဘဏ္ဍာငွေစက်ဝန်း

မြန်မာနိုင်ငံ နှစ်စဉ်စီမံကိန်းနှင့် ဘဏ္ဍာငွေစက်ဝန်းအတွင်းတွင် စီမံကိန်း ဆောင်ရွက်မှုများကို သေချာဂရုစိုက်လုပ်ကိုင်ရန် အထူးအလေးထားရပါမည်။ ထိုစီမံကိန်းဖြင့် ဆောင်ရွက်ခြင်းကို ဗဟိုအစိုးရ အဆင့်သာမကပဲ၊ ဖြစ်နိုင်ခြေအလားအလာရှိသည့် နေရာမှန်သမျှနှင့် ပြည်နယ်/တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်များနှင့် စည်ပင်သာယာအဆင့်များတွင်လည်း ဆောင်ရွက်ရမည်။

အမျိုးသားအဆင့် ECI ရုံးသည် ဆောင်ရွက်မည့် ပြည်နယ်များ၊ တိုင်းဒေသကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ECI ဝန်ဆောင်မှုများအတွက် ဘဏ္ဍာငွေစက်ဝန်းတွင် ကောင်းစွာ ဖော်ထုတ်ထားသော ဘဏ္ဍာငွေများ သေချာပါဝင်စေရန် ထိပ်တန်းဦးစားပေး ဆောင်ရွက်သင့်သည်။

# ၄

# အမျိုးသားအဆင့် ECI စနစ်၏ အဓိကအညွှန်းကိန်းများ



လိုအပ်ချက်အဖြစ်၊ ECI လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်တွင် လုပ်ငန်းအကောင်အထည်ဖော်မှု စုစည်းချက်တစ်ခု ပါဝင်ပါသည်။ ထိုစုစည်းချက်၏ အများဆုံးဖော်ပြချက်မှာ အထူးပြုထားသော ECI လုပ်ငန်းစဉ် သို့မဟုတ် ဝန်ဆောင်မှုများ၏ လုပ်ငန်းတာဝန်များ၊ အဆင့်များနှင့် သက်ဆိုင်သည့် ထည့်ဝင်မှုများ သို့မဟုတ် ရရှိမှုများအတွက် အညွှန်းကိန်းများ ဖြစ်ပါသည်။

အညွှန်းကိန်းများထဲမှ တချို့သည် အကျိုးရရှိချက်(ရလဒ်များ) အညွှန်းကိန်းများဖြစ်ကြပါသည်။ အောက်ပါ အကျိုးရရှိချက် အညွှန်းကိန်းများစာရင်းသည် အစီအစဉ်၊ ဒေသဆိုင်ရာနှင့် အမျိုးသားအဆင့်များတွင် ECI ဝန်ဆောင်မှုများကို ကြပ်မတ်စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းအတွက် ယေဘုယျစနစ်တစ်ရပ်ကို အဓိကပြုထားပါသည်။ ဤစာရင်းသည် စဉ်ဆက်မပြတ်လုပ်ကိုင်ဆောင်ရွက်သောအခါတွင် အညွှန်းကိန်းများကို တိုင်းတာရန် အလွန်ကုန်ကျစရိတ်များသောကြောင့် လိုအပ်မှုအရ အတိုချုပ်ထားပါသည်။ ဤအညွှန်းကိန်းစာရင်းကို အသုံးပြုခြင်းဖြင့် မြန်မာနိုင်ငံအမျိုးသား ECI စနစ်တစ်ရပ်လုံးကို တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုမြင့်မားစေရန် အထူးအကူအညီဖြစ်ပါမည်။



## ရှေးဦးအရွယ် ကလေးသူငယ် ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၏ အကျိုးရရှိချက်များ

| အကျိုးရရှိမှု ရည်ရွယ်ချက်များ | အညွှန်းကိန်းများ | အတိုင်းအတာများ | ဦးတည်ချက်များ |
|---|---|---|---|
| ကလေးနှင့် မိဘ ဖွံ့ဖြိုးတိုးတက်မှု | | | |
| ကလေးနှင့်အတူ IFSP ရည်မှန်းချက်များ ရရှိရန် မိဘများနှင့် အလုပ်လုပ်ရန် | ကလေးများ၏ IFSP ရည်မှန်းချက်များ ရရှိလာသည့် ရာခိုင်နှုန်းနှင့် အရေအတွက် | ♦ IFSP ပုံစံ<br>♦ IFSP ပုံစံသုံးသပ်ချက် | ကလေး၏ IFSP ရည်မှန်းချက်၏ ၇၀% ရရှိသည် |
| မိဘများ၏ IFSP ရည်မှန်းချက်များ ရရှိရန် မိဘများနှင့်အတူ အလုပ်လုပ်ရန် | မိဘများ၏ IFSP ရည်မှန်း ချက်များ ရရှိလာသည့် ရာခိုင်နှုန်းနှင့် အရေအတွက် | ♦ IFSP ပုံစံ<br>♦ IFSP ပုံစံသုံးသပ်ချက် | မိဘများ၏ IFSP ရည်မှန်းချက်၏ ၈၀% ရရှိသည် |
| ဖြစ်နိုင်ခြေရှိသမျှ ကလေး၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်ရန် | ပထမဆုံးနှင့် နောက်ပိုင်းတွင် ရရှိလာသည့် သုံးသပ်ချက်များ နှုန်းယှဉ်မှုအရ တိုးတက်မှုရှိလာသော ကလေးများ၏ IFSP ရည်မှန်းချက်များ ရရှိလာသည့် ရာခိုင်နှုန်းနှင့် အရေအတွက် | ♦ ရွေးချယ်ထားသော ကလေး သုံးသပ်ချက် | သူတို့၏ အသက်အရွယ်လိုက်၍ ဖွံ့ဖြိုးတိုးတက်မှုကို ကလေးများ၏ ၇၀% တိုးတက်မှုရှိသည်ဟု သုံးသပ်သည်။ |
| မိဘများသည် ECI ဝန်ဆောင်မှုများသည် ကောင်းစွာ ထောက်အကူဖြစ်သည်ဟု သေချာစွာ ခံစားရစေရန် | ECI ဝန်ဆောင်မှုများသည် ကောင်းစွာ အထောက်အကူ ဖြစ်သည်ဟု ခံစားရသည့် မိဘများ ရာခိုင်နှုန်းနှင့် အရေအတွက် | ♦ နှစ်စဉ် မိဘ စစ်တမ်းကောက်ယူမှု | ECI ဝန်ဆောင်မှုများသည် ကောင်းစွာခံစားရသည်ဟု မိဘများ၏ ၉၀%က ဖော်ပြကြသည် |

| | | | |
|---|---|---|---|
| **မိဘဆိုင်ရာဗဟုသုတ နှင့် ကျွမ်းကျင်မှုများ** | | | |
| နေအိမ်စိတ်ချလုံခြုံမှု ထိန်းသိမ်းရန် သို့မဟုတ် တိုးတက်ရန် (ယခင်/ယခု) | သူတို့အိမ်များ၏ စိတ်ချလုံခြုံမှုကို ထိန်းသိမ်းရန် သို့မဟုတ် တိုးတက်ရန် မိဘဝန်ဆောင်မှုများတွင် စာရင်းသွင်းထားသည့် မိဘများ ရာခိုင်နှုန်းနှင့် အရေအတွက် | ♦ နေအိမ် စိတ်ချလုံခြုံမှု သုံးသပ်ချက် | မိဘဝန်ဆောင်မှုများတွင် စာရင်းသွင်းထားသည့် မိဘများ၏ ၉၀%သည် သူတို့၏အိမ်များ စိတ်ချလုံခြုံမှုအမှတ်များကို ထိန်းသိမ်းနိုင်သည် သို့မဟုတ် တိုးတက်သည်။ |
| ကလေးဖွံ့ဖြိုးတိုးတက်မှု နှင့် စောင့်ရှောက်မှုကို အလေးထား၍ မိဘ ကျွမ်းကျင်မှုများ ထိန်းသိမ်းရန် သို့မဟုတ် တိုးတက်ရန် (ယခင်/ယခု) | မိဘကျွမ်းကျင်မှုများ သို့မဟုတ် သူတို့ကို တိုးတက်စေမှု၏ အဆင့်ကောင်းတစ်ခုကို ထိန်းသိမ်းသည့် မိဘဝန်ဆောင်မှုများတွင် စာရင်းသွင်းထားသော မိဘများ၏ ရာခိုင်နှုန်းနှင့် အရေအတွက် | ♦ မိဘကျွမ်းကျင်မှု များသုံးသပ်ချက် | မိဘဝန်ဆောင်မှုများတွင် စာရင်းသွင်းထားသည့် မိဘများ၏ ၉၀%သည် ကလေးဖွံ့ဖြိုးတိုးတက်မှု နှင့် စောင့်ရှောက်မှု အဆင့်ကောင်းတစ်ခုတွင် ထိန်းသိမ်းထားသည်၊ သို့မဟုတ် သူတို့၏ဗဟုသုတကို တိုးတက်စေသည် |
| **ကလေးအာဟာရ တိုက်ကျွေးမှု** | | | |
| မွေးကင်းစ အသက် ၆ လအရွယ်ရှိသည့် တိုင်အောင် မိခင်နို့ တစ်မျိုးတည်းသာ တိုက်ကျွေးသည့် နှုန်း တိုးတက်စေရန် | အသက် ၆ လ အရွယ်ရှိသည့်တိုင်အောင် မိခင်နို့တစ်မျိုးတည်းသာ စို့ရသည့် မွေးကင်းစ ကလေးရာခိုင်နှုန်းနှင့် အရေအတွက် | အရေအတွက်<br>♦ အာဟာရ ခွဲခြမ်းစိတ်ဖြာမှု မှတ်တမ်း ဇယားများ | မိခင်များ၏ ၈၀% သည် ကလေး၏အသက် ၆ လ အထိ ခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးကြသည် |
| အသက် ၆ လ နောက်ပိုင်းတွင် မွေးကင်းစများ နှင့် ကလေးများသည် သင့်တော်သည့် မိခင်နို့ ပမာဏ သို့မဟုတ် ထပ်ဖြည့်အစာ အမျိုးအစားများ၊ ပမာဏများနှင့် ဖော်မြူလာများကို သေချာစွာရရှိစေရန် | ထပ်ဖြည့် အစာအမျိုးအစားများနှင့်သင့်တော်သည့်အရေအတွက်များ လက်ခံရရှိသည့် အသက် ၆ လကျော် မွေးကင်းစနှင့် ကလေးများ၏ ရာခိုင်နှုန်းနှင့် အရေအတွက် | ♦ အာဟာရ ခွဲခြမ်းစိတ်ဖြာမှု မှတ်တမ်း ဇယားများ | အသက် ၆ လ ကျော်ပြီး နောက် မွေးကင်းစနှင့် ကလေးများ၏ ၉၀%သည် သင့်တော်သည့် မိခင်နို့ ပမာဏ သို့မဟုတ် ထပ်ဖြည့်အစာ အမျိုးအစားများ၊ ပမာဏများနှင့် ဖော်မြူလာများကို ရရှိကြသည် |

| | | | |
|---|---|---|---|
| အသက် ၃ လတိုးတိုင်း ကလေးများ၏ ခန္ဓာကိုယ်နှင့် အလေးချိန်ကို တိုင်းတာရန် | ခန္ဓာကိုယ်နှင့် အလေးချိန်ကို တိုင်းတာရန် ဝန်ဆောင်မှုများတွင် စာရင်းသွားထားသည့် ကလေးများ၏ ရာခိုင်နှုန်းနှင့် အရေအတွက် | ♦ ကြီးထွားမှု မှတ်တမ်းဇယား | အသက် ၃ လတိုးတိုင်း ကလေး ၁၀၀% သည် ခန္ဓာကိုယ်နှင့် အလေးချိန် တိုင်းတာကြသည် |
| ကလေးများသည် အသက်နှင့်လိုက်၍ သင့်တော်သည့် ခန္ဓာကိုယ်နှင့် အလေးချိန် သေချာစွာ ရရှိစေရန် | အသက်နှင့်လိုက်၍ သင့်တော်သည့် ခန္ဓာကိုယ်နှင့် အလေးချိန် ရရှိစေရန် ဝန်ဆောင်မှုများတွင် စာရင်းသွင်းထားသည့် ကလေးများရာခိုင်နှုန်းနှင့် အရေအတွက် | ♦ ကြီးထွားမှု မှတ်တမ်းဇယား | (ဖြစ်နိုင်လျှင် အတိုင်းအတာတစ်ခုအထိ) အသက်နှင့်လိုက်၍ သင့်တော်သည့် ခန္ဓာကိုယ်နှင့် အလေးချိန် ရှိရန် သို့မဟုတ် ရရှိရန် ကလေးများ၏ ၇၀% သည် ဝန်ဆောင်မှုများတွင် စာရင်းသွင်းထားသည် |
| အာဟာရချို့တဲ့ကြောင်း တွေ့ရှိထားသည့် (ပုညက်သော၊ အားနည်းသော၊ ကိုယ်အလေးချိန် ကျနေသော သို့မဟုတ် အဝလွန်သော) ကလေးသူငယ်များသည် အထူး အာဟာရ ဖြည့်ဆည်းမှုနှင့် ECI ဝန်ဆောင်မှုများ သေချာစွာ ရရှိရန် | အထူး အာဟာရတိုက်ကျွေးမှုနှင့် ECI ဝန်ဆောင်မှုများသို့ လွှဲပြောင်းခံရသည့် အာဟာရချို့တဲ့ကြောင်း တွေ့ရှိထားသည့် ကလေးများ ရာခိုင်နှုန်းနှင့် | ♦ ကြီးထွားမှု မှတ်တမ်းဇယား<br>♦ ECI ဝန်ဆောင်မှုများမှ တခြားအေဂျင်စီများသို့ လွှဲပြောင်းပေးမှု ပုံစံ | အာဟာရချို့တဲ့ကြောင်း တွေ့ရှိထားသည့် ကလေးများ၏ ၁၀၀% သည် ရနိုင်သမျှ၊ အထူးအာဟာရ ဝန်ဆောင်မှုများသို့ လွှဲပြောင်းခံရသည် |

| ကလေးသူငယ်ကျန်းမာရေး | | | |
|---|---|---|---|
| ကလေးသူငယ်တိုင်းအတွက် ကျန်းမာရေးစောင့်ရှောက်မှုဌာနတစ်ခု၏ စောင့်ရှောက်မှု သေချာစွာရှိစေရန် (အစဉ်တစိုက် ကျန်းမာရေးစောင့်ရှောက်မှုစင်တာဝန်ဆောင်မှုများ) | ကျန်းမာရေးစောင့်ရှောက်မှုဌာနမှ ပေးသည့် စောင့်ရှောက်မှု ရရှိထားသည့် ကလေးများရာခိုင်နှုန်းနှင့် အရေအတွက် | ♦ မိဘ၊ ကလေးနှင့် ECI ဝန်ဆောင်မှုများအတွက် စာရင်းသွင်းပုံစံ<br>♦ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကလေးကျန်းမာရေး ကောင်းမွန်မှု စစ်ဆေးမှုပုံစံ<br>♦ ECI ဝန်ဆောင်မှုများမှ တခြားအေဂျင်စီများသို့ လွှဲပြောင်းပေးမှုပုံစံ | ECI အထောက်အပံ့ နှင့် လွှဲပြောင်းမှု များကြောင့် ကလေးများ၏ ၁၀၀% သည် ကျန်းမာရေးစောင့်ရှောက်မှုဌာနတစ်ခု၏ စောင့်ရှောက်မှု သို့မဟုတ် တစ်ခုခု ရရှိကြသည် |
| ကလေးသူငယ်များသည် မွေးကင်းစ သို့မဟုတ် ကလေး ဆေးဘက်ဆိုင်ရာ စစ်ဆေးချက်များ သေချာစွာ ပုံမှန်ရရှိကြစေရန် | ကလေး ဆေးဘက်ဆိုင်ရာ စစ်ဆေးချက်များ ပုံမှန် လက်ခံရရှိကြသည့် လေးသူငယ် ရာခိုင်နှုန်းနှင့် အရေအတွက် | ♦ ကာကွယ်ဆေးထိုးနှံခြင်းပုံစံနှင့်/ သို့မဟုတ် ကျန်းမာရေး ကောင်းမွန်မှု စစ်ဆေးမှုပုံစံ | ကလေးသူငယ်များ၏ ၉၅%သည် မွေးကင်းစ သို့မဟုတ် ကလေး ဆေးဘက်ဆိုင်ရာ စစ်ဆေးချက်များ ပုံမှန်ရရှိကြသည် |
| (ကလေးသည် နေမကောင်း ဖြစ်မနေလျှင်) ကလေး၏အသက်အရွယ် အလိုက်ရရှိရမည့် ကာကွယ်ဆေးများ အားလုံး သေချာစွာ ရရှိပြီးဖြစ်စေရန် | ကလေး၏ အသက်အရွယ် အလိုက်ရရှိရမည့် ကာကွယ်ဆေးများ အားလုံးရရှိပြီး ကလေးရာခိုင်နှုန်းနှင့် အရေအတွက် | ♦ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကလေးကျန်းမာရေးစစ်ဆေးမှုပုံစံ | ကလေးများ၏ ၉၅%သည် အသက်အရွယ် အလိုက်ရရှိရမည့် ကာကွယ်ဆေးများ အားလုံးရရှိကြသည် |

ဖော်ပြထားသည့် အကျိုးရရှိမှုရည်ရွယ်ချက်များ၊ အညွှန်းကိန်းများ၊ အတိုင်းအတာများနှင့် ဦးတည်ချက်များသည် စနစ်ကျပြီး အားလုံးပါဝင်ပါသည်။ နောက်ပိုင်းတွင် ECI အကျိုးရရှိမှုအညွှန်းကိန်းများကို ထပ်မံ ထည့်သွင်းနိုင်ပါသည်။

ဤ အကျိုးရရှိမှုအညွှန်းကိန်းများကို တိုင်းတာရန်အတွက် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (ကဏ္ဍ ၆. ၃)တွင် ဖော်ပြထားသည့် ကြပ်မတ်စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းလက်စွဲကိုအချက်အလက်စီမံခန့်ခွဲမှုစနစ်တစ်ခုနှင့်အတူ ဖော်ထုတ်၊ အကောင်အထည်ဖော်ရပါမည်။

# နောက်ဆက်တွဲစာရင်း ၁၀



## ၁။ အတိုကောက်အသုံးများ

| | |
|---|---|
| CBO | Community-Based Organisation<br>ရပ်ရွာဒေသအခြေပြု အဖွဲ့အစည်း |
| CRC | Convention on the Rights of Children<br>ကလေးသူငယ်အခွင့်အရေး ကွန်ဗင်းရှင်း |
| CRPD | Convention on the Rights of Persons with Disabilities<br>မသန်စွမ်းသူများအခွင့်အရေး ကွန်ဗင်းရှင်း |
| ECCD | Early Childhood Care and Development<br>ရှေးဦးအရွယ်ကလေးသူငယ် စောင့်ရှောက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု |
| ECI | Early Childhood Intervention<br>ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး |
| EIS | Early Intervention Specialists<br>ရှေးဦးအရွယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးကျွမ်းကျင်သူများ |
| FBO | Faith-Based Organisation<br>ဘာသာရေးအခြေပြု အဖွဲ့အစည်း |
| MoBA | Ministry of Border Affairs<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| MoE | Ministry of Education<br>ပညာရေးဝန်ကြီးဌာန |
| MoPF | Ministry of Planning and Finance<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| MoHS | Ministry of Health and Sports<br>ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန |
| MoHA | Ministry of Home Affairs<br>ပြည်ထဲရေးဝန်ကြီးဌာန |
| MoL | Ministry of Labour, Immigration and Population<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| MoI | Ministry of Information<br>ပြန်ကြားရေးဝန်ကြီးဌာန |

| | |
|---|---|
| MoSWRR | Ministry of Social Welfare, Relief and Resettlement<br>လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီး |
| NGO | Non-Governmental Organisation<br>အစိုးရမဟုတ်သော အဖွဲ့အစည်း |
| OT | Occupational Therapists<br>အနုစိတ်ကုထုံး/လက်မှုပညာဖြင့် ကုသပေးသောပညာရှင်များ |
| PT | Physiotherapists<br>အကြောအဆစ် ကုထုံးပညာရှင်များ |
| PTA | Parent-Teacher Associations<br>မိဘ-ဆရာအသင်းများ |
| S/LT | Speech/Language Therapists<br>စကားပြောကုထုံးပညာရှင်များ၊ |
| SDG | Sustainable Development Goals<br>ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ |
| TCRC | Township Child Rights Committees<br>မြို့နယ် ကလေးအခွင့်အရေး ကော်မတီများ |
| TECIC | Township ECI Committees<br>မြို့နယ် ECI ကော်မတီများ |
| THC | Township Health Committees<br>မြို့နယ်ကျန်းမာရေးကော်မတီမျာ |
| TOR | Terms of Reference<br>တာဝန်နှင့်လုပ်ပိုင်ခွင့်များ |

## ၂။ ကျမ်းကိုးစာရင်း


Abegunde, D. O. et al. The Burden and Costs of Chronic Diseases in Low-Income and Middle-Income Countries. The Lancet, Vol. 370 December 8, 2007.

http://www.thelancet.com/pdfs/journals/lancet/PIIS0140-6736(07)61696-1.pdf

ASEAN Secretariat. (2011). ASEAN Strategic Framework for Social Welfare and Development. (2001-2015). Jakarta, Indonesia: Association of Southeast Asian Nations.

Bernard van Leer Foundation. (2006). Guide for General Comment 7: Implementation of Child's Rights in Early Childhood. The Hague, Netherlands: Bernard van Leer Foundation.

Cashin, Jennifer. (March 2016). Undernutrition in Myanmar, Part I A Critical Review of Literature. Yangon, Myanmar: Livelihoods and Food Security Trust Fund.

Department of Population. 2015. The 2014 Myanmar Population and Housing Census. Nay Pyi Taw, Myanmar: DoP.

Garner, Gary Nelson. (2011). Earlier is Better: Young Children Thrive Best in Families, in Early Childhood Development: What Parliamentarians Need to Know and Do. Geneva, Switzerland: UNICEF.

Ministry of Health & UNICEF. (2011). Knowledge, Attitudes and Practices Study into Water, Sanitation and Hygiene in 24 Townships in Myanmar. Nay Pyi Taw: Ministry of Health.

Ministry of National Planning and Economic Development (MNPED) & Ministry of Health (MOH). (2011). Myanmar Multiple Indicator Cluster Survey 2009-2010 Final Report. Nay Pyi Taw, Myanmar: Ministry of National Planning and Economic Development & Ministry of Health, Myanmar.

Ministry of Health. (2013). Nutrition Promotion. Nay Pyi Taw, Myanmar: MoH.

http://www.moh.gov.mm/file/Nutrition%20Promotion.pdf

Ministry of Health. (2015). Study on the Causes of under-five mortality in Myanmar. Nay Pyi Taw, Myanmar: Ministry of Health.

Ministry of National Planning and Economic Development (MNPED), UNDP, SIDA & UNICEF. (2011). Integrated Household Living Conditions Survey in Myanmar (IHLCA) (2009-2010). Nay Pyi Taw: MNPED.

Ministry of National Planning and Economic Development (MNPED) & UNICEF. (2013). Situation Analysis of Children in Myanmar. Nay Pyi Taw: MNPED & UNICEF.

National Nutrition Center. 2013. National Plan of Action for Food and Nutrition (2011-2015). Nay Pyi Taw, Myanmar: NNC.

Save the Children Myanmar. (2014). Qualitative Data on IYCF Practices in Tat Lan Programme Area. Yangon: Save the Children.

UNESCO. (2015). Framework for Action Education 2030: Towards inclusive and equitable quality education and lifelong learning for all. Incheon, Korea: World Education Forum.

UNICEF. (2011). The Situation of Children in Residential Care Facilities in Myanmar. Yangon, Myanmar: UNICEF.

UNICEF. (2102). Situation Analysis of Early Childhood Care and Development in Myanmar. Yangon, Myanmar: UNICEF

UNICEF. (2016). Myanmar Situation Analysis of Children with Disabilities. Yangon, Myanmar: UNICEF.

United Nations. (1989). Convention on the Rights of the Child. Geneva, Switzerland: Office of the United Nations Commissioner for Human Rights.

United Nations. (June 2015). Zero draft of the outcome document for the UN Summit to adopt the Post-2015 Development Agenda: Transforming our World by 2030: A New Agenda for Global Action. New York, New York: United Nations.

UNSCN. (2011). Progress in Nutrition: Sixth Report on the World Nutrition Situation. Geneva: UNSCN Secretariat.

World Health Organization. (2008). National Health Accounts. Nay Pyi Taw, Myanmar: WHO.

World Health Organization and World Bank. (2011). World Report on Disability. Geneva, Switzerland: World Health Organization.

## ၃။ ဦးဆောင်ကော်မတီနှင့် လုပ်ငန်းအဖွဲ့





## ရှေ့ဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဦးဆောင်ကော်မတီ

| စဉ် | အမည် | ရာထူး | တာဝန် | ဌာန/ဝန်ကြီးဌာန/အဖွဲ့အစည်း |
|---|---|---|---|---|
| ၁။ | ဦးစိုးကြည် | ညွှန်ကြားရေးမှူးချုပ် | ဥက္ကဌ | လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၂။ | ဒေါက်တာစန်းစန်းအေး | ဒုတိယ ညွှန်ကြားရေးမှူးချုပ် | ဒု-ဥက္ကဌ | လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃။ | ဦးအောင်ကျော်မိုး | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် | ကလေး/လူငယ်ဌာနခွဲ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၄။ | ဦးဝင်းထိန်ကျော် | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၅။ | ဒေါက်တာမြင့်မြင့်သန်း | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် | ကလေးကျန်းမာရေး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာန |
| ၆။ | ဒေါက်တာလှမြတ်သွေးဣန္ဒြာ | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် | မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန |
| ၇။ | ဒေါက်တာမေခင်သန်း | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် | အာဟာရဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာန |
| ၈။ | ဒေါက်တာကျော်ခိုင်ဦး | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် | ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာန |
| ၉။ | ဒေါက်တာသီတာလှ | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် | ကုသရေးဦးစီးဌာန၊ အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀။ | ဒေါက်တာခင်မျိုးလှ | ပါမောက္ခ/ဌာနမှူး | အဖွဲ့ဝင် | အကြောအဆစ်နှင့်ပြန်လည်သန်စွမ်းရေး၊ အထူးကုဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာန |
| ၁၁။ | ဦးကိုလေးဝင်း | ဒုတိယ ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် | ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန |

ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဦးဆောင်ကော်မတီ

| စဉ် | အမည် | ရာထူး | တာဝန် | ဌာန/ဝန်ကြီးဌာန/အဖွဲ့အစည်း |
|---|---|---|---|---|
| ၁၂။ | ဦးမြင့်အောင် | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် | အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန |
| ၁၃။ | ဒေါက်တာနီလာကြူ | ပါမောက္ခ/ဌာနမှူး | အဖွဲ့ဝင် | စိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန |
| ၁၄။ | ဦးမြတ်ထွန်းဦး | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၅။ | ဒေါ်နုနုထွေး | လက်ထောက် ညွှန်ကြားရေးမှူး | အဖွဲ့ဝင် | စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၁၆။ | ဒေါ်တင်တင်အေး | လက်ထောက် ညွှန်ကြားရေးမှူး | အဖွဲ့ဝင် | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၁၇။ | ဦးအောင်ဇော်လင်း | မန်နေဂျာ | အဖွဲ့ဝင် | သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန |
| ၁၈။ | ဒေါ်စိုးစိုးစံ | လက်ထောက် ညွှန်ကြားရေးမှူး | အဖွဲ့ဝင် | ပြည်သူ့အင်အားဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၁၉။ | ဒေါက်တာလတ်လတ်ဝေ | ဒုတိယ ညွှန်ကြားရေးမှူး | အဖွဲ့ဝင် | လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၂၀။ | ဦးဘုလိန်း | လက်ထောက် ညွှန်ကြားရေးမှူး | အဖွဲ့ဝင် | ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၂၁။ | ဒေါ်သဇင်နွယ် | ဥက္ကဋ္ဌ | အဖွဲ့ဝင် | မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း |
| ၂၂။ | ဦးငွေးဝင်း | လက်ထောက် ညွှန်ကြားရေးမှူး | အဖွဲ့ဝင် | ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၂၃။ | ဒေါက်တာဇော်မိုးအောင် | Country Director | အဖွဲ့ဝင် | The Leprosy Mission (မြန်မာ) |
| ၂၄။ | ဒေါက်တာအေးအေးရီ | Education Specialist(ECD) | အဖွဲ့ဝင် | Education Section UNICEF (Myanmar) |
| ၂၅။ | ဒေါ်ယုယုဆွေ | ညွှန်ကြားရေးမှူး | အတွင်းရေးမှူး | ပြန်လည်ထူထောင်ရေးဌာနခွဲ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |

## ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့

| စဉ် | အမည် | ရာထူး | တာဝန် | ဌာန/ဝန်ကြီးဌာန/အဖွဲ့အစည်း |
|---|---|---|---|---|
| ၁။ | ဒေါက်တာစန်းစန်းအေး | ခေတ္တ ညွှန်ကြားရေးမှူးချုပ် | ဥက္ကဌ | လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၂။ | ဒေါက်တာမြင့်သိန်းထွန်း | ပါမောက္ခ | အဖွဲ့ဝင် | အကြောအဆစ်နှင့် ပြန်လည်သန်စွမ်းရေးအထူးကုဌာန၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး၊ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန |
| ၃။ | ဒေါ်ခင်သိန်း | ပါမောက္ခ/အကြံပေး | အဖွဲ့ဝင် | မိခင်နှင့်ကလေးကျန်းမာရေးသူနာပြုစုမှု ပညာဌာန၊ သူနာပြုတက္ကသိုလ်(ရန်ကုန်) အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန |
| ၄။ | ဒေါက်တာခင်သီတာအောင် | ဆေးရုံအုပ်ကြီး | အဖွဲ့ဝင် | အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ၊ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ | ဒေါက်တာလွင်လွင်ဦးလှိုင် | ဒုတိယ ညွှန်ကြားရေးမှူး | အဖွဲ့ဝင် | ကုသရေးဦးစီးဌာန၊ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန |
| ၆။ | ဒေါက်တာနီလာအေး | အဖွဲ့ခေါင်းဆောင် ဆရာဝန် | အဖွဲ့ဝင် | ကလေးကျန်းမာရေး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန |
| ၇။ | ဒေါက်တာခိုင်မာဇော် | ဒုတိယညွှန်ကြားရေးမှူး | အဖွဲ့ဝင် | အာဟာရ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန |
| ၈။ | ဒေါက်တာကျော်လင်း | တွဲဖက်ပါမောက္ခ/ ကလေးဦးနှောက်နှင့် အာရုံကြောအထူးကု ဆရာဝန်ကြီး | အဖွဲ့ဝင် | ရန်ကုန်ကလေးဆေးရုံ၊ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန |
| ၉။ | ဒေါက်တာသီဂီအောင် | ဒုတိယညွှန်ကြားရေးမှူး | အဖွဲ့ဝင် | ကလေးကျန်းမာရေး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀။ | ဒေါက်တာနှင်းနှင်းလွင် | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် | ကလေးကျန်းမာရေး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန |
| ၁၁။ | ဒေါက်တာအေးမြင့်အေး | ကလေးဦးနှောက်နှင့် အာရုံကြောအထူးကု ဆရာဝန်ကြီး | အဖွဲ့ဝင် | ရန်ကုန်ကလေးဆေးရုံ၊ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန |

## ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့

| စဉ် | အမည် | ရာထူး | တာဝန် | ဌာန/ဝန်ကြီးဌာန/အဖွဲ့အစည်း |
|---|---|---|---|---|
| ၁၂။ | ဒေါက်တာကျော်ဇင်မြင့် | လက်ထောက်ကထိက | အဖွဲ့ဝင် | အခြေခံကျန်းမာရေးတက္ကသိုလ်၊ မကွေး၊ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန |
| ၁၃။ | ဒေါ်သီရိ | ကထိက | အဖွဲ့ဝင် | အခြေခံကျန်းမာရေးတက္ကသိုလ်၊ မကွေး၊ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန |
| ၁၄။ | ဒေါက်တာသန့်သန့်အောင် | ကလေးအထူးကု ဆရာဝန် | အဖွဲ့ဝင် | မန္တလေးကလေးဆေးရုံကြီး၊ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန |
| ၁၅။ | ဒေါက်တာလတ်လတ်ဝေ | ဒုတိယ ညွှန်ကြားရေးမှူး | အဖွဲ့ဝင် | လူမှုဖူလုံရေးအဖွဲ့/ဆေးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၁၆။ | ဒေါက်တာတင်မာချို | ပါမောက္ခ | အဖွဲ့ဝင် | စိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန |
| ၁၇။ | ဒေါက်တာမျိုးသူဇာခင် | တွဲဖက်ပါမောက္ခ/ ဌာနမှူး | အဖွဲ့ဝင် | ဆေးဘက်ဆိုင်ရာခန္ဓာမသန်စွမ်းမှု နည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ရန်ကုန်။ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန |
| ၁၈။ | ဒေါ်အေးအေးမွန်ဦး | ဒုတိယ ညွှန်ကြားရေးမှူး | အဖွဲ့ဝင် | ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန |
| ၁၉။ | ဒေါ်သူဇာဝင်းထွန်း | လက်ထောက် ညွှန်ကြားရေးမှူး | အဖွဲ့ဝင် | အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန |
| ၂၀။ | ဒေါ်ဝင်းဥမ္မာ | ဒုတိယ ညွှန်ကြားရေးမှူး | အဖွဲ့ဝင် | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၂၁။ | ဒေါ်ယုယုဆွေ | ညွှန်ကြားရေးမှူး | အတွင်းရေးမှူး | လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၂၂။ | ဦးစွမ်းရည်ရ | ဒုတိယအဖွဲ့ဝင် ညွှန်ကြားရေးမှူး | | လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |

## ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့

| စဉ် | အမည် | ရာထူး | တာဝန် | ဌာန/ဝန်ကြီးဌာန/အဖွဲ့အစည်း |
|---|---|---|---|---|
| ၂၃။ | ဒေါ်ဥမ္မာဆွေ | ဦးစီးအရာရှိ | အဖွဲ့ဝင် | လူမှုဝန်ထမ်းဦးစီးဌာန၊ ကလေးလူငယ်ဌာနခွဲ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၂၄။ | ဒေါ်ဥမ္မာခိုင် | ဦးစီးအရာရှိ | အဖွဲ့ဝင် | လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၂၅။ | ဦးနေလင်း | ဦးစီးအရာရှိ | အဖွဲ့ဝင် | မြန်မာအသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန |
| ၂၆။ | ဒေါ်သင်းသင်းခိုင် | ဦးစီးအရာရှိ | အဖွဲ့ဝင် | မြန်မာအသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန |
| ၂၇။ | ဒေါ်အိအိကျော် | ဒု-ဦးစီးမှူး | အဖွဲ့ဝင် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၈။ | ဦးနေထွန်း | ကိုယ်စားလှယ် | အဖွဲ့ဝင် | မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့ချုပ် |
| ၂၉။ | ဒေါ်စောဥမ္မာ | Project Officer | အဖွဲ့ဝင် | မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားဆရာမအစည်းအရုံး |
| ၃၀။ | ဦးထာအုပ် | မန်နေဂျင်းဒါရိုက်တာ | အဖွဲ့ဝင် | ဧဒင်မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံ |
| ၃၁။ | ဒေါက်တာကိုကိုဦး | စာရင်းစစ် | အဖွဲ့ဝင် | မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း |
| ၃၂။ | ဦးမိုးကိုကိုကျော် | | အဖွဲ့ဝင် | မြန်မာနိုင်ငံအကြောအဆစ်ပညာရှင်အသင်း |
| ၃၃။ | ဒေါ်ယဉ်ယဉ်မြ | အကြံပေး | အဖွဲ့ဝင် | မြန်မာနိုင်ငံကြက်ခြေနီအသင်း |
| ၃၄။ | ဦးစံလှ | | အဖွဲ့ဝင် | မြန်မာနိုင်ငံလူမှုရေးပညာရှင်များအသင်း |
| ၃၅။ | ဒေါက်တာဆန်းရှိန်အောင် | Assistant Project Manager | အဖွဲ့ဝင် | Marie Stope International |
| ၃၆။ | ဒေါ်ဂျူးကျော်ဝေသက် | Physiotherapist | အဖွဲ့ဝင် | Retired Service Personalle's Hospital |
| ၃၇။ | ဒေါက်တာကြည်ကြည်အုန်း | | အဖွဲ့ဝင် | Save the Children |
| ၃၈။ | Ms. Margaret Jackson နှင့် | | အဖွဲ့ဝင် | Catholic Relief Services |
| | Scott Braunschweig | Country Manager | အဖွဲ့ဝင် | Catholic Relief Services |
| ၃၉။ | Sister အဲလိဇဘတ်ချစ်ပုံ | Project Manager | အဖွဲ့ဝင် | Education Sector, Karuna Myanmar Social Services |
| ၄၀။ | ဒေါ်မိုးရည်ဦး | Program assistant | အဖွဲ့ဝင် | International Committee of the Red Cross |

## ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့

| စဉ် | အမည် | ရာထူး | တာဝန် | ဌာန/ဝန်ကြီးဌာန/အဖွဲ့အစည်း |
|---|---|---|---|---|
| ၄၁။ | ဦးဇော်ဦး | Protection Specialist | အဖွဲ့ဝင် | World Vision |
| ၄၂။ | Ms. Caroline Mary Guein | Inclusion Project Coordinator | အဖွဲ့ဝင် | Handicap International |
| ၄၃။ | ဒေါ်အန်းဂျူလီ | Department Head | အဖွဲ့ဝင် | Christian Education Department, MBC |
| ၄၄။ | ဒေါက်တာကျော်ဝင်းစိန် | Nutrition Specialist | အဖွဲ့ဝင် | Nutrition Section, UNICEF (Myanmar) |
| ၄၅။ | ဒေါက်တာချစ်ကိုကို | Child Protection Specialist | အဖွဲ့ဝင် | Child Protection Section UNICEF (Myanmar) |
| ၄၆။ | ဒေါက်တာဆာရာဘီဘီသူဇာဝင်း | Maternal and Child Health Specialist | အဖွဲ့ဝင် | UNICEF |
| ၄၇။ | ဒေါ်မေသက်သက်ဦး | Education Officer | အဖွဲ့ဝင် | UNICEF |
| ၄၈။ | ဒေါက်တာရိုးနွယ်ဝေ | Project Manager | အဖွဲ့ဝင် | The Leprosy Mission (Myanmar) |